www.burmeseclassic.com



# ဖိုးတေဇ

## ကျားဘီလူး နှင့် တောကြီး ဝက်ပါ

မြစ်ရစ်ဆန်းကြွယ် မုဆိုး ဝကျား တို့ မျှား

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ဉာဏ်ပွင့်(စက်မှု)

| | |
|---|---|
| အဖုံးဒီဇိုင်း | ကိုကျော်မင်းမောင် |
| အဖုံးဖလင် | **Best Color** |
| အတွင်းဖလင် | ကိုဦး |
| Logo ခိုနိုင်း | ပန်းချီကိုကျော်သိုက်နှင့် (Q.C) |
| တွန်ပျူတာ | မောင်မောင်မြတ်နှင့်ဖေမျာမြေ |
| အပြင်ဆရာ | မောင်သာယာ |

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊ တန်ဖိုး ငွေ ၅၀၀/ ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၉၃/၂၀၀၃ (၅) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၄၂/၂၀၀၃ (၉) အရ . . .
ဦးသန်းလွင် (၀၁၅၈၇)၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊
အမှတ်(၅၁)၊ရေကျော်လမ်း၊ ဝုလွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးတို့ကို ရိုက်နှိပ်၍၊
စန်းရောင်ရှိန်၊ ဦးဟာင်ရှိန်၊ အမှတ် ၄/၁၇၇၊ မေခလမ်း၊
ဝေဘာဂီ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ပထမအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC

ဖေမျာမြေ စာစဉ်အမှတ် - ၁၄

# ကျားဘီလူးနှင့်တောကြီးဝက်ပါ
## ဖြစ်ရပ်ဆန်းကြယ်မှဆိုးဝတ္ထုတိုများ

# ဖိုးကျော့

ဖေမျာမြေ
စာပေတိုက်
တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၁၆၆၈

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမေ့ခေါ်သံ | ၁ |
| ၂။ | မုဆိုးနှင့်ကျား | ၉ |
| ၃။ | သမန်းကျားဒဏ္ဍာရီ | ၁၈ |
| ၄။ | အပတောက ကျား | ၂၅ |
| ၅။ | ကျားညာဏ်နှင့် ကျွဲမာန် | ၃၂ |
| ၆။ | အကြံတူသော ထိုသူလေးယောက် | ၃၉ |
| ၇။ | နတ်ကျားကို သတ်ထားခဲ့သူ | ၄၈ |
| ၈။ | သွေးသောက်ကျားနှင့် မနသတမ်း | ၅၈ |
| ၉။ | မုဆိုးနှင့်တွေ့သွားသော မုဆိုး | ၇၂ |
| ၁၀။ | ကြောက်ကွဲခတ်သော် | ၈၂ |
| ၁၁။ | ကျားခေါ်တိုက်သူ | ၈၉ |
| ၁၂။ | ငှက်ခတ်သမား | ၉၇ |
| ၁၃။ | ကျားဘီလူး | ၁၀၇ |
| ၁၄။ | တောဘုရင်နှင့်ဆင်သမား | ၁၁၉ |
| ၁၅။ | မိကျောင်းသောင်းစိန် | ၁၂၇ |
| ၁၆။ | မျက်ကန်းမိကျောင်း | ၁၃၃ |
| ၁၇။ | သရဲစီးသောကျားကိုင်း | ၁၄၁ |
| ၁၈။ | သေတွင်းပြန်ဦးညိုကြီး | ၁၄၉ |
| ၁၉။ | ဝက်ထိုးသမား၏သံဝေဂ | ၁၅၈ |
| ၂၀။ | ကမာကောင်၏အန္တရာယ် | ၁၆၄ |
| ၂၁။ | အဏ္ဏဝါပြင်၏လျှို့ဝှက်ချက် | ၁၇၁ |
| ၂၂။ | တရားခံ | ၁၇၉ |


◆◆◆

## အမေ့ခေါ်သံ

မုဆိုးကြီး ဦးအထော် အိပ်ရာက နိုးလာသည်။ မျက်စိနှစ်လုံးကို ဖွင့်သေး။ ဒီကနေ့ ဘယ်တော၊ ဘယ်တောင်၊ ဘယ်နေရာ၊ ဘယ်ဒေသ အခဲဝစ်ထွက်ရလျှင် တောင်းမလဲ ဟူသော အတွေးကို တွေးရင်း အိပ်ရာ သဲမှုးနေသေး၏။

သူသည် သူ့အဖေ ဦးကော်လီ ကွယ်လွန်သွားကတည်းက ရွာမုဆိုး ကြီး ဟူသော ဘွဲ့ကို ရရှိခဲ့သူ ဖြစ်သည်။ ယခု သူ့အသက်မှာ လေးဆယ် ကျော် ငါးဆယ်နီးပါးရှိနေပြီ။ သူ့တစ်သက်တွင် သားကောင်ပစ်သတ်သော အလုပ်ကလွဲပြီး တခြားဘာအလုပ်မှ မလုပ်ခဲ့။

သူကား တကယ့်မုဆိုးပီသသူ ဖြစ်သည်။

သူသည် မျက်စိမဖွင့်သေးဘဲ တစ်ဖက်သို့ စောင်း၍ မှေးနေပြန်၏။ သူ့မယားနှင့် ကလေးများ နိုးထသံကို ကြားရသည်။ သို့သော် ဇနီးမယား၊ သားသားတို့၏အသံကို သူ စိတ်မဝင်စား။ သူ စိတ်ဝင်စားနေသည်မှာ တောတိရစ္ဆာန် သားကောင်များ၏ မြည်သံ၊ တွန်သံ၊ အော်သံ၊ အစ်သံ၊ ညစ်သံများသာ။

တစ်သက်လုံး အမဲသားကောင်များ သတ်ဖြတ်လာသူပီပီ သူသည် အိပ်မက်ထဲ၌ပင် သားကောင်များနှင့်သာ ပြေးရင်း၊ လွှားရင်း၊ လုံးထွေး သတ်ပုတ်လာသူ ဖြစ်လေသည်။ ထို့ကြောင့် ယခု အိပ်ရာက နိုးလာသော အခါမှာလည်း သားကောင်များကို သတ်ဖြတ်ပစ်ခတ်ရန်သာ ပထမအာရုံ ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေထွက်တစ်ပြုံမှာ သူ အိပ်ရာက ထလာသည်။ သူတို့၏ရွာတောင်ခြေထိပ်တွင် နေရောင်ခြည်ပျပျကို လှမ်းမြင်နေရသည်။ သူ့မိန်းမသည် တဲသာသာ အိမ်ရှေ့တွင် ဆန်ပြာနေ၏။ သူ့မိန်းမအနားတွင် ကြက်သားပေါက်မ တစ်အုပ် ဝိုင်းနေကြသည်။ သူ့မိန်းမ ဆန်ကောမှ စဉ်ထွက်လာသော ဆန်ကွဲ၊ ဆန်ညှာများကို လုကောက်စားရင်း ဆူညံနေကြသည်။

ရေကပြင်တွင် မျက်နှာသစ်နေစဉ် ရွာတောင်ခြေအယက်မှ ချေတစ်ကောင် ဟောက်သံကို ကြား‌လိုက်ရသည်။ သူ့နားတွင်းထဲမှ အမွေးအမှင်များ ချက်ချင်းထောင်လာကြ၏။ ဒီချေဟောက်နေတာ ဘယ်တောင်ကြောပါလိမ့်ဟု သေသေချာချာ စူးစိုက်နားစိုက်သည်။ တောကျွမ်းသောမုဆိုးပီပီ နေရာဒေသကို ချက်ချင်းခန့်မှန်းမိလိုက်၏။ ကညင်တောင်စမ်းပေါက်ဘက်က ဖြစ်ရမည်။ တစ်ဆင့်တက်၍ ချေမ,လား၊ ချေထီးလားတွေးပြန်သည်။ အသံကိုလည်း ထပ်နားစွင့်သည်။

သံရှည်ဆွဲ၍ ဟောက်သံသည် ချေမတစ်ကောင်ကောင်၏ ဟောက်သံသာ ဖြစ်ရမည်။ လန့်၍ ရုတ်တရက် ထဟောက်ပြေးသော ဟောက်သံမဟုတ်၊ အန္တရာယ်နှင့်တွေ့၍ အန္တရာယ်ကောင်ကို မြင်နေရ၍ ဟောက်နေသော ဟောက်သံလည်း မဟုတ်၊ ပေါ်းကြီးမြွေ ညှို့ခံရ၍ အိပြီးဟောက်နေသော ဟောက်သံမျိုးလည်း မဟုတ်။ ရင်ခေါင်းထဲ၊ နှလုံးသားထဲ ညှစ်ထုတ်၍ ဟောက်လိုက်သော သားခေါ်ဟောက်သံ။ ဤရာသီမှာ ချေမများသားချရာသီပင်။ ဒီချေမ ငါ့လက်ထဲက ပြေးမလွတ်ပါဘူးဟု ကြုံးဝါးလိုက်သည်။

ဒီမနက်တော့ နေနှင့်ဦး၊ ငါ ထောင်ချောက်တွေ သွားကြည့်၊ သွားဖြုတ်စရာတွေ ရှိသေးသည်။ ညနေကျမှ နှင်နဲ့ငါ တွေ့ကြတာပေါ့ဟု တွေးတောကာ ဦးအထော်၏ မျက်နှာမှာ ပြုံးဖြဲဖြဲကြီး ဖြစ်လာလေသည်။

ညက သူ့ထောင်ချောက်တွင် မိ၍ရသော ဝက်ပေါက်လေးတစ်ကောင်ကို မနက် ကားဆိပ်ရွာဈေးတွင် သွားဖောက်ရောင်းရာမှ ဦးအထော်ပြန်လာသည်။ အချိန်မှာ နေမွန်းတည့်နေလေပြီ။ ညနေ ချေလိုက်သွားရန်ရှိသေး၏။





ထို့ကြောင့် ဦးအထော် အိမ်ကို ရောက်ရောက်ချင်း သူ့သားနှစ်ယောက်ကို ရှာကြည့်သည်။ ဆယ်နှစ်သား အငယ်နှစ်ကောင်ကိုသာ တွေ့ပြီး ဆယ့်လေးနှစ်သား အကြီးကောင်ကို မတွေ့။ အမဲပစ်ရန်၊ အမဲလိုက်ရန် သွားတိုင်း သည်ကောင်ကို ရှာရိုးကိုးပေါက် လိုက်ရှာရသည်က အလုပ်ဘာဝခု။ ယခုလည်း "ဘယ်ဘက် ထွက်သွားပြန်ပလဲ"ဟု သူ့သား အငယ်ကောင်ကို မေးရ၏။ သူ့သား အငယ်က . . .

"သစ်ခုတ်သမားတွေနဲ့ လိုက်သွားတယ် အဖေ"

"တောက် ညနေကျ ချေသွားပစ်ရအောင်လို့ ငါ သေသေချာချာ ပြောထားခဲ့ရဲ့နဲ့ မင်းကကော မဟန့်လိုက်ဘူးလား"

ဦးအထော်၏ဒေါသအကြည့်သည် သားငယ်ဆီမှ မိန်းမဘက်ရောက်သွား၏။

"တော့်သားကို ကျုပ် ပြောလို့ ရတာမဟုတ်ဘူး၊ ရွာထဲသွားရင် မုဆိုးလေး . . . မုဆိုးလေး'လို့ လူတွေခေါ်ကြတာ ရှက်တယ်တဲ့၊ သူ၊ ကြီးလာရင် မုဆိုးမလုပ်ဘူး၊ သစ်ခုတ်သမားပဲ လုပ်မယ်လို့ ကျုပ်ကို ပြောပြောနေတာ သုံးလေးခါရှိပြီ၊ တော့်ကိုသာ ကြောက်လို့ မပြောရဲတာ"

"တောက်"

BURMESE CLASSIC .com

ချေဟောက်သံ့ထက် ကျယ်သော တက်ခေါက်သံတစ်ချက်ကို ဦးအထော် ကျယ်ကျယ်လောင်လောင် ထပ်ခေါက်ပစ်လိုက်၏။ သူ့သားနှစ်ယောက်အနက် အကြီးကောင်သည် မုဆိုးတဲငါအလုပ် ဝါသနာမပါမှန်းသော ငယ်စဉ်ကပင် သူ သတိထားမိ၏။ ကစားတတ်သောအရွယ်တွင် လေးမြှားပစ်ကစားတတ်အောင် လေးကိုင်း၊ လင့်လေးလုပ်ပေးဖူးသည်။ သူ စိတ်မဝင်စား။ အသက်ကလေး နည်းနည်းရလာ၍ ထောင်ချောက်ထောင်ရန်၊ ထောင်ချောက်ဖြုတ်ရန် ခေါ်သွားလျှင်လည်း လိုက်၍သာသာထဲတောင်ထဲ လာရသည်၊ စိတ်ပါပုံ မရ။ သူ့ထောင်ချောက်ထဲတွင် ဝက်တို့ ချေတို့ ကားရားကြီး မိနေလျှင်လည်း အငယ်ကောင်လို "အဖေ ဝက်ကြီးဗျ၊ ဝက်ကြီး မိနေပြီဗျ" ဟု ဝမ်းသာအားရ အော်မပြောတတ်။ မိနေသော တိရစ္ဆာန်အမဲကောင်ကို တွေတွေကြီး စိုက်ကြည့်ကာ မင်တက်နေတတ်သည်။

www.burmeseclassic.com



"ထိုးကွ. . သတ်ကွ"ဆိုမှ ထိုးတတ် သတ်တတ်သည့်အကောင်။

အငယ်သားကတော့ သူ့သွေး အပြည့်ပါသည်။ မစားရ မသောက်ရသော အိမ်မြောင်၊ ပုတ်သင်ညို၊ ကင်းလိပ်ချောကအစ သူ့ကို လုပ်ပေးထားသော လေးနှင့် တစ်နေကုန် တစ်နေ့ခန်း လက်တည့်စမ်း ပစ်ကစားနေတတ်ရာ၊ ယခုအခါ အိမ်နားဝန်းကျင်မှာ ပုတ်သင်ညို၊ ကင်းလိပ်ချောဆို၍ ကုန်သလောက် ဖြစ်နေလေသည်။

ဤသည်ကို ဦးအထော်ကတော့ အလွန် အားရပီတိဖြစ်နေသည်။ ကြီးလာလျှင် သူ့ကဲ့သို့ ရွာမုဆိုးကျော်ကြီး ဖြစ်လာမည့်သား၊ တစ်ရွာလုံးတစ်နယ်လုံးက အားထားအားကိုးကြရမည့်သား။ သတ်ရဲ၊ ဖြတ်ရဲ၊ သတ္တိသွေးနှင့် ပြည့်စုံသည့်သား၊ သားကောင်လိုက် ခေါ်လျှင်လည်း နှစ်ခါမပြောရသည့်သား။အကြီးကောင်ကမူ လူပျော့လူညံ့ ဖြစ်သည်။ တစ်ခါကလည်း သစ်သားအရွယ် သမင်းလေးတစ်ကောင် ထောင်ချောက်ထဲ မိနေသည်ကို "သမင်လေး သနားပါတယ် အဖေ၊ မျက်လုံးလေး ကလယ်ကလယ်နဲ့ ပြန်လွှတ်ပစ်ကြရ မကောင်းဘူးလား" ဟု မေးခဲ့ဖူးသည်။

သူ အလွန်ချစ်သော၊ သူ အလွန်အားထားသော သားကြီးမို့ ထိုစဉ်က သမင်ကလေးကို ပြန်လွှတ်ပစ်မိမလို့ပင် သူ စိတ်ကူးခဲ့ပေသေးသည်။ သို့သော် ထောင်ချောက် ကိုင်းတောင့် ဆောင့်ရိုက်ထား၍ ခြေကျိုးလက်ကျိုး ဖြစ်နေသည်ကို မြင်ရမှ "အဖေတို့ ဒီသမင်လေးကို ပြန်လွှတ်ပစ်လိုက်လို့လည်း သူ မရှင်နိုင်တော့ပါဘူး သားရယ်၊ ခြေလက်တွေ သွင်သွင်ကျိုးနေပြီပဲ"ဟု ပြောခဲ့ရ၏။

"ပါးစပ်မှာလည်း အမြှုပ်တွေချည်းပဲ ဖေဖေရယ်၊ သူနာလို့ ညက ဘယ်လောက်တောင် အော်ထားလဲ မသိဘူးနော်၊ ခုတော့ မအော်နိုင်တော့ဘူးထင်ပါရဲ့"

"တော် ထမင်းစားမယ် မဟုတ်လား"

သူ့မိန်းမ အသံကြောင့် အတွေးပြတ်သွားသည်။

"ငါက ထမင်းမစားလို့ ချေးစားရမှာလားဟ"

သွေ့ကြက်သုံးကျမယ့်ကောင် မဟုတ် ဟူသော အတွေးနှင့် သူ့သားကြီးကို ဒေါသဖြစ်နေရာမှ မိန်းမကို အော်လိုက်ပြန်သည်။





"ခွေးသား၊ လူဖျင်းလူညံ့တွေ လုပ်တဲ့ သစ်ခုတ်ဝါးခုတ် အလုပ်ပဲ သပ်ချင်တဲ့အကောင်၊ မနက်ဖြန်ကစပြီး မင်းသားကို ဦးထွန်းရတို့နဲ့ သစ်ခုတ်သာ ထည့်တော့၊ တစ်နေကုန် ခုတ်ခါမှ ငွေလေး တစ်ဆယ်ကိုးကျပ်ရတာ မက်မောတဲ့အကောင်",

ထမင်းစားပြီးသည်အထိ ဦးအထော် မုဆိုးကြီး သူ့သားကြီးကို ဒေါသမပြေသေးဘဲ ရှိနေ၏။

"ဟေ့ . . ဟိုကောင်၊ ဘယ်မှ မသွားနဲ့နော်၊ ညနေစောင်းမှာ ကညင်ချောင်းဘက်ချေသွားပစ်ရမယ်၊ ခု ငါ တစ်ရေးအိပ်လိုက်ဦးမယ်ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ပါ အဖေ"

မုဆိုးတံငါ အလုပ်ကို ဝါသနာပါသော သူ့သားငယ်မှာ သူ့အဖေနှင့် ချေပစ်လိုက်ရမည် ဆိုသဖြင့် ဝမ်းသာပျော်ရွှင်နေသည်။

BURMESE CLASSIC .com

ဦးအထော်တို့ သားအဖနှစ်ယောက် ကညင်စမ်းပေါက်ဘက် ချေပစ်ထွက်လာကြ၏။ ဦးအထော်၏ ပခုံးပေါ်တွင် သူ၏ ဗိုလ်ခြေတစ်ထောင် လက်စွဲတော် လေးကြီးပါသည်။ ဆယ်နှစ်ရွယ် သူ့သားငယ်လက်ထဲမှာတော့ လိုရမည်ရ လှံရှည်တစ်ချောင်း။

ဦးအထော်က ဗိုလ်ခြေတစ်ထောင်လေးဟု တင်စားထားသော ဒူးလေးကြီးမှာ နွယ်နွယ်ရရ မဟုတ်။ သုံးနှစ်သား ဝက်ပေါက်များကိုပင် တစ်ဘက် သည်ဘက် ထုတ်ချင်းခတ် ဖောက်ထွက်သွားနိုင်သည်။ သူတို့အိမ်ခြေတစ်ရာ နီးပါးရှိသော ရိုးမတောင်ခြေရွာတွင် ဦးအထော်၏ ဒူးလေးကြီးကို တင်နိုင်၊ ပစ်နိုင်သူ ဆို၍ တစ်ယောက်မျှ မရှိ။

တစ်ခါက ဦးအထော် စိန်ခေါ်ဖူးသည်။ သူ၏ ဒူးလေးနှင့်ဆယ်လံအကွာမှာ သားတောင်အရွယ် တစ်စုံတစ်ခုကို ပစ်ပြနိုင်သူအား တည့်တည့်မတ်မတ် ထိမှန်လျှင် ဝက်ပေါက်တစ်ကောင်ပေးမည်ဟု၊ ဦးအထော်၏စကားကို မခံချင်ကြသော အားကောင်းမောင်းသန် ကာလသားနှစ်ဆယ်ကျော် စမ်းပစ်ကြသည်။ မည်သူမျှ ဦးအထော်လို တည့်တည့်မတ်မတ် ဒူးထောက်ပစ်မပြနိုင်ကြ။ ထိုအခါကစ၍ ဦးအထော်က သူ့ဒူးလေးကို ဗိုလ်ခြေတစ်ထောင်လေးဟု တင်စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ထိုလေးကြီးနှင့် ဦးအထော်တို့ သားအဖနှစ်ယောက် ချေပစ်ရန် ထွက်လာကြသည်။ ကညင်စမ်းနား ရောက်သောအခါ ဦးအထော်က သူ့သားငယ်ကို ဖက်မှုတ်၊ ဖက်စုပ် ခိုင်းသည်။ သူ့သားငယ်မှာ သူ့အဖေနှင့် လိုက်နေကျ၊ ဖက်မှုတ်နေကျမို့ ဖက်စုပ်ဖက်မှုတ်ကျွမ်းကျင်သည်။ သစ်ရွက်ရှည်နှစ်ရွက်ကို ကန့်စွန်းရိုးခန့်ရှိ သစ်ကိုင်းကလေးနှစ်ခုနှင့်ညှပ်ပြီး မှုတ်လိုက်လျှင် ချေငယ်လေးများ အော်သံ၊ မြည်သံ ထွက်လာသည်။

ထိုအသံကို သားငယ်နှင့်ကွဲနေသော ချေမကြီးများ၊ ဗီးရှိနေသော ချေမများကြားလျှင် သားငယ်အထင်နှင့် သားငယ်စိတ်၊ မိခင်စိတ်နှင့် ချက်ချင်းခုန်ပေါက် ပြေးချလာတတ်ကြသည်။ ထိုသို့ ပြေးချလာသော ချေမကြီးများကို ဦးအထော်က သူ၏ ဗိုလ်ခြေတစ်ထောင်လေးနှင့် ပစ်ဖမ်းနေကျ။ ဦးအထော်၏ ဗိုလ်ခြေတစ်ထောင် လေးစူးထိလျှင် ဘယ်ချေ ဘယ်ဝက်မှ တစ်တောင်၊ တစ်တော ကျော်မပြေးနိုင်ကြ။ ခြေလှမ်းတစ်ရာ မပြည့်ခင် ကားခနဲ လဲကျသွားတတ်လေသည်။

ဤသည်မှာ မုဆိုးကြီး ဦးအထော်ကလည်း ချက်ကောင်းကို ရွေးပစ်တတ်သဖြင့် ဖြစ်သည်။

"ကဲ သား. . ဒီကျောက်တုံးနှစ်ခုကြားမှာ သားကိုယ်ကို ဝှက်ထားပြီး ဖက်မှုတ်ပေတော့၊ အဖေ . . ဟိုစမ်းဘေးက စောင့်ကြည့်နေမယ်၊ သား ဖက်မှုတ်တာ ချေငယ်တစ်ကောင် မြည်နေသံနဲ့တော့ ချွတ်စွပ်တူတာပဲ။ ဒါပေမယ့် ဖက်မှုတ်အားစိုက်တဲ့အခါမှာ သားကိုယ်ခန္ဓာ လှုပ်မသွားစေနဲ့၊ သားကိုယ်လှုပ်တော့ သူ့သားအထင်နဲ့ ပြေးလိုက်လာတဲ့ ချေမကြီးတွေက သား ကိုယ်လှုပ်နေတာ မြင်သွားမှာပေါ့၊ အဲဒါကြောင့် ဖက်မှုတ်တဲ့အခါ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားရသလို၊ ကိုယ်ကိုလဲ မလှုပ်ရှားအောင် သတိထားရတယ်နော် သား"

"ဟုတ်. . ဟုတ်ကဲ့အဖေ"

ဦးအထော်သည် သူ့သားငယ်အား စမ်းချောင်းဘေးနားရှိ ကျောက်တုံးကြီးနှစ်ခုကြားတွင် နေရာချထားပေးလိုက်သည်။ သူကမူ သူ့သားနှင့် မနီးမဝေးမှ ချေမကြီးများ အလာကို စောင့်လျှက်ရှိသေသည်။

∎





"ရှီ . ."

"ရှီ . ."

သူ့သားငယ် ဖက်မှုတ် ဖက်စုပ်နေသံကို နားထောင်ရင်း ဦးအထော်သည် ချေမကြီးများ၊ သားငယ်အမှတ်နှင့်ပြေးချအလာကို ရှာဖွေကြည့်သက် ရှိနေလေသည်။

"ရှီ . ."

"ရှီ . ."

အရင့်အရင်နေ့တွေက ဖက်မှုတ်သံနှင့်စာလျှင် ယနေ့ သူ့သားငယ်၏ဖက်မှုတ်သံမှာ ပို၍ ချေငယ်တစ်ကောင် အမိပျောက်အော်မြည်နေသံနှင့်ပို၍တူလာသည်။ ထို့ကြောင့် တစ်ဖက်က ချေမကြီးများ သူ့သားငယ်ရှိရာ စမ်းနားဆင်းအလာကို မျက်လုံးကကြည့်ထားရသလို နားကလည်း သူ့သား ဖက်မှုတ်သံကို အကဲခတ်ကာ မျက်စိနှင့် နားကိုပါ အာရုံထဲထည့်၍ စောင့်ခံနေ၏။

"ရှီ . ."

"ရှီ . ."

သူ့သားငယ်၏ အသံတုမှာ ချေငယ်တစ်ကောင်အော်မြည်နေသံနှင့် ခံ၍ထေရာတည်းတူနေသော်လည်း ယခုထိ ချေမကြီး တစ်ကောင်ကောင်မှ ပေါ်မလာသေးသောအခါ ဦးအထော်မှာ စိတ်တိုချင်လာသည်။ ချေများသည် မိမိသားငယ်နှင့် ကွဲနေကွာနေခြင်း မရှိသော်လည်း ချေငယ် တစ်ကောင်ကောင် အော်မြည်နေသံကို ကြားလျှင် ချေမ,တိုင်း မိခင်စိတ်နှင့် ကယ်ခရန် ပြေးချလာတတ်ကြသည်။

မနက်က ဟောက်မြည်သွားသော ချေမ၏ သားခေါ်မြည်သံမှာ အခံအမှန်ဖြစ်ပါလျက် ထိုချေမ သားအမိသည် နေ့ပင်မကူးသေးဘဲ ဘယ်တော၊ ဘယ်တောင်၊ ဘယ်အရပ်၊ ဘယ်စခန်းဘက် ရွှေ့သွားကြပါလိမ့်။ ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤအရပ်မှ အဘယ်ကြောင့် ထွက်ပြေးသွားကြပါလိမ့်။

ခုထိ ပေါ်မလာပုံထောက်လျှင် အန္တရာယ်တစ်စုံတစ်ခု. .

"ရှီ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

"အမေ့"

သူ့သား ဖက်မှုတ်နေရာသို့ ဦးအထော် အထိတ်တလန့် လှမ်းကြည့်လိုက်သည်။ ဧရာမ ကျားကြီးတစ်ကောင်သည် သူ့သားကို ချေငယ်အမှတ်နှင့် ကိုက်သတ်လိုက်လေပြီ။ သူ့သားငယ်ခမျာမှာ "အမလေး". . ဟုပင် ဆုံးအောင် မတ,လိုက်နိုင်ရှာပေ။

အမှန်က မနက်တွင် သူ ကြားခဲ့ရသော ချေမကြီး၏ သားခေါ်မြည်ဟောက်သံမှာ ကျားကြီးရောက်လာသဖြင့် သားငယ်ကို ခေါ်ကာ တောပြောင်းပြေးရန်ပါတကား ဆိုသည်ကို သူ သတိမထားမိခဲ့ပေ။ ယခု သူ့သားငယ်က ချေငယ်မြည်သံ အတုလုပ်မြည်နေသောအခါ ကျားကြီးသည် ချေငယ်အမှတ်နှင့် သူ့သားကို ကိုက်သတ်ချီငင်ယူသွားလေပြီ။

"ဟေး. . . ဝေး. . . ဝေး"

"ဝေး. . . လုပ်. . လုပ်ကြပါဦးဗျို့၊ ကျား. . ကျား. . ကျုပ်. . ကျုပ်သားကို ကျား. . ကျားကြီး . . ဟီး"

ဦးအထော် မုဆိုးကြီးသည် သွေးရူးသွေးတန်းနှင့် လန့်အော်ကာ သူ့သားငယ်အား ကိုက်ချီထွက်ပြေးသွားသော ရိုးမကျားကြီးကို သူ၏ဗိုလ်ခြေတစ်ထောင်လေးနှင့် လှမ်းပစ်ရန် ရွယ်ပါသေး၏။

သို့သော် ကျားနှင့်သားငယ်မှာ လုံးထွေးနေပါသဖြင့် မပစ်ရဲပြန်။ သူ ပစ်လိုက်လျှင် သားငယ်ကို ထိမှာစိုးရသည်။ မုဆိုးကြီးက ဤသည်ကိုတော့ သတိရှိသေး၏။ ထို့ကြောင့် အော်ဟစ်ငိုယို၍သာ ကျားကြီးနောက်ကို ပြေးလိုက်နေမိတော့သည်။

သို့သော် တောတောင်ကန္တာရထဲတွင် လူသားများထက် ဆယ်ပြန်ဆယ်ဆ လျင်မြန်လှသော ကျားနောက်ကို ဗိုလ်ခြေတစ်ထောင်လေးထမ်းကာ ဦးအထော်မုဆိုးကြီး ပြေးလိုက်ပါသော်လည်း . . .။

❀❀❀

## မုဆိုးနှင့်ကျား

နတ်တောင်ခြေဘက်မှ ရေခဲကွဲသံများကို ညစဉ်လိုလို ကြားလာရသည်။ တစ်ဆောင်းလုံး ရေခဲပြင် ဖြစ်နေခဲ့သော ရေခဲချောင်းများလည်း ရေစီးစ ပြုလာကြပြီ။ သက်ငယ်မိုး အိမ်ခေါင်များပေါ်တွင် နေရောင်ခြည်များ ပြန့်ကျဲနေသည်ကိုလည်း မြင်ရပြီ။

ရေခဲပျော်ချိန် ရောက်ပြီဆိုလျှင် အရှေ့မြောက်ဖျားနေ မုဆိုးကြီးများသည် ကတိုးလိုက် ထွက်တတ်ကြသည်။ သူတို့ ကတိုးလိုက်ရသော တောင်ခေတ္တမှာ ရေမျက်နှာပြင်မှ ပေကိုးထောင်၊ တစ်သောင်းခန့် မြင့်မားသည်။ တစ်ဆောင်းလုံး အေးခဲနေသော ရေခဲတောင်တန်းကြီးများ ဖြစ်လေသည်။

မုဆိုးကြီးဘွန်ကောသည် လက်နက်ကိရိယာအပြည့်အစုံနှင့် ကတိုးလိုက်ရန် ဝံပုလွေချိုင့်ဝှမ်းဘက် ထွက်လာသည်။ သူက ဝံပုလွေချိုင့်ဝှမ်းတွင် နှစ်စဉ်နှစ်တိုင်း ကတိုးလိုက်နေကျ ဖြစ်သည်။ တစ်နှစ်လျှင် ကတိုးတစ်ကောင်၊ နှစ်ကောင်ကိုလည်း ရနေကျ ဖြစ်လေသည်။

ထို့ကြောင့် ရွာမုဆိုးကြီး ဘွန်ကောသည် ကတိုးလိုက်ရန် စိတ်သန်ပြင်းပြနေသည်။ သူ့ခြေလှမ်းများသည် ရွာမှထွက်ကတည်းက သွက်လက်လျင်မြန်နေလေသည်။

ဘွန်ကောသည် တစ်တောင်တက် တစ်တောင်ဆင်းနှင့် ခရီးကြမ်းကိုနှင်လာခဲ့သည်။ ဝံပုလွေ ချိုင့်ဝှမ်းကို ရောက်ရန်အတွက် လမ်းခရီးတွင် တစ်ည အိပ်ခဲ့ရလေသည်။ သည်နေ့ညနေမှာတော့ ဝေဿမြင့်ခေါင်သော ရေခဲတောင်ခြေရင်းရှိ ဝံပုလွေချိုင့်ဝှမ်းသို့ သူ ရောက်လာ၏။ သူသည် မုံးမချုပ်မီ နှစ်စဉ်နှစ်တိုင်း စခန်းချနေကျဖြစ်သော ကျောက်ဆောင်ကြီးနားမှ ကျောက်ဂူလိုဏ်ခေါင်းကြီးတစ်ခုနား လျှောက်လာ၏။

www.burmeseclassic.com



ဂူဝသို့ ရောက်သောအခါ ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။ တိရစ္ဆာန်များ၏ ခြေသည်း၊ လက်သည်း ခွာရာများကို ကြည့်သည်။

ဂူထဲက အသံဗလံများကို နားစွင့်သည်။

ယခင့် ယခင်နှစ်တွေက သူ စခန်းချနေခဲ့ဖူး ်သာ ဂူဟောင်းနေရာ ဟောင်းပင် ဖြစ်သော်လည်း ဂူထဲကို ရဲရဲတင်းတင်း ခုံက်ချင်း စွတ်ရွတ် မဝင်ရဲသေးပေ။ တစ်ခါတစ်ခါတွင် လိုဏ်ခေါင်းထဲတွင်နွားမတမ်းလောက် ရှိသော ဝက်ဝံရိုင်းကြီးများ၊ ဝံပုလွေကြီးများ ခိုအောင်းနေတတ်သဖြင့် အန္တရာယ်ရှိနိုင်သည်။ ဝံပုလွေကြီးများ၊ ဝက်ဝံကြီးများမှာမူ အလွန် ရန် လိုသော တိရစ္ဆာန်ကြီးများဖြစ်သဖြင့် အသက်အန္တရာယ်ပင်ရှိတတ်သည်။

ပေ တစ်သောင်းကိုးထောင်ကျော်မြင့်သော ရေခဲတောင်ပေါ်တွင် နှင်းမုန်တိုင်းများသည် အချိန်မရွေး ကျတတ်လေရာ၊ နှင်းမုန်တိုင်းကျပြီ ဆိုလျှင် ဝံပုလွေနှင့် ဝက်ဝံကြီးများသည် ကျောက်ဂူလိုဏ်ခေါင်းထဲဝင်၍ မုန်တိုင်းခိုနေတတ်ကြ၏။ ထို့ကြောင့် သူက ဂူထဲ မဝင်ရဲသေးဘဲ နားစွင့် အကဲခတ်နေခြင်း ဖြစ်၏။

ဝံပုလွေနှင့်ဝက်ဝံအုပ်များ ဂူထဲရှိနေလျှင် သူတို့၏ ဟောဟဲဟောဟဲ အသက်ရှူသံ၊ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်မာန်ဖီသံ၊ ကျီစယ် ကစားနေသံ၊ ကလေးများ အစာတောင်းသံ၊ နို့လုစို့သံ၊ အမကြီးများ မာန်မဲအော်ဟစ်သံတို့က ဂူပေါက်ဝကပင် ကြားရမြဲ ဖြစ်လေသည်။

ယခုတော့ ဘာသံမှ မကြားရ။ ထိုအခါ ဘွန်ကောသည် ဂူဝနားရှိ ထင်းရှူးပင်ငယ်တစ်ပင်ကို ခုတ်သည်။ ဝံသားရေအိတ်ကြီးထဲမှ မီးခတ် ကျောက်၊ မီးကူးဝါဂွမ်း၊ ပွတ်ကျည်ဝါးကြောတို့ကို ထုတ်သည်။ ပတ်ဝန်း ကျင် ဘယ်ညာအကဲခတ်သည်။

ပြီးမှ မီးခတ်မီးကူးပြီး ထင်းရှူးအသားစိမ်းကို မီးရှို့လိုက်လေသည်။ ထင်းရှူးသားမှာ အစိမ်းလတ်လတ်ပင် ဖြစ်သော်လည်း ချက်ချင်း မီးစွဲ လောင်လေသည်။ ထင်းရှူးသားအစိမ်းမှ မီးတောက်မီးညွန့်များ တရှဲရှဲ မြည်ကာ ဆီနံ့ပင် ချက်ချင်းသင်းလာလေသည်။ ခတ်မီးခြစ်နှင့် ယမ်းမီး ခြစ်တို့သည် ရေခဲတောင်ပေါ်၌ ကြာရှည်သုံးစွဲရန် မသင့်သဖြင့် ဘွန်ကော တို့မုဆိုးများသည် ရိုးရာမီးခတ်ကျောက်ကိုသာ အသုံးပြုလေ့ရှိကြသည်။





ယမ်းမီးခြစ်မှာ အအေးလွန်ကဲသော ရေခဲတောင်ပေါ်တွင် သုံးရက် ပင် မခံဘဲ အစိုပြန်ကာ ခြစ်မရ ဖြစ်တတ်၏။ ခတ်ဆီနှင့် မီးခြစ်ကျောက် မှာလည်း အအေးလွန်ကဲမှုကြောင့် ရေခဲတောင်ပေါ်တွင် မည်မျှခြစ်ခြစ် မီးမပွင့်တတ်ပေ။ ဘွန်ကောမှာ ဤဝံပုလွေချိုင့်ဝှမ်းတွင် ကတိုးကောင် ရှာမချင်း တစ်လကိုးသီတင်း နေရမည် ဖြစ်သဖြင့် ရိုးရာမီးခတ်ကျောက် ကိုသာ အသုံးပြုလေသည်။

ထင်းရှူးသား မီးတုတ်တစ်စကို လက်ထဲစွဲကိုင်ကာ ဘွန်ကောသည် ဂူထဲ ဝင်လာလေ၏။ တရှဲရှဲ မြည်နေသော ထင်းရှူးဆီ မီးတောက်သံနှင့် အတူ သူ၏ခြေလှမ်းသည် ဂူထဲသို့ တရွေ့ရွေ့လှမ်းလာလေ၏။ ဘွန်ကော သည် ဤဂူလိုဏ်ခေါင်းထဲ၌ပင် တစ်လကိုးသီတင်းနေကာ ကတိုးလိုက် မည် မဟုတ်ပါလား။

III

ဂူဝမှ အပြင်ဘက်သို့ ဘွန်ကော လှမ်းကြည့်လိုက်၏။

ဝေသီမြင့်ခေါင်သော ရေခဲတောင်ထိပ်ပေါ်တွင် နေရောင်ခြည်များ ...လျှမ်းထနေပြီ။ ရေခိုးရေငွေ့များသည် နေရောင်ခြည်ထဲတွင် တံလျှပ် ...ပ် ပြေးနေကြသည်။ မြောက်လေအပင့်တွင် နှင်းခဲနှင်းထုကြီးများ ...မ်းတောင်ကြားထဲ လိုမ့်ဆင်းလာကြ၏။

ဘွန်ကောသည် သက်ပြင်းတစ်ချက်ကို ပင်ပန်းကြီးစွာ ချလိုက်၏။ ...ည်အတိုင်းဆိုလျှင် သည်နေ့ နေမှ ပွင့်ပါဦးမလား။

ဘွန်ကောသည် တစ်ကိုယ်လုံး အေးစိမ့်လာသည့် ကြားထဲက အရှေ့ ...ကဲ်ရေခဲ တောင်တန်းများဆီသာ ငေးကြည့်နေမိသည်။ သို့သော် နေလုံး ...ကား လုံးဝ မမြင်ရသေးပေ။ ဝံပုလွေချိုင့်ဝှမ်းထဲတွင်လည်း ဝါစေ့၊ ...ခဲ့နှံရှိ နှင်းသီးဆီးခဲများ ဝဲပျံဆဲ။

လေထဲတွင် လွင့်ပျံနေကြသော နှင်းသီးဆီးခဲလုံးလေးများသည် ...စိန်ခဲများနှယ် လက်လျက်၊ တောက်ပလျက်။

သည်အတိုင်းဆိုလျှင် သည်ကနေ့ ကတိုးလိုက်မှ ထွက်ဖြစ်ပါ့ ...ဟု စိတ်ညစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဤလိုသာ နှင်းအုပ် မိုးချုပ်နေလျှင် ဝံပုလွေ ချိုင့်ဝှမ်းထဲလည်း ဘယ်ကတိုးကောင်မှ လာမည် မဟုတ်ပေ။

ဘွန်ကောသည် တစ်ကုမ္ပဏီအိတ်ဟု ခေါ်ဆိုရမည့် ဝံသားရေ မုဆိုးလွယ်အိတ်ကြီးထဲမှ ဒန်အိုးငယ်ကို ဦးစွာထုတ်သည်။ ပြီး ဂူဝရှိ မီးဖိုပေါ်တင်ကာ အပြင်သို့ ထွက်လာ၏။

ဂူဝကျောက်ဆောင် ခြေရင်းမှ ရေခဲမြှုပ် တစ်ဆုပ်ကို လက်ခုပ်နှင့် ကျုံးယူကာ ဒန်အိုးထဲ ထည့်လိုက်သည်။ ရှဲခနဲ တစ်ချက်အော်မြည်ကာ ရေခဲတုံးနှင်းမြှုပ်ကလေးများ ရေဖြစ်သွားကြ၏။ ခေါပျဉ်နှင့် အသားခြောက်တွေကို ပစ်ထည့်လိုက်ပြန်သည်။ ထိုသို့ ချက်ပြုတ်နေသည့်ကြား ထဲမှ အပြင်ဘက်ရှိ ရာသီဥတုအခြေအနေကိုလည်း အကဲခတ်ကြည့်နေလေသည်။

ခေါပျဉ်နှင့် အသားပြုတ်အိုးထဲ ဆားအနည်းငယ် ထည့်ခတ်ပြီးသောအခါ သူ၏နံနက်စာမှာ ချက်ပြီးပြုတ်ပြီးသား ဖြစ်သွားလေသည်။

ဝံပုလွေချိုင့်ဝှမ်းပေါ် နေရောင်ခြည်တန်းများကို ထိုးကျစပြုချိန်တွင် ဘွန်ကော နံနက်စာ စားပြီးသွားသည်။ လေးနှင့်မြားဘူးကို လွယ်ကာ ဂူထဲမှထွက်လာ၏။ သူ၏ဝန်စည်စလယ်များထည့်ထားသော တစ်ကုမ္ပဏီ ဝံသားရေလွယ်အိတ်ကြီးကိုမူ စခန်းထဲ၌ပင် ထားပစ်ခဲ့၏။ ထို့ကြောင့် ရေခဲပြင်ပေါ် လျှောက်သွားနေသော ဘွန်ကော၏ခြေလှမ်းများက ဝံပုလွေများ၊ ဝက်ဝံရိုင်းများ၊ ကတိုးကောင်များနှင့်အပြိုင်သွက်လက်နေလေသည်။

ရေခဲတောင်အောက်ခြေရှိ ကျောက်ဆောင်ကျောက်တန်းများ အကြိုအကြားမှ ထွက်ပေါက်ရှင်သန်နေကြသော ထင်းရှူးပင်များပေါ်တွင် ရေခဲကျီးပေါင်းဖတ်များ ဖွေးဖွေးလှုပ်နေကြသည်။ နေရောင်ခြည်စထိသော ဘက်မှ နှင်းကျီးပေါင်းများ စတင်ကွာကျလာသည်မှာ လေထဲ ဖွေးဖွေးလှုပ်နေလေသည်။ ရေခဲတောင်ခြေရင်းရှိ ထင်းရှူးပင်များမှာ တစ်ဆောင်လုံး ရေခဲကျီးပေါင်းတွေ ကပ်နေသဖြင့် အရွက်ဆို၍ တစ်ရွက်တလေမျှ မရှိဘဲ အရိုးပြိုင်းပြိုင်းနှင့် ဖြစ်နေကြသည်။





ဘွန်ကောသည် ရေခဲမှိုများ ပေါက်တတ်သော ထင်းရှူးတောစပ်နားလျှောက်လာသည်။ ရေခဲတောင်နှင့် ရေခဲလွင်ပြင်တစ်ကြောပေါ် လျှမ်းလျှမ်းထနေသော နေရောင်ခြည်သည် ရုတ်တရက် ပျောက်ကွယ်သွား၏။

အချိန်မှာ နေမွန်းတိမ်း၏။ နေရောင်ခြည် အားကောင်းစအချိန်တွင် နေရောင်ခြည် ရုတ်တရက် ပျောက်သွားသဖြင့် ဘွန်ကော ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။ တိမ်မည်းနှင်းခဲတစ်အုပ်သည် မြောက်အရပ်မှ တောင်ဘက်သို့ ပျံသန်းသွားကြသည်။

ဘွန်ကော သက်မတစ်ချက်အရှိုက်တွင် နေရောင်ခြည် ပြန်ပွင့်လာသည်။ တိမ်မည်းနှင်းခဲများသည် မြင့်မားဝေသီသော တောင်ဘက်ရှိ ရေခဲတောင်တန်းတစ်ခုနှင့် ဝင်ဆောင့်ကာ ပြိုကွဲပြန့်ကျဲသွားသည်။ စူးစူးရဲရဲ မဟုတ်သော်လည်း နေလုံးနီနီကို ကောင်းကင်ပေါ် မြင်နေရသဖြင့် ဘွန်ကော ဆက်ထွက်လာသည်။ ရေခဲမှိုကျင်းနားတွင် ကတိုးများကို တွေ့ရတတ်သဖြင့် ရေခဲမှိုကျင်းများရှိရာသို့ ဘွန်ကော ဆက်ထွက်လာသည်။

ကျောက်ဆောင်တစ်ခုကို ကွေ့လိုက်စဉ် ဘယ်က ဘယ်လိုဖြစ်ပြီး သေပြေးရှင်ပြေး ပြေးလာကြမှန်း မသိသော ဝက်ဝံအုပ်တစ်အုပ်နှင့် ပက်ပင်းသွားတိုးမိကြသည်။ ရုတ်တရက်ဖြစ်သဖြင့် ဘွန်ကောပါးစပ်မှ 'ဟေး' ဟုပင် ကြောက်လန့်ပြီး အသံထွက်သွား၏။ ရေခဲပြင်ပေါ်တွင် ကြောက်လန့်ပြီး တစ်ခါမျှ မအော်ဖူးသော ဘွန်ကောသည် ဤတစ်ခါတော့ သတိလင်သွား၏။ ဝက်ဝံရိုင်းကြီးတွေမှာ လေးဖက်ကုန်းပြီး ပြေးလာကြသော်လည်း သူ့တစ်ရပ်နီးပါး မြင့်သည်။ အုပ်ကလည်း အကောင်တစ်ဆယ်လောက်မည်။

ထိုဝက်ဝံအုပ်သာ သူ့ကို ဝိုင်းကိုက်လျှင် ချက်ချင်းအရိုးတခြား အသားတခြားတင်မက ခဏချင်း စိစိညက်ညက်ကြေကာ ဝက်ဝံရိုင်းတွေ၏အစာ ဖြစ်သွားနိုင်သည်။ ရေခဲပြင်ရှိ ဤဝက်ဝံရိုင်းတွေမှာ သားစားဝက်ဝံတွေ ဖြစ်သဖြင့် သက်ရှိသတ္တဝါမှန်သမျှ ဘယ်သူမှ ချမ်းသာမပေးတတ်ကြ။ ရေခဲတောင် ရေခဲပြင် ကန္တာရတစ်လျှောက်လုံးကို ကြီးစိုးခြင်းမှုနေကြသော ဝံပုလွေကြီးများပင် ဤဝက်ဝံအုပ်ကို ရင်ဆိုင်ရဲကြသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံအုပ်ကိုမြင်လျှင် ဝေးဝေးက ရှောင်ပြေးတတ်ကြလေသည်။

ထို့ကြောင့် ဘွန်ကောက "ငါတော့ ဝက်ဝံစာဖြစ်ပြီ"ဟု ကြောက်ရွံ့ကာ "ဟေးခနဲ" အသံထွက်သွား၏။ သို့သော် ဤမျှ ရန်လိုဆိုးဝါးနေကြသော ဝက်ဝံကြီးများသည် ယခု သူ့ကိုမြင်သော်လည်း လုံးဝ ကိုက်သတ်မသွားကြ။ တိုးတိုက်ပွတ်တိုက်ကာ အရှေ့ဘက်သို့သာ သေပြေးရှင်ပြေး ပြေးသွားကြလေ၏။

ဤရေခဲပြင်ကန္တာရထဲတွင် ဘုရင်တစ်ဆူ မင်းမူနေကြသော ဝံကြီးများသည် အဘယ်သို့သော အန္တရာယ်တွေနှင့် ကြုံတွေ့လာခဲ့ကြ၍၊ သို့မဟုတ် သူတို့အားနိုင်သော တိရစ္ဆာန်ကြီးတစ်ကောင်ကောင်ကများ လိုက်ကိုက်သဖြင့် ပြေးလာကြသလားဟူသော စိုးရိမ်စိတ်ဖြင့် ဘွန်ကောသည်လည်း ရှေ့သို့ဆက်မသွားရဲဘဲ ဝက်ဝံအုပ်ကြီးများပြေးလာကြရာအနောက်မြောက်ဘက် လှမ်းကြည့်လိုက်၏။

ဒုတိယအကြိမ်လန့်ဖျပ်ပြီး "ဟိုက်"ဟူသော အသံသည် ဘွန်ကောပါးစပ်မှ ထွက်သွားဖြစ်သည်။ ကန္တာရရေခဲပြင်ထဲတွင် ဘုရင်တစ်ဆူကဲ့သို့ မင်းမူနေသော ဝက်ဝံကြီးများပင် ကြောက်ရွံ့ထိတ်လန့်ပြီး ပြေးလာခဲ့ကြရသော အန္တရာယ်ကို ဘွန်ကောသည်လည်း ခုမှ မြင်တော့သည်။ စောစောက ရေခဲပြင်ပေါ်တွင် နေရောင်ခြည်ကွယ်ပျောက်သွားလိုက်၊ နေရောင်ခြည် ပြန်လင်းလာလိုက် ဖြစ်နေခဲ့သည်မှာ ဤအန္တရာယ်ကြီးပါလားဆိုသည်ကို. . . ဘွန်ကောလည်း ချက်ချင်းသဘောပေါက်သွားလေ၏။

ထိုအခါ ဘွန်ကောသည်လည်း ကန္တာရဝက်ဝံကြီးများနှင့်အတူ သူ၏စခန်းဂူလိုဏ်ခေါင်းရှိရာသို့ သေပြေးရှင်ပြေး ပြေးလာခဲ့ရလေသည်။

သူ့နောက်တွင်မူ တဝီးဝီး တရှဲရှဲ အော်ဟစ်ကာ သေမင်းနှင်းမုန်တိုင်းကြီးက အပြေးလိုက်လာနေလေသည်။

■■■

အနောက်မြောက်ဘက် ရေခဲတောင်ထိပ်ပေါ်မှ အလုံးလိုက် အခဲလိုက် လိမ့်ဆင်းလာကြသော နှင်းမည်းနှင်းခဲကြီးများကြောင့် ဝံပုလွေချိုင့်ဝှမ်းသည် ချက်ချင်းမှောင်နှင့်မည်းမည်း ဖြစ်သွားလေ၏။





သေပြေးရှင်ပြေး ပြေးလာသော ဘွန်ကောသည်. . ဂူဝစခန်းထဲ ပြေးဝင်ခိုပုန်းလိုက်ရသည်။ သူ ဂူထဲရောက်သည်နှင့် မရှေးမနှောင်းမှာပင် လက်သန်းလက်မခန့်ရှိ နှင်းသီးရေခဲများသည် ဂူဝထဲ တဖြောင်းဖြောင်းကျလာကြ၏။ အပြင်တွင် ချက်ချင်းပိန်းပိတ်အောင် မှောင်သွားလေသည်။ နှင်းခဲနှင်းမည်းတွေ သိပ်သည်းလာသဖြင့် ဂူဝရှေ့ တစ်လံနှစ်လံကိုပင် မမြင်ရတော့။ ထိုအခါ အချမ်းမှာ အသားအရေပြားတွေကို စိမ့်ဖောက်ကာ အရိုးထဲ ရောက်လာသည်။

ဘွန်ကောသည် ဂူထဲရှိ မီးဖိုဘေးတွင် ထိုင်ငိုက်ကာ စောစောကအဖြစ်အပျက်ကို ပြန်တွေးနေသည်။ အကယ်၍ ဝက်ဝံကြီးများနှင့် မတွေ့ဘဲ သူက ရှေ့ကိုသာဆက်ပြီး ကတိုးရှာသွားမိလျှင် ခုလောက်ဆို နှင်းမုန်တိုင်းထဲတွင် သေခဲပြီး သေနေလေပြီ။ သူ့ကိုယ်ပေါ်တွင်လည်း နှင်းသီးနှင်းခဲတွေပုံပိကာ ခုလောက်ဆို ရေခဲပြင်ထဲ၌ မြုပ်နှံသင်္ဂြိုဟ်ပြီးသား ဖြစ်နေလေပြီ။

ကတိုးလိုက်ရာတွင် အင်မတန် အနှောင့်အယှက် ပေးတတ်သော ဝက်ဝံကြီးများကို ဤတစ်ခါတော့ ဘွန်ကော စိတ်ထဲက ကျေးဇူးတင်နေလေသည်။ မောမောနှင့် သေပြေးရှင်ပြေး ပြေးလာခဲ့သော ဘွန်ကောမှာ မီးဖိုဘေးတွင် ထိုင်ကာ ငိုက်မျဉ်းနေလေသည်။ တစ်ချက်တစ်ချက် လဲကျသလို ဖြစ်မှ ပြန်သတိရကာ သူ့ကိုယ်ကြီး မီးဖိုထဲ ပစ်မကျအောင် သတိကို ထိန်းဆယ်ရသည်။ ပြီး သူ အနှစ်နှစ်အလလက တွေ့ကြုံခဲ့ရသော၊ ပစ်ဖမ်းခဲ့ရသော ကတိုးကောင်များ အကြောင်းကို နိုးတစ်ဝက်ငိုက်တစ်ဝက်နှင့် တွေးပြီး အိပ်မက်မြင်မက်နေသည်။

သူ ငိုက်မျဉ်း၍ သူ့ကိုယ်သူယိမ်းသွားစဉ် သူဖျတ်ခနဲ လန့်နိုးသွား၏။ သူ ကြားဖူးသော တိရစ္ဆာန်တစ်ကောင်၏ နီးနီးနားနားက ရန်ရှာသံပါလားဟူသော အတွေးကြောင့် မျက်လုံးဖွင့်ကြည့်လိုက်၏။ ဘွန်ကောမှာ လန့်သုပ်အံ့သြသွားသည်။

ဆောင့်ကြောင့်ထိုင်နေလျှင် သူ ထိုင်နေသည်ထက်ပင် အရပ်မြင့်သော ကျားကြီးတစ်ကောင်သည် သူနှင့် ဘေးချင်းယှဉ်ကာ ထီးလာလုံ့နေချေပြီ။ မည်သို့ လုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ လှုပ်လျှင်၊ သို့မဟုတ် ကျားကို သူ ရန်ရှာလျှင် ကျားသည် မုချ သူ့ကို ကိုက်တော့မည်။ သူ မလှုပ်ရဲ။ ထိုစဉ် သူ့အဖေ မုဆိုးကြီးဘာဆု ပြောခဲ့သော စကားတစ်ခုကိုလည်း သတိရလိုက်သည်။

*"သား. . . ကျားနဲ့ ရှေ့ဆိုင်တွေ့ရင် ဘာမှ မကြောက်နဲ့၊ ကျောက်ခဲတစ်လုံးလို နေပြလိုက်၊ ကျားဟာ လူက ရန်မပြုရင် လူကို ရန်ပြုခဲပါတယ်။ ပြီး အစာဝလာတဲ့ကျားဟာ တခြားတိရစ္ဆာန်တွေကို အကြောင်းမဲ့ သတ်သက် ကိုက်သတ်ရိုး ထုံးစံ မရှိဘူး"*

ယခု ဘယ်က ဘယ်လို ရောက်လာမှန်းမသိသော ကျားကြီးနှင့် သူက မီးအတူ လှုံဖက် ဖြစ်နေလေရာ၊ ဘွန်ကောသည် လုံးဝ မလှုပ်ရဲပေ။ ဤကျားကြီးသည် ဘယ်က ဘယ်လို သူ့ဆီ ရောက်လာပါလိမ့်ဟုသာ တွေးနေလေသည်။

အမှန်မှာ အေးသောအရပ် ဤလို ရေခဲတောင်ပေါ်တွင် ကျားက မရှိတတ်ပေ။ သားကောင်လိုက်ရင်း တစ်နေရာရာမှ နယ်ကျွံလာခြင်း ဖြစ်ပေမည်။ ယခု နှင်းမုန်တိုင်းကြီးနှင့် ဝင်တိုးရာ နွေးထွေးလေကွယ်ရာကို ရှာရင်း သူ့အနားရောက်လာခြင်း ဖြစ်ပေမည်။ ထိုအခါ သူကလည်း မီးဖိုနားတွင် သစ်ငုတ်တိုတစ်ငုတ်လို ထိုင်ပြီး မီးလှုံရင်းအိပ်ပျော်နေရာ၊ သူ့အား သက်ရှိသတ္တဝါ၊ သို့မဟုတ် လူသားတစ်ဦးဟု ကျားက ထင်ပုံမရ။ နွေးထွေးသောမီးဖိုကိုသာ အသက်ရှိသော တိရစ္ဆာန်တစ်ကောင်ကောင်အနေနှင့် ကြည့်ပြီး မီးလှုံနေ၏။

နှင်းမုန်တိုင်းကြီးမှာ ပို၍သည်းထန်လာသည်။ မီးဖိုနားတွင် ငုတ်တုတ်ထိုင်နေသော ဘွန်ကော၏ ကျောဟစ်ဖက်ပင် အေးချင်လာသည်။ သို့သော် ကျားကြီးကိုကြောက်၍ သူက မလှုပ်ရဲ။ သစ်ငုတ်တစ်ငုတ်လို၊ ကျောက်ခဲတစ်လုံးလို၊ မတုန်မလှုပ် ငြိမ်နေရ၏။ ကျားကမူ ရှေ့အေးလျှင် ရှေ့ကိုလှည့်နှင့် ကျားကြီးမီးလှုံနေသည်မှာ မနာလိုစရာပင် ကောင်းလာသည်။ သူ့ကိုလည်း ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် ကျားကြီးက မထင်တော့ချေ။

ညနေစောင်းတော့ ဘွန်ကော ထမင်းဆာလာသည်။ သို့သော် ကျားကြီးကို ကြောက်သဖြင့် မထရဲ။





ဤလိုနှင့် ညဥ့်နက်လာသည်။

ဘွန်ကော မထရဲသေး။ ဘွန်ကော ငိုက်လာ၏။

ဘွန်ကော ငိုက်လာ၍ မီးလှုံနေသော ကျားနှင့်တိုက်မိလျှင် ကျားကြီးက ဝမ်းခေါင်းသံကြီးနှင့် ရန်ရှာ၏။ ထိုအခါတွင် သူနှင့်ကျားသည် အားချင်းကပ်လျက် မီးလှုံနေကြရပါလား ဆိုသည်ကို ဘွန်ကော သတိရပြီး သစ်ငုတ်တိုလို ငြိမ်နေတည်နေရပြန်၏။

သည်လိုနှင့် သတိထားရင်းက ဘွန်ကောသည် ငိုက်မျဉ်းပြီး ကျားကြီးကို သွားတိုက်မိဖြစ်သည်။ ကျားကြီးက ဝမ်းခေါင်းသံကြီးနှင့် ဘွန်ကောကို သတိပေးပြန်သည်။ ထိုအခါ ဘွန်ကောမှာ လန့်နိုးပြီး သစ်ငုတ်တစ်ငုတ်လို၊ ကျောက်ခဲတစ်လုံးလို ငြိမ်နေတည်နေရပြန်သည်။ ဂူထဲဖြစ်သဖြင့် ကျားနှင့်သူနှင့် နေရာလွဲစရာလည်း နေရာက မရှိ။

သည်လိုနှင့် ဘွန်ကောနှင့် ကျားကြီးမှာ တစ်ညလုံး ဘွန်ကော ငိုက်မျှဉ်းလာ၍ ကျားကြီးကို တိုက်မိလိုက်၊ အိပ်ငိုက်ပြီး သူ့ကို တိုက်ရသေးဟု ကျားကြီးက ဒေါသဖြစ် မာန်ဖီလိုက်နှင့် မိုးလင်းပိုင်းသို့ ရောက်လာသည်။

ဝံပုလွေတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံကို အပြင်က ကြားလိုက်ရသည်။ ဤသည်မှာ မကြာခင် နှင်းမုန်တိုင်းကြီး စဲတော့မည်ဆိုသော အထိမ်းအမှတ်ပင်။ နှင်းမုန်တိုင်းကြီး စဲတော့မည်ဖြစ်သော်လည်း ဘွန်ကောမှာ ဝမ်းမသာရဲသေး။ သူ့အနားတွင် တစ်ညလုံး မီးလာလှုံနေသော ကျားကြီးကို ဂူထဲမှ မည်သို့နှင်ထုတ်ရမည်မသိ ဖြစ်နေ၏။

မိုးလင်း၍ မုန်တိုင်းစဲသွားသောအခါ ဘွန်ကော စိုးရိမ်နေသော ကျားကြီးမှာ မိတ်ဆွေကောင်းပီသစွာဖြင့် ဘွန်ကောဂူထဲမှ သူ့အလို အလျောက် ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# သမန်းကျားဒဏ္ဍာရီ

"ဥသျှစ်ကုန်းမှာ ညက နွားတစ်ကောင်ကို သမန်းကျား ကိုက်သွားပြန်ပြီတဲ့"

မနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် သတင်းဆိုးက ရွာရိုးကိုးပေါက် ရောက်တော့သည်။

အမှန်မှာ ဤသတင်းမှာ မဆန်းတော့။ ခုတစ်လော နေ့စဉ်လိုလို တစ်ရွာမဟုတ် တစ်ရွာတွင် နွားတစ်ကောင်ကို သမန်းကျားကိုက်ပြန်ပြီ ဟူသော သတင်းကို ကြားနေရသည်။

ကျားဆိုးများ သောင်းကျန်းတတ်သော နတ်တော်လမှသည် ယခု ပြာသိုလအထိ ရောက်လာ၏။ နတ်တော် ပြာသိုလများမှာ ကျားများ မိတ်လိုက်ရာသီဖြစ်သဖြင့် သောင်းကျန်းတတ်သည်မှာတော့ မဆန်း။ သောင်းကျန်းလာသော ကျားဆိုးများကို နယ်ခံမုဆိုးများက တစ်နည်းနည်းနှင့် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်မှာလည်း နှစ်တိုင်းလိုလိုပင်။

သို့သော် ယခု တစ်လနီးပါး သောင်းကျန်းနေသော ကျားဆိုးကိုတော့ အဘယ်မည်သော မုဆိုးကမျှ မဖမ်းဆီး မသတ်ဖြတ်နိုင်ကြသေး။ ထို့ကြောင့်လည်း ယခုသောင်းကျန်းနေသော ကျားဆိုးကို ရွာသူရွာသားတွေက သမန်းကျားဟု သမုတ်ပြီး အကြောက်ကြီး ကြောက်နေကြသည်။

သူတို့ ယုံကြည်သမုတ်ထားကြသော သမန်းကျားဆိုသည်မှာလည်း သူတို့ ပြောပုံအရ ဆိုလျှင် ကြောက်စရာ။ သမန်းကျားဆိုသည်မှာ လူက ဖြစ်သွားသောကျား။ လူစိတ်နှင့် ကျားကိုယ် ဖြစ်သည်။





ထို့ကြောင့် ကျားဖမ်းနေကျ မုဆိုးကျော်ကြီးများပင် ယခုအခါ လက်မှိုင်ချရတော့မလို အရှုံးပေးကြရတော့မလို ဖြစ်နေကြ၏။ သမန်းကျားပုံပြင်မှာ အကြောက်စရာကောင်းသလို၊ လွမ်းစရာသနားစရာလည်း ကောင်းသည်။ မှော်အတတ်ကို တစ်ဖက်ကမ်းခတ်အောင်တတ်သော မှော်ဆရာကြီး တစ်ယောက်သည် တစ်နေ့တွင် ချေသား စားချင်သဖြင့် သူ့တပည့်အား ကျားအဖြစ် ဖန်ဆင်းကာ တောထဲလွှတ်လိုက်သည်။

လူကနေ ကျားအဖြစ် ဖန်ဆင်းထားသော သမန်းကျားသည် ချေတစ်ကောင်ကို ကိုက်ပြီး သူ့ဆရာဆီ ပြန်လာ၏။ ချေတစ်ကောင် ကိုက်ချီ၍ ပြန်လာသော သူ့တပည့်အား မှော်ဆရာကြီးသည် သူ့တပည့်ချွတ်ပုံထားခဲ့သော ပုဆိုးနှင့်ပစ်ပေါက်လိုက်၏။ သူ့အဝတ်ပုဆိုး သူ့ကိုယ်ကို ထိသည်နှင့် တစ်ပြိုင်နက် မှော်ဆရာတပည့် သမန်းကျားသည် ချက်ချင်း လူပြန်ဖြစ်သွားလေသည်။

သည်လိုနှင့် သမန်းကျားအတတ်ကို သင်ပြီး ရွာပြန်သွားသော တပည့်သည် မကြာခင် မိန်းမ ရသည်။ တစ်နေ့၌ မိန်းမက သားငါး ဟင်းလျာမရှိကြောင်းညည်းလေရာ သမန်းကျားအတတ်ကို မိန်းမအား ပြသည်။ ယောက်ျားက "မင်း ဟင်းလျာမရှိရင် ငါ ကျားအဖြစ်နဲ့ ချေတစ်ကောင် ကိုက်ပြီး ပြန်လာရင်၊ မင်း ဘာမှ မကြောက်ပါနဲ့၊ ငါချွတ်ထားတဲ့ ဒီအဝတ်နဲ့သာ ငါ့ကိုယ်ကို ထိအောင်ပစ်၊ ငါ့အဝတ် ငါ့ကိုယ်ကို ထိတာနဲ့ ငါ လူပြန်ဖြစ်သွားလိမ့်မယ်"ဟု မှာထားခဲ့ပြီး တောထဲထွက်သွားသည်။

မကြာခင်မှာပင် သမန်းကျားအဖြစ်နှင့် ချေတစ်ကောင်ကို ကိုက်ပြီး ပြန်လာသော ယောက်ျားကို မိန်းမဖြစ်သူက ကြောက်ကြောက်နှင့် လန့်အော်လိုက်ရာ ရွာသူရွာသားများပါ ပြေးလိုက်လာကြသဖြင့်သမန်းကျားက ချေအသေကောင်ကို ပစ်ချထားခဲ့ပြီး တောထဲထွက်ပြေးသွားရ၏။

နောက်တစ်နေ့ကျသောအခါ သမန်းကျားမှာ သူ့မိန်းမဆီ ချေတစ်ကောင်ကိုက်၍ ရောက်လာပြန်၏။ သူ့မိန်းမကလည်း ပထမနေ့ကကဲ့သို့ သူ့ယောက်ျား သမန်းကျားကို မြင်သည်နှင့် လန့်အော်ပြန်ရာ သမန်းကျားမှာ တောထဲဝင်ပြေးရပြန်၏။ သည်လိုနှင့် ခုနစ်ရက်ပြည့်သည်အထိ ချေတစ်ကောင်ကိုက်ကာ သူ့မိန်းမဆီကို သမန်းကျားက ရောက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာလည်း သူ့မိန်းမက ခင်ပွန်းယောကျ်ား သမန်းကျားက မှာထားခဲ့သော စကားကို သတိမရဘဲ ကြောက်ရွံ့၍အော်ပြန်ရာ ရွာသူရွာသားတွေမှာ သမန်းကျားကို ဝိုင်းလိုက်ကြပြန်သည်။ ထိုအခါ ခုနစ်ရက်လွန်သွားသော သမန်းကျားမှာလည်း ကောဇိတ်ဝင်ကာ တကယ့်ကျားဖြစ်သွားလေသည်။

သူ့မိန်းမကို စိတ်နာသွားသော သမန်းကျားသည် ဒေါသအမျက်ထွက်ကာ သူ့မိန်းမနှင့်တကွ တစ်ဆွေလုံး တစ်မျိုးလုံးကို ကိုက်သတ်ပြီး ကျားဘဝနှင့်ပင် သေသည်အထိ နေသွားရသည်ဟူ၏။

ယခု သူတို့ ရွာနီးချုပ်စပ် တစ်ဝိုက်တွင် သောင်းကျန်းနေသောကျားမှာလည်း သမန်းကျား ဖြစ်၍သာ ယခုထိ မုဆိုးကြီးများပင်မဖမ်းနိုင်သေး။ ဤသမန်းကျားသည် ကြာလာလျှင် လူတွေကိုပါ ကိုက်လာလိမ့်မည်ဟု တုန်လှုပ်ချောက်ချားလာကြသည်။

ဤသည်ကို မခံမရပ်နိုင် ဖြစ်နေသူမှာ မုဆိုးကျော်ကြီး ဦးဘာဟိုး ဖြစ်သည်။ ဦးဘာဟိုးမှာ ဤနယ်တစ်ဝိုက်၌ နာမည်နှင့်လိုက်အောင် ဟိုးဟိုးကျော်နေသော မုဆိုးကျော်ကြီး ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း ကျားသောင်းကျန်းများကို နှိမ်နှင်းနေကျ။ ဤနှစ် ဤကျားဆိုးကျမှ သူ့လက်က လွတ်သွားသည်ဆိုလျှင် သူ့နာမည် ဤနယ်တစ်ဝိုက်၌ ကျတော့မည်။ သူ့နာမည်ကျသလို ဤကျား၏နာမည်က ပိုတက်လာမည်။ အလိုလိုကမှ သမန်းကျားဟု သမုတ်ထားကြလေရာ ဤကျားသာ လူယောကျ်ား၊ လူမိန်းမ ကလေးသူငယ်ကအစ တစ်ဦးဦးကို ကိုက်မိလျှင် ထိုရွာက လူများသည် ရွာကို ပစ်၍ပင် ပြေးကြတော့မည့်အခြေအနေ ရှိနေသည်။

ထို့ကြောင့်လည်း မုဆိုးကျော်ကြီးဦးဘာဟိုးသည် ဤသမန်းကျားကို အသေရရ၊ အရှင်ရရ ဖမ်းမိနိုင်အောင် မအိပ်မနေ ကြိုးစားနေသည်။ သမန်းကျား သည်ရွာက နွားကို ကိုက်သွားသည်ဟု သတင်းရသည်နှင့် တစ်ပြိုင်နက် နာရီပိုင်းအတွင်းမှာပင် ထိုရွာကို ဦးဘာဟိုး ရောက်သွားပြီ။ သမန်းကျား ကိုက်သွားသော နွားအသေကို လေ့လာပြီး ဦးဘာဟိုးသည် သုတ်ကိုင်းထောင်ချောက်ထောင်ရပြီ။ ထိုသို့ ဦးဘာဟိုး သုတ်ကိုင်းထောင်ချောက်ထောင်လာခဲ့သည်မှာ အကြိမ်လေးငါးခါလည်း ရှိခဲ့ပြီ။





သမန်းကျားကိုမူကား ယခုထိ မမိနိုင်သေး။ ဤသမန်းကျား၏ ထူးခြားဆုံးအချက်မှာ သူ ကိုက်သတ်စားသောက်သွားသော ကျွဲနွားအသေကို နောက်ထပ်တစ်ခါ လာမစားခြင်းသာ။ စားကြွင်းစားကျန်ဆီ ပြန်လည်မလာဘဲ နောက်တစ်နေ့ရာရာမှ နောက်ထပ်တစ်ကောင်ကောင်ကို ကိုက်သတ်စားသောက်သွားသော သတင်းပင်။

ထို့ကြောင့်လည်း မုဆိုးကျော်ကြီး ဦးဘာဟိုးမှာ သတင်းကြားတိုင်း လိုက်နေရသည်မှာ မောနေပြီ။ ဤရွာသို့ ဦးဘာဟိုးရောက်လာပြီး နောက်တစ်နေ့ မနက်မှာ နောက်တစ်ရွာ၌ ကျွဲနွားတစ်ကောင်ကောင်ကို သမန်းကျားကိုက်ပြန်ပြီဟု ကြားရတတ်သည်။ သို့သော် ဦးဘာဟိုးက လုံးဝ အားမလျှော့သေး။ သမန်းကျားကို မသတ်ရမချင်း၊ မဖမ်းရမချင်း ဦးဘာဟိုးသည် ဇွဲနပဲကြီးစွာနှင့် သမန်းကျားကို လိုက်ရှာလျက် ရှိလေသည်။

သမန်းကျားကို အငြိုးအတေးကြီးစွာနှင့် သဲကြီးမဲကြီး လိုက်ရှာသော ဦးဘာဟိုးသည် ဤနေ့မနက်မှာတော့ သမန်းကျား ကိုက်သွားသံကို မကြားရ။ သမန်းကျား၏ ခြေရာတွေကြောင်းကိုသာ ကိုင်းတောရွာဘက်မှ ကြားရသည်။ ဦးဘာဟိုး ချက်ချင်းလိုက်သွား၏။

ဦးဘာဟိုး ရွာကို ရောက်လာသည်ဟူသော သတင်းနှင့်အတူ ရွာထဲက သမန်းကျားခြေရာ တွေ့ခဲ့သည်ဆိုသူနှင့် ဦးဘာဟိုးကို အရေးတကြီး တွေ့ပေး၏။ အချိန်မှာ နံနက်ကိုးနာရီခန့်သာ ရှိသေးရာ ဦးဘာဟိုး ထိုသူနှင့်အတူ သမန်းကျားခြေရာကို လိုက်ကြည့်သည်။

သမန်းကျား ခြေရာတွေ့သော နေရာမှာ လယ်ကွင်းဘေးရှိ နွားစားကျက် ပတ်ပတ်လည်တွင် ဖြစ်သည်။ နွားရှင်မှာ သမန်းကျားရန်ကို ကြောက်၍ ထိုနေ့ညနေကပင် သူ၏နွားများကို ရွာထဲသွင်းသိပ်သူ ဦးလူမောင် ဖြစ်လေသည်။ ဦးဘာဟိုးသည် ဦးလူမောင် ပြသော သမန်းကျား ခြေရာကို သေသေချာချာလေ့လာသည်။ ခြေရာကို လက်နှင့် တိုင်းလန့်ကာ ကြည့်သည်။ နှိုးပြားနှင့် တိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သမန်းကျား၏ အလျားအနံကို ခန့်မှန်းသည်။ ချက်ချင်းရွာကို ပြန်ပြီး ဝါးထောင်ချောက်ကြီးတစ်ခုကို ရွာသားများ အတူအညီနှင့် နေ့ချင်း အပြီးလုပ်သည်။

နေမညိုခင် ထိုဝါးထောင်ချောက်ကြီးကို ရွာပြင်တောစပ် ထုတ်ကြသည်။ ဝါးထောင်ချောက်ကြီးမှာ ကြိမ်သတ်ကြိမ်နွယ်များနှင့် အခိုင်အခံ့ ပြုလုပ်ထားသဖြင့် ရွာသားကြီးလေးယောက်မှာ တနင့်တပိုး ထမ်းကြရသည်။ မုဆိုးကြီး ဦးဘာဟိုးကမူ ထောင်ချောက်နေရာ ပြရန် ရှေ့က သွား၏။

သူ့နောက်တွင် ဝါးထောင်ချောက်ကြီး ထမ်းလာသူ လေးယောက် အပြင် တစ်နှစ်သား နွားကလေးတစ်ကောင်ကို ကြိုးတန်းလန်းနှင့် ဆွဲခေါ်လာသူ ရွာသားကြီးတစ်ယောက်လည်း ပါလာသေးသည်။

တောထဲ ရောက်လာသောအခါ ဝါးထောင်ချောက်ကို ဦးဘာဟိုးက ဦးဆောင်၍ ထောင်၏။ ထောင်ချောက်မှာ ရှေ့တစ်ခန်း၊ နောက်တစ်ခန်း ပါသည်။ ရှေ့ခန်းနှင့် နောက်ခန်းကို ခိုင်ခံ့သော ဝါးလုံးကြီးများနှင့် ကာရံထားသည်။ သုံးလံခန့်ရှည်သော ဝါးထောင်ချောက်ကြီးတွင် ရှေ့တစ်ပေါက်၊ နောက်တစ်ပေါက်ကို ပိတ်သော တံခါးနှစ်ပေါက် ပါသည်။ အမှန်မှာ စတုဂံရှည်မျောမျောဖြစ်သော ကျားထောင်ချောက်တွင် ရှေ့နောက် ဆိုသည်မှာ သင်္ကေတသာရှိပြီး၊ နှစ်ဖက်စလုံး တံခါးတစ်ခုစီနှင့် အားလုံး ပြုလုပ်ထားပုံချင်း အတူတူသာ။

ဝါးထောင်ချောက်၏ အလယ်ဗဟိုတည့်တည့်တွင် နှစ်ဖက်ဘံခါးကို ထိန်းထားသော တံခါးတိုင်တစ်လုံး ပါသည်။ ထိုတံခါးတိုင်ထိပ်ရှိ မောင်းလက်တံကြီးတွင် တံခါးနှစ်ပေါက်စလုံးကို အဖွင့်အပိတ်ဖြစ်စေနိုင်သော တံခါးခလုတ် အလေးတုံးတစ်ခု ရှိသည်။

နောက်ဘက်ဟု သင်္ကေတပြုထားသော ထောင်ချောက်ထဲသို့ နွားကလေးကို ထည့်လိုက်ကြသည်။ တံခါးအတွင်းဘက်ရှိ ကြမ်းခင်းပြင်ကို နွားကလေး နင်းလိုက်သည်နှင့် တစ်ပြိုင်နက် အသေးခလုတ်ပြုတ်ပြီး ရှိန်းခနဲ တံခါးပိတ်သွား၏။

နွားကလေး ထောင်ချောက်ထဲက လုံးဝမထွက်နိုင်တော့။





ဤနွားကလေး ထောင်ချောက်ထဲက လွတ်ရန်မှာ တစ်ဖက်အခန်းထဲကို ကျားဝင်နင်းပြီး အလေးတုံးခလုတ် ရွေ့သွားကာ ကျားဝင်တံခါး ပိတ်သွားမှ အလိုလို လွတ်ထွက်သွားမည် ဖြစ်သည်။ ဦးဘာဟိုးဦးဆောင်ပြီး နွားကလေးကို ထောင်ချောက်ထဲ သွင်းကြသည်။

နွားကလေး ထောင်ချောက်ထဲ ရောက်သည်နှင့် တစ်ဖက်ကျားဝင် တံခါးမှာ အလိုလိုပွင့်သွားသည်။ ဤသည်ကို စိတ်ချရအောင် ဦးဘာဟိုး က သုံးကြိမ်သုံးခါ စမ်းသည်။ စိတ်ချရပြီဆိုမှ ဝါးထောင်ချောက်ပတ်ပတ် လည်ကို သစ်ခက်သစ်စိမ်းများနှင့်ကာရံပြီး အရောင်ဖျောက်ကြသည်။

ထိုအချိန်တွင် နေကလည်း ဝင်သွားပြီ ဖြစ်ရာ၊ ဦးဘာဟိုးနှင့်တကွ ရွာသားကြီးတွေမှာ နွားကလေးအော်မြည်နေသံကို နားစွင့်ကာ ဝါးထောင် ချောက်ကြီးကိုသာ စောင့်ကြည့်နေကြလေသည်။

▌

ဦးဘာဟိုး ကြိုတင်တွက်ဆထားကြသည့် အတိုင်းပင် ညက နွား တစ်ကောင်တလေမှ မကိုက်ရ မစားရသေးသော သမန်းကျားကြီးသည် ဤတောဝန်းကျင်၌ပင် ရှိနေသေး၏။ ထို့ကြောင့်လည်း နွားကလေး အော်သံကြားရသောအခါ မျှောင်အောင်ပင် မစောင့်နိုင်တော့ဘဲ ချက်ချင်း ပေါ်ချလာလေ၏။

ဦးဘာဟိုးနှင့်တကွ ရွာသားကြီး ငါးယောက်မှာ သမန်းကျားဟု ဆိုသော ကိုးတောင်ကျားကြီးကို မျက်တောင်မခတ် စိုက်ကြည့်ကာ တဒင်္ဂ အသက်ရှူရန်ကိုပင် မေ့ထားကြသည်။

ကျားကြီးကို မြင်သောအခါ နွားကလေးမှာ တအားအော်မြည်ပြီး ဝါးထောင်ချောက်ထဲတွင် ခုန်ပေါက်နေ၏။ အမြီးထောင်ပြီး ဝါးထောင် ချောက်ထဲတွင် ခုန်ပေါက်နေသော နွားကလေးကို ကျားကြီးက ပထမ အနေဖြင့် ရုပ်ပါးရ ဟိန်းဟောက်ပြီး ခုန်အုပ်၏။

သို့သော် လေးဘက်လေးတန်မက အပေါ်ကပါ ဝါးလုံးကြီးများနှင့် ကာထားသော ထောင်ချောက်ထဲက နွားကလေးကို မကိုက်မိ၊ သူသာ ထောင်ချောက်ဝါးလုံးတွေနှင့် တိုက်မိကာ နောက်ကျွမ်းပစ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးက ပို၍ ဒေါသဖြစ်လာသည်။

နွားကလေးမှာလည်း ကြောက်ရွံ့ကာ ပို၍အော်မြည်လာ၏။

သမန်းကျားကြီးသည် ထောင်ချောက်ထဲရှိ နွားကလေးကို အားမလို အားမရ ကြည့်ကာ ထောင်ချောက် ဝါးလုံးအကာအရံတွေကို ပြေးကိုက် [illegible] ခွဲသည်၊ သို့သော် အခိုင်အခံ့ လေးငါးတန်တုပ်ချည်ထားသော ဝင်းပိတ်တင်းဝါး အရင်းပိုင်းတွေမှာ ဂြင်ဂြင်. . (မာကျော) မြည်သံသာ ပေါ်လာသည်။ ကျားစွယ်က လုံးဝ မတိုးနိုင်။

ထိုအခါ သမန်းကျားကြီးသည် ထောင်ချောက်ထဲက နွားကလေးကို ကိုက်သတ်ရန် လှည့်ပတ်၍ ဝင်ပေါက်ရှာသည်။ ဦးဘာဟိုးအပါအဝင် လူတွေမှာ ရင်တထိတ်ထိတ်နှင့် အသက်ရှူမှားမတတ် စောင့်ကြည့်နေကြ၏။ ထောင်ချောက်ရှေ့ဘက်မှ ဝင်ပေါက်တစ်ပေါက်ကိုတွေ့သွားသော သမန်းကျားသည် နွားကလေးကို ကိုက်ရန် ခေါက်ချင်းခုန်ဝင်လာ၏။

သမန်းကျား ထောင်ချောက်ကြမ်းခင်းပြင် နင်းလိုက်သည်နှင့် တစ်ပြိုင်နက် မောင်းတံလက်က တစောင်းပြန်သွားသည်။ ထိုအခါတွင် အလေးနှင့် ချိန်ထားသော နွားကလေးရှိ [illegible] ဘက်က တံခါးမှာ အလိုလို ပွင့်သွားပြီး ကျားကြီးရှိရာဘက်က တံခါ [illegible] ဂျိန်းခနဲမြည်သံနှင့်အတူ အလိုအလျောက် ပိတ်သွားလေ၏။

နွားကလေးသည် တဗွတ်အဲအဲ အော်မြည်ကာ ရွာဘက်ကို အမြီး ထောင်၍ ပြေးသွား၏။ ကျားကြီးကမူ ဝါးထောင်ချောက်ထဲ ပိနေလေပြီ။

ထိုအခါ ဦးဘာဟိုးက . . .

"ကဲ. . . ခင်ဗျားတို့ပြောတဲ့ သမန်းကျားကြီးတော့ မိနေပြီ၊ သစ်ပင် ပေါ်က ဆင်းကြတော့"ဟု . . .

ပြောလည်းပြော၊ ဆင်းလည်းဆင်းနှင့် . . .

မြေပြင်ကို သူ အလျှင်ရောက်သွားလေ၏။

## အပ,တောက ကျား

ဦးထွန်းလှမှာ သစ်စေးထိုး၊ သစ်စေးကောက်သမား တစ်ယောက် [illegible]သည်။ အပတောများ၌ သူ သစ်စေးထိုး၊ သစ်စေးကောက်အလုပ်ကို [illegible]လာသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ရှိလေပြီ။ ထို့ကြောင့်လည်း [illegible]ထိုး၊ သစ်စေးကောက်အလုပ်မှာ ဦးထွန်းလှအတွက် ထမင်းစား [illegible]ကောက်လို ဖြစ်နေပြီ။

မုတ်သုန်မိုးလေတို့ ပါးလျားဆုတ်ခွာစ ပြုနေသော တော်သလင်း [illegible] နေ့တစ်နေ့တွင် ဦးထွန်းလှသည် ကညင်တောင်ကြောရှိ အပတော [illegible]သို့ သစ်စေးထိုးရန် ထွက်လာလေသည်။ ဤရာသီတွင် ရသော သစ် [illegible]မှာ "တော်သလင်း လက်တွင်းအိပ်" ဟူသော ဆောင်ပုဒ်နှင့်အညီ [illegible]ဆုံးကောင်းရချိန်လည်း ဖြစ်ကြသည်။

အပတောဆိုသည်မှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးမှ ဒေသခံပြည်သူ [illegible] လက်နေများအတွက် အိမ်သုံးသစ်ဝါးများ ခုတ်သုံးနိုင်ရန် [illegible]သော သစ်တောဖြစ်သည်။ အပတောများ၌ တော်သလင်းလ [illegible] သစ်စေးများသည် မိုးလွတ်လျှင် အကောင်းဆုံး ပထမတန်းစား [illegible]၊ အနီ၊ အညို၊ အနက်ဟု သုံးမျိုးသုံးစား ခွဲခြားထားရာတွင် [illegible]န်းစား အနက်ထဲပါသည်။

သစ်စေးပထမတန်းစား တစ်ပိဿာလျှင် သူတို့ဒေသ၌ပင် (၂၅၀)၊ [illegible] ရှိသည်။ မန္တလေးရောက်လျှင် ကိုးရာတစ်ထောင်အထိ ဈေး [illegible]ဘတ်သည်။ ထို့ကြောင့်လည်း ဦးထွန်းလှသည် အပတောသို [illegible]သည်နှင့် တစ်ပြိုင်နက် သစ်စေးရနိုင်သော သစ်စေးပင်များကို [illegible]နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်စေးမပါလျှင် လုံးဝ လုပ်မရသော လုပ်ငန်းများမှာ ဘုရားရှေ ချခြင်းနှင့် ရေခွက်၊ ကွမ်းအစ်၊ လင်ပန်း၊ ယွန်းထည် စသည့် မြန်မာ့ရိုးရာ သရိုးကိုင်ယွန်းအတတ်ပညာအားလုံးမှာ မပါမဖြစ်သော ပစ္စည်းဖြစ်သည် သစ်စေးပင်တစ်ပင်ကို တွေ့သော ဦးထွန်းလှသည် ပထမဦးစွာ ဆော ပြားနှင့် တစ်တောင်ကျော်ကျော် အပေါ်မှ အောက်သို့ မန်းကြိုးနှစ်ချောင် လှီးထွင်းရသည်။

သဘောမှာ ရာဘာစေးခံသလို သစ်စေးဆင်းလမ်း၊ မြောလမ်း သစ်ခေါက်ခွံအတိုင်း ဘယ်ညာနှစ်ဖက် လှီးထွင်းပြီး အောက်တွင် သစ်စေ မြောလမ်း၊ သစ်စေးစီးလမ်း နှစ်ခုကို ဆုံစည်းပေးထားရခြင်း ဖြစ်သည် ဤသည်ကို သူတို့ဝေါဟာရနှင့် "မန်းကြိုးထွင်း"သည်ဟု ခေါ်၏။ မန်းကြ နှစ်ခု ပေါင်းဆုံရာအောက်၌ ဦးထွန်းလှက အသင့်ပါလာသော ဘော ခွက်ကို ထိုးစိုက်ခံထားလိုက်လေသည်။

ဘောက်ခွက်ဆိုသည်မှာ ဝါးဆစ်ကို တစ်ထွာတစ်မိုက် တစ်ဖက်ချွ ခုတ်ဖြတ်ပြီး သစ်စေးခံရသော ဝါးဆစ်ခွက်ကို ဆိုလေသည်။

သစ်စေးတစ်ပင်တွင် ဘောက်ခွက်သုံးလေးခွက် ခံပြီးသောအခါ ဦးထွန်းလှသည် နောက်သစ်စေးပင် တစ်ပင်ကို ရှာရပြန်သည်။ သည်လို နှင့် ဦးထွန်းလှသည် တွေ့သမျှ သစ်စေးပင်များကို မန်းကြိုးထွင်းက သစ်စေးနေလေသည်။ ယနေ့ သစ်စေးခံထားခဲ့သော သစ်စေးပင်များ၏ နောက်နှစ်ရက်အကြာမှာ သစ်စေးလာကောက်ရပေမည်။ သစ်စေ ကောက်မလာမီ တစ်နေ့တွင်လည်း ဦးထွန်းလှကား သစ်စေးထိုး၊ သစ်စေ ခံလုပ်ငန်းကို ဆက်လုပ်ရပေဦးမည်။

ထို့ကြောင့် ဦးထွန်းလှသည် နေညိုသွားသည်နှင့်တစ်ပြိုင်နက် အ တောထဲက ထွက်လာလေသည်။

၁၁၁

ယနေ့တော့ ဦးထွန်းလှ သစ်စေးများကို ကောက်ရန် ထွက်လာ သည်။ တမြန်နေ့က သူခံထားခဲ့သော သစ်စေးခံဘောက်ခွက်များမှာ နှ ရက်ခန့် ကြာသွားပြီဖြစ်ရာ ယခုဆိုလျှင် သူ ခံထားခဲ့သော ဘောက်ခွ





…တွင် သစ်စေးရည်များသည် နှစ်ကျပ်သား၊ သုံးကျပ်သားထိပင် ရ …ကောက်နိုင်သည်။ ထို့ကြောင့် ပလုပ်ကို လွယ်ကာ သစ်စေးကောက်ထွက် …ခြင်း ဖြစ်သည်။

"ပလုပ်" ဆိုသည်မှာ သစ်စေးကောက်ခွက် ဖြစ်၏။ နှီးကိုရက်ပြီး …စေးနှင့် သရိုးကိုင်ထားသည်။ အမြင့်တစ်ပေနှင့် လုံးပတ်တစ်ပေခွဲခန့် …သည်း အပေါ်သေး၍ အဝကျဉ်းသည်။ အောက်ကားသဖြင့် ဘူးသီး …ည်ပုံ ဖြစ်၏။

ဦးထွန်းလှ အပတောထဲ ရောက်လာချိန်မှာ နှင်းမကွဲတတ်သေး။ …ကြောင့် အပတောထဲတွင် မှုန်သီမှုန်ဝါးသာ ရှိသေး၏။ သို့သော် နံနက် …ဘ နေရောင်ခြည်ကို စောင့်နေကြသော ငှက်ကလေးများ၏ အသံ …စီစီကိုတော့ ကြားနေရသည်။

ဦးထွန်းလှသည် ဘောက်ခွက်ထဲမှ သစ်စေးရည်များကို ဘောက် …ထဲ သွန်းထည့်သည်။ ပြီး ထိုဘောက်ခွက်ကို ပြန်ခံ၍ နောက်နှစ်ရက် …လျှင် ထိုခွက်ကို ပြန်လာကောက်ရဦးမည်။ သည်လိုနှင့် ဘောက်ခွက် …ခွက်ပြီးတစ်ခွက် သစ်စေးပင် တစ်ပင်ပြီးတစ်ပင် ကူးလူးသွားလာကာ …စေးကောက်လျက် ရှိလေသည်။

သစ်စေးကောက်သမားအတွက် တစ်နေ့လျှင် ဘောက်ခွက်အလုံး …ရာအထိ ကောက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ဦးထွန်းလှ၏ အပ …ထဲက ဘောက်ခွက်ပိုင်ဆိုင်မှုမှာ ငါးရာခြောက်ရာ ရှိလေသည်။

၂

နွေရင့်ရက်သို့ ရောက်လာခဲ့ပြီ။
အပတောရှိ သစ်စေးပင်များသည် အပွင့်လည်း ပွင့်လာကြပြီ။
ထို့ကြောင့် သစ်စေးရည်အတွက်လည်း နည်းလာသည်။
သို့သော် ဦးထွန်းလှကား ရသမျှသစ်စေးရည်များကို ကြိုးစားပမ်းစား …ပေါက်ပေါက် လိုက်ကောက်နေသေး၏။ တစ်နေ့လုံးအတွက် သူ …စေးကောက်၍ ရသည့်ငွေမှာ နှစ်သောင်းသုံးသောင်းရှိသဖြင့် ပျော် …သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ဆောင်တစ်ပင်မှ သစ်စေးရည်ကို ဘောက်ခွက်ထဲ သွန်ထည့်
လိုက်စဉ် သစ်ဥတ်ခြောက်တစ်ခုကို တစ်စုံတစ်ယောက်တက်နင်းလိုက်
အသံ၊ ခြောက်နဲ့ ကြေကျိုးသံတစ်ခုကို သူ နားထဲ ရုတ်တရက် ကြားလိုက်
ရ၏။ နှာခေါင်းထဲကိုလည်း ညှီစို့စို့ အနံ့တစ်ခုက ချက်ချင်းတိုးဝင်လာ၏။

ဦးထွန်းလှ အသံကြားရာဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။
ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ဒရာမကျားကြီးတစ်ကောင်သည် မာန်ဖီကာ
သူ့ကို ခုန်အုပ်ရန် အားယူနေသည်။ ခါးပိုင်းမှ လှိုင်းထသလို လိပ်တက်
လာသော အမွေးအမှင်များကို တရိပ်ရိပ် မြင်လိုက်ရသည်။

ဦးထွန်းလှသည် ချက်ချင်း ခေါင်းနားပန်းကြီးသွားပြီး သူ့ခါးတွင်
ထိုးထားသော ဓားမတိုကို ရုတ်ခနဲဆွဲထုတ်ကာ ကျားကြီးကို ရင်ဆိုင်
လိုက်၏။ "ဟေး. . ဟေး"ဟုလည်း ခြောက်လှန့်သံအော်၍ ခြောက်လှန့်
ကြည့်၏။ သူ့အသံ သူ့လှုပ်ရှားမှုကြောင့် ခုန်အုပ်ရန် ဟန်ပြင်နေသော
ကျားကြီး၏ဟန်ချက်ပျက်သွားသည်။

သို့သော် ကျားကြီးကား. . သူ ဘယ်လောက် ထပ်အော်ခြောက်
ခြောက်. . ထွက်မပြေးမသွား။ သူက သစ်စေးပင်တစ်ပင်နားမှာ ပြေးတင်
လိုက်စဉ် ကျားကြီးကလည်း ရှေ့သို့ တိုးလိုက်လာသည်။

အမှန်မှာ ဤကျားဆိုးသည် လူ့အလစ်ကို ချောင်း၍ ခုန်အုပ်ကိုက်
တတ်သော အကျင့်ရှိပုံရသည်။ ယခု သစ်ရွက်ခြောက် ကြေကျိုးသံကြောင့်
လူက အရင်ဦးသွား၍သာ။ ဦးထွန်းလှသည် ကျားကြီး သူ့အား လှည့်ပတ်
ချောင်းမြောင်းနေပုံကို မျက်တောင်မခတ် လိုက်ကြည့်နေသည်။

သူ နောက်သို့လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျားကြီး
ခုန်အုပ်တော့မည်ကို သိနေရာ နောက်ကိုလည်း လှည့်မပြေးရဲတော့ပေ။
"ဟေး. . . ဟေး. . ဟေး" ကျားကြီး ကြောက်ပြီး ပြေးလိုပြေးငြား အသံ
ထပ်ခြောက်ကြည့်၏။ ကျားကြီးကား မပြေး။ သစ်စေးပင်များကို အကာ
အကွယ်ယူကာ ဦးထွန်းလှနောက်သို့ တစ်လှမ်းနှစ်လှမ်း နောက်ပြန်ဆုတ်
တော့ ကျားကြီးကလည်း ရှေ့သို့သာ တစ်လှမ်းနှစ်လှမ်း တိုးလိုက်လာ၏။

လက်မှလည်း လက်နက်ဆို၍ ဓားမတိုတစ်စင်းသာပါရာ ဦးထွန်း
လှမှာ ဘာလုပ်ရမှန်းမသိ ဖြစ်ပြီး ချွေးပြန်လာ၏။





ဤသည်ကို သိ၍ ထင်၏။

ကျားကြီးသည် ဟိန်းသံတစ်ချက်ပြုကာ ရုတ်ခနဲ ပတတ်တစ်ချက်
ခုန်လိုက်သည်။ ကျားကြီး၏အရပ်မှာ သူ့ထက်ပင် မြင့်သွားလေသဖြင့်
ဦးထွန်းလှမှာ လန့်ဖျပ်ပြီး. . "ကူကြပါဦးဗျို့. . ကယ်ကြပါဦး. ကျုပ် . . .
ကျုပ်ကို ကျား ကျား လိုက်နေပြီ"ဟု သံကုန်အော်ဟစ်ကာ၊ အပေါ်ထဲ
ဘောစောစီးစီး မည်သူမျှ ရှိမည်မဟုတ် ဆိုသည်ကိုပင် သတိမရတော့ဘဲ
ကြောက်ကြောက်နှင့် အော်ဟစ်အကူအညီတောင်းနေမိ၏။

သို့သော် ကျားကြီးက လန့်မပြေးသည့်အပြင် ချက်ချင်း ဦးထွန်းလှ
ထံသာ ခုန်အုပ်လာသည်။ သစ်စေးပင်တစ်ပင်ကို အကာအကွယ်ယူထား
သော ဦးထွန်းလှကလည်း လက်ထဲရှိ ဓားမနှင့် ခုန်အုပ်လာသော ကျား
ကြီးကို ဆီးခုတ်သည်။

ဦးထွန်းလှ၏ ခုတ်ချက်သည် ကျားကြီး၏လက်ရင်း တစ်ဖက်ကို
ထိမိသွားသည်။ သို့သော် ကျားကြီး၏ ဘယ်ညာလက်နှစ်ဖက် ပုတ်ချ
ကြောင့် ဦးထွန်းလှ၏ ဓားမတိုက လွင့်စဉ်သွားသည်။

လက်ရင်းတစ်ဖက် ဒဏ်ရာရသွားသော ကျားကြီးသည် ပို၍ဒေါသ
ကြီးလာကာ ရှေ့သို့ တိုးလိုက်လာသည်။ နောက်ဆုတ် နောက်ဆုတ်နှင့်
နောက်ပြန်ဆုတ်လာရင်းက လက်ထဲမှ ကျားကြီးပုတ်ချက်ကြောင့် လွင့်စဉ်
သွားသော ဓားမတိုကို လှမ်းကြည့်ရာ သူ့ဓားမတိုမှာ ကျားကြီး၏နောက်
ဘက်မှာ ရောက်နေသည်။

ဘယ်လိုမှ ပြေးကောက်၍ မရနိုင်တော့။

မည်သို့ လုပ်ရမည်နည်း။ ဤတစ်ခါတော့. . ဦးထွန်းလှမှာ ပို၍
ကြောက်ချွေးတွေ ပြန်လာသည်။

ဓားတစ်ချက် ထိထားသော ကျားကြီးသည် ထွက်မပြေးသေးသော်
လည်း ခေစေကလောက်တော့ မရဲတင်းဝံ့တော့။ ဦးထွန်းလှ၏ ဓားချက်
ထိထားသော ဒဏ်ရာမှ သွေးစီးကြောင်းတစ်ခုကိုလည်း ထင်ထင်ရှားရှား
မြင်နေရသည်။ ဦးထွန်းလှသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်သို့
တစ်လှမ်း ဆုတ်လိုက်စဉ် ခါး၌လွယ်ထားသော ပလုပ်ပုံးနှင့် သူ့လက်
တစ်ဘက် ခိုက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဦးထွန်းလှ ခေါင်းထဲ အကြံတစ်ခု ချက်ချင်း ပေါ်လာတော့၏။ သူ့ဘေးခါးတွင် လွယ်ထားသော ပလုပ်ဘူးထဲ၌ သစ်စေးရည်များ ရှိနေသည်။

ဤတစ်ခါ ကျားကြီး သူ့အနား တိုးကပ်လာ၍ သူ့ကို . . ခုန်အုပ်ရန် ကျားကြီးအားယူသည်နှင့် ကျားကြီး၏မျက်နှာကို ပလုပ်ထဲမှ သစ်စေးရည်နှင့် လှမ်းပက်ရလျှင် . . . ဦးထွန်းလှသည် ကျားကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေရာက ပလုပ်ဘူးကို ချက်ချင်းစမ်းဖြုတ်လိုက်သည်။ ခဲရဲသော်လည်း ခြောက်ကြောက်နှင့် "ကဲ . . လာစမ်း . . ငါ . . မသားကျား" ဟု အကြောက်ပြေ အော်ဆဲလိုက်စဉ် သူ ထင်သည့်အတိုင်းပင် ကျားကြီးက သူ့ကို ခုန်အုပ်ရန် ခြေနှစ်ချောင်းကို မြေကန်၍ အားယူလိုက်စဉ် . . "ဖုန်း . . . ဖုန်း" ကြံစည်ထားသည့်အတိုင်းပင် ဦးထွန်းလှသည် ကျားကြီး၏ မျက်နှာကို သစ်စေးရည်နှင့် ဆီးပက်ပစ်လိုက်သည်။

ဓားနှင့်ခုတ်ထား၍ လက်တစ်ဖက်နာနေသော်လည်းပြန်မပြေးသော ကျားကြီးသည် ဤတစ်ခါတော့ စူးစူးဝါးဝါးအော်မြည်ကာ ဦးတည်ရာမဲ့ နောက်လှည့်ပြေးတော့သည်။ သို့သော် ကျားကြီးမှာ ဦးထွန်းလှ အနီးမှ အဝေးသို့ ရောက်မသွား။ သူ ကယောင်ချောက်ချားပြေးတိုင်း၊ သစ်စေးပင် တစ်ပင်ပင်နှင့်ဝင်တိုက်မိကာ ဦးထွန်းလှ၏အနားမှာပင် အလဲလဲအပြိုပြို နှင့် ပတ်ချာလှည့်လည်ပြေးနေလေသည်။

ကျားကြီး ဤသို့ ဦးတည်ရာမဲ့ ဖြစ်နေသည်ကိုမြင်ရမှ ဦးထွန်းလှ သဘောပေါက်သွားသည်။ သူ ဆီးပက်လိုက်သော သစ်စေးရည်များသည် ကျားဆိုးကြီး၏ မျက်စိနှစ်လုံးထဲ တည့်တည့်မတ်မတ် တန်းဝင်သွားကာ ကျားဆိုးကြီး မျက်စိကန်းနေလေပြီ။

ဦးထွန်းလှသည် စောစောကလေးတင် ကျားကြီးကို ခုတ်ချလိုက်၍ သူ့လက်က လွတ်ကျသွားသော ဓားမကို ချက်ချင်း ပြေးကောက်လိုက်သည်။ ထိုအချိန်မှာပင် သွေးရူးသွေးတန်းနှင့် ထွက်ပြေးနေသော ကျားကြီးမှာ ဦးတည်ရာသို့ မရောက်ဘဲ သစ်စေးပင်တစ်ပင်ကို တည့်တည့်မတ်မတ် ခေါင်းနှင့် ဝင်တိုက်မိရာ အထိတ်တလန့်အော်မြည်ပြီး ဖင်ထိုင်လျက် ကျသွားသည်။





သို့သော် ချက်ချင်းပြန်ထကာ ဦးတည်ရာပျောက်ပြီး ဦးထွန်းလှ ...ဘက် ပြေးလာပြန်၏။ ကျားကြီးမျက်စိထဲ သစ်စေးရည်ဝင်၍ မျက်စိ ...ခနေမှန်းသိသော ဦးထွန်းလှသည် သူ့ဘက် ကျားကြီးပြေးလာသည်ကို ...သော်လည်း ဤတစ်ခါတွင် မကြောက်တော့။ ကျားကြီးသည် သူ့ကို ...မှန်၊ သူ ရှိနေမှန်း သိ၍ ပြေးလာဟန် မရှိ။

လွတ်ရာလွတ်ကြောင်းကို မမြင်မစမ်းနှင့် လမ်းမှားပြေးလာခြင်းသာ ...ဖြင့် ဓားမကို မြဲမြဲဆုပ်ကိုင်ကာ ပြေးလာနေသော ကျားကြီး၏ လည် ...ကို ဒိတ်ရှိလက်ရှိ ခုတ်ချလိုက်လေသည်။

ကျားကြီး၏ မချိမဆံ့ သေခါနီးအော်မြည်လိုက်သံမှာ အပတော ...လုံး ပဲ့တင်ပြန်၍ သောသောညံနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျားညဏ်နှင့် ကျွဲမာန်

သာမောင်သည် ဆယ်နှစ်သားကတည်းကပင် သူ့အဖေနှင့် ကျွဲ ကျောင်းနောက်လိုက်လုပ်လာရာ ယခုအခါ ကျွဲကျောင်းသက် သုံးနှစ်ခ ရှိသေပြီ။ ထို့ကြောင့်လည်း သူ့အဖေ ဦးဘသာက သူ့သား သာမောင်အား ကျွဲတစ်အုပ်နှင့် စိတ်ချလက်ချ လွှတ်ပေးထားခြင်း ဖြစ်၏။ သစ်ခုတ် ငါးခုတ် အသွားအပြန် လမ်းကြုံလျှင်တော့ ခဏတစ်ဖြုတ် အကဲခတ် ဝင်ကြည့်သွားတတ်၏။

သည်ကနေ့ သစ်ခုတ်တက်ရင်း "မဲလုံး"နှင့် ပတ်သက်သော စကား ကို သူ့အဖေက မှာထားခဲ့သည်။

"သား . . . မဲလုံးကို ဂရုစိုက်ကြည့်နော်၊ ခရိုးတောတန်း ဟိုဘက် လုံးဝ မကျော်စေနဲ့၊ ဟိုဘက်မှာ သစ်ဆွဲလည်သားတက်ကြီးတွေ၊ ဘို့တင် ကြီးတွေ ရှိတယ်။ မတော် ဘို့တင်ကြီးတွေနဲ့ သွားခတ်နေမှာ စိုးရတယ် မိုးဦးကျ မဲလုံးနဲ့တွဲဖို့ အဖေ ဘက်ရထားပြီ။ သစ်ဆွဲခါနီး အနာတရ မဖြစ် စေနဲ့၊ ကြားလား"

သူ့အဖေ ပြောသော မဲလုံးဆိုသည်မှာ သူတို့ကျွဲအုပ်ထဲက ကျွဲပေါက် တစ်ကောင် ဖြစ်သည်။ ဤကျွဲပေါက်ကို မနှစ်က သစ်ဆွဲ ကျင့်ထား၏ ဤနှစ် လည်သားလုံးပတ်ကလည်း ပိုကြီးထွားလာလေရာ သူ့တွဲဖက်တ ကောင်နှင့် မိုးဦးကျရောက်လျှင် ရွှံ့တော နွံကျွံ သစ်ဆွဲလမ်းတွင် အပြ ရုန်းရမည့်ကျွဲ ဖြစ်သည်။ ယခု သစ်ဆွဲနားထားသော နွေရာသီမှာတေ ခတ်ဘက်ရှာခြင်း၊ တာလုခြင်း၊ ကျွဲမတမ်းမများ ရှိရာ သွားပြီး (ဘော်ဒိ ဟန်ရေးပြခြင်းများ လုပ်ချင်နေသည်။





ထို့ကြောင့်လည်း ဦးဘသာက ခြေတကြွကြွ၊ လည်တယမ်းယမ်း၊ ခါခါ လုပ်နေသော ကျွဲပေါက်မဲလုံးကို စိတ်မချသဖြင့် သူ့သား မောင်အား မှာထားခဲ့ခြင်း ဖြစ်သည်။ ဤကျွဲပေါက် မဲလုံးမှာ သစ်ဆွဲ ကောင်းသော မင်းတုန်းကျွဲများ၊ ဘို့တင်ကြီးများကိုပင် ကျော်တက်နိုင်မည့် ဖြစ်သဖြင့် ဦးဘသာ အရိပ်တကြည့်ကြည့်နေသော ကျွဲပင်။

သာမောင် ကျောင်းနေရသော ကျွဲအုပ်ထဲတွင် အထီးဆို၍လည်း ညီသော မဲလုံးတစ်ကောင်သာ ရှိသည်။ ကျန်သုံးကောင်မှာ ကျွဲမကြီး မိုးနှောင်းက တစ်ကောင် သားပေါက်ထားပြီး၊ ကျန်နှစ်ကောင်မှာ ဖြစ်သည်။

ထို့ကြောင့် ဤနှစ် ကျွဲမသုံးကောင်မှာ စက်ကပ်ဆိပ်ချပင် ဆွဲမရ မဲလုံးတစ်ကောင်တည်းကိုသာ အားထားနေရသည်။ မနှစ်ကတော့ တစ်ရှဉ်းနှင့် မဲလုံးကို သစ်ဆွဲကျင့်ထားခဲ့ရသည်။

၂

ကျွဲမကြီးများ နှာမှုတ်သံ ကြားရသဖြင့် သာမောင်၏အကြည့်က ရက် ကျွဲများဆီ ရောက်သွား၏။ ဖုန်းဆိုးတောင်ယာအဟောင်း ထူးထူးခြားခြားဆို၍ ဘာမှ မမြင်ရ။ အထူးသဖြင့် မဲလုံးကိုသာ ဂရုစိုက်ကြည့်သည်။ မဲလုံးမှာ ခတ်ဘက်ရှာစ ကျွဲပေါက်ဖြစ်သဖြင့် ကျွဲအုပ်ထဲ သူ သွားတတ်သလို တခြားကျွဲအုပ်မှ လည်သားတက် ကြီးများကိုလည်း သူက မြူခေါ်သလို ရှိတတ်သည်။

ထို့ကြောင့် တခြားကျွဲအုပ်မှ သူစိမ်းဘို့တင်ကြီး တစ်ကောင်ကောင် သလားဟု သာမောင်က မဲလုံးကို ဂရုစိုက်ကြည့်လိုက်ခြင်း ဖြစ် သော် ကျွဲမကြီးများနှင့် အတော်လှမ်းလှမ်းသို့ ရောက်နေသော ဘာမှ မထူးခြား။ တစ်နေ့တခြား ကြီးထွားလာသော သူ၏ တ်ကြီးကိုသာ စင်ပြွမ်းပင်တစ်ပင်၏ ပင်စည်တွင် ပွတ်တိုက် မဲလုံး၏ တည်တည်ငြိမ်ငြိမ် အနေမှန်မှုကြောင့် သာမောင်သည် ရောက်နေသောအကြည့်ကို ယာဟောင်းအစပ်ရှိ လယ်ကွင်း ရွှေ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေညိုသွားပြီ ဖြစ်သဖြင့် လယ်ကွင်းထဲတွင် ချိုးငှက်များ ကျစပြ
နေပြီ။ လယ်ကွင်းထဲရှိ စပါးစေ့များကို လာကောက် စားတတ်ကြသော
ချိုးငှက်များအား သာမောင်သည် လေးခွနှင့် အမိအရပစ်ရန် ချောင်းနေ
လေသည်။

ဤသည်မှာ သာမောင်၏ ကျွဲကျောင်းလုပ်ငန်းထဲမှ အဆွယ်အပွား
လုပ်ငန်းလေးတစ်ခု ဖြစ်၏။ သူ့သည် ကျွဲကျောင်းအပြန်တွင် ညနေဟင်
ရံစာအဖြစ် ချိုးသုံးလေးကောင်ကိုလည်း ရစမြဲဖြစ်သည်။ ထို့ကြော
ချိုးငှက်ပစ်ရန် အာရုံရောက်နေသော သာမောင်မှာ ကျွဲများ နောက်ထ
နှာတရှုံးရှုံး မှုတ်နေကြသံကို သတိမထားမိလိုက်တော့ပေ။

သို့သော် ဘယ်လောက်မှ မကြာလိုက်။ ကျွဲမကြီးများ၏ နှာမှုတ်
မှာ မကြုံစဖူး ကျယ်လောင်လာသည်။ တညည မြည်သံတွေလည်း ချ
ချင်း ပေါ်လာ၏။ ဤတစ်ခါတော့ ကျွဲမကြီးများသာ မဟုတ်။ မဲလုံး
နှာမှုတ်သံကပါ ကျယ်လောင်ချေးတိုက်လာသည်။

ချိုးငှက်တစ်ကောင်ကို အမိအရ ပစ်တော့မည်ဟု ခါးကုန်းချော
နေသော သာမောင်သည် ချက်ချင်းခါးဆန့်၍ ကျွဲအုပ်ရှိရာဘက်သို့ မ
တတ်ရပ်ကြည့်လိုက်၏။ ကျွဲမကြီး သုံးကောင်သည် တရှုံးရှုံး နှာမှုတ်
ဖင်ချင်းပူးထားကြသည်ကို ထူးထူးဆန်းဆန်း မြင်လိုက်ရ၏။

သာမောင် ကျွဲကျောင်းလာသော သက်တမ်းတစ်လျှောက်တွ
ဤလို ကျွဲသုံးကောင် ဖင်ချင်းပူးကပ်ထားကြသည်ကို တစ်ခါမျှ မတွေ့
မကြုံဖူးသဖြင့် သာမောင် အံ့အားတသင့် ဖြစ်သွားလေသည်။

ဖင်ချင်းပူးထားသော ကျွဲမကြီးသုံးကောင်နားတွင် ယခုအခါ မဲ
ပါ နှာတရှုံးရှုံး မှုတ်ပြီး ယာဟောင်းထဲမှ ချုံပုတ်တွေကို လိုက်ခတ်
ကော်နေသည်။

မဲလုံး ဝှေ့ခတ်လိုက်သဖြင့် ချုံပုတ်ထဲမှ သစ်ခက်သစ်ရွက် အ
လွင့်ထွက်ကုန်သည်။ ထိုအချိန်တွင် ဖင်ချင်းပူးထားသော ကျွဲမကြီး
ကောင်သည် ဖင်ချင်း အပူးမပျက်စေဘဲ တလင်းနယ် စပါးလှည့်သ
ချာလည်ပတ်လည် လှည့်ကာ ဖုန်ဆိုးတော ယာဟောင်းထဲမှ လှည့်လ
ထွက်လာကြ၏။





ထိုသို့ ထွက်လာကြသော ကျွဲမကြီးသုံးကောင်သည် သူတို့၏
ကိုယ်လုံးကြီးတွေကို လှည့်လာကြသလို ခေါင်းတဆတ်ဆတ်နှင့် ဦးချို
အဖုံတွေကိုလည်း လေထဲ ဝှေ့ခတ်ကာ အင်အားပြလာကြသည်။ မိုးနှောင်း
ကမှ ပေါက်ထားသော ကျွဲကလေးကိုမူ သူ့အမေက ဝမ်းဗိုက်အောက်ထဲ
သွင်းခေါ်လာ၏။

ကျွဲမကြီးသုံးကောင်ကသာ လယ်ကွင်းရိုးပြတ်ထဲ ထွက်လာကြသော်
လည်း မဲလုံးကမူ ယာဟောင်းတောစပ်၌သာ ဟိုအပင်ခတ်၊ သည်အပင်
ခတ်နှင့် မာန်ရေးဟန်ရေးပြကောင်းနေ၏။ မဲလုံး ထိုသို့ ဟန်ရေးမာန်ရေး
ပြကောင်းနေစဉ် "ဝေါင်းခနဲ" အော်မြည်လိုက်သော ကျားဟိန်းသံကြီး
တစ်ချက် ပေါ်လာသည်။ မဲလုံးလည်း ဖုန်းဆိုးယာဟောင်းထဲမှ ရုတ်တ
ရက်လန့်ပြီး ကျွဲမကြီးများရှိရာ လယ်ကွင်းရိုးပြတ်ထဲ လန့်ပြီး ပြေးချလာ၏။

မဲလုံးနောက်မှ လိုက်လာသော ဧရာမကျားကြီးတစ်ကောင်ကို မြင်
လိုက်ရသောအခါ သာမောင်မှာလည်း ကျွဲမကြီးသုံးကောင် ဖင်ချင်းပူးထား
ကြသော နေရာနားသို့ ချက်ချင်းပြေးရောက်သွားမိသည်။ ပါးစပ်ထဲ
ကလည်း "ကျားဗျို့ . . . ကျား . . ကျား"ဟု လန့်ဖျပ်ပြီး အော်မိလျက်သား
ဖြစ်သွား၏။

ဖုန်းဆိုးယာဟောင်းထဲမှ ကျားလိုက်၍ လန့်ပြေးသော မဲလုံးသည်
ကျွဲမကြီး သုံးကောင်နား ရောက်သည်နှင့် တစ်ပြိုင်နက် ကျားကြီးကို ပြန်
ဆော်သည်။ ရုတ်တရက် ကျားကြီးကလည်း ကျွဲမကြီးသုံးကောင်နှင့် မဲလုံး
အနားကို ချက်ချင်းမကပ်ရဲ။ တစ်လံ၊ နှစ်လံကွာလောက်ကသာ ပတ်ချာ
လှည့်ပြီး ကျွဲကလေးကို ကျားချောင်း ချောင်းနေ၏။ ဆယ့်သုံးနှစ်သားသာ
ရှိသေးသော သာမောင်မှာလည်း ကြောက်လန့်တကြားနှင့် ကျွဲမကြီးတစ်
ကောင်၏ ကိုယ်ပေါ်တက်ခွစီးထားမိသည်။

ကျွဲမကြီးသုံးကောင်မှာ အတွေ့အကြုံရှိပြီးသား ဖြစ်သဖြင့် ဖင်ချင်း
ပူးထားရာမှ လုံးဝ မခွာဘဲ ခေါင်းတဆတ်ဆတ် ချိုတယမ်းယမ်းနှင့်သာ
ကာလှည့်ပြီး လယ်ကွင်းထဲ၌ ခံနေကြသည်။ သာမောင်မှာလည်း ကျွဲမ
ကြီးတစ်ကောင်၏ ကျောကုန်းပေါ်က "ကျားဗျို့ . . . ကျား . . ကျား၊
လာကြပါဦး၊ လာကြပါဦး"ဟုသာ အသံကုန်အော်ဟစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအော်သံ ကြားသော်လည်း ကျားကမူ ကျွဲမများအနားက လုံးဝ မခွာ။ ကျားက အနားကို ကပ်လာတိုင်း ကျွဲတွေကလည်း ဆတ်ခနဲ ဆတ်ခနဲလိုက်ခတ်နေကြ၏။ ကျားက အတင်းဝင်လျှင်ကျွဲတစ်ကောင်ကောင်၏ ဦးချိုဖျားတွင် အသက်ပါသွားနိုင်သည်။ ဤသည်ကို သိ၍ ကျားကလည်း အတင်းဝင်မကိုက်ရဲ ဖြစ်နေ၏။ သာမောင်ကမူ ကြောက်ကြောက်နှင့် "ကျားဗျို့. . ကျား. . ကျား ကယ်ကြပါဦး၊ လာကြပါဦး" ဟုသာ အဆက်မပြတ် တအားအော်ခေါ်နေသည်။

သို့သော် ရွာနှင့်ဝေးသဖြင့် သာမောင်၏ အော်ဟစ်အကူအညီတောင်းနေသံကို ရွာက မည်သူမျှ မကြားမိကြပေ။

ကျားကြီးသည် လယ်ကွင်းရိုးပြတ်ထဲ၌ ကျွဲများကို ဘယ်လိုမှ ကိုက်ကွက်မရသောအခါ တိုက်စစ်တစ်မျိုး ဆင်လာပြန်သည်။ ကျွဲတစ်ကောင်ကောင်ကို ခုချက်ချင်းပဲ ခုန်အုပ်ကိုက်တော့မလိုနှင့် တဝေါင်းဝေါင်းဟိန်းဟောက်ကာ ကျွဲများတစ်ကောင်ချင်းကွဲသွားအောင် ခုန်ပေါက်ခြိမ်းခြောက်နေသည်။ သို့သော် ကျွဲမကြီး သုံးကောင်မှာ အတွေ့အကြုံရှိပြီးသားဖြစ်သဖြင့် ဖင်ချင်းပူးထားကြရာမှ လုံးဝ ခွာမသွားကြ။ ကျားအနားသို့ ရောက်လာတိုင်း တအားကျုံးခတ်နေကြသည်။ မဲလုံးကလည်း ကျွဲမကြီးသုံးကောင်နှင့်ဖင်ချင်းပူးထားလိုက်၊ တစ်ချက်တစ်ချက် ထွက်ခွာခတ်လိုက်နှင့်မာန်ကြီးလာသည်။

ကွမ်းတစ်ယာ နှစ်ယာညက်လောက် ကြာသောအခါ လည်သားတက်ခါစ မဲလုံးမှာ စိတ်တိုမာန်ကြီးလာပုံရသည်။ ကျွဲမကြီး သုံးကောင်နားက လုံးဝခွာသွားပြီး၊ ကျားကြီးကို သဲကြီးမဲကြီး လိုက်ခတ်လိုက်ဝှေ့နေ၏။ မဲလုံး၏ လည်သားတက်စ ကျွဲအားနှင့် ချွန်မြနေသော ချိုကို ကျားကြီးကလည်း ရင်ဆိုင်မခံရဲ။ ထို့ကြောင့် နောက်ဆုတ်နောက်ဆုတ်နှင့် လှည့်ပတ်ခံနေသည်။ ကျားကလည်း တိုက်ကွက်မရ၊ ကျွဲကလည်း ခတ်ကွက်မဝင် ဖြစ်နေကြသည်။

သည်လိုနှင့် ကျားသည် မဲလုံးအား တဖြည်းဖြည်းနှင့် တောင်လမုချုံနားရောက်အောင် မျှားခေါ်သွားသည်။ မဲလုံးကမူ ကျားကြီး သူ့အားမျှားခေါ်နေခြင်းကို သိပုံမရ။





ကျွဲပေါက်တစ်ကောင်ပီပီ မာန်ကြီးဝင်ကာ ကျားကြီးနောက်ကိုသာ ကြည့်ပါ ဝှေ့ခတ်နေသည်။ ကျွဲမကြီး သုံးကောင်ကမူ ကျားကြီးမျှားခေါ်ရာအကို လုံးဝ မလိုက်ကြဘဲ လယ်ကွင်းရှိ ရိုးပြတ်ထဲ၌သာ ဖင်ချင်းပူးပြီးဖင်ချင်းနှင့်ကျားကြီးတို့ကို တိုက်ခိုက်နေကြသည်ကို ကြည့်ကာ တညွှည့ညွှ အော်နေကြသည်။ သည်လိုနှင့် ကျားက တောင်လမုချုံထဲ ဝင်သွားရာကလည်း တောင်လမုချုံကို ထောင်းလမောင်းကြေလိုက်ခတ်နေ၏။ င်လမုပင်တွေမှာ ကလေးလက်ကောက်ဝတ်နီးပါးခန့် ရှိသည့်အပြင်င်ကြီးတွေကလည်း ရစ်ပတ်လိမ်တက်နေကြရာ တစ်ချက်တစ်ချက် မဲလုံး၏ဦးချိုမှာ တောင်လမုချုံပင်၊ နွယ်ပင်တွေနှင့်ငြိနေပြီးတော်တော်သူ့ချိုကို ပြန်ဖြုတ်မရ ဖြစ်နေလေသည်။

မဲလုံးနှင့် ကျားကြီးတို့ ထိုသို့ တိုက်ခိုက်နေကြရာ မကြာခင် နေဝင်သည်။ ထိုအခါ ကျားက ပိုအားရှိလာသည်။ သူ ခြိမ်းခြောက်သံပေး အရောင်ပြလိုက်တမ်း မဲလုံးက တောင်လမုချုံတွေကို ထောင်းလင်းကြေအောင် လိုက်ခတ်လိုက်ဝှေ့နေရာ တစ်ချက်မှာ မဲလုံး၏ဦးချိုနှင့် င်လမုချုံထဲက နွယ်ပင်ကြီးတစ်ပင်တို့ငြိမိ၍ မဲလုံး သူ့ချိုကို မဖြုတ်ခ်ာ ကျားကြီးသည် မဲလုံး၏ဇက်ကို ချုံပေါ်က တက်ကိုက်တော့၏။

မဲလုံးသည် သွေးရူးသွေးတန်းအော်မြည်ကာ တောင်လမုချုံတွေကို တျုံးခတ်လိုက်ရာ သူ့ချိုနှစ်ချောင်းမှာ နွယ်ပင်တွေနှင့် ပိုငြိပြီး လှုပ်မရဖြစ်နေ၏။ ဤသည်ကိုသိသော ကျားကြီးသည် အကွက်ပြီဖြစ်သဖြင့် မဲလုံး၏ကုပ်ကိုချည်း ဖိကိုက်နေလေသည်။ မဲလုံးမှာ ချုံနွယ်တွေကြားထဲက နုတ်ဖြုတ်မရတော့သဖြင့် ကျားကြီး ကိုက် အော်မြည်၍သာ ခံနေရလေတော့သည်။

ကျားကြီးကိုက်၍ မဲလုံး၏ မချိမဆံ့ အော်နေသံကို ကြားရသော သာမောင်မှာလည်း "လာကြပါဗျို့. . မြန်မြန်လာကြပါ၊ မဲလုံးကို ကိုက်ထားပြီ၊ မြန်မြန်လာကြပါ၊ ကူကြပါ"ဟု တကြော်ကြော် အကူအညီတောင်းနေမိသည်။ သို့သော် သူလည်း ကျားကြီးကို သဖြင့် ကျွဲမကြီးကိုယ်ပေါ်က မဆင်းရဲ။

■



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သွားသော်လည်း ကျွဲကျောင်းရာမှ ပြန်ရောက်မလာသော သာမောင်ကို ရှာရန် ဦးဘသာနှင့် ဆွေမျိုးများ မီးတုတ်ကိုယ်စီနှင့် ရောက်လာကြချိန်မှာ မဲလုံးကား တောင်လမုချုံထဲတွင် ကျားကိုက်ခံရ၍ သေနေလေပြီ။

အမှန်မှာ မဲလုံးသည် အတွေ့အကြုံ နည်းပါးသည့်ပြင် လည်သာ တက်ခါစ ကျွဲပေါက်တစ်ကောင်ပီပီ သူ့အား သူ့မာန်ကို အားကိုးပြီး မိုက်မိုက်ကန်းကန်း ကျားနောက်လိုက်ခတ်မိ၍ ကျားကိုက်သေဆုံးရခြင်းဖြစ်၏။

သူ့သားနှင့် ကျွဲမကြီးသုံးကောင်၊ ကျွဲကလေးတစ်ကောင်တို့မှာ ဘာမှ မဖြစ်ကြသော်လည်း သည်နှစ်မိုးတွင်းတွင် သစ်ဆွဲရန် ရည်ရွယ်ထားသော မဲလုံး ကျွဲပေါက်တစ်ကောင် ဆုံးပါးသွားသဖြင့် ဦးဘသာခမျာ မှာ နှမြောတသစွာ စုတ်တသပ်သပ်နှင့်သာ။

❀❀❀

## အကြံတူသော ညီသူလေးယောက်

နေမွန်းတိမ်းစတွင် ချောင်းကမ်းနားရှိ သပေါ့ဇာချုံတောမှ ဘုတ်ငှက်များ အီသံကို ကြားရသည်။ ဘုတ်ငှက်အီသံ၏ သင်္ကေတမှာ ဒီရေကျတော့မည်ဟူသော သတိပေးသံဖြစ်၏။ ချောင်းကမ်းနားနေသော ဘုတ်ငှက်များသည် ဒီရေတက်ခါနီးတစ်ကြိမ်၊ ဒီရေကျခါနီးတစ်ကြိမ် သတိပေးအော်မြည်တတ်ကြသည်။

"ဘုတ်အီသံတော့ ကြားပြီဟေ့၊ တို့ ချောင်းထဲ ဆင်းကြမှကွ"ဟု ...ကြီးက သူ့ညီထော်လေးကို ပြောလိုက်၏။

အိမ်ခရှေ့ကွက်လပ်တွင် ကျောခင်းလဲလျောင်းပြီး ထမင်းလုံးစီနေ...ထော်လေးက ထော်ကြီးစကားအဆုံးတွင် ဆတ်ခနဲ ထလာသည်။ ...ညီအစ်ကိုမှာ မုဆိုးကြီးဦးဘဟိုး၏သားများပီပီ ရေမုဆိုး ကုန်းမုဆိုး အလုပ်များကို ဝါသနာ အလွန်ကြီးကြသည်။

ယခု သူတို့ညီအစ်ကိုနှစ်ယောက်သည် "ပြားမျောက်"ခေါ် လတာ ...ဘား ချောင်းကမ်းစပ်မှာ မျောက်တစ်ကောင်ကောင်ကို သွားဖမ်းရန် ...ပင်ပြီးသားဖြစ်ကြသည်။ ပြားမျောက်ကို သွားဖမ်းကြရခြင်းအကြောင်း ...ရင်းမှာ ဆေးဆရာတစ်ဦးက ချောင်းဆိုးသွေးပါ ရောဂါဖြစ်နေသော ...မာတစ်ဦးအား မျောက်သွေးနှင့် ဆေးတိုက်လို၍ ဖြစ်သည်။ မျောက်သွေးရရန်အတွက် သူတို့ညီအစ်ကိုက မျောက်တစ်ကောင်ကို အရှင်ဖမ်း...သည်။ ဖမ်းပြီးသားမျောက်ကို ခြေလက်ကြိုးတုပ်ကာ အရှင်လတ်လတ်သည့်ချောင်းသွေး တစ်ပုလင်းရအောင် ခံရမည်။ မျောက်လည်ချောင်းသွေး တစ်ပုလင်းရလျှင် ညီအစ်ကိုနှစ်ယောက်အား ဆေးဆရာကြီးက ငွေငါးဆယ်ကျပ် ပေးမည်ဟု ကတိစကားပြောထားခဲ့သည်။

www.burmeseclassic.com



ငွေ ငါးဆယ်ကျပ်ဆိုသည်မှာ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် မနည်းပေ။ မျောက်တစ်ကောင်ရရန်မှာ သူတို့လို မုဆိုးညီအစ်ကိုနှစ်ဦးအတွက် ဘယ်တော၊ ဘယ်တောင်သွားပစ်ပစ် တစ်နေ့မကြိုးစားရ။ ယခု ဆေးဆရာကြီးက တောမျောက်တောင်မျောက်တွေကိုမလိုချင်၊ ပြားမျောက်ဟုခေါ်သော ချောင်းကမ်းနားရှိ ကနစိုတော၊ ကပိုင်တော၊ ပြူးတော၊ ပြာတောတွင်ရှိသော မျောက်အရှင်သေးကိုသာ လိုချင်သည်ဟု ဆိုသည်။

ဤသည်မှာလည်း သူတို့ မုဆိုးညီအစ်ကို နှစ်ယောက်အတွက် ပို၍ပင် လွယ်လေသည်။ တောမျောက်၊ တောင်မျောက်ဆိုလျှင် တောထဲ တောင်ထဲသွားပစ်နေရဦးမည်။ ဒူးလေး၊ ဝါးပြောင်းတို့နှင့် ပစ်ရသဖြင့် အရှင်လတ်လတ်ကလည်း ရချင်မှ ရမည်။ ယခုတော့ ချောင်းကမ်းနားဘေးရှိ သစ်တောများတွင် ကျက်စားတတ်သော ပြားမျောက်ဆိုသည်မှာ သူတို့ရွာအောက်ချောင်းမှာပင် ဖမ်း၍ရနိုင်သည်။

ရွာအောက်နားရှိ လတာပြင်နှင့် သစ်တောအစတွင် ကျက်စားတတ်သော ပြားမျောက်များသည် ဒီရေကျသွားသည်နှင့်တစ်ပြိုင်နက် ကပိုင်၊ ကနစို၊ ပြူးတော၊ ပြာတော အစနားရှိ လတာပြင်သို့ ဆင်းလာကြသည်။ လတာပြင်ပေါ်ရှိ ငါးများ၊ ဂဏန်းများကို ဖမ်းစားတတ်ကြသည်။

ထို့ကြောင့် ပြားမျောက်များကို လတာပြင်ပေါ်၌ ဖမ်းရခြင်းမှာ အလွန် လွယ်ကူလေသည်။ မျောက်ဖမ်းရန် ပစ္စည်းကိရိယာများမှာလည်း အထူးမလိုပေ။ ကြိုးတစ်ခွေနှင့် ငှက်ပျောသီး အမှည့်သုံးလေးလုံးသာ လို၏။ ဒီရေကျသွားလျှင် လတာပြင်ပေါ် ဆင်းပြီး ငါး၊ ပုစွန်၊ ကဏန်းများကိုရှာစားရန် စောင့်နေကြသော မျောက်များသည် သစ်ပင်ပေါ်က ထိုင်ပြီး ဒီရေအကျကို စောင့်နေကြသည်။ လတာပြင်များ ဖွေးဖွေးပေါ်အလာကို ကြည့်နေကြသည်။

သူတို့ ဤသို့စောင့်ကြည့်နေကြခြင်းမှာ သူတို့ မိတ်ဆွေ ဘုတ်ငှက်များ အချက်ပေးအော်မြည်သံကို ကြားကတည်းကပင်ဖြစ်သည်။ ဒီရေအကျနှင့် လတာပြင်ဖွေးဖွေးများပေါ်အလာကို စောင့်နေကြသော မျောက်များကိုမြင်လျှင် လှေနှင့်စုန်လာသော ထော်ကြီးထော်လေးက မျောက်များမြင်သာသော လတာပြင်ပေါ်တစ်နေရာတွင် လက်မောင်းတစ်ဆုံးလောက်





ညွှန် သဲကျင်းတူးရမည်။ ထို လက်တစ်နှိုက်စာ တွင်းထဲ ငှက်ပျော်သီးတစ်လုံးထည့်ပြီး ကြိုးကွင်းချထားခဲ့ရမည်။

လူတွေ ကျင်းထဲ ငှက်ပျောသီးထည့်ပြီး နှိုက်ပြထားခဲ့သည်ကို မြင်နေသော မျောက်များသည် လူက ရေစပ်နားရှိ လှေထဲ ပြန်ဆင်းလာသည်နှင့်တစ်ပြိုင်နက် ကျင်းထဲမှငှက်ပျောသီးကို လာလုနှိုက်ယူတတ်ကြသည်။ ထိုအခါ လှေပေါ်မှလူသည် ကွင်းလျှောထောင်ထားသောကြိုးကို ဆွဲလိုက်ရုံနှင့် ပြားမျောက်တစ်ကောင်ကို အသာကလေး ရနိုင်လေသည်။

ထို့ကြောင့် နေ့ဝက်အချိန်ကလေး သွားလုပ်လိုက်ရုံနှင့် ငွေငါးဆယ်ကျပ်ရမည့် မျောက်တစ်ကောင်ဖမ်းရန် မုဆိုးကြီးဦးဘာဟိုး၏ သားနှစ်ယောက်ဖြစ်ကြသော ထော်ကြီးနှင့် ထော်လေးတို့က သူတို့ရွာအောက်ဘက် ခနိုချောင်းထဲ မျောက်ဖမ်းသွားရန် ပြင်ဆင်နေကြခြင်း ဖြစ်၏။

ကြိုးတစ်ခွေ၊ ငှက်ပျောသီးသုံးလုံး၊ လှော်တက်တစ်ချောင်းကို ထမ်းအိမ်ရှေ့ဘက် ထွက်တော့မည် လုပ်နေသော ထော်လေးအား အစ်ကို သော်ကြီးက . . .

"ဟေ့ကောင်. . မင်း ရေသွားခရီးမှာ သလွတ်လုံ့တွေ မယူဘူးလား" လှမ်းပြောလိုက်၏။

"အစ်ကိုကလည်း မျောက်ဖမ်းသွားတာပဲ၊ သလွတ်လုံ့ ဘာလုပ်ရမလဲ" အစ်ကိုကြီး၏စကားကို ညီဖြစ်သူက အငေါ်တူးစွာ ပြန်ပြောလိုက်၏။ "ဟေ့ကောင်. . မင်းတို့ ငါတို့ကို အဖေက ဘာပြောထားခဲ့ဖူးလဲ"၊

သူ့ အစ်ကိုကြီးငထော်၏စကားကြောင့် ထော်လေး ခြေလှမ်းတုံ့သွား၏။ မှန်သည်။ မုဆိုးဆိုသည်မှာ ရေသွားလျှင် ရေလက်နက်၊ ကုန်းသွားလျှင် ကုန်းလက်နက်က ကိုယ်နှင့်မကွာ ပါရမည်။

ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသော စကားလည်း ရှိသည် မဟုတ်ပါလား။

သို့သော် ယခု မျောက်ဖမ်းရမည့်အလုပ်မှာ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ငှက်ပျောသီးကို အခွံနွှာစားသလောက် ရိုးယဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



ထော်လေးက"မိကျောင်း သွားဖမ်းတာမှ မဟုတ်တာ အစ်ကိုရ"ဟု ထပ်ကွန့်ပြန်၏။

"ဟေ့ကောင်. . ခနိချောင်းထဲ မိကျောင်းမရှိဘူးလို့ မင်းထင်သ . . . တစ်နေ့ကတင် ဘကြီးလူအောင်က ချောင်းကောက်မှာ မိကျောင်း . . . ကောင်ပေါ်နေတာ တွေ့ရတယ်လို့ လာပြောတာ မင်း အကြားပဲ"

မှန်သည်။ ချောင်းကောက်တွင် မိကျောင်းတစ်ကောင် . . . ပေါ်နေကြောင်း ဦးလူအောင်က သူတို့ညီအစ်ကိုအား လာသတင်းပေးသည်။

မိကျောင်းကြီးမှာ သစ်တုံးကြီးလားထင်ရသည်။ ရေပေါ် . . . မလှုပ်မယှက်ငြိမ်သက်နေသည်ဟု ဦးလူအောင်က ပြော၏။

"ဘကြီးက ဘယ်ကမြင်လဲ၊ ကမ်းပေါ်ကလား"

"မဟုတ်ဘူးကွ ငါ့တူရာ၊ ဘကြီးလဲ ကွန်တစ်လက်နဲ့ ဟင်းစား ရှာထွက်ရင်း လှေလေးနဲ့ပေါ့၊ အစကတော့ သစ်တုံးတစ်တုံးလို့ ထင်တာ နောက် သေသေချာချာ သတိထားကြည့်မှ လုံးဝကို မရွေ့လျားဘဲ၊ လက် စသတ်တော့ မောင်မင်းကြီးသားကိုး။ ငါ့မှာဖြင့် ကြောက်ကြောက်နဲ့ ကမ်း စောက်ဘက် အသာလေး လှော်ပြီး လစ်လာခဲ့ရတယ်။ အကောင်ကြီးက မသေးဘူးကွ၊ မင်းအဖေတို့ လက်ထက်က ရဖူးတဲ့ ချောင်းပိုင်ကြီး နီးနီး ရှိတာ၊ ငါ့မှာလေ ရေထဲတက်ချတာတောင် ပြင်းပြင်း မချရဲဘူး၊ ခနောက် ကမှား လိုက်လာမလား၊ ရေထဲက ငုပ်လာပြီးများ လှေကိုသာ ထမ်းမှောက် မလားနဲ့"

"သစ်တုံးလို ရေဈာန်ဝင်စားနေတဲ့ မိကျောင်းမျိုးက မလိုက်တတ် ပါဘူး ဘကြီးရာ၊ အမြီးခေါင်းနဲ့ စောင်းကောက်မာန်ဖီ၊ ရန်မထိလို့ ဆိုတယ် မဟုတ်လား။ အမြီးရော ခေါင်းရော စောင်းကောက်လို ကော့ထောင်နေ . . . ဆိုတဲ့ မိကျောင်းတွေကတော့ မြင်တဲ့လူ လိုက်၊ တွေ့တဲ့လူ ကိုက်ပဲ-ဘကြီး ရယ်၊ ဘကြီး ကမ်းစောက်ဘက်က လှော်လာတာကလဲ သိပ်လမ်းမှန် တာပေါ့၊ များသောအားဖြင့် ခုလို အသိုက်ကိုက်တဲ့ရာသီမှာ မိကျောင်း တွေဟာ လတာဘက် အနေများပါတယ်"

"အေးလကွာ" ဟူသော ဦးလူအောင်၏ စကားမဆက်မိခင် ထော် လေးက "ဘကြီးမြင်ခဲ့တဲ့ မိကျောင်းက ချောင်းတောင်ဘက်မှာ ဆိုတော့





. . . နီးသားပဲ" ဟု ပြောလိုက်စဉ်. . . "ဘာလဲ. . မင်းတို့ သွားဖမ်းကြမလို့ . . . သွားဖမ်းလို့ မင်းဟို့ရရင်တော့ ဘကြီးကို သတင်းပေးခ. ."

"ဟာ. . ဘကြီးကလဲ မဟုတ်တာ၊ ကျွန်တော်တို့ မုဆိုးတွေမှာ . . . ကိုယ့်စည်း ထားရတယ်၊ တောမုဆိုးကျားနဲ့ ရေမုဆိုး မိကျောင်း . . . ကို အကြောင်းအချက် ခိုင်လုံဘဲ ဘယ်လိုက်ရှာရဲမလဲ၊ သူတို့က လူနဲ့ . . . တစ်ခုခုကို စည်းဖောက်ကိုက်သတ်ပြီးမှ လူမုဆိုးက လိုက်ရမှာ"

"ဟုတ်လား . . "ဟု ပြောပြီး ဦးလူအောင် ပြန်သွား၏။

ဦးလူအောင် ပြောခဲ့သော မိကျောင်းကို ထော်ကြီး ထော်လေးတို့ . . . အစ်ကိုက နားစွင့်ခဲ့ကြသည်။ သို့သော် ဘာသံမှ မကြားရသဖြင့် . . . က မိကျောင်း၊ သူတို့ ခနိချောင်းထဲ ခဏဝင်နားသွားခြင်းသာဟု . . . ခဲ့ကြ၏။

သူတို့ ခနိချောင်းတွင် လူနှင့်ကျွဲနွားများကို အန္တရာယ်ပေးနိုင်သော . . . သတ်ရဲသော မိကျောင်းမပေါ်သည်မှာတော့ လေးငါးနှစ်ရှိသွားလေ . . . ငါး မျောက်ဖမ်းမိကျောင်းငယ်တွေကတော့ သူတို့ခနိချောင်းထဲ အမြဲရှိနေတတ်လေသည်။

မိကျောင်းငယ်များ မျောက်ကို ဖမ်းချင်ပြီဆိုလျှင် ဒီရေအိနေချိန် . . . လတာပြင်ပေါ်၌ သူတို့တစ်ကိုယ်လုံးကို လတာပြင်ထဲ နှစ်မြှုပ်ထား . . . ၏၊ မျက်လုံးနှစ်လုံးသာ ဖော်ထားသည်။ ဒီရေကျသွား၍ လတာ . . . လာသောအခါ မျောက်များသည် ငါး၊ ပုစွန်၊ ကဏန်း ဖမ်းစားရန် . . . ပြင်ပေါ်သို့ ဆင်းလာကြ၏။ ထိုအခါမှ ရွှံ့ညွန်ထဲ တစ်ကိုယ်လုံး . . . ထားသော မိကျောင်းသည် အနားရောက်လာသော မျောက်ကို . . . ကိုက်ပုတ်ပြီး ဖမ်းစားတတ်လေသည်။

ခနိချောင်းထဲတွင် မျောက်စားငါးမျိုးလို မိကျောင်းမျိုးတော့ အမြဲ . . . သည်။ မည်သို့ဖြစ်စေ အစ်ကိုဖြစ်သူ ထော်ကြီးက ယခု သတိပေး . . . အခါ ထော်လေးက "ဒါဆို ကျွန်တော့် သလွတ်လှံတစ်ချောင်းပါ . . . ယူလာခဲ့တော့၊ ကျွန်တော် ဆိပ်ဆင်းနှင့်မယ်"ဟု ပြောပြီး သူ့ . . . ရှိ လှေဆိပ်ဆင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထော်ကြီးနှင့် ထော်လေးတို့ ညီအစ်ကိုနှစ်ယောက်သည် ဒီရေအ
တွင် ရေစီးအတိုင်း လှေကို မျှောချကာ ဓနိချောင်းငယ် ထွက်လာ
သည်။ ငါးပုတင်းအိုင်ဟု ခေါ်သော ဓနိချောင်း၏ ရေအိုင်နားမရောက်
မှာပင် ကပိုင်ဆိပ် လတာပြင်ဘက်မှ ပြားမျောက်များ "ကွိကွိကွကွ" အေ
မြည်နေကြသံကို ကြားရသည်။ ထို့ကြောင့် လှေကို မြန်မြန်လှော်လာ
သည်။

ကပိုင်ဆိပ်နားသို့ ရောက်လာကြ၏။ မျောက်များအခြေအနေ
အကဲခတ် ကြည့်ကြသည်။ မျောက်များသည် ဒီရေကျသွားသော လ
ပြင် အစရှိ ကနစို၊ ကပိုင်၊ ပြူးပင်များပေါ်မှ အောက်ကို ငုံ့ကြည့်
ကွိကွိကွကွ အော်မြည်နေကြ၏။

ဤအခြေအနေဆိုလျှင် ဤလတာပြင်ပေါ်၌ မျောက်ဖမ်း၍
ဆိုသည်ကို သူတို့ညီအစ်ကိုနှစ်ယောက် အတပ်သိလိုက်ကြသည်။
ကြောင့် လတာပြင်နှင့် ရေစပ်တွင် ဝါးလုံးတစ်လုံးကို ထိုးစိုက်ကာ လှေ
ချည်ထားခဲ့ပြီး၊ လတာပြင်ပေါ်သို့ တက်လာကြ၏။ သူတို့လက်ထဲ
သလွတ်လုံ့ တစ်ယောက်တစ်ချောင်းစီနှင့် ကြိုးကွင်းတစ်ခု၊ ငှက်ပျော
သုံးလုံး ပါလာသည်။

မျောက်နှစ်ကောင် သုံးကောင် တက်အော်နေကြသော သစ်ပင်
ပင်အောက် ရောက်သောအခါ လတာပြင်ထဲ တွင်းယက်၍ ထော်လေး
ငှက်ပျောသီးကို ထည့်သည်။ ထော်ကြီးက ကြိုးတစ်ခွေကို ဖြုတ်
ကွင်းလျှောလုပ်ကာ တွင်းဝကို ဝိုင်းချထားလိုက်သည်။ ပြီး သစ်ပင်ပေ
အော်ဟစ်ဆူညံနေကြသော မျောက်များအခြေအနေကို အကဲခတ်ကြ
သည်။

သူတို့သဘောမှာ သစ်ပင်ပေါ်က မျောက်များ သူတို့ကို ငုံ့ကြ
လျှင် ကွင်းလျှောထောင်ထားသော တွင်းထဲက ငှက်ပျောသီးကို လက်
ပြထားခဲ့ရန် ဖြစ်၏။

သို့သော် မျောက်များသည် သူတို့ကို စိတ်မဝင်စား။ လတာ
ပေါ်ရှိ ကနစို၊ ကပိုင် သုံးလေးပင်ပေါက်နေသော တစ်နေရာဆီသို့
မျောက်များအားလုံး ငုံ့ကြည့်ကာ အော်နေကြ၏။





ထိုအချိန်မှာပင် မျောက်များငုံ့ကြည့်နေကြသော နေရာဘက်ဆီမှ
ဗြုန်းဗြုန်းဗြောင်းဗြောင်း လှုပ်ရှားရုန်းကန်သံများကို ကြားလိုက်ရသည်။
ထော်ကြီးနှင့် ထော်လေးတို့မှာ ရုတ်တရက်ဖြစ်သဖြင့် လန့်သွားကြ၏။
ဗြုန်းဗြုန်းဗြောင်းဗြောင်းအသံတွေမှာ ပို၍ကျယ်လောင်လာသည်။

ထော်ကြီးက "ဟော့ကောင် ကျွဲများ လတာပြင်ထဲ ရှံ့လာလူးနေကြ
သလားကွ"ဟု ဆို၏။

"ဟုတ်မယ်ထင်တယ် အစ်ကို၊ ဒါကြောင့် မျောက်တွေက အဲဒီ
ဘက် စိတ်ဝင်တစား ကြည့်အော်နေကြတာ ဖြစ်မယ်"

"ဟာ. . ရှံ့လူးနေတာတော့ မဟုတ်ဘူးကွ၊ ကျွဲနှစ်ကောင် လတာ
ပြင်ထဲ ဝှေ့ခတ်နေကြပြီ ထင်တယ်။ ဒါကြောင့် အသံတွေက ဒီလောက်
ပြောင်းဆန် ဆူညံနေတာ ဖြစ်မယ်၊ လာ. . လာ အခြေအနေသွားကြည့်
ရအောင်၊ ရွာက ဘယ်သူ့ကျွဲတွေပါလိမ့်"

ညီအစ်ကိုနှစ်ယောက်သည် အသံကြားရာ လတာပြင်ဘက် သွက်
သွက် လျှောက်လာကြသည်။ သွက်သွက်ဟု ဆိုသော်လည်း လတာပြင်ထဲ
တွင် ဒူးခေါင်းနားထိ ရှံ့ညွန်စေးတွေ နစ်နေသဖြင့်ခြေတစ်လှမ်းချင်းကို
အည်းအားယူပြီး လှမ်းလာနေကြရသည်။

လတာပြင်ထဲ ပြောင်းဆန်ဆူညံနေသော နေရာနား ရောက်လာ
ကြသောအခါ မုဆိုးညီအစ်ကိုနှစ်ယောက်ဖြစ်သော ထော်ကြီးနှင့်ထော်
လေးတို့မှာ ရုတ်တရက် ခြေလှမ်းတုံ့သွားကြသည်။ တိရစ္ဆာန်နှစ်ကောင်
သည် လတာပြင်ထဲတွင် တစ်ကောင်နှင့်တစ်ကောင် အသေအကျေ သတ်
ပုတ်ကိုက်ခဲနေကြသည်။

တိရစ္ဆာန်နှစ်ကောင်မှာ မည်သည့်အချိန်က သတ်ပုတ်နေကြသည်
မသိ၊ တစ်ကိုယ်လုံး ရှံ့တွေပေကာ တစ်ကောင်နှင့်တစ်ကောင် များစွာ
အနာခိုက်နိုင်ကြတော့။ သို့သော် တတ်နိုင်သလောက်အားနှင့် မလျှော့
တမ်းသတ်ပုတ်နေကြ၏။ လူသားနှစ်ဦး အနားကို ရောက်လာကြပြီ ဆို
သည်ကိုပင် ဂရုမစိုက်နိုင်ကြ။ တစ်ချက်တစ်ချက်တွင် သူတို့နှစ်ကောင်
သတ်ပုတ်နေရာမှ ရှံ့ညွန်များသည် ထော်ကြီးနှင့်ထော်လေးတို့ကိုပင်
စင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျွဲတွေ မဟုတ်ဘူးကွ၊ လက်စသတ်တော့ တစ်ကောင် တစ်ကောင် အသေသတ်နေကြတာ ကျားနဲ့ မိကျောင်းပဲကွ၊ ဒီကောင်တွေ ကြည့်ရတာ ဒီရေအကျမှာ မျောက်တွေ လတာပြင်ပေါ် ဆင်းပြီး ငါးပုစွန် တွေ ဖမ်းစားတတ်မှန်းသိလို့ မျောက်ဖမ်းစားရအောင် လာရင်းက တွေ့ပြီး သတ်ပုတ်နေကြတာ ဖြစ်ရမယ်"

ထော်ကြီးက တစ်ကောင်နှင့်တစ်ကောင် အသေအကျေ သတ်ပုတ် နေကြသော တိရစ္ဆာန်နှစ်ကောင်ကို သေသေချာချာ စူးစိုက်ကြည့်၍ ပြော လိုက်၏။

"ဟုတ်မယ် အစ်ကို၊ မိကျောင်းက ရွှံ့ညွန်ထဲ တစ်ကိုယ်လုံး နှစ်မြုပ် ပြီး မျောက်ဖမ်းဖို့ စောင့်နေရင်း သူ့လိုပဲ မျောက်ဖမ်းစားဖို့လာတဲ့ ကျား လဲ မိကျောင်းကိုယ်ပေါ် တက်နင်းမိပါလိမ့်မယ်၊ ဒါနဲ့ အကြံတူတဲ့ ရန်သူ ဆိုတော့ ဘယ်ညှာလိမ့်မလဲ၊ အသေအကျေ သတ်ပုတ်နေကြတာပေါ့ ခုကြည့်လေ. . ကျွန်တော်တို့ကို မြင်တာတောင် တစ်ကောင်နဲ့တစ်ကောင် ရန်ပွဲဖြတ်ပြီး မပြေးကြသေးဘူး၊ မိကျောင်းကလဲ ကျားခဲကို ခဲထားတုန်း ကျားတစ်ကိုယ်လုံးကို အမြီးနဲ့ရိုက်သတ်တုန်း၊ ကျားကလဲ ခြေလက်တွေနဲ့ ကုတ်ခြစ်ပြီး မိကျောင်းကို ကိုက်သတ်နေတုန်းဆိုတော့ ကျွဲနှစ်ကောင် တွေ့တာထက်တောင် ကြည့်ကောင်းသေး"

"ကြည့်ကောင်းတာ အကြောင်းမဟုတ်ဘူးကွ၊ မကြာခင် ဒီရေတက် လာတော့မယ်၊ ဒီရေတက်လာရင် ရေထဲမှာ အားကောင်းတဲ့ မိကျောင်းက ကျားကို ရေထဲ ဆွဲနှစ်သွားလိမ့်မယ်၊ ခုလဲ ကြည့်ပါလား၊ ရေရှိတဲ့ လတာ ပြင်အောက်ကို အတင်းဆွဲချနေတာ၊ ဘယ်ရမလဲ၊ ကျားကလဲ ဒါကို သိလို့ အတင်းရုန်းကန်ကုတ်ခြစ်ပြီး သစ်ပင်တွေကို ဖက်တွယ်ရင်းက မိကျောင်း ကို အသားကုန် ကိုက်ခဲနေတာ"

"ဟုတ်ပ, ဒီနှစ်ကောင်က အငြိုးအတေးကြီးကြလိုက်တာ၊လူတွေကို မြင်တာတောင် ထွက်မပြေးကြသေးဘူး"

"ထွက်မပြေးတာ မဟုတ်ဘူးကွ၊ မပြေးနိုင်ကြတော့တာ၊ ကျားခေါင်း ကို တအားကိုက်ခဲထားတဲ့ မိကျောင်းကလဲ အားကုန်သွားတော့ သူ့အောက် အံပေါင်ကို ပြန်ဟလို့ မရတော့ဘူး၊ မိကျောင်းရဲ့ အပေါ်အံကအသေ





ဆိုတော့ အောက်အံပဲ လှုပ်နိုင်တာကိုး၊ ကျားကလဲ သူ့ခါးကို မိကျောင်း အမြီးနဲ့ညှပ်သလို ကိုက်ညှပ်ထားတော့ ထွက်ပြေးချင်ပေမယ့် ပြေးမရ တော့ဘူးလေ၊ အဲဒါကြောင့် လတာပြင်ထဲမှာ လုံးထွေးပြီး သူသေကိုယ်သေ သတ်ပုတ်နေကြတာ"

"အဲဒါ ကျွန်တော်တို့က ဒီလိုပဲ ကြည့်နေကြလို့ ဖြစ်မလား"

"ဟာ. . . ဒီလို ရပ်ကြည့်နေလို့တော့ ဘယ်ဖြစ်မလဲကွ၊ အတော် ကြာရင် ဒီရေက တက်လာတော့မယ်၊ ဒီတော့ ငါပြောမယ်၊ တို့ သလွတ်လုံ ယောက်တစ်ချောင်းစီ ပါတာပဲ၊ မင်းက ကျားကို သလွတ်လုံနဲ့ တအား ပြီဆိုရင် သလွတ်ကြိုးကို ကနစိုပင်မှာ မြဲမြဲချည်ထားခဲ့၊ ပြီးတော့ မျောက်လည်ချောင်းလှီးဖို့ ယူလာတဲ့ဓားကို လှေထဲ သွားပြေးယူ၊ ငါက မိကျောင်းရဲ့အောက်အံအရင်းက အသားပျော့ကို သလွတ်နဲ့ တအားထိုးပြီး သလွတ်ကြိုးကို ချည်ထားလိုက်မယ်၊ တို့. . မိကျောင်းထိုးနေကျ သလွတ် ခက်ကက ဘယ်တော့မှ မကျွတ်နိုင်ဘူး၊ စိတ်ချရပါတယ်၊ မင်းက ကျား သော ပိုင်ပိုင်နိုင်နိုင်ထိုး၊ ကျားက ဘယ်နေရာ ထိုးထိုး တည့်တည့်ကျဖို့ပဲ တယ်၊ မိကျောင်းကတော့ တခြားနေရာတွေက အရေထူလို့ အခွင့်အရေး ရင် အောက်အံရင်းကို ထိုးတာ အကောင်းဆုံးပဲ၊ ကဲ. . ပြောနေကြာ ယ်ကွာ၊ တို့နဲ့ မျောက်ဖမ်းဖို့ အကြံတူကြတဲ့ ရန်သူနှစ်ကောင်ကို. ."

. . . ဟူသော ထော်ကြီး၏ စကားမဆုံးခင်မှာပင် ထော်လေးသည် သလွတ်လုံနှင့် တစ်ဆက်တည်း ချည်ထားသော မိကျောင်းထိုး လုံသလွတ် ကြိုးကို ဖြေပြီးသား ဖြစ်သွားသည်။

သလွတ်ကြိုး ဖြေပြီးသွားကြသော ထော်ကြီးနှင့် ထော်လေးတို့သည် ချိန်းခဲ့အတိုင်း. . . ထော်ကြီးက မိကျောင်းကို ထိုးပြီး၊ ထော်လေးက ကျားကို ထိုးသတ်လိုက်ကြလေသည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

## နတ်ကျားကို သတ်ထားခဲ့သူ

အနောက်ရိုးမ၏ အနောက်ခြမ်းဖြစ်သော သူတို့နယ်တစ်ဝိုက်တွ ကျားတို့၏ မိတ်လိုက်ရာသီဖြစ်သည့် နတ်တော်၊ ပြာသိုလ ရောက် လျှင် ကျားရဲတတ်သည်မှာတော့ နှစ်တိုင်းလိုလို ဖြစ်သည်။

သို့သော် သည်နှစ်လို တစ်လကိုးသီတင်းထိ ကျွဲတွေ၊ နွားတွေ ကိုက်သတ်စားသောက်နေသောကျားဟူ၍ကား သူတို့ရာဇဝင်တွင် မကြ မတွေ့ဖူးကြ။ ယခင်က အများဆုံးကျားရဲလျှင်၊ ကျွဲတွေနွားတွေကို ကိ လျှင် တစ်ပတ်နှစ်ပတ်သာ။ ကျွဲနွား အများဆုံး လေးငါးကောင်သာ

ယခုနှစ်မှာတော့ ကျားရဲကာလသည် တစ်လခန့် ရှိလာပြီ။ ယ ကလို ရက်ခြားမဟုတ်ဘဲ ကျွဲကိုလည်းကောင်း၊ နွားကိုလည်းကော ကိုက်သတ်နေသည်မှာလည်း၊ နေ့စဉ်ရက်ဆက်ပင်။ ကျွဲနွားများကိုသ မဟုတ်၊ ထင်းခွေရေခပ်သွားသော ရွာသူနှစ်ယောက်ကိုပင် ကျားဆိုးကြီ ကိုက်သတ်လိုက်သောအခါ တစ်နယ်လုံးရှိ လူတွေမှာ တုန်လှုပ်ချောက် လာကြသည်။ ဘယ်သူမှ တစ်ဦးကောင်း တစ်ယောက်ကောင်း ရွာပြ မထွက်ရဲကြတော့။

ပို၍ ထူးခြားသည်မှာ ဤကျားကြီးသည် သူ ကိုက်သတ်သမျှ ကျွဲနွားများကို ပြန်မစားဘဲ၊ သည်အတိုင်း ပစ်ထားခဲ့သည်။ တချို့ကျွဲ များဆိုလျှင် လည်ကုပ်သွေးဖောက် သောက်သွားသည်။ ကိုက်ထားခဲ့သေ ကျွဲနွားများကို ဘယ်တော့မှ ပြန်လာပြီး စားလေ့စားထ မရှိ။ ထို့ကြေ လည်း ဤကျားကို "နတ်ကျား . . သွေးသောက်ကျား" ဟု သမုတ် ရွာသူနှစ်ယောက်၏အလောင်းကိုပင် လိုက်မရှာရဲကြသော အခြေအ ဆိုက်နေကြသည်။





ဤကျားသည် ယခင်ယခင်က ရဲသောကျားများလို ဟိန်းသံမပေး သံ မမြည်ဘဲ ကျိုးကန်းလို အာသည်။ ကလေးငိုသံလို မြည်သည်။ ငင်နားသွားပြီး "အာလောက်ထိုး"သည်ဟု ပြောကာ နယ်သူနယ်သား များမှာ အကြီးအကျယ် ကြောက်ရွံ့နေကြသည်။

ထိုအခါ လူနှစ်ယောက်နှင့် ကျွဲနွားအကောင် နှစ်ဆယ်ကျော်ကို သတ်ပြီးသော ကျားဆိုးကြီး၏ ပြဿနာသည် ရွာမုဆိုးများနှင့် ရွာသူ ကြီးဆီ ရောက်လာသည်။ တောင်ခြေရှိ ရွာသိမ် ရွာငယ်ကလေးများကို ယ်ရသော ရွာသူကြီးသုံးလေးယောက် ရှိသော်လည်း တစ်ယောက်ကို အစိုးရက သေနတ် ထုတ်မပေးထား။ သေနတ်ရသော ရွာသူကြီးဆို မှာ တစ်ဆယ့်နှစ်ရွာပိုင် ရွာသူကြီးများသာ ဖြစ်သဖြင့် ဤနယ်တစ် သူကြီးများမှာ ရွာသားများ၏ အလယ်တွင် မျက်နှာငယ်နေကြရ။

ခက်သည်မှာ ဤကျားဆိုးကြီးကို ရွာမုဆိုးများကလည်း မနိုင်နင်း ရွာမုဆိုးတို့မှာ ကျားကိုက်ထားခဲ့သော နွားသေ ကျွဲသေတို့နှင့်သာ တိုင်း ထောင်ဖမ်းတတ်ကြရာ၊ နွားသေ ကျွဲသေကို ပြန်လာမစားသော အား ဘယ်လိုမှ မတတ်နိုင်ကြ။ လူတွေကမူ ရွာသူကြီးတွေနှင့် ရွာ တွေကို နေ့တိုင်း ကျိန်ဆဲနေကြသည်။

"ဘယ်သူ့နွား ကျားဆွဲသွားပြန်ပြီတဲ့၊ ဘယ်သူ့ကျွဲ ကျားကိုက်သွား တဲ့" ဟု ကြားသည်နှင့်၊ "ဒီအတိုင်းသာဆိုရင်တော့ တလင်းနယ်ဖို့ တွေတောင် ကျန်တော့မှာ မဟုတ်ဘူး၊ သူကြီးနဲ့ မုဆိုးတွေဆိုတာလဲ အားကိုးမရတော့၊ ရွာပြောင်းပြေးကြဖို့ပဲ ရှိတော့တယ်"ဟု ပြော ကြ၏။

တချို့ ရွာသူ ရွာသားတွေကလည်း "ဒီသူကြီးတွေ၊ မုဆိုးတွေ ရှိနေ ဘာလုပ်ဖို့လဲ၊ ဒီကျားဆိုးက ခုဆို လူတွေပါ ကိုက်လာပြီ၊ ဒါလဲ မုဆိုးတွေက ဘာမှ မလုပ်ကြဘူး၊ ကိုယ့်မှာ သေနတ်မရှိရင် ရွာက သေနတ်ရှိတဲ့ သူကြီးတွေကို သွားခေါ်ကြပါလား၊ မြို့က များဆီ အကြောင်းကြားကြပါလား၊ အခွန်မကျေတာ၊ လယ်မွှန်၊ တော့ သူတို့အဖေဆီ သွားပြီး သံတော်ဦးတင်တတ်ကြတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတွေလဲ အလေကားပဲ၊ ဘယ်ဝက်ကို ဘယ်လိုထိုးတယ်၊ ဘယ်လို ဆတ်ကို ဘယ်လိုသတ်တယ်နဲ့ လေကြွားနေကြတာ၊ ခု သူ့အဖေ ကျားကျ တော့ ဘုတ်ဘုတ်မျှ မလှုပ်ရဲကြတော့ဘူး”ဟု ပြောလာကြသည်။

နောက်တော့ ရွာသူရွာသားတွေက သူကြီးနှင့် ရွာမုဆိုးများကို ပြောင်ပြောင်တင်းတင်းပင် ဝိုင်းဖွဲ့ပြောလာကြသည်။ ပြစ်တင်စကား ဆိုလာကြသည်။ ထိုအခါ သူကြီးနှင့် ရွာမုဆိုးများ တိုင်ပင်ပြီး ကျားသတ် သမားသွားငှားရန် သဘောတူကြသည်။

ကျားသတ်သမားမှာ သူတို့နယ်တွင် မရှိ၊ ရိုးမပေါ်က ကညင်တောင် ရွာ၌သာ ရှိသည်။ ကျားသတ်ခမှာလည်း စပါးတင်းသုံးရာ ပေးရမည်ဟု ဆိုသည်။ ရွာမုဆိုးများမှာ လယ်ယာကိုင်းကျွန်း များများစားစား လုပ်ကြ သူတွေ မဟုတ်သဖြင့် စပါးမပေးနိုင်ကြ။ ထိုအခါ ကျားသတ်ခ စပါးတင်း သုံးရာကို ရွာသူကြီးသုံးယောက်က တစ်ယောက် တင်းငါးဆယ်ဆီနှင့် ကျန်သည့် တင်းတစ်ရာ့ငါးဆယ်ကို လယ်ကေများများ ရှိသူများ မျှခံရန် သဘောတူဆုံးဖြတ်ကြသည်။

■

“ကျားသတ်သမားကို သွားခေါ်နေကြပြီ” ဟူသော သတင်းသည် ရွာနီးချုပ်စပ်တစ်ဝိုက်ကို ချက်ချင်းသတင်းပျံ့နှံ့သွား၏။ ထိုအခါမှ ရွာသူ ရွာသားတွေမှာ စိတ်အနည်းငယ် ချမ်းသာသွားကြသည်။ သို့သော် ခြေ မြန်တော်လွှတ်လိုက်သော ရွာမုဆိုးတွေ တောင်ပေါ်တွင် တစ်ညအိပ်ရ ဦးမည်။ နောက်တစ်နေ့မှ ကျားသတ်သမားနှင့်အတူ ပြန်ရောက်လာကြ မည်ဖြစ်ရာ ထိုတစ်ညမှာလည်း “ဘယ်သူ့နွား၊ ဘယ်သူ့ကျွဲ၊ ဘယ်သူများ ကျားကိုက်သံ ကြားရဦးမလဲ”ဟု စိတ်တထင့်ထင့် ရင်တမမ ဖြစ်နေကြ သည်။

သူတို့ စိတ်ထင့်ရင်မနေကြသည့်အတိုင်းပင် ထိုညက ကျားဆိုးကြီး သည် ပန်းဖွေးကုန်း ရွာထဲဝင်ပြီး နွားတစ်ကောင်ကို ဆွဲသွားပြန်သည်။ ကျွဲနွားများကို ကျားကိုက်ရာ၌ ကျားတို့သည် ကျွဲနွား၏ လည်ကုပ်ဇက်ကို ကိုက်ဆွဲကာ လိုရာဆွဲခေါ်သွားတတ်၏။





ကျားကိုက်ခံရသော ကျွဲနွားများမှာ အရှင်လတ်လတ် ကျားဆွဲရာသို့ ငူငူသေွးတန်းနှင့် ပါသွားတတ်ကြသည်။ ထို့ကြောင့်လည်း ရွာထဲ အောက်တွင် ချည်ထားသော နွားကို ကျားရဲကြီး လာဆွဲရာ၌ ရွာသူ ရွာသားများမှာ ကျားရဲကြီး ကိုယ်ထင်လာပြသလို မြင်လိုက်ကြရသည်။

ကျားဆွဲခံရသော နွားကြီးနှင့် ကျားကြီးသည် ဘေးချင်းယှဉ်ပြီး ခြံ ခုံကို ခုန်ကျော် ပြေးထွက်သွားကြကာ နွားပိုင်ရှင် ဦးကုလားကိုယ် တိုင်လည်း မြင်လိုက်ရသည်ဟု ဆိုသည်။ သံပုံးတီးကြ၊ ဝါးလုံးခေါက်ကြ၊ အော်ကြ၊ ဟစ်ကြသော်လည်း ကျားကြီးကား လုံးဝ မကြောက်ဘဲ နွားကြီး ကို ဆွဲခေါ်သွား၏။

ရွာပြင်ရောက်သောအခါ ကုပ်သွေးဖောက်သောက်ပြီး ဦးကုလား၏ နွားကြီးအား သည်အတိုင်းပစ်ထားခဲ့လေသည်။

ကျားသတ်သမားကို ခေါ်၍ တောင်ပေါ်က ဆင်းလာကြသော မုဆိုးများသည် “ကွင်းမ” ရွာကိုရောက်သည်နှင့် တစ်ပြိုင်နက် ပန်းဖွေး ကုန်းရွာရှိ ဦးကုလား၏နွားကို ညက ကျားဆွဲသွားကြောင်း ကြားရသည်။ ထို့ကြောင့် ကျားသတ်သမားနှင့် ရွာမုဆိုးနှစ်ယောက်သည် ကွင်းမရွာတွင် မနားခဲ့ကြဘဲ ပန်းဖွေးကုန်းရွာသို့ ရောက်လာကြသည်။

ကျားသတ်သမား၏ နာမည်မှာ ထော်ကြီး ဖြစ်သည်။ သူ့နာမည် ကို ရိုးမတစ်ကြောတွင်မက တောင်ခြေဘက် ရွာများကလည်း သူ့နာ မည်ကို ကြားဖူးကြသည်။ ထို့ကြောင့်လည်း သူတို့ရွာနီးချုပ်စပ်တစ်ဝိုက် ကို ခြိမ်းခြောက်သွမ်းနေသော ကျားဆိုးကြီးကို သတ်ရန် ခေါ်လာပင့်လာကြခြင်း ဖြစ်သည်။ ကျားသတ်သမားထော်ကြီး၏အသက်မှာ သုံးဆယ်ပင် မပြည့် သေး။ ရွာမုဆိုးတွေနှင့်စာလျှင် ဖလွှန်ငယ်သေးသည်။ သို့သော် သူ့အနေအထားနှင့် အရုပ်ကမူ ရွာမုဆိုးတွေကို အုပ်မိုးထားသည်။ “စာသူငယ်ကြား မှာ ဆရာနေသကဲ့သို့” ဟူသော ဦးပုည၏ သောနုတ္တိုရ်ရဲ့ ဂုဏ်ပုဒ်နှင့် ညီသူ ဖြစ်သည်။

သူကိုယ်ပေါ်တွင်ပါသော သောနုတ္တိုရ်မုဆိုးကြီးလို တစ်ကုယ်ဝင် သေနတ်ကြီးပါ မပါသော်လည်း လှံတစ်စင်း၊ ခွေးတစ်ကောင်၊ ရှားသားတင်း ပုတ်တစ်ခုနှင့် ဘောက်ချိတ်တစ်ခုတော့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားသတ်သမား၏ အထူးခြားဆုံးမှာ နှုတ်ခမ်းအဆမတန် ထော်နေခြင်း ဖြစ်သည်။ ထို့ကြောင့် ထော်ကြီးဟူသော နာမည်နှင့်လည်း ဆီလျော်သူ ဖြစ်လေသည်။ ကျားသတ်သမား ထော်ကြီးသည် ရွာထဲ မဝင်ခင်ကပင် ညက ကျားဆိုးကြီး ကိုက်သတ်သွားသော ဦးကုလား၏ နွားသေကောင်ကို ကြည့်လာခဲ့ပြီးဟု ဆိုသည်။

ရွာသူကြီးအိမ်ကို ရောက်သည်နှင့် ရွာသူကြီးအား "သူကြီး ဒီကျားဆိုးကြီးကို ကျုပ် မရရအောင်ကို သတ်မယ်၊ ပင်တိုင်းရွာက ကျားကိုက်လို့ သေသွားတဲ့ကောင်မလေးက ကျုပ်နဲ့ မောင်နှမဝမ်းကွဲတော်တယ်လို့ အမေက ပြောတယ်၊ ကျုပ် မသိပါဘူး၊ ဒီက လာခေါ်တဲ့ ရွာမှုဆိုးတွေနဲ့ အမေတို့ ပြောကြမှ သိရတာပါ၊ ကျုပ်နဲ့ ကျုပ်ခွေးကို ဘယ်နှရက်ကြာကြာ . . ထမင်းဝအောင်တော့ ကျွေးရမယ်နော်" ဟု ဆိုသည်။

သူကြီးက "စိတ်ချပါ" ဟု ပြောသောအခါ၊ သူက "သူကြီးတို့ ရွာမှုဆိုးတွေ ပြောတဲ့ ကတိအတိုင်းပဲနော်" ဟု ထပ်မေးသည်။ သူကြီးလည်း "ရွာမုဆိုးတွေ ပြောတဲ့အတိုင်းပါပဲ"ဟု ထပ်ပြောရ၏။

ကျားသတ်သမားလာပြီဆိုသဖြင့် သူတို့တစ်ရွာလုံး ဝိုင်းလာကြည့်ကြသည်။ ညနေ ထမင်းကို ကြက်သတ်၍ ချက်ကျွေးကြ၏။ ကျားသတ်သမားထော်ကြီးကို ထမင်းကျွေးရာ၌ ပြဿနာအနည်းငယ် ဖြစ်သည်။ ထော်ကြီးနှင့် သူ့ခွေးကို ကြက်သားဟင်းနှင့် ထမင်းတစ်စားပွဲတည်း ကျွေးရ၏။ ထိုစားပွဲတွင် သူ့ကို သွားခေါ်သော ရွာမုဆိုးနှစ်ယောက်နှင့် သူကြီးလည်း ထမင်းအတူ ဝင်စားရာ ရွာသူကြီးကြားနှင့် ကျားသတ်သမား ထော်ကြီးကြားတွင် "ဘိုကျား"ဟု အမည်ပေးထားသော ခွေးကလည်း တစ်ပန်းကန်ဝင်စားသည်။

ထော်ကြီးသည် ကြက်သားဟင်းကို သူ တစ်ဖွဲ့စားလျှင် သူ့ခွေး ဘိုကျားကလည်း တစ်ဖွဲ့ပင်၊ အသည်းအမြစ်တစ်တုံး ထော်ကြီးစားလျှင် ခွေးဘိုကျားကလည်း တစ်တုံးပင်။ တစ်ခါတစ်ခါ ခွေးဘိုကျား ပန်းကန်ထဲ အသားဖတ်တွေ နယ်ဖတ်ပေးနေသော ထော်ကြီး၏ လက်တွင် ခွေးဘိုကျားပန်းကန်မှ ထမင်းလုံးတွေ ကပ်ပါလာ၏။ ထော်ကြီးကား သူ့ခွေးကို လုံးဝ ရွံရှာခြင်းမရှိ၊ ခွေးတစ်လုတ် သူတစ်လုတ်ပင် စားနေကြ၏။





သူကြီးနှင့် ရွာမုဆိုးနှစ်ယောက်မှာ ကျားသတ်သမားကို အားနာကြသော်လည်း ရွံ့တွန့်တွန့်ပင်။ သို့သော် ထော်ကြီး၏ခွေး ဘိုကျားက သူကြီးနှင့် ရွာမုဆိုးနှစ်ယောက်၏ ပန်းကန်ကိုတော့ လုံးဝမနှိုက်။ သူ့သခင် ထော်ကြီးက ထမင်းစားခါနီး "ဘိုကျား ဧည့်သည်တွေနဲ့ ထမင်းစားရမယ်၊ ပန်းကန်ကို မနှိုက်ရဘူးနော်" ဟု . . ပြောထား၍လားမသိ။ သူကြီးနှင့် ရွာမုဆိုး နှစ်ယောက်၏ ပန်းကန်ကိုသာ မဟုတ်၊ ထော်ကြီး၏ ပန်းကန်ထဲက ကြက်သားတုံးတွေကိုလည်း မနှိုက်။ ဧည့်သည်မရှိလျှင်တော့ ထော်ကြီးနှင့် ဘိုကျားတို့မှာ တစ်ပန်းကန်တည်း စားနေကျဟု ဆိုသည်။ အိပ်သောအခါမှာလည်း အတူတူ အိပ်ကြသည်ဟု သိရသည်။ ဤညတော့ ကျားသတ်သမားထော်ကြီးနှင့် ခွေးဘိုကျားတို့မှာ ကျားသတ်ရန် ထွက်ကြရည်ဖြစ်သဖြင့် အတူတကွ အိပ်စက်ကြရမည် မဟုတ်ပေ။

▮

လဆန်းတစ်ဆယ့်သုံးရက်လက ထိန်ထိန်သာလာချိန်မှာ ကျားသတ်သမားထော်ကြီးသည် သူ့လက်စွဲတော်လုံ့ကြီးနှင့် ရားသားတင်းပုတ်ကိုညှိ၍ ရွာမှထွက်လာသည်။ သူ့နောက်တွင် လုံ့တစ်ယောက်တစ်ချောင်းစီနှင့် ရွာမုဆိုးနှစ်ယောက်အပြင် ထော်ကြီး၏ခွေး ဘိုကျားကလည်း ပါလာသည်။

လှိုင်ကြီးတစ်ခုနားရှိ ယာဟောင်းတစ်ခုနား ရောက်သောအခါ ကျားသတ်သမား ထော်ကြီး ခြေလှမ်းရပ်သွား၏။ ထော်ကြီးနှင့်အတူ ရွာမုဆိုးနှစ်ယောက်နှင့် ခွေးဘိုကျားတို့ကလည်း လရောင်ထဲရှိ ထော်ကြီးအနားတွင် ရပ်နေကြရသည်။ ထော်ကြီးသည် ပတ်ဝန်းကျင် ဘယ်ညာကို အကဲခတ်သည်၊ ယာဟောင်းရှိ စပါးနယ်ခဲ့သော တလင်းပြင် ကွက်လပ်တစ်ခုဆီသို့ ရွှေ့သွားပြန်သည်။ ကျားသတ်သမား ရွှေ့သွားသလို ရွာမုဆိုးနှစ်ယောက်နှင့်ခွေး ဘိုကျားတို့ကလည်း အတူလိုက်ရွှေ့ကြသည်။

"ညက ခင်ဗျားတို့ ရွာနွားကို ကိုက်ပြီး သွေးသောက်သွားတဲ့ ကျားကြီးဟာ ဒီနားတစ်ဝိုက်မှာ မုချရှိမှာပါ။ ဒီနေရာကို ကျားလာအောင် ခေါ်ပြီး သတ်ရမှာပဲ" ထော်ကြီးက ရွာမုဆိုးနှစ်ယောက်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျားဆိုးကြီးကို ခေါ်ပြီး ဘယ်လိုများ သတ်မလဲ"ဟု အတွေး ရောက်နေကြသော ရွာမုဆိုးနှစ်ယောက်မှာ ထော်ကြီး၏စကားကို ဘယ်လို ပြန်ပြောရမှန်း မသိသဖြင့် နှုတ်ဆိတ်နေကြသည်။

ထိုအချိန်မှာပင် ထော်ကြီးက ခွေးဘိုကျားကို "ကဲ . . ဖေ့သားကြီး ဟိုလျှိုထဲ ကျားကြီးရှိလား သွားကြည့်စမ်း"ဟုပြောကာ လျှိုထဲ ခဲတစ်လုံးနှင့် တအားလှမ်းပစ်လိုက်၏။

ထော်ကြီး၏ခွေး ဘိုကျားသည် ထော်ကြီးအမိန့်ပေးလိုက်သည့် အတိုင်း လျှိုထဲ ပြေးဝင်သွားသည်။ ထော်ကြီးနှင့်တကွ ရွာမုဆိုးနှစ်ယောက် စိုက်ကြည့်နေကြစဉ် ခွေးဘိုကျား လျှိုထဲက ပြေးထွက်လာ၏။

ခွေးဘိုကျား သူ့အနား ရောက်သောအခါ ထော်ကြီးက "လျှိုထဲမှာ ကျားရှိတာတော့ သေချာပြီတဲ့။ ကဲ, ဘိုကျား လျှိုထဲသွားပြီး ကျားဆိုးကြီးကို သွားခေါ်တော့သား၊ ဖေကြီး ဒီကစောင့်နေမယ်" ဟု ပြောပြီး နောက်ထပ် ခဲတစ်လုံးကို လျှိုကြီးထဲ ပစ်ပေါက်လိုက်ပြန်၏။

ခွေးဘိုကျား လျှိုထဲသို့ ပြန်ဝင်သွားပြန်သောအခါ ရွာမုဆိုးတစ် ယောက်က "မုဆိုးကြီး ခွေးက ကျားကို ဘယ်လိုခေါ်လာမှာလဲ၊ ကျုပ်တို့ ရွာက ခွေးတွေဆို ကျားနံ့ရတာနဲ့ ဖင်သိနေကြတော့တာပဲ"ဟု ပြောလိုက် သည်။

"ဒီခွေးက ငယ်ငယ်ကပဲ ကျားမကြောက်အောင် ကျုပ်သင်ထား တာ၊ ခင်ဗျားတို့ ကြည့်နေ၊ ဒီတစ်ခါ ကျားဆိုးကြီးကို တွေ့ပါပြီလို့ ဘိုကျား က ကျုပ်ကို လှမ်းပြောလိမ့်မယ်"ဟူသော ထော်ကြီး၏ စကားမဆုံးခင်ပင် ဘိုကျား၏ ထိုးဟောင်လိုက်သံကို ကြားရသည်။

"တွေ့လားဗျ၊ ဘိုကျားက ကျားဆိုးကြီးကို သူ တွေ့ပါပြီလို့ ကျုပ်ကို အော်ပြောနေပြီ၊ ကဲ. . ကဲ. . ခင်ဗျားတို့ နီးရာ သစ်ပင်ပေါ် သာ ပြေးတက် ကြတော့၊ မကြာခင် ကျားဆိုးကြီးကို ဘိုကျားက ကျုပ်ရှေ့ ခေါ်ထုတ်လာ တော့မယ်"ဟု ပြောသောအခါမှာတော့ သွေးသောက်နတ်ကျားဟု သမုတ် ထားကြသော ကျားဆိုးကြီးကို ကြောက်ရွံ့နေကြသည့် ရွာမုဆိုးနှစ်ယောက် မှာ ထော်ကြီးရပ်နေသော တလင်းနားရှိ စင်ပြွမ်းပင်တစ်ပင်ပေါ် သူ့ထက် ငါဦး ပြေးတက်လိုက်ကြရလေသည်။





ထော်ကြီးကမူ လုံကြီးကိုကိုင်ကာ သူ့ရှားသားတင်းပုတ်ကို ခါးထိုးပြီး လင်းဟောင်းမြေကွက်လပ်၌သာ ထီးထီးရပ်နေလေသည်။

စင်ပြွမ်းပင်ပေါ် ရောက်သွားသော ရွာမုဆိုးနှစ်ယောက်က ထော် ကို သစ်ပင်ပေါ်က ငေးကြည့်နေကြစဉ် ကျားဆိုးကြီးကိုတော့ မမြင် ရသေး။ ထော်ကြီး၏ခွေး ဘိုကျား ထော်ကြီးအနား တစ်ခေါက်ပြန်ပြေး သည်ကိုသာ လရောင်ထဲမှာ အတိုင်းသားမြင်နေကြရသည်။

ထော်ကြီး၏ခွေး ဘိုကျားသည် လျှိုထဲ ပြန်ပြေးသွားလိုက်၊ ဟောင် သေးလိုက်၊ ထော်ကြီးဆီ ပြန်ပြေးလာလိုက်နှင့် လေးငါးခေါက်လုပ်ပြီး သောအခါ ကျားဆိုးကြီး၏ဟိန်းသံကို ကြားရသည်။ ထို့နောက် မကြာခင် ပင် ကျားဆိုးကြီးသည် ခွေးဘိုကျားနောက် လိုက်လာပြီး ထော်ကြီးအနား ရောက်လာလေ၏။

ခွေးဘိုကျားကို လိုက်လာရင်းက ထော်ကြီးအား မြင်သွားသော ကျား ကြီးသည် ဟိန်းသံတစ်ချက်ပေးပြီး ထော်ကြီးကို ကိုက်သတ်ရန် ချောင်း ချောင်းလှည့်ပတ်နေလေသည်။

ကျားဆိုးကြီးက ခွေးဘိုကျားကိုပင် သတိမရတော့ဘဲ ထော်ကြီး ကိုသာမြဲပြီး ခုန်အုပ်ရန် ကြိုးစားနေချိန်တွင် ခွေးဘိုကျားမှာ တာဝန်ကျေပြီ သော အနေအထားနှင့် ထော်ကြီးနောက်ဘက်ရှိ ချုံတစ်ချုံထဲဝင်ပြီး ကွယ်သွားလေ၏။

ထိုအခါကျမှ ကျားသတ်သမား ထော်ကြီးက စတင်လှုပ်ရှားလာ သည်။ ပထမဦးဆုံး သူ၏လှံရှည်ကြီးကို လေထဲမြှောက်ပြီး လှည့်ပတ် လိုက်သည်။ လှံရိုးနှင့် လေတိုးသံတို့က တဝီဝီမြည်လာသည်။

လရောင်ထဲတွင် တလက်လက်ဖြစ်နေသော လှံသွားနှင့် တဝီဝီမြည် သော အသံတို့ကြောင့် ကျားကြီးသည် ထော်ကြီးအားလှည့်ပတ်ချောင်း မှ ခြေလှမ်းတုံ့ကာ ထော်ကြီးနှင့် လေထဲလည်နေသော လှံကြီးကို တ်ကြည့်နေသည်။

ထော်ကြီးသည် သူ့အား စူးစိုက်ကြည့်နေသော ကျားရှေ့သို့ ဦး တစ်လှမ်းချင်းခုန်ဝင်လိုက်သည်။ ရုတ်တရက် ကျားကြီးက နောက်ကာ တ်ဆုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျားဆိုးကြီးသည် ဝမ်းခေါင်းသံကြီးနှင့် မာန်ဖီကာ ထော်ကြီးအား ခုန်အုပ်ကိုက်သတ်ရန် လှည့်ပတ်ရောက်လာပြန်သည်။

ကျားကြီး လှည့်ပတ်နေသလို ထော်ကြီးကလည်း အလစ်မပေး။ ကျားကြီးနှင့်အတူ လှည့်ကာ ကျားကြီးမျက်နှာနှင့် သူ့မျက်နှာကို တည့်တည့်သာ ရွှေ့လျားနေသည်။

ပြီး ပါးစပ်ထဲကလည်း ကျားကြီးနှင့်အတူ လိုက်ပြီး ဟိန်းဟောက်သံ ပေးနေ၏။

ကျားဆိုးကြီးနှင့် ထော်ကြီးတို့မှာ ဓေ့ကြတော့မည့် ကျွဲနှစ်ကောင်။ သို့မဟုတ် လက်ဝှေ့သမားနှစ်ယောက်လို တစ်ယောက်အမှားကို တစ်ယောက်စောင့်ကာ လှည့်ပတ်အကွက်ရှာနေကြသည်။ လရောင်ထဲတွင် တစ်ဦးနှင့်တစ်ဦး အကွက်စောင့် လှည့်ပတ်နေကြသော ကျားဆိုးကြီးနှင့် ကျားသတ်သမား ထော်ကြီးတို့အား ရွာမုဆိုးနှစ်ယောက်မှာ စင်ပြွမ်းပင်ပေါ်က မျက်တောင်မခတ် စိုက်ကြည့်ကာ အသက်ပင် မရှူရဲ ဖြစ်နေကြ၏။

ထိုသို့လှည့်ပတ်နေကြစဉ် ကျားကြီးက ထူးထူးခြားခြား အသံတစ်ချက် ဟိန်းလိုက်ရာ ကျားသတ်သမား ထော်ကြီးမှာ လေထဲမြှောက်လှည့်ထားသော လှံကြီးကို ချက်ချင်းလက်နှစ်ဖက်နှင့် တအားဆုပ်ကိုင်ထားလိုက်၏။

ထိုအချိန်မှာပင် ကျားဆိုးကြီးသည် ဝေါင်းခနဲ အော်မြည်လိုက်ကာ ကျားသတ်သမား ထော်ကြီးအား ခုန်အုပ်လိုက်လေသည်။ သို့သော် ကျားကြီးပါးစပ်ထဲ ထော်ကြီး၏ခေါင်း မဝင်မီဘဲ ကျားသတ်သမား ထော်ကြီး၏ လှံသွားကသာ ကျားဆိုးကြီး ပါးစပ်ထဲ တန်းခနဲ ဝင်သွားလေ၏။

ကျားပါးစပ်ထဲ လှံကြီးနှင့် တအားထိုးထည့်လိုက်သော ထော်ကြီးသည် ကျားကြီး မြေပြင်သို့ လန်ကျသွားစဉ် လျှပ်တစ်ပြက် ကိုယ်ကိုလှည့်ကာ ခါးမှာထိုးထားသော ရှားသားတင်းပုတ်ကြီးနှင့် ကျားဆိုးကြီး၏ ခါးဆစ်ရိုးကို တအားရိုက်ချိုးပစ်လိုက်လေသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် ရွာမုဆိုးနှစ်ယောက်မှာ မျက်လုံးများပြူးသွားကြသည်။





သတိရ၍ သေသေချာချာ ပြန်ကြည့်လိုက်ကြသောအခါ ပါးစပ်အာခေါင်ထဲ လှံတန်းလန်းစူးဝင်ပြီး ခါးဆစ်ရိုးကျိုးသွားသော ကျားဆိုးကြီးမှာ ဝူးဝူးဝါးဝါး အော်ညည်းကာ ခါးတစ်ပိုင်းဆွဲနှင့် မြေပြင်တွင် လူးလိမ့်နေ၏။

ကျားဆိုးကြီးကို သတ်လိုက်ပြီးဖြစ်သော ထော်ကြီးက "ဘိုကျားအို့ . . . အို့"ဟု သူ့ခွေးကို အရင်ခေါ်သည်။

ပြီးမှ "ရွာမုဆိုးများ လာကြ ဗျို့ . . ခင်ဗျားတို့ပြောတဲ့ နတ်ကျားဆိုးကြီးကတော့ ဘာမှ အန္တရာယ်မပေး နိုင်တော့ပါဘူး၊ ခင်ဗျားတို့ ကြိုက်သလိုသာ လက်တည့်စမ်းထိုးကြတော့၊ ကျုပ် ရွာပြန်ပြီး ရွာကလူတွေကို လွှတ်လိုက်ပါ့မယ်၊ လာ . . ဖေ့သားကြီး သွားမယ်၊ ဩော် . . ကျုပ် လှံတော့ ပြန်ယူခဲ့ကြပါနော်"ဟု . . .

ပြောပြီး ခွေးနှင့်အတူ ရွာဘက် ပြန်သွားလေသည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



## သွေးသောက်ကျားနှင့် မနားတမ်း

ချင်းတောင်တန်းကြီးကို ကျော်လာသော နေရောင်ခြည်များကို မမြင်ရခင်ကပင်. . သူ အိမ်ထဲက ထွက်လာသည်။ အနီးဝန်းကျင်တွင် ထောင်ထားသော ထောင်ချောက်များကို သူ လိုက်ကြည့်သည်။

သူ့ကိုယ်ပေါ်တွင် လေးနှင့်မြားအပြင် တိုမီသေနတ်တစ်လက်လည်းပါသည်။ လေးနှင့်တန်သော တောတိရစ္ဆာန်များကို လေးနှင့်ပစ်ခွင်း၍လည်းကောင်း၊ သေနတ်နှင့်တန်သော တိရစ္ဆာန်များကို တိုမီသေနတ်နှင့်ပစ်၍လည်းကောင်း ဖမ်းဆီးယူရသည်။

ချင်းမုဆိုးကြီး မနားတမ်း ဤသို့အသက်မွေးဝမ်းကျောင်းပြုလုပ်လာသည်မှာ နှစ်ပရိစ္ဆေဒကြာပြီ။ သည်နယ်တစ်ဝိုက်တွင် သူကား နာမည်ကြီး သိက္ခာရ မုဆိုးကျော်ကြီးတစ်ဦး ဖြစ်သည်။ သူသာ မဟုတ်၊ သူ့အဖေလည်း မုဆိုး၊ သူ့အဘိုးလည်း မုဆိုးဖြစ်သဖြင့် မုဆိုးမျိုးဟုလည်း နာမည်ကြီးသူ ဖြစ်လေသည်။

နံနက်ထတွင် ထောင်ချောက်သွားဖြုတ်ရင်း လမ်းတွင်ကြုံကြိုက်သော သေနေ့စေ့သော တောတိရစ္ဆာန်ကြီးငယ်များကိုလည်း အသက်ဇီဝိန်ခြွေပစ်ကာ အသားဟင်းလျာရောင်းစားသော မုဆိုးအလုပ်တစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်လေသည်။

ထို့ကြောင့်လည်း မနားတမ်း ဆိုသည်မှာ မုဆိုးကျော်ကြီးမှန်း လူတိုင်းသိကြလေသည်။ သူတို့နယ်တစ်ဝိုက်တွင် မုဆိုးကြီးမနားတမ်းမှာ ဟိုးဟိုးကျော်နေသူ တစ်ယောက်ဖြစ်သည်။



သည်ရက်ပိုင်းအတွင်းမှာတော့ မုဆိုးကျော်ကြီး မနားတမ်း စိတ်အတော်ညစ်နေသည်။ အိမ်ရှေ့တွင် လူရိပ်လူရောင်မြင်သည်နှင့် "လာပြန်ပြီ တစ်ယောက်"ဟု. . စိတ်ထဲက ရေရွတ်မိကာ မျက်စိမျက်နှာပျက်ပျက်သွားတတ်လေသည်။

အကြောင်းမှာ ခေါ်နူးစုမ်ခေါ် ဝိတိုရိယ တောင်ဘက်မှ နယ်ကျွံလာသော ကျားဆိုးတစ်ကောင်သည် သူတို့နယ်တစ်ဝိုက်၊ ရွာနီးချုပ်စပ်တစ်ဝိုက်တွင် အလွန်သောင်းကျန်းနေသဖြင့် ဖြစ်သည်။

တစ်နေ့တစ်မျိုး ထိုကျားဆိုး၏ သတင်းကိုလည်း နေ့စဉ်လိုလိုကြားနေရသည်။ ဘယ်ရွာက ဘယ်လူ့ နွားနောက်ကို ကိုက်သွားပြန်ပြီ။ ဘယ်ရွာက ဘယ်ဝက်တွေ ဝင်ဆွဲသွားပြန်ပြီနှင့် ကျားဆိုးကြီး၏ သတင်းမှာ တစ်ပတ်အတွင်း သူတို့နယ်တစ်ဝိုက်၌ အုတ်အော်သောင်းတင်းဖြစ်လာသည်။

ထိုသို့ အုတ်အော်သောင်းတင်းဖြစ်လာပြီး နွားဆွဲဝက်ဆွဲ ခံရသူများသည် မိုးလင်းသည်နှင့်တစ်ပြိုင်နက် သူ့ဆီ ရောက်လာကြသည်။

အကြောင်းခြင်းရာကို တိုင်တမ်းကြသည်။

တစ်ယောက်စ နှစ်ယောက်စ လာတိုင်ကြတုန်းကမူ "ဟာ. . နွားနောက်တွေ၊ ဝက်တွေ ကျားဆွဲတာ မဆန်းပါဘူးကွာ၊ ကျားလဲ အသက်နဲ့နေတော့ သူ့အစာ သူ ရှာစားတာ၊ သူ့ဝမ်း သူကျောင်းတာပဲ၊ တို့လဲ တောတိရစ္ဆာန်တွေကို သတ်ဖြတ်ဖမ်းဆီးပြီး အသက်မွေးဝမ်းကျောင်းပြုနေတာပဲ"ဟု လွယ်လွယ်ပင် ပြောလိုက်မိသည်။

လူမုဆိုးနှင့် တောမုဆိုးတို့သည် တစ်ဦးနှင့်တစ်ဦး သစ္စာရှိကြရသည်။ ဝိန်မခေါ်သေးသမျှ တစ်နည်းဆိုရသော် တစ်ဦးကိုတစ်ဦး ရန်မရှာသေးသမျှ မသတ်ကောင်းဟုလည်း မုဆိုးများ၏ ရှေးထုံးစဉ်လာ ရှိထားသည်။ ထို့ကြောင့်လည်း "ကျားလဲ အသက်နဲ့ပဲကွာ၊ သူ့ဝမ်းသူ ရှာစားတာပဲ"ဟု လွယ်လွယ် ပြောမိလိုက်ခြင်း ဖြစ်သည်။

သို့သော် နယ်သူနယ်သား ရွာသူရွာသားတွေက မကျေနပ်ကြ။ "မုဆိုးကျော်ကြီး လုပ်နေပြီး သည်ကျားကိုတောင် မပစ်ရဲဘူး၊ မရှာရဲဘူး" ဟု အပြစ်တင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အငြင်းပွားစကား ဆိုကြသည်ကိုလည်း မနားတမ်းသည် ... ဒေါ့ခေါက်၊ ပြုံးပြုံးသာ နေခဲ့၏။

သူခံယူချက်မှာ မုဆိုးချင်း "တောမုဆိုးနှင့် လူမုဆိုးတို့ သစ္စာ မြဲကြရာသည်" . . ဟူသော ရှေးမုဆိုးကျော်ကြီးများ၏ လက်သုံးစကားကိုသာ သိဏ္ဍာကာမ တစ်ခုလို၊ ပညတ်ချက်တစ်ရပ်လို ကျင့်သုံးနေခဲ့သည်။

သည်လိုနှင့် ဝိတိုရိယတောင်ကြောဘက်မှ ဆင်းလာသည်ဆိုသော ကျားဆိုးကြီးမှာလည်း နွားနောက်ကို တစ်နေ့တစ်ကောင်ကျလည်းကောင်း၊ ဝက်ကိုလည်းကောင်း၊ တစ်ရွာမဟုတ် တစ်ရွာတွင် နေ့စဉ်လိုလို ကိုက် သတ်လျက် ရှိလေသည်။

ထိုသို့ သူတို့ နွားနောက် သူတို့ဝက်တွေ ကျားကိုက်ခံရတိုင်း မုဆိုး ကျော်ကြီး မနားတမ်းဆီသို့ အတိုင်အတော ရောက်လာတတ်ကြသည်။ ယင်းကြောင့်လည်း မုဆိုးကျော်ကြီး မနားတမ်းမှာ သူ့အိမ်ရှေ့တွင် လူ လူရောင် မြင်သည်နှင့် အတိုင်အတော လာကြပြန်ပြီအထင်နှင့် မျက် မျက်နှာပျက်နေတတ်သည်။ သူ့တစ်သက်တွင် ကျားမုဆိုးဆို၍လည်း တစ်ကောင်တလေမျှ မသတ်ဖူးသဖြင့် ကျားသတ်ရမှာ ဝန်လေးနေသည် စိတ်ညစ်နေသည်။

၂

တစ်နေ့မနက်မှာတော့ ကျားဆိုးကြီး၏ ပယောဂသည် သူ့ဆီသို့ ပြဿနာတစ်ခုအဖြစ် အလိုလိုရောက်လာလေသည်။

သူသည် ခါတိုင်းနေ့တွေလိုပင် ညနေက ထောင်ထားခဲ့သော ထောင်ချောက်များကို ကြည့်ရန်၊ သားကောင်များ မိနေလျှင် ဖြုတ်ယူရန် အိမ်က ဝေလီဝေလင်း ထွက်လာသည်။

ဆင်သေကုန်းအထက်နား ရောက်သောအခါ မမျှော်လင့်ဘဲ ဝက် သေတစ်ကောင်ကို ပိုလိုပက်လက် တွေ့ရသည်။ ရောဂါဘယကြောင့် သေသော ဝက်လားဟု ကြည့်သောအခါ ဝက်ကြီး၏ လည်ပင်းကုပ်တွင် ဒဏ်ရာအနာတရနှင့်ဖြစ်နေသည်ကို မြင်ရ၏။ သေသေချာချာကြည့်သော အခါ ကျားကိုက်ခံရ၍ သေနေသော ဝက်မှန်း သိရသည်။





ဝက်မှာ တောဝက်မဟုတ်။ ရွာသူရွာသားတွေ မွေးထားသော ဝက်၊ လက်တစ်ဖက်တွင် "ခမည်း"ပေးထားသော အဝတ်အနီ တစ်ခု ချည်ပိတ် ထားသည်ကိုလည်း ထင်ထင်ရှားရှားတွေ့ရသည်။

ဤဝက်ရှင်မှာ ဘယ်ရွာကမှန်း သူ မသိ။ သူတို့ ချင်းရွာများဆိုသည် မှာလည်း ဟိုတောင်ကြား ဆယ်အိမ်၊ သည်တောင်ကြား ငါးအိမ်ဖြစ်ရာ ဘယ်လိုမျှ မခန့်မှန်းတတ်။ တစ်ခု သေချာသည်မှာ သူတို့ရွာက ဝက် မဟုတ်သည်မှာတော့ အမှန်ပင်။ သူတို့ရွာက ဝက်သာဆိုလျှင် ညက ရွာထဲ ကျားဝင်ဆွဲသဖြင့် တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်ကြသံ ကြားမိမည်။ သို့မဟုတ် သူ့ကို လာတိုင်ကြမည်။ ညက သူတို့ရွာတွင် ဘာသံမှ မကြား၊ ခါတိုင်းလိုပင် ငြိမ်ငြိမ်သက်သက် အေးအေးလူလူပင်။

ဝက်သေကြီးမှာ လတ်လတ်ဆတ်ဆတ်ဖြစ်သည့်ပြင် ကျားဆိုးကြီး သည် ဝက်ကို ကိုက်စားမသွား၊ သွေးသောက်ရုံသောက်ကာ သည်အတိုင်း ပစ်ထားခဲ့သည်။ ဤသည်မှာ လူသံကြားရသဖြင့် စားချိန်မရ၍ ထားပစ် ခဲ့ခြင်း ဖြစ်နိုင်သလို၊ မ,နောက်ကို လိုက်ရန် ဆန္ဒစိတ်စောနေ၍လည်း ဖြစ်နိုင်သည်။

ဤရာသီမှာ ကျားများ မိတ်လိုက်တတ်သော ရာသီဖြစ်လေရာ ကျားမ,နောက်ကို မိတ်စိတ်နှင့် လိုက်သွားတတ်သော ရိုးမကျားကြီးများ သည် သူတို့ကိုက်သတ်သော တိရစ္ဆာန်ကို သွေးသောက်ပြီး ကျားမ,နောက် လိုက်သွားလေ့ရှိလေသည်။ ထို့ကြောင့် ဆင်သေကုန်းနားတွင် ကျားကိုက် ခံရ၍ သေနေသော ပုံသကူဝက်သေကြီးကို ထမ်းယူလာပြီး သူ့မိန်းမလက် ထဲအပ်ထားခဲ့သည်။

သူကမူ တောထဲ တစ်ခေါက်ပြန်လာပြီး ထောင်ချောက်များကို ကြည့်ရန် ထွက်လာ၏။ ထိုအချိန်မှာပင် ရွာ၌ ပြဿနာအကြီးအကျယ် ဖြစ်နေလေပြီ။ မနားတမ်း မိန်းမသည် မနားတမ်းလာပို့ထားခဲ့သော ဝက် ... ပေါ်ပြီး ပေးကမ်း၊ ဈေးငှားရောင်းချရာ အိမ်ဝက်သား၊ ရွာဝက်သားမှန်း ... သော လူတိုင်းက "အိမ်မှာ ဝက်ပေါ် သလား"ဟု မေးကြ၏၊ "ခါတိုင်းလို တောက်သားထင်လို့ ဝယ်မိပါတယ်၊ အိမ်ဝက်သားပဲ အဆီကများပါ ... "ဟု စကားရှည်တတ်သော မိန်းမကြီးအချို့က လာပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ့ဆောက်ပျား မုဆိုးကျော်ကြီးကို ဂုဏ်တင်ချင်လိုသော ချက်တုပ်ခြောတတ်သော မနားတမ်းမိန်းမက "တောဝက်သားလား၊ အိမ်ဝက်သားလားဆိုတာ ကျုပ်လဲ ဘယ်သိပ့်ါမလဲတော်၊ မနားတမ်းကတော့ သူတို့ သခင်တော်ကြီးကျားက ဒီမနက် ဝက်တစ်ကောင် ကိုက်ပေးသွားသည် ပြောပြီး လာပို့ထားခဲ့တာပဲ"ဟု ပြော၏။

ထိုအခါ ယခု ရွာနီးချုပ်စပ်တစ်ဝိုက်တွင် သောင်းကျန်းနေသော ကျားကြီးမှာ မနားတမ်း မွေးထားသော (သို့မဟုတ်) မနားတမ်း နတ်တိုက်ထားသော ကျားဖြစ်ရမည်။ ယခင်နေ့တွေက ချေတွေ၊ ဆတ်တွေ၊ တောဝက်တွေမှာလည်း မနားတမ်း ထောင်ချောက်တွင် မိ၍ရသော တိရစ္ဆာန်များတော့တဲ့ ကျားဆိုးကြီးကိုက်သတ်ပေးသော တိရစ္ဆာန်များပင် ဖြစ်ရသည်။ ထို့ကြောင့် ဤမျှ နာမည်ကြီးနေသော ကျားဆိုးကြီးကို မနားတမ်းက သေတ်ဘဲ မွေးထားသည်ဟု ကောလာဟလတွေ တစ်ရွာလုံးပျံ့နှံ့ကုန်လေသည်။

မနားတမ်း မနက်က သူ့မိန်းမအား အပြောင်အပြက် ပြောထားခဲ့သောစကားသည် သူ့ရှုးသူပတ် ပြန်ပတ်ဖြစ်နေလေပြီ။ ဤမျှနှင့်မရပ်သေး၊ သည်အတိုင်းဆိုလျှင် မနားတမ်းသည် တခြားရွာများက ဝက်တွေ၊ နွားနောက်တွေကိုသာ မဟုတ်၊ မိမိရွာက ဝက်တွေ နွားနောက်တွေပါ တစ်နေ့ မနားတမ်းကိုပင် ကိုက်ပေးပေလိမ့်မည်။

ဤကျားဆိုးအပေါ်တွင် မနားတမ်း၏ဩဇာမှာ အလွန်ကြောက်စရာ ကောင်းနေပေပြီ။ ဤကျားဆိုးကြီးကို မနားတမ်းသည် သူ့အဖေ၊ သူ့အဘိုးတို့ဆီမှ ရထားလိုက်သောပညာနှင့် နတ်တိုက်ထားလေပြီ။

ထို့ကြောင့်လည်း. . . ဤကျားဆိုးကြီးသည် သူကိုက်သတ်သော တိရစ္ဆာန်များကိုပင် တစ်ဖွဲ့ တစ်ကိုက်မစားဘဲ၊ မနားတမ်းကို ဆက်သနေလေပြီဟု တစ်ရွာလုံး ယုံကြည်နေကြသည်။

ထိုအချိန်မှာပင် ကံဆိုးချင်သော မနားတမ်းအတွက် ဂြိုဟ်ဆိုး တစ်ခု ထပ်ဝင်ပြန်သည်။

ဤကျားဆိုးကြီးမှာ မနားတမ်းမွေးထားသော နတ်တိုက်ကျားဆိုးဟု အနီးဝန်းကျင်မုဆိုးများကပင် လူပြောသူ့ပြောနှင့် သံသယဝင်နေချိန်မှာ





ဘမ်းတို့ ရွာထဲသို့ တစ်နေ့သည်၌ ကျားဆိုးကြီး နေ့ခင်းကြောင်တောင် ပြီး ဝက်တစ်ကောင်ကို ဆွဲသွား၏။ တစ်ရွာလုံး ကျွက်ကျွက်ညံ သည်။

ကျားကြီးကို မြင်သူတွေက ထင်ထင်ရှားရှား မြင်လိုက်ရသည်ဟု ရွာထဲဝင်ပြီး ဝက်ဆွဲသွားသော ကျားမှာ ကျားခေါင်းနှင့်လူကိုယ် နေသည်။ ကျားကိုယ်တွင် သရဲသဘက် စီးနေသည်။ သမန်းကျား ပြီ၊ နောက်ဆိုလျှင် ဤသမန်းကျားသည် ရွာထဲဝင်ပြီး လူတွေကို တော့မည်ဟု ဆိုသူက ဆိုကြသည်။

မိန်းမများနှင့် ကလေးသူငယ်များမှာ နေ့ခင်းရွာထဲ နေရသည်ကိုပင် ဲ မလုံကြတော့။ ဟင်းရွက်ခူး၊ ထင်းခွေ၊ ရေခပ်သွားကြရာ၌ပင် ထင့်ထင့် ဖြစ်နေကြသည်။ မနားတမ်း၏မိန်းမနှင့် ကလေးသူငယ် ိုလည်း မလိုမုန်းထားစွာ မျက်စောင်းထိုးလာကြတော့သည်။

ထိုအခါ မနားတမ်းသည် မနေနိုင်တော့။ ဤကျား မသေမချင်း က သူ့ကိုချည်း ဒေါသဖြစ်နေကြတော့မည်။ တခြားရွာများရှိ မုဆိုး လည်း ဤကျားကို သတ်ဖြတ်ရန် အမျိုးမျိုးကြိုးစားခဲ့ကြ၏။ တို့မိ ်နှင့်ပစ်သတ်ရန် ကျားဆိုးကြီးကို လိုက်ချောင်းကြသည်၊ မတွေ့။ ိုကြီး ကိုက်သတ်သွားသော ဝက်သေ နွားနောက်သေတွေနှင့် မိရိုး တ်ကိုင်းအမျိုးမျိုး ထောင်ချောက်အမျိုးမျိုးဆင်ကြ၏၊ မမိ။

ဤကျားဆိုးမှာ သူတို့ ထောင်ချောက် သုတ်ကိုင်းထောင်ထားသည် တပ်သိသကဲ့သို့ပင် ကိုက်သတ်ထားခဲ့သော တိရစ္ဆာန်များဆီ လုံးဝ စား။ မုဆိုးများအားလုံးပင် လက်မြှောက်ကာ ဤကျားဆိုးမှာ မ်း မွေးထားသော နတ်တိုက်ကျား၊ သမန်းကျား ဖြစ်ရမည်ဟု ဝင်လာကြသည်။

ထို့ကြောင့် ဤဝိတိုရိယ ကျားကြီး၏ ပြဿနာမှာ မနားတမ်းဆီ ိုက်မြိုက်မြိုက် ရောက်လာတော့သည်။ ကဲ ဝိတိုရိယကျားဆိုးကြီး . . မင်း ရှာစား၊ မင်းဝမ်း မင်းကျောင်းတာပဲလို့ သဘောထားခဲ့တာပ မင်းဟာ ငါ့ရွာထဲကိုလည်း ကျူးကျော်လာပြီ။ ငါ့စည်းကိုလည်း ောက်လာပြီ။ ဒီတော့ မင်းနဲ့ငါ သူသေကိုယ်သေ စိန်ခေါ်ပြီး ငါက်



www.burmeseclassic.com

www.burmeseclassic.com



ကြရတော့မယ်ဟေ့၊ မင်းနိုင်ရင် ငါ့အသား မင်းစား၊ ငါ နိုင်ရင်လည်း မင်း သေပေတော့။

မနားတမ်းသည် ဤသို့ ဆုံးဖြတ်ချက်နှင့်အတူ ကျားကြီးကို စိန်ခေါ်ကာ ကျိန်စာတိုက်လေတော့သည်။ သူ မွေးထားသောကျား၊ သမန်းကျ မဟုတ်ကြောင်း ပြရန်မှာ မနားတမ်းအတွက် ဤတစ်လမ်းသာ ရှိ သည် မဟုတ်ပါလား။

၂

အဆင်သင့်ချင်တော့ နောက်တစ်နေ့မှာပင် ရွာထဲဝင်ဆွဲကျင့် ရဲတင်းနေသော ကျားဆိုးကြီးသည် အတင့်ရဲစွာဖြင့် သူတို့ရွာထဲက အ ပေါက်နေသော နွားနောက်တမ်းမ,တစ်ကောင်ကို ဝင်ဆွဲသွား၏။

ထုံးစံအတိုင်း လည်ကုပ်ကို ကိုက်ပြီး လည်ချောင်းသွေးကို သောက်ကာ အပြင်ရှိ ဖုန်းဆိုးယာခင်း တောစမှာ ပစ်ထားခဲ့၏။

နွားနောက်အသေဆီသို့ ရိုးရိုးတန်းတန်းဆိုလျှင် သူ့အကျင့်အတ ကျားဆိုးကြီးသည် ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်ပေ။ ထို့ကြေ မနားတမ်းသည် ကျားဆိုးကြီးကို စိန်ခေါ်ကာ ကျိန်စာတိုက်ရတော့သ

ဤသည်ကိုလည်း မနားတမ်းသည် သူတစ်ဦး တစ်ယောက်တ မလုပ်၊ ရွာနီးချုပ်စမှ မုဆိုးသုံးယောက်ကို ခေါ်သည်။ နွားနောက်သေ တွင် လူသုံးယောက်ထိုင်နေနိုင်လောက်အောင် ကျင်းတစ်ကျင်းကို အ တူးကြသည်။ ကျင်းတူးပြီးသောအခါ ထိုကျင်းပေါ်တွင် လူကြီးပေါ် လောက်ရှိသော သစ်လုံးများကို ကြမ်းခင်းသလို စီထားသည်။

နောက် မုဆိုးနှစ်ယောက်ကို ဝင်ထိုင်စေပြီး မနားတမ်းက နှစ်ယောက်ပေါ် သစ်လုံးတွေနှင့် စီဖုံးကြည့်သည်။ သူပါဝင်လိုက် လူသုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဘေးချင်းယှဉ်ပြီးထို လေပြီ။ ထိုအခါ မုဆိုးနှစ်ယောက်ကို အပြင်သို့ ပြန်ထွက်စေပြီး ကျား ကြီးအား စိန်ခေါ်ကျိန်စာတိုက်နည်း ပြသလေသည်။

"ဒီမှာ. . မင်းတို့ကို ငါ ပြောမယ်၊ ဒီကျားဆိုးဟာ ငါ မွေးထာ ကျား၊ ငါ့ကို ဝက်တွေ၊ ချေတွေ၊ ဆတ်တွေ၊ နွားနောက်တွေကို ကိုယ်





ယ်၊ သမန်းကျား ဖြစ်တယ်လို့ လူတွေက ယုံကြည်နေကြတယ်။ ဒါ ့ သူတို့ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး။ သူ ကိုက်သတ်သွားတဲ့ သေ နွားသေတွေဆီ ဒီကျားကြီး ပြန်လာမစားတာ မိတ်စိတ်ဝင်နေလို့ ဖြစ်နိုင်တယ်။ ဒါမှ မဟုတ်ရင်လဲ သွေးသောက်တဲ့အရသာကို အသားမစားတော့ဘဲ သွေးသောက်တဲ့အကျင့်ပဲ ရသွားလို့လဲ ဖြစ် ယ်၊ ဒီတော့ သူ့ရာဇဝင်တစ်လျှောက်မှာ သူ ကိုက်သတ်ထားခဲ့တဲ့ ကောင်အသေဆီ တစ်ခါမှ ပြန်မလာတတ်တဲ့ကျားကို ခု. . ငါ ပြန် အောင် ခေါ်ပြမယ်. . .

ဒီနည်းဟာ တို့အဘိုး တို့အဖေတို့ လက်ဆင့်ကမ်းပေးခဲ့တဲ့နည်းပဲ၊ ကို စိန်ခေါ်တဲ့နည်းလို့ ခေါ်တယ်၊ ဒီလိုလုပ်ရင် ကျားကလဲ မုဆိုး သူသေကိုယ်သေ တိုက်ကြမယ်လို့ ငါ စိန်ခေါ်နေပြီဆိုတာ သိ အဲဒါကြောင့် ဒီနွားနောက်အသေဆီ ပြန်လာတဲ့ကျားကြီးဟာ နွား သားကို စားဖို့လာတာ မဟုတ်ဘူး၊ တို့အသားကို စားဖို့ လာတာ၊ တိုက်ခိုက်ဖို့ လာတာ ဟုတ်,မဟုတ်၊ ညကျရင် မင်းတို့ ကိုယ်တွေ့ ကြရမှာပါ . . .

ကျားကြီးဟာ နွားနောက်သားကို လုံးဝမစားဘဲ တို့ကိုပဲ တိုက်ခိုက် သေ တို့ သေရင်သေ၊ မသေရင် ကျားသေပေါ့ကွာ။ ပြီးတော့ လင့် ဒီကျားကို မပစ်ဘဲ ခုလို ကျင်းနဲ့ပုန်းပြီး ပစ်ရတာက သွေးသောက် ကျားဟာ အနံ့နဲ့ အရိပ်အခြည်ကို အင်မတန်ကျွမ်းနေပြီ၊ လူရိပ် င်တာနဲ့ အနံ့ရတာနဲ့ လှည့်ပြန်သွားနိုင်တယ်၊ အဲဒါကြောင့် မြေ ပြီး ဒီကျားဆိုးကို ခုလို ပစ်ရတာပဲ"

နားတမ်း၏ စကားကို ကျန်မုဆိုးနှစ်ယောက်က တစ်ခွန်းမျှ ဝင် ၊ မနားတမ်း၏ မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်ကာ နား နေကြသည်။

"ကဲ. . ဒီနွားနောက်မ အသေကို ဖုတ်သွင်းရဦးမယ်၊ ငါ လုပ်တာ သေသေချာချာ ကြည့်ထား. . မှတ်ထားကြ"

ပြောတာရက်မှ မနားတမ်းက နွားနောက်အသေကို ဖုတ်သွင်းပြမည် ဖြင့် လန့်ဖျပ်သွားကြ၏။

www.burmeseclassic.com



သူတို့ ပုန်းကျင်းနားတွင် တုံးလုံးပက် လက် ဖြစ်နေသော နွားနော
သည် မနားတမ်း ဖုတ်သွင်းလိုက်သဖြင့် ကိုးရိုးကားရားနှင့် ထလာ
လေသော နွားနောက်မ အသေကို ထိတ်ထိတ်လန့်လန့်နှင့် ငေးကြည့်
ကြ၏။

မနားတမ်းသည် နွားနောက်မ၏အမြီးကို အရင်းကနေပြီး ဖြ
လိုက်၏။ ပြီး နွားနောက်မ ပါးစပ်ထဲ လည်ချောင်းထိ ရောက်အော
ထိုးထည့်လိုက်၏။ ပါးစပ်ကလည်း "ရော့ နင့်အမြီး နင့်တံပူ (ဒန်ပူ)
ဒီပန်း ပန်ထား"ဟု ပြောပြီး ခေါင်းတွင် တောပန်းတောင်ပန်းတွေ ပန်
သည်။ ပြာတစ်ဆုပ်ကောက်ကာ "နင့်မျက်နှာ နင်လှအောင် သနပ်
သိမ်း ဒါမှ ညကျ နင့်လင်လာမှာ" ဟုပြောပြီး နွားနောက်မ မျက်နှာ
ပြာတွေ ဖုတ်တွေနှင့် လိမ်းပေးနေပြန်သည်။

ဒါနှင့်မပြီးသေး။ မနားတမ်းက နွားနောက်မကို ခြေထောက်
ကန်ပြီး "ဟော့ကောင်မ ငါ ပြောတာ ကြားလား၊ ညကျရင် နင့်လင်
နင် ရအောင်ခေါ်၊ ငါတို့နဲ့ နင့်လင်နဲ့ သူသေကိုယ်သေ တိုက်ခိုက်ကြမ
ငါတို့ ဒီမြေကျင်းထဲမှာ ရှိနေတယ်ဆိုတာ နင့်လင် လာရင်ပြောလို
ငါ ပြောတာ မှတ်မိလား ကမြင်းမ"ဟု ပြောကာ နွားနောက်မခေါင်း
ဖနောင့်ဖြင့် သုံးချက်ပေါက်ပြီး မြေကျင်းထဲ ဝင်ကြရန် ပြောသည်။

မနားတမ်းကမူ နောက်ဆုံးမှ မြေပုန်းကျင်းထဲ ဝင်၏။ ပြီး ကျင်း
တွင် အသင့်ပြုလုပ်ထားသော သစ်တုံးများကို လှမ်းယူပြီး မြေကျင်းထဲ
ကန့်လန့်ဖြတ် ခင်းမိုးထားလိုက်သည်။ ကျားလာလျှင် ပစ်နိုင်အောင် သူ
ရှေ့က သစ်တုံးကြီးများကို ကျဲကျဲစီ ဖိထားလိုက်သည်။

မနားတမ်းအပါအဝင် မုဆိုးသုံးယောက် မြေကျင်းအောင်းနေ
သော နေရာနှင့် အစိမ်းတိုက်ဖုတ်သွင်းထားသော နွားနောက်မ အ
ရှိသော နေရာမှာ တစ်လံလောက်သာ ကွာလေသည်။ ကျင်းထဲက ကြ
လျှင်တော့ အစိမ်းတိုက်ထားသော နွားနောက်မအသေကို လုံးဝမမြင်
မနားတမ်းနှင့် မုဆိုးသုံးယောက် မြေကျင်းထဲ ဝင်ပုန်းလိုက်ကြသောအခ
မှာ နေပင် မဝင်သေး။ နေရောင်ခြည်များကို တောင်ထိပ်ပေါ် ဟိုထ
ကွက် သည်တစ်ကွက် မြင်နေရတုန်းပင် ရှိသေး၏။





မြေထဲက ပုန်းကျင်းထဲ ရောက်နေသည်နှင့်တစ်ပြိုင်နက် မုဆိုးသုံး
ယောက်မှာ ရင်တထိတ်ထိတ်နှင့် ကျားဆိုးကြီးကို စောင့်ကြိုနေကြလေ
သည်။

III

နေရောင်ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် ပိုးကောင်းမွှား
ကောင်များ၏ တစီစီ အော်မြည်သံတွေမှာ ဆူညံလာသည်။ လရောင်မရှိ
ကြယ်ရောင် မထိုးဖောက်နိုင်သဖြင့် မနားတမ်းအပါအဝင် မုဆိုးသုံး
ယောက် ဝင်ပုန်းနေကြသော မြေကျင်းထဲမှာ ပိန်းပိတ်အောင် မှောင်လာ
သည်။ ဘေးချင်းကပ်ထိုင်နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက်
မြေကျင်းထဲတွင် မမြင်ကြရ။ အငွေ့ရှု၍သာ သူ့ဘေးကိုယ့်ဘေး လူရှိနေ
ကြသည်ကို သိနေရသည်။ စကားကို လုံးဝ မပြောကြ။

မနားတမ်းအပါအဝင် သူတို့ မုဆိုးသုံးယောက် ဝိတိုရိယကျားဆိုး
ကြီးကို ပစ်သတ်ရန် အကြံအစည်နှင့် နွားနောက်မ အသေကောင်ကို
ဖုတ်သွင်း အစိမ်းတိုက်ပြီး မြေကျင်းအောင်းနေကြသည်ကိုလည်း မည်သူမျှ
မသိကြ။ မုဆိုးများပီပီ သစ္စာရှိစွာ ဤအကြံအစည်ကို အိမ်က မိန်းမဖြစ်သူ
များကိုပင် မပြောကြချေ။ မနားတမ်းအနေကမူ ပို၍ သင်ခန်းစာရထား
သဖြင့် မနားတမ်းမိန်းမကလည်း လုံးဝမသိ။ ကျားဆိုးကြီးအကြောင်း စုံစမ်း
စနည်းနာရန်၊ သို့မဟုတ် ရွာထဲတစ်အိမ်အိမ်တွင် ရှိနေလိမ့်မည်ဟုသာ
ထင်ထားကြသည်။

ထို့ကြောင့် ကျားဆိုးကြီးရန်ကို ကြောက်နေကြသော ရွာသူရွာသား
တွေမှာ မိုးချုပ်နေဝင်သည်နှင့်တစ်ပြိုင်နက် ရွာထဲမှ သံပုံးတီးသံ၊ ဝါးဆစ်
ဖောက်သံ၊ တုံးခေါင်းခေါက်သံတွေကို ချင်းရွာများ ရှိရာ တောင်ကြိုတောင်
ကြားမှ ကြားရသည်။ သို့သော် မနားတမ်းနှင့် ကျန်မုဆိုးနှစ်ယောက်မှာ
ထိုသံပုံးတီးသံ၊ ဝါးဆစ်ဖောက်သံ၊ တုံးခေါင်းခေါက်သံတွေကို စိတ်မဝင်စား၊
ကျားဆိုးကြီးအလာကိုသာ ရင်တမမနှင့် မိမိတို့သေနတ်ကို ချိန်ကာစောင့်
နေကြ၏။ ညရှစ်နာရီလောက် ကြာသောအခါ သူတို့ စောင့်နေကြသော
နေရာအထက်ရှိ တောင်ကမ်းပါးယံကြောမှ ချေငယ်တစ်ကောင် အထိတ်
တလန့် ဟောက်သံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားလာပြီဟူသော သဘောနှင့် မနားတမ်းက ကျန်လူနှစ်ယောက်ကို လက်ကုတ်လိုက်၏။

မနားတမ်း ဖုတ်သွင်းအစိမ်းတိုက်ထားသော ဝိတိုရိယနတ်ကျားကြီး လာပြီဟူသော အသိကြောင့် ကျန်မုဆိုးနှစ်ယောက်မှာ ရင်ထဲအေးခနဲဖြစ်သွားကြသည်။ အမှန်က မနားတမ်း ဖုတ်သွင်းအစိမ်းတိုက်ထား၍ မဟုတ်၊ ရွာတိုင်းက သံပုံးတီး၍ ဝါးဆစ်ဖောက်ကြ၊ တုံးခေါက်ကြလုပ်နေကြသဖြင့် အနားမကပ်ရဲသော ကျားဆိုးကြီးသည်. . သူ့ဝမ်းပူဆာ မနေသာတော့သဖြင့် တစ်နေ့ညက ကိုက်သတ်ထားခဲ့သော နွားနောက်မအသေရှိရာသို့ လာနေခြင်းသာ ဖြစ်သည်။

ချောက်သံမဆုံးခင်တွင် ဝေါင်းခနဲ ကျားဟိန်းသံကြီးတစ်ခုကို ကြားလိုက်ကြရပြန်သည်။ စောစောက တစီစီ အော်မြည်နေကြသော ပိုးကောင်မွှားကောင်များ၏ တွန်မြည်နေကြသံမှာ ချက်ချင်းတိမ်သွားလေသည်။ ကျားကြီးသည် သူတို့သုံးယောက်ရှိရာ၊ သို့မဟုတ် ဖုတ်သွင်းအစိမ်းတိုက်ထားသော နွားနောက်မရှိရာနှင့်နီးလာပြီ ဆိုသည်ကိုတော့ အတွေ့အကြုံအရ သိလိုက်ကြသည်။

ကျားများသည် သူတို့ကိုက်သတ်ထားခဲ့သော သားကောင်ရှိရာသို့ လာရာတွင် ဤသို့ သူ လာနေပြီဆိုသည်ကို တခြား တောတိရစ္ဆာန်များ သိအောင် အသံပေးတတ်သည်။ ဤသဘောမှာ "ငါ တောဘုရင်လာပြီဟေ့. . . ငါ သတ်ထားခဲ့တဲ့ သားကောင်ကို ခိုးစားနေကြတဲ့ ခွေးအ၊ တောကြောင်၊ သစ်ကြောင်များနဲ့ သားစားတိရစ္ဆာန် အစုတ်ပလုတ်တွေ ရှောင်ကြရှားကြလော့"ဟု ကြုံးဝါးအသံပေးလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ချက် ဝေါင်းခနဲအသံနှင့်အတူ ကျားဆိုးကြီးသည် နွားနောက်မ အသေကို ခုန်အုပ်လိုက်သည်။ ထိုအခါ ဤလို ဖုတ်သွင်းအစိမ်းတိုက်ထားသည် ဆိုသော အဖြစ်အပျက်မျိုးကို တစ်ခါမျှ မကြုံဖူးသော မုဆိုးတစ်ယောက်မှာ လန့်ဖျပ်ပြီး ဟယ်ခနဲ အသံထွက်သွား၏။

ထိုမုဆိုး၏ ပါးစပ်ကို မနားတမ်းက လက်နှင့် ကမန်းကတန်း ပိတ်လိုက်စဉ်မှာ ကျားကြီးဆီက ရန်မူသံတစ်ချက်ကို မနားတမ်း ကြားလိုက်ရသည်။



ကျားတို့၏သဘာဝမှာ ကြောင်ကဲ့သို့ပင် မိမိ ကိုက်သတ်ထားသော ...သကောင်ကို မစားခင် ဆော့ကစားတတ်ရာ နွားနောက်မ အသေရှိရာ ... ဖြုံးဖြုံးဖြောက်ဖြောက် အသံတွေကို ကြားရသည်။ ကျားအစာ ဂုစား ...နိုင်တွင် တိုးညင်းသောအသံများ ကျားပါးစပ်ထဲက ထွက်လာ၏။

ဤသည်ကိုပင် မုဆိုးတစ်ယောက်က "ဒါ ဘယ်လိုအသံလဲ"ဟု ...တမ်းကို တိုးတိုးလေးမေးရာ. . . "ဘာလို့ သောက်စကား ရှည်နေ...လဲ"ဟူသောသဘောဖြင့် နောက်မုဆိုးတစ်ယောက်က သူ့ပါးစပ် ...ပိတ်လိုက်သလို လှမ်းပိတ်လိုက်ရာ၊ ထိုမုဆိုးမှာ ရုတ်တရက်လန့်ပြီး ...ကို"ဟု အသံထွက်သွားပြန်၏။

ထိုအသံကြောင့်ပင် ကျားကြီးသည် သူတို့မုဆိုးသုံးယောက်ရှိရာကို ...င်းခနဲ ခုန်အုပ်လာတော့သည်။ ထိုအခါမှာလည်း မုဆိုးနှစ်ယောက်မှာ ...ပြီ. . တစ်ခါ "ဟယ်ခနဲ" အသံထွက်သွားကြပြန်၏။ မနားတမ်းက ...ည်း ကျားကြီးကိုပစ်ချိန်မရလိုက်၊ အပေါ်တွင် ခင်းဖုံးထားသော သစ်လုံး ...သော ရွေ့လျားလှုပ်ရှားသွားကြသည်။

ဤအချိန်မှာတော့ ကျားက လူများ ရှိနေသော မြေကျင်းကို သိသွား...ပြီ၊ ထို့ကြောင့် ကျားဆိုးကြီးသည် နွားနောက်မအသေကို လုံးဝလှည့် ...ည့်တော့ဘဲ မနားတမ်းတို့ ဝင်ပုန်းနေကြသော မြေကျင်းနားကိုသာ ...ည့်ပတ်ပြီး လူကို လိုက်ရှာနေတော့သည်။

ပါးစပ်ကလည်း ဝမ်းခေါင်းသံကြီးနှင့် မြည်ဟစ်နေ၏။

"ဝေါင်း"

"ဒိုင်း. . ."

"ပစ်. . . ပစ်. . ."

"ဒိုင်း. . . ဒိုင်း. . ."

ကျားကြီးသည် သူတို့အပေါ် ခုန်အအုပ်တွင် သစ်တုံးနှစ်တုံးကြား ...ေ ရိုပ်ခနဲမြင်လိုက်သော ကျားဆိုးကြီးကို မနားတမ်းက တိုမီနှင့် တည့် ...လိုက်သည်။

ရုတ်တရက် ကြောင်ပြီး ကြောက်နေကြသော မုဆိုးနှစ်ယောက်ကို ...ည်း "ပစ်. . . ပစ်"ဟု အားမလိုအားမရ အော်ပြောရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြောက်ကြောက်ရွံ့ရွံ့ ပစ်လိုက်သော မုဆိုးနှစ်ယောက်
ချက်မှာ ကျားကြီးကို လုံးဝထိပုံမရ။ သစ်လုံးကြီးနှစ်လုံးကြားမှ ပစ်လို
သဖြင့် မနားတမ်းကလည်း သူ့ပစ်ချက် သူ့အားမရ။ ကျားကြီးကို ထိမှ
မထိမှန်း မသိပေ။ ကျားဆိုးကြီးသည် ဝမ်းခေါင်းသံကြီးနှင့် ရပ်ရွာက
သူတို့ရှိရာကို လှည့်ပတ်ပြီး နောက်ထပ် ခုန်အုပ်ကိုက်သတ်ရန် အ
သူနေပြီဆိုသည်ကိုတော့ မနားတမ်းက အတပ်သိလိုက်လေပြီ။

ထို့ကြောင့် ယခုအခါမှာ သူတို့ပုန်းနေရာကို ကျားသိသွားမှာလည်
ငြိမ်နေ၍ မရတော့။ ကျားကလည်း သိသွားပြီ။ "မထူးတော့ဘူး၊ သူ
ကိုယ်သေတိုက်ဖို့ ငါတို့ စိန်ခေါ်ထားတာပဲကွ၊ မင်းတို့ ခုမှ ကြောက်
ကြပလား၊ သစ်လုံးတွေကြားထဲကြည့်နေကြ၊ မျက်တောင်မခတ်နဲ့၊ သစ်
တွေ ကြားက ကြယ်တွေကို မြင်ရတယ် မဟုတ်ဘူးလား၊ အဲဒီကြယ်
ကွယ်တဲ့ နေရာကို ထိုးပစ်၊ ကျားက တို့ရှိတဲ့နေရာကို သိသွားပြီ၊ ခုန်အ
လာလိမ့်မယ်"

မနားတမ်း၏ စကားမဆုံးခင်ပင် ကျားဆိုးကြီးက ဝေါင်းခနဲ ဟိ
ဟောက်ကာ ဝုန်းခနဲ ခုန်အုပ်လာ၏။ သစ်လုံးတွေနှင့်ထိကာ ကျင်းဘေး
ကျွမ်းပစ်ခုန်သွားသည်။ မနားတမ်းတို့မှာလည်း ပစ်ရန်အချိန်မရလို
ကျားကြီးကိုက်ဆွဲသွားသဖြင့် ပေါင်လုံးလောက်သာရှိသော အပေါ်အ
သစ်လုံးတွေမှာ ကစဉ့်ကလျားဖြစ်သွားသည်။

သို့သော် သစ်လုံးတွေကို လက်နှင့်လှမ်းဆွဲပြီး ပြန်မစီရဲကြ။ ကျား
လည်း သူတို့အနားတွင် လှည့်ပတ်၍ ကျင်းထဲက လူများကို ဆွဲထုတ်ကို
သတ်ရန် အကြံယူနေလေပြီ။ သူတို့သုံးယောက် မှန်းထားသော ရှေ့
ပေါက်မှာလည်း ယခုအခါ သစ်လုံးတွေ ကစဉ့်ကလျား ဖြစ်သွားလေပြီ

ထို့ကြောင့် ကျားကြီး ဘယ်နေရာကနေ ခုန်ဝင်လာမည်နည်း . .
ဆိုသည်ကိုသာ ရင်တမမနှင့် တိုးမီချိန်ပြီး စောင့်ကြည့်နေကြသည်။

မနားတမ်းကလည်း သူ့လူနှစ်ယောက်ကို သတိမလစ်ကြ
တတွတ်တွတ်ပင် ပြောပေးနေရသည်။

"ဝေါင်း"

"ဒိုင်း. . . ဒိုင်း"





ဤတစ်ခါတော့ ဖွံ့မာန်ကြီးသော ကျားဆိုးကြီးကို ထိသွားသည်မှာ အမှန်ပင်။ သို့သော် တစ်ချက်လား၊ နှစ်ချက်လား ဆိုသည်ကိုတော့ တိတိကျကျ မသိရ။ မုဆိုးသုံးယောက်ထဲက တစ်ယောက်က မပစ်လိုက်ရ။ ကျားကြီးမှာ သူ့နောက်ဘက် ခေါင်းပေါ်က ခုန်ဝင်လာသဖြင့် လွတ်သွားသည်။ ဤသည်ကို တတွတ်တွတ် သတိပေးနေသည့်ကြားထဲက လွတ်သွားရမလားဟု မနားတမ်းက အော်ဆဲ၏။

တိုမိကျည်ထိသွားသော ကျားဆိုးကြီးသည် ပို၍ ရန်ငြိုးကြီးလာကာ မုဆိုးသုံးယောက်ကို အသေအကျေတိုက်ခိုက်ရန် လှည့်ပတ်အကွက်ရှာနေသေး၏။

အချိန်မှာလည်း သန်းခေါင်ပင်ကျော်သွားလေပြီ။

သည်လိုနှင့် ကျားဆိုးကြီးသည် မနားတမ်းတို့ ရှိရာသို့ ခုန်အုပ်လာပြန်သည်။ မနားတမ်းတို့ကလည်း သစ်လုံးတွေကြားထဲက ရသမျှ အခွင့်အရေးကို အသုံးချပစ်ခတ်နေကြသည်။ ကျားဆိုးကြီးက ခဏခဏ လာခုန်အုပ်နေသဖြင့် သစ်လုံးတွေမှာ အားလုံးကစဉ့်ကလျား ဖြစ်ကုန်ကြလေပြီ။

ဒါနှင့်လည်း ကျားဆိုးကြီးသည်ထွက်မပြေးသေး။ ပို၍သာ မာန်ကြီးလာကာ မနားတမ်းတို့ ခေါင်းပေါ်ရှိ သစ်လုံးကြီးတွေအောက်တွင် ရန်သူရှိနေသည်ကို အတပ်သိသဖြင့် သစ်လုံးများကို ဖယ်ထုတ်ကာ ရန်သူကို တိုက်သတ်ရန် မနားတမ်းတို့ ခေါင်းပေါ်ရှိ သစ်လုံးကြီးတွေကို မာန်ဖြင့်ပြီး ကုတ်ခြစ်ဆွဲဖယ်လာပြန်သည်။

ဤတစ်ခါတော့ သူတို့ခေါင်းပေါ်က သစ်လုံးကြီးတွေကို လာပြီး ကုတ်ခြစ်ဆွဲဖယ်နေသော ကျားဆိုးကြီး၏ ရင်ဝတည့်တည့်ကို သုံးယောက်လုံး ချိန်ရွယ်ပြီး တစ်ပြိုင်တည်း ပစ်ထည့်လိုက်ကြသည်။

"ဒိုင်း. . ဒိုင်း . . ဒိုင်း. . ."

သည်အချိန်တွင်တော့ ကျားဆိုးကြီးမှာ "ဝေါင်း"ဟုပင် ခြိမ်းခြောက်အော်ဟစ်နိုင်တော့ဘဲ ဝူးဝူးဝါးဝါးသာ အော်ညည်းကာ ကျွမ်းသုံးလေးပတ်ပြန်ပြီး တောင်စောင်းအတိုင်း လိမ့်ကျသွားသံကို ကြားလိုက်ရသည်။

သို့သော် မိုးစင်စင် မလင်းသေးသဖြင့် မနားတမ်းတို့ မုဆိုးသုံးယောက်မှာ အပြင်သို့ ထွက်မကြည့်ဝံ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးကြီး နောက်ထပ် လာခုန်အုပ်လေဦးမလားဟူသော စိုးရိမ်စိတ်နှင့် တိုမီကို ကျည်ထိုးကာ အသင့်စောင့်နေကြ၏။

တစ်နာရီခန့်ကြာသည်အထိ ကျားဆိုးကြီးကား ပေါ်မလာတော့။

မိုးလင်းသွားပြီ ဖြစ်သဖြင့် . . .

မြေကျင်းထဲမှ သတိဝီရိယနှင့် ထွက်ကြည့်ကြရာ. . .

ကျားဆိုးကြီးမှာ တောင်စောင်းတစ်နေရာ၌ သေနေရှာလေပြီ။

❁❁❁

## မုဆိုးနှင့်တွေ့သွားသော မုဆိုး

ဘွန်ကောသည် ရေခဲမှိုများပေါက်တတ်သော ထင်းရှူးတောစပ်နား ဘက်လျှောက်လာသည်။

ရေခဲမှိုကြိုက်သော ကတိုးကောင်များသည် ဝံပုလွေ ချိုင့်ဝှမ်းပေါ် နေရောင်ခြည်ကျရောက်နေချိန်တွင် နေပူဆာလှုံရင်း ရေခဲမှိုစားရင်း ထင်းရှူးတောစပ်နား ရှိနေတတ်သည် မဟုတ်ပါလား။

တစ်နေ့လုံးရှာသော်လည်း ကတိုးတစ်ကောင်တလေ၏ အရိပ်အခြည်ကိုမျှ မတွေ့မမြင်ရသောအခါတွင် ဘွန်ကောစခန်းနားသို့ ပြန်လာသည်။ စခန်းနားရှိ ထင်းရှူးပင်ငုတ် တစ်ငုတ်ပေါ်တွင် ညနေဘက် နေဆာဘက်လှုံနေသော ရေခဲငှက်တစ်ကောင်ကို မြင်ရ၏။

လေးနှင့်လှမ်းပစ်လိုက်သည်။

မြားစူးတန်းလန်းနှင့် ပြုတ်ကျလာသော ရေခဲငှက်ကို မြေခွေးတစ်ကောင်က လှစ်ခနဲ ဝင်ဆွဲသွား၏။

ဘွန်ကောမှ ဒေါသဖြစ်ရပြန်သည်။

"တောက်, ခွေးတိရစ္ဆာန် ငါ လေးနဲ့ ထပ်ပစ်လိုက်ရင် ဝံပုလွေစာ ဖြစ်သွားပြန်ဦးမယ်"

■

နှင်းများသည် တဖြည်းဖြည်းပါးလျားသွားကြလေပြီ။ ဘွန်ကော၏စခန်းသို့ ရောက်ခါစလို ညညတွေမှာပင် တဖြောက်ဖြောက်ကြွေသံကို ကြားရတော့။ ထင်းရှူးပင်ဖျားများမှာလည်း ကျီးပေါင်းဖတ်တွေ အထပ်ထပ်ကွာကျကာ ရွက်နုပုရစ်တို့ပင် ပြူစပြုလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်တွင်လည်း နှင်းမြှုပ်နှင်းဖတ်များကို မမြင်ရတော့။ တောတောင်တို့သည် စိမ်းလန်းလာကြ၏။ သေသီမြင့်ခေါင်လွန်းသော ရေခဲတောင်ချွန်း တောင်ထိပ်များပေါ်မှာမူ နှင်းမြှုပ်နှင်းမြူတွေနှင့် ရေခဲဦးပေါင်းဆောင်းထားကြတုန်းပင် ရှိသေးလေ၏။

ဤလို နွေဦးပေါက်ရာသီသည် ကတိုးအပစ်ရဆုံး ရာသီဖြစ်သည်။ အမွေးအကြိုင်ကြိုက်သော ကတိုးကောင်များသည် ပန်းမွေးများနှင့် ရေခဲမှိုများကိုစားရန် ဝံပုလွေချိုင့်ဝှမ်းသို့ မလွဲမသွေ ဆင်းလာကြတော့မည်ကို အတွေ့အကြုံအရ ဘွန်ကော သိထားလေသည်။

ပြီး ကတိုးကောင်များ၏ မိတ်လိုက်ရာသီလည်း ဖြစ်လေ၏။

အခြေလေးချောင်းရှိသော တိရစ္ဆာန်များထဲတွင် အမက အထီးကို မြန်လိုက်ကတ်သော သဘာဝလေ့မှာလည်း ကတိုးတစ်မျိုး၌သာ ရှိလေသည်။ ပြီး ကတိုးထီးနှင့် ကတိုးမများသည် အခြားအခြားသော တိရစ္ဆာန်များနှင့် မိတ်လိုက်ပုံချင်း မတူပေ။

သဘာဝ Instinct ဗီဇစိတ်အရ ရာဂစိတ်ဝင်လာသော ကတိုးမသည် ကတိုးထီးကို ရေခဲပြင် ရေခဲတောင်အနှံ့ လိုက်ရှာတတ်သည်။

များသောအားဖြင့် ကတိုးကောင်များသည် ပေရှစ်ထောင်ကျော်မြင့်သော ရေခဲတောင်ပေါ်၌သာ ကျက်စားတတ်ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ကတိုးကောင်များကို ကချင်ပြည်နယ် အရှေ့မြောက်ဖျား၌သာ တွေ့ရတတ်သည်။

ကတိုးထီးများသည် မိတ်စိတ်ဝင်နေသော ကတိုးမများကို ရှောင်ပြေးကြသည်။ သို့သော် သူတို့ပြေးလမ်းတစ်လျှောက်တွင် ကတိုးထီးများ၏ ကိုယ်နံ့ ကျန်ခဲ့သဖြင့် ကတိုးထီးများသည် ကတိုးမ,များလက်ထဲက ပြေးမလွတ်တတ်ကြပေ။

ကတိုးမများသည် ရှေ့ကပြေးသွားသော ကတိုးထီးများကို အမီလိုက်ကာ ကတိုးထီး၏တိုနံ့နံ့ အမြီးကို တအားစုပ်ငုံလေ့ရှိသည်။ ကတိုးထီး၏ အမြီးဖျားတွင် နို့သီးခေါင်းကဲ့သို့ အဖုကလေးများနှင့် အပေါက်ကလေးများ ပါရှိသည်။ ကတိုးမက အထီး၏အမြီးကို စုပ်ယူလိုက်သောအခါ ထိုအမြီးဖျားမှ သန္ဓေရည်တွေ ထွက်လာတတ်၏။





ထိုအခါ ကတိုးမရော၊ ကတိုးထီးပါ လိင်စိတ်တွေ ပြေငြိမ်းသွားလေသည်။

ကတိုးကောင်တို့၏ သဘာဝကို သိထားသော ဘွန်ကောသည် ကောင်များ ကျက်စားတတ်သော နေရာများကို တစ်ခုပြီးတစ်ခု ရှာလျက်ရှိလေသည်။

သို့သော် ယခုထိ ကတိုးတစ်ကောင်တလေ ကိုမျှ ရေခဲတောင် တွင် မတွေ့ရသေးပေ။ သူ ကတိုးလိုက်ရန် ကတိုးပစ်ရန် ရှာက လာသည်မှာ နှစ်ပတ်။

လဝက်ပင် ရှိသွားလေပြီ။

■

ဝံပုလွေတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူသံကို ကြားရ၏။ ဝံပုလွေ သံရှည်ဆွဲအော်သံကို ကြားရခြင်းမှာ နှင်းမုန်တိုင်းများ စဲတော့မည် သာ အမှတ်အသားပင်။ ရေခဲတောင်ပေါ်တွင် နှင်းမုန်တိုင်းကြီးကျနေ ဘွန်ကော ဂူအောင်းနေခဲ့ရသည်မှာ သုံးညပင် ရှိသွားလေပြီ။

ဝံပုလွေများ၏ သံရှည်ဆွဲအူသံကို ဟိုမှသည်မှ ကြားလာရ၏။ အော်မြည်တိုက်ခိုက်နေသော နှင်းမုန်တိုင်းကြီးသည် နာရီပိုင်း ရပ်စဲသွားလေသည်။ မိုးမလင်းသေးသဖြင့် ဂူဝတွင် မီးမွှေးရင်း အသားခြောက်ဖုတ်ရင်းနှင့် ဘွန်ကော မိုးအလင်းကို စောင့်နေ သည်။

လင်းသည်နှင့်တစ်ပြိုင်နက် ကတိုးရှာထွက်လာရပြန်၏။

ရက်သုံးည နှင်းမုန်တိုင်းကြီး ကျသွားသဖြင့် ရေခဲပြင်ပေါ်ရှိ ပင်ကြီးတွေမှာ အကုန်လုံးလိုလို လဲပြိုကုန်ကြသည်။ ယခင်က သည်ထားခဲ့သော ထင်းရှူးပင်ကြီးများကို ရေခဲလွင်ပြင်ပေါ်တွင် ရတော့။

တိုးကွဲတဲ ကျန်ခဲ့သော ထင်းရှူးပင်များ အကြိုအကြားထဲတွင် ကား မျက်စိတစ်ဆုံး ကျယ်ပြန့်နေလေသည်။

ဆောင်ကျောက်တုံးကြီးများပေါ်တွင် နေဆာလှုံနေကြ များသည် ဘွန်ကောကို မြင်သောအခါ ထပျံကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငှက်များကို လိုက်ချောင်းနေကြသော မြေခွေးများနှင့် ဝံပု
များသည်လည်း ကျောက်ဆောင်ကျောက်တန်းများပေါ်မှ အလျှိုအ
ပေါ်လာကြသည်။

ဘွန်ကောသည် ဝံပုလွေချိုင့်ဝှမ်းအစဘက်သို့ ထွက်လာခဲ့
သည်။

ရေခဲမို့ကျင်းတစ်ခုနားတွင် ကတိုးတစ်ကောင်ကို ရိပ်ခနဲမြင်လို
ရသဖြင့် ဘွန်ကော ဝမ်းသာသွား၏။ ကတိုးကောင်ကို ဒူးလေးနှင့်ပစ်
သူ လိုက်ချောင်း၏။ ကတိုးကောင်သည် သူ့ကို ရိပ်မိသွားသဖြင့် ချက်
လစ်ပြေးသည်။ သူလည်း ကတိုးကောင်နောက်ကို ပြေးလိုက်ရ၏။

ရေခဲပြင်ပေါ်တွင် အင်မတန်အပြေးသန်သော ကတိုးကောင်
သူ တော်တော်နှင့် လိုက်မမီပေ။ သို့သော် မုန်တိုင်းကြောင့် ထင်းရှူး
များ ကျိုးတိုးကျဲတဲ ကျန်ခဲ့ရာ ရေခဲပြင်ပေါ်တွင် ပြေးလွှားနေသော က
ကောင်ကို သူ လှမ်းမြင်နေရ၏။ ကတိုးကောင်သည် ဝံပုလွေချိုင့်ဝှမ်းအ
ရေခဲတောင်ကြောပေါ် တရကြမ်းတက်ပြေးသွား၏။

ဘွန်ကောလည်း နောက်က ပြေးလိုက်ရသည်။ ဆူးချုံတစ်ခု
ရောက်သောအခါ ကတိုးကောင်သည် မြင်ကွင်းထဲမှ ပျောက်သွား
သို့သော် ဘွန်ကောက ပြေးလိုက်သည်။ ဆူးချုံအလွန်တွင် ကတိုးကေ
ဘယ်ဘက်ပြေးပါလိမ့်ဟု အနံ့ခံကြည့်၏။

ရေခဲပြင်ထဲ ရှိ ကျောက်ဆောင်တစ်ခုနားတွင် မြေခွေးနှစ်ကေ
အော့အန်နေကြသည်ကို လှမ်းမြင်ရသည်။

ဤမျှဆိုလျှင် သူလိုက်နေသော ကတိုးကောင်သည် ထိုဘက်
ပြေးသွားကြောင်း ဘွန်ကော အတပ်သိလိုက်လေပြီ။

ကတိုးကောင်များနှင့် ပက်ပင်းတိုးမိလျှင် မည်သည့်တောတိရစ္ဆ
မျှ ကတိုးနံ့ကို မခံနိုင်ကြပေ။ ကတိုးနံ့ကို ရှူရှိုက်မိသော တိရစ္ဆာန်တိုင်း
အော့အန်ကုန်ကြသည်။ ထို့ကြောင့်လည်း ရေခဲပြင်ပေါ်တွင် မည်သ
သားရဲတိရစ္ဆာန်ကမျှ ကတိုးကောင်ကို ကိုက်သတ်မစားကြချေ။





ကိုက်သတ် စားရန်ကို မဆိုထားနှင့် ကတိုးအနားကိုပင် မသီရဲကြ။ ကတိုးကောင်ပေါ်ရှိ ကတိုးအိတ်မှ ထုတ်လွှင့်သော အနံ့သည် အလွန်စူးရှပြင်းထန်သည်။ အခြောက်ခံပြီးမှမွှေးသော ကတိုးစိမ်းအနံ့ကိုပင် သားကောင်များ မခံနိုင်ကြပေ။ ဤသည်မှာ ကတိုးကောင်များ၏ သဘာဝခုခံရေး လက်နက်ပင် ဖြစ်လေသည်။ ဘွန်ကောသည် မြေခွေးနှစ်ကောင် အော့အန်နေကြသော နေရာဘက် ပြေးလိုက်လာ၏။

ကျောက်ဆောင်တစ်ခုပေါ် ပြေးတက်သွားသော ကတိုးကောင်ကို သူကြည့်သည်။ တောရှင်းနေသော ရေခဲပြင်ပေါ်တွင် ပြေးနေသော ကတိုးကောင်ကို ချက်ချင်းမြင်ရ၏။ ကျောက်ဆောင်ပေါ်က ပြေးဆင်းလာသော ကတိုးကောင် ပြေးရာနောက် ဘွန်ကောလိုက်ရပြန်သည်။

ကတိုးကောင်သည် ကျောက်ဆောင်ကျောက်တုံးကြီးတွေ ပိုများသည့်ရေခဲတောင်ကြောဘက် တက်ပြေးနေ၏။ လေးနှင့်လှမ်းပစ်နိုင်သော ပစ်ကွင်းထဲ မဝင်သေးသဖြင့် မပစ်ရသေး။ ကတိုးကောင်ကိုသာ လိုက်နေရ၏။

ကျောက်ဆောင်တစ်ခုနား ရောက်သောအခါ ဘွန်ကော အံ့အားသင့်သွားသည်။ သူမျက်စိ သူ မယုံကြည်သလိုလည်း ဖြစ်သွား၏။ သူ့ကိုကြောက်၍ ရေခဲကျောက်တန်းတစ်ခုပေါ် တက်ပြေးသွားသော ကတိုးကောင်သည် ဦးတည်ရာလွဲပြီး ထိုကျောက်တန်းပေါ် ကျော်ပြေးမသွားဘဲ ရေခဲလွင်ကြောဘက် ပြန်ဆင်းပြေးလာသည်။

ဘွန်ကောသည် ရေခဲပြင်ကြောဘက် ဆင်းပြေးလာသော ကတိုးကောင်ကို မြားတစ်ချောက် အမီရောက်ရန် ဖြတ်ဆီးရသည်။ ဝံသားရေပြာကို ဖင်ခုတိုင်ကာ ရေခဲတောင်ကြော နိမ့်လျှောအတိုင်း လျှောစီးဆင်းခဲ့၍ ရှေ့က ဖြတ်ဆီးသည်။ သူ တောင်ကြောအတိုင်း လျှောစီးဆင်းချသာစဉ် ကတိုးကောင်ရှိရာဘက်ကိုလည်း မျက်ခြည်မပြတ် လှည့်ကြည့်သာရ၏။

သည်မှာတွင် အံ့ဩစရာ အဖြစ်တစ်ခုနှင့် ကြုံရပြန်လေ၏။

*သူ လိုက်နေသော ကတိုးကောင်နောက်ကို ကျားကြီးတစ်ကောင်လည်း လိုက်လာနေသည်။*



www.burmeseclassic.com

www.burmeseclassic.com



လူမုဆိုးနှင့် တောမုဆိုးကျားကြီးတို့သည် ကတိုးကောင်ကို အပြိုင် လုကြရပေတော့မည်။

ဘွန်ကောသည် လျှောစီးဆင်းလာသော ကိုယ်ရှိန်ကို ရုတ်ခြည်း သတ်လိုက်သည်။ ကျောက်ဆောင်တစ်ခုနားသို့ ပြေးကပ်၏။

အခြေအနေကို အကဲခတ်လိုက်သည်။

အမှန်က ကျားကြီးသည် သူ့ဆရာကြောင်ကဲ့သို့ အပူကြိုက်ဒေသ သားသာ ဖြစ်၏။ ဤလို အစဉ်ထာဝရ အေးခဲနေသော ရေခဲပြင်တွင် ကျားတိရစ္ဆာန်ကို ဘွန်ကော တစ်ခါမျှ မကြုံဖူးမတွေ့ဖူးပေ။ ဤလို ပေ ကိုးထောင်တစ်သောင်းမြင့်သော ရေခဲတောင်ပေါ်တွင် ကျားတို့ မြွေတို့ ဆိုသည်မှာ မတွေ့ကောင်းသော တိရစ္ဆာန်များသာ။

ယခု ဤကျားကြီးသည် ဘယ်က ဘယ်လို ရောက်လာပါလိမ့်။

သူ အမြင်မှားတာများလား၊ တောမှောက်တာများလား။

ထိုသို့ စဉ်းစားလိုက်စဉ် ဝါရင့်မုဆိုးကြီးတစ်ဦး၏ ပြောဖူးသော စကားက ဘွန်ကော၏ ခေါင်းထဲ ဝင်လာ၏။ ထိုအခါ ယခု သူ မြင်နေရသောကျားမှာ တောမှောက်တာ မဟုတ်၊ တကယ့်ကျားမှ ကျားဆိုတာ ဘွန်ကော သဘောပေါက်သွားသည်။ "ကျားများဟာ နှာခေါင်းရှိပေမယ့် အနံ့ပိတ် တိရစ္ဆာန်ဖြစ်တယ်၊ ကျားနှာခေါင်းဟာ အမြဲပုပ်ဟောင်နံစော်နေတော့ သားကောင်နံ့ကို မခံတတ်ဘူး၊ ဒါဟာလဲ သားကောင်တွေအတွက် အခွင့်အရေးပဲ။ ကျားဟာ တခြားသားစားတိရစ္ဆာန်တွေလို အနံ့ခံပြီး သားကောင်ဖမ်းစားတတ်ရင် သားမျိုးအားလုံး ပြုန်းမှာပဲ၊ ကျားဟာ သားကောင်ကို အနံ့ခံမဖမ်းဘဲ ရှာဖွေချောင်းမြောင်းပြီး ပက်ပင်းတွေ့မှ ကိုက်သတ်စားတတ်တဲ့ တိရစ္ဆာန်ပဲ"

ဤသည်မှာ မှန်ပေမည်။ ယခု မည်သည့် တောတိရစ္ဆာန်မျှ အနား မကပ်နိုင်ကြသော ကတိုးကောင်နောက်ကို ဤကျားကြီး လိုက်လာနိုင်သည်မှာ ကတိုးနံ့ကို လုံးဝ မခံစားတတ်။ မရှူရှိုက်တတ်၍ ဖြစ်ပေမည်။ အကယ်၍ ကတိုးနံ့ကိုသာ ရှူရှိုက်ခံစားတတ်လျှင် ဤကျားကြီးသည် စောစောက တွေ့ခဲ့ရသော မြေခွေးနှစ်ကောင်လို မူးမေ့အော့အန်ပြီးလဲကျ ကျန်ခဲ့မည်မှာ မုချပင်။





ဘွန်ကော၏အတွေး မဆုံးလိုက်။ ဝေါင်းခနဲ ကျားကြီးဟိန်းလိုက် နှင့်အတူ ကျားကြီးနှင့် ကတိုးကောင်တို့သည် လုံးထွေးကာ ရေခဲတောင် မှ လိမ့်ကျလာကြ၏။

ဘွန်ကော စောင့်ကြည့်နေရာ ကျောက်ဆောင်အနီးမှာပင် ကတိုး င်ကို ကျားကြီးခုန်အုပ် ကိုက်သတ်လိုက်လေသည်။

ဘွန်ကောသည် ကျားကြီးနှင့် ကတိုးကောင်ကို မျက်တောင်မခတ် ကြည့်နေသည်။ သူသည် နှစ်စဉ်နှစ်တိုင်း ဤဝံပုလွေချိုင့်ဝှမ်းတစ် တွင် ကတိုးပစ်၍ ရဖူးသဖြင့် ဤနှစ်လည်း ကတိုးပစ်ရန် ရောက်လာ လို ဤကျားကြီးသည်လည်း ဤရာသီ၌ ဤချိုင့်ဝှမ်းနားတစ်လျှောက် င် ကတိုးသားစားဖူးထားသဖြင့် တမင်လာချောင်းခြင်း ဖြစ်လေမည်။

ဤကျားကြီးကိုသာ . . . သူက မုဆိုးချင်းပဲဟူသော သဘောဖြင့် ပစ်သတ်လိုက်လျှင် ဤကျားကြီးသည် ဤဝံပုလွေချိုင့်ဝှမ်းတစ်ကြောတွင် ကောင်များ မပြုန်းမချင်း လာရောက်ကိုက်သတ်စားနေပေလိမ့်မည်။

လူမုဆိုးသည် တောမုဆိုးဖြစ်သော ကျားများကို သတ်ဖြတ်ရိုး ထုံးစံ သော်လည်း ဤကျားဆိုးကိုတော့ အရှင်ထား၍ မဖြစ်ဟု အတွေး က်သွားသည်။

ထိုအခါ ဘွန်ကောသည် မြားညှို့ထဲ ထည့်ထားသော ကတိုးပစ် ကို ချက်ချင်းပြန်နုတ်လိုက်၏။ အရေးကြုံလျှင် သက်လုံကောင်းရန် တွက် အမြဲပါတတ်သော တစ်ဆွေ့ခုန် သက်စောင့်မြားတံကို ဆွဲထုတ် သည်။

ဤတစ်ဆွေ့ခုန်မြားဆိပ်မှာ မည်သည့်သက်ရှိတိရစ္ဆာန်ကို မဆို ပေါက်ရုံ ထိမိသည်နှင့် တစ်ချက်သာ ခုန်နိုင်ပြီး သွေးဆိပ်သင့်ကာ ချင်းသေနိုင်သော အပြင်းဆုံးမြားဆိပ် ဖြစ်လေသည်။

ဘွန်ကောသည် တစ်ဆွေ့ခုန်မြားတံကို လေးညှို့ထဲထည့်ကာ . . ကျားဆိုးအား "ဟေ့. . ."ဟု . . .

အသံပေးလိုက်၏။

ကတိုးကောင်ရ၍ ဝမ်းသာနေသော ကျားဆိုးသည် လှည့်ကြား ၍ ဘွန်ကောဘက် ဆတ်ခနဲလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအခွင့်အရေးကို တမင်ဖန်တီးပေးလိုက်သော ဘွန်ကော လေးညှို့ထဲမှ စာစ်ဆွေ့ခုန်မြားတံသည် ဗိုခနဲ မြည်ကာထွက်သွားသည်။

"ဝေါင်းခနဲ..."

တစ်ချက်အော်သံနှင့်အတူ ကျားဆိုးကြီးသည် ကျွမ်းတစ်ပတ် ပစ်ကာ ရေခဲပြင်ပေါ် လဲကျသွား၏။

ကတိုးပစ်ရန် လာသော ဘွန်ကောမှာ မမျှော်လင့်ဘဲ ကျားသား ခွံတစ်ခုပါ အပိုရတော့မည်ဖြစ်ရာ ခြေလှမ်းသွက်လျက် ရှိလေသည်။

❀❀❀

## ကြောက်ကွဲစတ်သော်

နေမွန်းတိမ်းစတွင် သစ်ဆွဲကွဲတစ်ရှဉ်းကို ထမ်းပိုးဖြုတ် လွှတ်လိုက် ည်။

မနက်ငါးနာရီကပင် တောတောင်ကန္တာရမှ သစ်တုံးသစ်လုံးများကို မနက်လုံး သယ်ပိုးထုတ်ဆွဲခဲ့ကြရသော ကွဲနှစ်ကောင်မှာ ထမ်းပိုးဖြုတ် သည်နှင့် တစ်ပြိုင်နက် တညွှည့ မြည်ကာ စားကျက်ရှိရာသို့ ထွက် ကြသည်။

ကွဲနှစ်ကောင် အစာစားရန် ထွက်သွားတော့မှ သစ်ဆွဲ၊ သစ်တိုက် သား ဦးလူမောင်လည်း မနက်ကပင် ထုပ်ယူလာခဲ့သောထမင်းထုပ်ကို တစ်ပင်အောက်တွင် ဖြေစားရသည်။ ဦးလူမောင်သည် ထမင်းစားနေ သူ့ကွဲနှစ်ကောင်၏ ဒိုးဒိုးဒေါင်ဒေါင် ခလောက်သံကို နားစွင့်နေ ၊ သို့မှသာ မိမိ၏ ကွဲနှစ်ကောင်မှာ ဘယ်တောင်၊ ဘယ်တောနားဆီ ်သွားပြီ ဆိုသည်ကို သိရမည် မဟုတ်ပါလား။

ထမင်းစားပြီးသောအခါ သစ်တစ်ပင်အောက်တွင် ဆေးလိပ်ဖွာရင်း သောက် (ဒုံဒင်)သံကို နားစွင့်ရပြန်သည်။ ကွဲခလောက်သံများမှာ တည်ခြောင်းဖျားဘက် ရောက်သွားသဖြင့် သူ ထလိုက်လာ၏။ ်ချောင်းဖျားဘက်မှာ မြိုင်ကောင်းသဖြင့် မြက်ပေါသည်။ ကွဲကြိုက် တ်သော နွယ်ပင် ကျူတောများအပြင် စမ်းပေါက်ကွဲလူးအိုင်များ ရှိရာ သစ်ဆွဲကွဲတိုင်းသည် ကည်ချောင်းဖျားကို ယပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးအုက်သိနေကြသည်။

သူ့ကျွဲနှစ်ကောင်၏ခလောက်သံကို နားစွင့်ကာ ဦးလူမောင် ကည
ချောင်းဖျားဘက် တက်လာသည်။

သွားရင်းလာရင်း ညနေကျွဲကျောင်းအပြန်တွင် ခူးဆွတ်ခုတ်ဖြ
သူသွားနိုင်ရန် တောဟင်း၊ တောင်ဟင်းများကိုလည်း တစေ့တစော
ရှာဖွေကြည့်ရှုလာလေသည်။

ထိုအချိန်မှာပင် ကျွဲခလောက်သံတွေက ရုတ်တရက် ရပ်သွား
ကျွဲများ မှန်မှန် အစာစားနေလျှင် ကျွဲခလောက်သံမှာ ပုံမှန် ဒုံဒင် ဒုံဒ
မြည်နေတတ်သည်။ ယခု ဘာကြောင့်များ ကျွဲခလောက်သံ ရပ်သွား
လိမ့်ဟု သူ တွေးမိသည်။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသဖြင့် စောစော
ကျွဲခလောက်သံများ ကြားရာဘက်သို့ ခပ်သွက်သွက်လျှောက်လာသည်

ကျွဲခလောက်သံများကို ပြန်ကြားရပြန်သည်။

သို့သော် ပုံမှန်မဟုတ်။

ပျောက်သွားလိုက်၊ ပေါ်လာလိုက် ကြားနေရသောအခါ ပိုပြီး စိုးရိ
လာမိသည်။ ကျွဲစားကျက်တွင် အခြားကျွဲများနှင့် တွေ့၍ တစ်ကောင်
တစ်ကောင် ရန်စောင်နေကြလေပြီလား။

ဦးလူမောင်က သူ့ကျွဲနှစ်ကောင်၏ ခလောက်သံကို ပိုပြီး ဂရုစို
နားထောင်နေမိသည်။ တခြားကျွဲများ၏ ခလောက်သံကို သူ မကြား
သူ့ ကျွဲနှစ်ကောင်ဖြစ်သော မဲလုံးနှင့် တိုင်းကျော်တို့၏ ခလောက်သံက
ပြတ်တောင်းပြတ်တောင်း ဒုံဒင်မြည်နေသည်။

ပြတ်တောင်း ပြတ်တောင်း ဒုံဒင်မြည်နေသော ကျွဲခလောက်
ကြားနေရာနားကို သူ ရောက်လာသည်။ သူ ကျွဲနှစ်ကောင်ကို မမြင်ရသေ
သော်လည်း ယခု မြည်နေသော ဒုံဒင်သံမှာ သူ့ကျွဲနှစ်ကောင်၏ ခလော
သံဖြစ်မှန်း သူ အတပ်သိသည်။

ထို့ကြောင့် ခလောက်သံ ကြားနေရသော ကျူတောမြိုင်ဘက်
ဝင်မလိုက်တော့ဘဲ သူ့ကျွဲနှစ်ကောင်ကိုသာ လှမ်းပေး ခေါ်လိုက်၏။

"မဲလုံးရေ. . . ရော့. . ရော့"

"တိုင်းကျော်ရေ . . ရော့. . ရော့. . လာ. . လာ"





သူက အသံကို ဆွဲ၍ အော်ခေါ်လိုက်ကာမှ သူ့ကျွဲနှစ်ကောင်၏
ဒုံဒင်သံမှာ ပိုပြီး မမှန်မကန် ဖြစ်လာသည်။ ဒုံဒင်၊ ဒုံဒင် မြည်နေရာမှ
ရပ်သွားလိုက်၊ မမှန်မကန် ပြန်မြည်သံလာလိုက်နှင့် စည်းဝါးမကျ ဖြစ်
လာ၏။

"မဲလုံးရေ. . . ရော့. . ရော့"

"တိုင်းကျော်ရေ . . ရော့. . ရော့. . လာ. . လာ"

သူ့အသံကို ကြားလျှင် သူ့ကျွဲနှစ်ကောင်မှာ လာနေကျဖြစ်သဖြင့်
ဦးလူမောင်က ထပ်ခေါ်၏။ သို့သော် သူ့ခေါ်သံ မဆုံးခင်မှာပင် ဝေါင်းခနဲ
ကျားဟိန်းသံကြီးတစ်ခုကို ကြားလိုက်ရသည်။

"ဒုံဒင်. . ဒုံဒင်"နှင့် မြည်နေသော ကျွဲခလောက်သံများမှာလည်း
အဆက်မပြတ်ပေါ်ထွက်လာကာ တစ်တောလုံး တစ်တောင်လုံး ဆူည
သွားသည်။

ရုတ်တရက်မှု ဦးလူမောင် ခေါင်းနားပန်း ကြီးသွား၏။ တစ်ဆက်
တည်းမှာပင် လွန်ခဲ့သည့် သုံးလေးရက်က ဦးသာရင် သတိပေးသွားသော
စကားများကို ချက်ချင်း ပြန်လည်ကြားယောင်မိလိုက်သည်။

"လူမောင်. . မင်း . . အခု ဘယ်သစ်ကွက်မှာ ဆွဲနေလဲ၊ ကျွဲတွေကို
ဂရုစိုက်နော်၊ သစ်ပုတ်ပင် တောညိုဘက်မှာ သစ်ဆွဲကျွဲတွေကို ကျားတစ်
ကောင် လိုက်လိုက်ကိုက်နေတာ နှစ်ပတ်လောက်ရှိပြီဆိုပဲ၊ ကျားက ရောမ
တျားကြီး၊ ရဲလည်းအရမ်းရဲတယ်တဲ့၊ ကိုက်သတ်သမျှ ကျွဲတွေကို ကုပ်သွေး
ဖောက်သောက်ပြီး ပစ်ပစ်ထားခဲ့တာ၊ သစ်တောက ဦးစီးမှူးတွေ ကိုယ်တိုင်
လိုက်ချောင်းတာတောင် ကျွဲသေကို ပြန်မစားတဲ့ကျားကို ခုထိ မပစ်မိသေး
ဘူးလို့ ကြားခဲ့တယ်"

သူ ယခု သစ်ဆွဲနေသော ကညင်ချောင်းဘက်မှာ သစ်တစ်ပင်တော
ညိုဘက်နှင့် တောကြော တောင်ကြောချင်း ဆက်စပ်နေသဖြင့် ပိုစိုးရိမ်
သွားသည်။ "ငါ့ကျွဲ တစ်ကောင်ကောင်ကိုတော့ ကျားကိုက်ပလား"ဟူသော
အတွေး မဆုံးခင်မှာပင် သူ့ကျွဲနှစ်ကောင်သည် တည့်တည့်မြည်ကာ ဆော်ချင်း
ပူးပြီး ကျွဲလူးအိုင်နား ကွင်းစသို့ ထွက်လာကြသည်။

"မဲလုံးရေ. . ရော့. . ရော့. . ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ထင်သကဲ့သို့ပင် ကျားကြီးတစ်ကောင်သည် သူ့ကျွဲနှစ်ကောင် နောက်သို့ လိုက်လာနေပြီ။ မည်သို့လုပ်ရမည်နည်း။ ဦးဖွဲ့မောင်သည် အထိတ်တလန့်နှင့် . . .

"ကျားတို့ . . ကျား . . ကျား၊ ဟေး . . ဝေး . . ဝေး"ဟု . . .

တအားအော်ကာ ကျားကို ခြောက်လှန့်သံပေးလိုက်သည်။ သို့သော် ကျွဲများကို ကိုက်သတ်နေကျ ကျားကြီးသည် လူအော်သံကိုပင် လုံးဝ ဂရုမစိုက်ဘဲ ကျွဲနှစ်ကောင်ကိုသာ လှည့်ပတ်ကိုက်သတ်ရန်အတွက် အကွက်ရှာနေ၏။

ဦးလူမောင်၏ မဲလုံးနှင့် တိုင်းကျော် ကျွဲကြီးနှစ်ကောင်မှာလည်း သောအတွေ့အကြုံ ရှိပြီးသားအပြင် လည်သားတက်၊ ဘို့တင်ကြီးများ ရှိကြသဖြင့် တစ်ကောင်နှင့်တစ်ကောင် ဖင်ချင်းပူးကာ ကျားကြီး သူတို့ အနား ရောက်လာတိုင်း ဝှေ့ဝှေ့လိုက်ခတ်နေကြသည်။ ရှုတ်တရက်မှ သစ်ဆွဲကျွဲကြီးနှစ်ကောင်ကို ကျားကလည်း ဝင်မကိုက်ရဲသေး။

အရှင်သခင် ဦးလူမောင်၏အသံကို ကြားရသဖြင့် အားရှိလာသော ကျွဲကြီးနှစ်ကောင်မှာ တညည အသံပြန်ပေးကာ ကျားကြီးကို လိုက်ခတ်နေကြသော်လည်း ဦးလူမောင်ကမူ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သူကိုယ်သူ ဘယ်အချိန်ကပင် ညောင်ကြတ်ပင်တစ်ပင်ပေါ် ရောက်နေမှန်း သတိမထားမိလိုက်။ သူ့ကျွဲနှစ်ကောင်က တညညအော်မည်ကာ သူ့ သခင်ကို နှုတ်ဆက်အားပေးနေကြရာမှ သူကလည်း ကျွဲနှစ်ကောင်ကို ပြန်အော်အားပေးနေရသလို ဖြစ်သွားသည်။

"မဲလုံး . . တိုင်းကျော် . . ဝေး . . ဟေး၊ ကျား . . ဟေး . . ဟေး . . ဒေ လာကြပါဗျို့၊ ကူကြပါဦး၊ ကျုပ်ကျွဲတွေကို ကျားလိုက်ကိုက်နေပြီ"

"ဝေး . . ဟော့ . . ဟော့ . ."

ဦးလူမောင်ကသာ သွေးရူးသွေးတန်းနှင့် သစ်ပင်ပေါ်က လှမ်းအကူအညီတောင်းပြီး ကျားကြီးကို မောင်းနေသော်လည်း အစာမြင်ထားသော ကျားကြီးကမူ ဦးလူမောင်၏ အော်မောင်းသံကို လုံးဝဂရုမစိုက် ကျွဲနှစ်ကောင်ထဲမှ တစ်ကောင်ကောင်ကိုသာ အမိအရ ကိုက်ပြီး ကုပ်သွေးဖောက်သောက်ရန် ကြိုးစားနေ၏။





သို့သော် လည်သားတက် ကျွဲကြီးနှစ်ကောင်ကလည်း ကျားကြီး၏ အထာကို သိသဖြင့် တစ်ကောင်နှင့်တစ်ကောင် ဖင်ချင်းပူး၊ ချိုနှင့်ခံထားကြရာမှ လုံးဝ မခွာ။ သူတို့၏ ချွန်မြရှည်ကားသော ချိုကြီးတွေကို ဆတ်ခနဲ ဆတ်ခနဲ ခါဝှေ့ကာ ကျားကြီးကို လိုက်ခတ်နေကြ၏။

ကျွဲလူးအိုင် ကွင်းစနားတွင် ကျွဲကြီးတစ်ကောင်ကောင်ပေါ် ခုန်တက်လိုက်လျှင် ကျွဲချိုဖျားတွင် ကန့်လန့်အသက်ပါသွားမှာ သိသော ကျားကြီးက ကျွဲနှစ်ကောင်ကို ကိုက်သတ်ရန် အကွက်မဝင်သောအခါ နည်းပရိယာယ်တစ်မျိုး ဆင်လာပြန်သည်။

ကျားကြီးသည် ကျွဲနှစ်ကောင်နား လှည့်ပတ်ချောင်းမြောင်းနေရာမှ ချုံပုတ်တောစနား ဆုတ်သွားသည်။ သူ ဆုတ်သွားသလို ကျွဲကြီးနှစ်ကောင် က လိုက်ပါလာပြီး၊ ချုံပုတ်များကို ဦးချိုနှင့်ဝှေ့ခတ်ကြလိမ့်မည်။ ထိုအခါ ချုံတော်ပေါ်ရှိ ဂုံညင်းနွယ်ပင်ကြီးများနှင့် ဦးချိုငြိပြီး ကျွဲနှစ်ကောင်မှာ ဆင်သလို လှည့်ခတ်၍မရ ဖြစ်သွားနိုင်သည်။

ဤအခါကျမှ ကျားကြီးသည် ချုံပေါ်မှခုန်အုပ်ပြီး ကျွဲကြီး၏ကုပ်ကို ကိုက်သတ်နိုင်မည် ဖြစ်သည်။

ဤနည်းပရိယာယ်နှင့် ကျားကြီးက ကျွဲကြီးနှစ်ကောင်ကို မြူဆွယ် လှည့်ခေါ်နေသည်။ ဤသည်ကို သိနေသော သစ်ပင်ပေါ်မှ ဦးလူမောင်မှာ စိုးရိမ်ထိတ်ထိတ်နှင့် "မဲလုံး ကျားခေါ်ရာကို မလိုက်နဲ့၊ တိုင်း တိုင်းကျော် ချုံကို မလိုက်နဲ့၊ နင်တို့ကို ကိုက်သတ်မလို့ လှည့်ခေါ်နေတာ၊ မလိုက်နဲ့ တောစချုံထဲ ဝင်မလိုက်နဲ့"ဟု ထိတ်ထိတ်လန့်လန့် အော်ပြောနေ၏။

သူ့ကျွဲကြီးနှစ်ကောင်မှာလည်း ဦးလူမောင်စကားကို နားလည်သကဲ့သို့ပင် တညညအသံပြန်ပေးကာ ကျွဲလူးအိုင်နားရှိ ကွင်းစကသာ လည်ခါ ယမ်းလှုပ်၍ ဟန်ရေးပြပြီး မာန်သွင်းနေကြ၏။ ကျွဲနှစ်ကောင် လည်ခါ၊ ချို လှုပ်လေတိုင်း သူတို့လည်ပင်း၌ ဆွဲထားသော ခလောက်များကလည်း ဒုံဒင်မြည်ကာ ကျွဲကြီးနှစ်ကောင်ကို သတိပေးနေကြသည်။

သူ့ကျွဲနှစ်ကောင်သည် ကျားကြီးပရိယာယ်နှင့် လှည့်ခေါ်နေသော တောစချုံပုတ်ထဲ မသိသား ဆိုးဝါးစွာ လိုက်ပါသွားကြလေမလားဟု ရင်တမမနေရသော ဦးလူမောင်မှာ ကျားကြီးက မည်သို့ခေါ်ခေါ် မလိုက်ကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



အရှင်သခင်နှင့်နီးသော ညောင်ကြုတ်ပင်နားကွင်းထဲသို့သာ လှည့်လာ
သည်ကို မြင်ရသောအခါ "ဒါမှ မဲလုံးကွ၊ ငါ့သား တိုင်းကျော်"ဟု စိတ်ထဲ
က ကွဲနှစ်ကောင်ကို ဝမ်းသာအားရ ချီးကျူးနေမိ၏။

သို့သော် သူ၏ဝမ်းသာလုံးက ရင်ထဲမကျခင်မှာပင် ကျားကြီးသည်
ကွဲကြီးနှစ်ကောင်နား ပြန်ရောက်လာပြန်သည်။ ဤကွဲနှစ်ကောင်မှာ
ခထောင်ချောက်ထဲ ဝင်မလာကြသဖြင့် ပိုပြီးဒေါသကြီးလာပုံရသည်။ အ
သေး အသံကြောင်တွေအပြင် ဝမ်းခေါင်းအာခေါင်းသံတွေပါမကျန် ည
ဟောက်မာန်ဖီကာ ကွဲကြီးတစ်ကောင်ကောင်ကို အမိအရ ခုန်ကိုက်
ကွဲကြီးနှစ်ကောင်နား အတင်းတိုးကပ်လာ၏။

သစ်ဆွဲ ကွဲကြီးနှစ်ကောင်မှာ ကျားကြီးအနားကို ရောက်လာသ
နှင့်တစ်ပြိုင်နက် ချက်ချင်းပြန်ပူးလိုက်ကြကာ လှည့်ပတ်ဝင့်ခဲနေကြသည်
သည်လိုနှင့် နာရီဝက်ခန့် ကြာသွားသောအခါ ကျားကြီးမှာ ပိုပြီးဒေါ
ကြီးလာ၏။ နေအညိုမှာ ပိုပြီး ဝမ်းဟာဒေါသကြီးလာသော ကျားကြီးသ
ဝေါင်းခနဲအသံပေးကာ မဲလုံး၏ ကုပ်ပေါ်ကို ရုတ်ခနဲ ခုန်အုပ်လိုက်
သို့သော် မဲလုံး၏ ကုပ်ပေါ်ကို ကျားကြီးက မကိုက်မိလိုက်။ ကျ
ကြီးက ခုန်အအုပ်၊ မဲလုံးက ကျုံးအခတ်တွင် မဲလုံး၏ ရှည်ဝိုင်းချွန်မြသော
ဦးချိုတစ်ဖက်ဖျားတွင် ကျားကြီးက တန်းလန်းစွပ်ပါသွား၏။ ထိုအ
တိုင်းကျော်နှင့် ဖင်ချင်းပူးထားသော မဲလုံးမှာ သွေးရူးသွေးတန်းနှင့် လ
ပင်းကို တအားခါခပ်သည်။ သို့သော် လည်ပင်းတစ်ခြမ်းကို စွဲဝင်
နေသော ကွဲချိုမှ ကျားကြီးကား ပြုတ်ကျမသွား။ ဆန့်ငင်ဆန့်ငင်ဖြစ်
သွေးရူးသွေးတန်းနှင့် လျှောက်ပြေးနေသော မဲလုံး၏ ဦးချိုပေါ်၌
ခလောက်ဆွဲသလို တန်းလန်းကြီးပါနေ၏။

မဲလုံးမှာ ထိတ်ထိတ်လန့်လန့် လျှောက်ပြေးရင်း ချိုတွင် စွပ်ပါ
သော ကျားကြီးကို လည်တယမ်းယမ်းနှင့် ခါထုတ်နေသော နောက်
တိုင်းကျော်ကလည်း ထိတ်ထိတ်လန့်လန့်နှင့် တညွှညွှ အော်ကာ လျှော
လိုက်နေသည်။

သစ်ပင်ပေါ်မှ တက်ကြည့်နေသော ဦးလူမောင်ကမူ အဖြစ်သ
အစုံအလင်ကို မသိသေး။





ကြောက်လန့်တကြား ကြည့်နေသော သူ့အထင်မှာ ကျားကြီးသည်
ခဲလုံး၏ကုပ်ကို မလွတ်တမ်း ခဲထားပြီး ဖြစ်သဖြင့် မဲလုံးမှာ သွေးရူးသွေး
တန်းနှင့် ကွဲလူးအိုင်နား လှည့်ပတ်ပြေးနေပြီဟု ထင်လိုက်၏။

ထို့ကြောင့် အထိတ်တလန့်နှင့် "ဟေး . . ဟေး ကူကြပါဦး၊ ကယ်ကြ
ပါဦး"ဟုသာ သစ်ပင်ပေါ်က အော်ဟစ်နေသည်။

သူ့ဦးချိုပေါ်တွင် တန်းလန်းကြီးပါနေသော ကျားကြီးကို မဲလုံးက
လည်း အကြောက်လွန်နေပုံရ၏၊ ထို့ကြောင့် သူ့အရှင်သခင်အသံကြားရာ
ညောင်ကြုတ်ပင်ကြီးနား ကျားကြီးတန်းလန်းနှင့် ပြေးချလာသည်။

သို့သော် ညောင်ကြုတ်ပင်ရင်းတွင် သူ့အရှင်သခင်ကို မတွေ့ရ
သောအခါ ကြောက်ကြောက်လန့်လန့်နှင့် ညောင်ကြုတ်ပင်ကြီးကို တအား
ဝင်အောင်း ဝှေ့ခတ်ပစ်လိုက်၏။

ထိုအခါမှ သူ့ဦးချိုပေါ်တွင် တန်းလန်းကြီးဖြစ်နေသော ကျားကြီး
မှာ မြေပြင်ပေါ်သို့ ပုန်းခနဲပြုတ်ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ကျားခေါ် တိုက်သူ

သူတို့ရွာသည် ရိုးမနှင့်နီးသည်။ တောတောင် ထူထပ်သည်။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်ကအစ ကျား၊ ဆင်တို့ပါ ရှိသည်။ ထို့ကြောင့် ရွာနီးချုပ်စပ်နှင့် မြို့က တောပစ်ဝါသနာရှင်များသည် သူတို့ရွာသို့ ရောက်လာလေ့ရှိသည်။

ဤတစ်ခါ မြို့ကတောပစ်ရောက်လာကြသူသုံးယောက်မှာ မြေတိုင်းဦးစီးက ဖြစ်သည်။ သူတို့တွင် သေနတ်တစ်လက်ပါသည်။

လယ်ပိုင်ရှင် ဦးလူဝ၏ လယ်များကို လာတိုင်းပေးရင်း ခရီးကြုံ တောပစ်သွားကြမည့်သူများ ဖြစ်သည်။ ဦးလူဝအိမ်မှာပင် တည်းကြသည်။ သူတို့သုံးယောက် တောထဲဝင်ပြီး သားကောင်ပစ်နိုင်ရန် ဦးလူဝက စီစဉ်ပေးရမည် ဖြစ်သည်။

ခက်နေသည်မှာ ဦးလူဝက လယ်ပိုင်ရှင်ကြီးပီပီ ဘုရားတရားနှင့် နေသူ၊ သားကောင်တို့၏အသွား၊ တောတောင်ရေမြေတို့၏ သဘာဝအနေအထားကိုလည်း မသိ။ တောပစ် အမဲလိုက်လည်း လုံးဝ ဝါသနာမပါ။ ထို့ကြောင့် သူ့လယ်ယာမြေများကို လာတိုင်းပေးကြသော မြေတိုင်းဦးစီးက လူများကိုလည်း အားနာသည်။

အားနာပါးနာနှင့်ပင် မြေတိုင်းဦးစီးက ပုဂ္ဂိုလ်များကို သူ မကျွမ်းကျင်ကြောင်း အကျိုးသင့်အကြောင်းသင့် ပြောပြ၏။ မြေတိုင်းဦးစီးက လူများလည်း ဦးလူဝ ပြောသည်ကို သဘောပေါက်လက်ခံကြပါသည်။

သို့သော် တောလိုက် သားကောင်ပစ်ရန် အလွန်ဝါသနာကြီးပုံရသော ဦးစီးမှူးဆိုသူ လူကြီးက . . .



"ဦးလူဝ တောလိုက် ဝါသနာ မပါတာ၊ သားကောင်တွေရဲ့အသွားတို မသိတာ ကျွန်တော်တို့ လက်ခံပါတယ်၊ ကျွန်တော်တို့ ဆိုလိုတာက ဒီလိုပါ၊ ဦးလူဝကိုယ်တိုင် ကျွန်တော်တို့ကို တောထဲလိုက်ပို့စရာ မလိုပါဘူး၊ ရွာက တောကျွမ်းတဲ့ တစ်ယောက်ယောက်ပေါ့ဗျာ၊ ရွာမုဆိုးတွေဘာတွေရရင်တော့ ပိုကောင်းတာပေါ့၊ တစ်ယောက်ယောက်တော့ ရှာပေးပါဗျာ၊ ကျွန်တော်တို့မှာလဲ အင်မတန်သားကောင်ပေါတယ်လို့ နာမည်ကျော်လှတဲ့ ဦးလူဝတို့ ရွာကို ရောက်ခဲ့သားနဲ့ ဘာသားကောင်မှ မပစ်ခဲ့ရဘဲ မြို့ပြန်လာကြတယ်ဆိုရင် ဌာနဆိုင်ရာက ဝါသနာတူတွေဆီမှာ သရော်ခံကြရမှာစိုးလို့ပါ၊ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် ဒီကို လိုက်လာတာလည်း ဦးလူဝ လယ်မြေတွေကို တိုင်းပေးရုံသက်သက် မဟုတ်ပါဘူး၊ သားကောင်လဲ ပစ်သွားချင်လို့ပါ၊ ဦးလူဝ လယ်မြေတွေကို တိုင်းပေးရုံသက်သက်ကတော့ ကျွန်တော့်တပည့်တွေကို လွှတ်လိုက်လဲ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ၊ ဦးစီးမှူးကြီး ပြောတာလဲ ကျွန်တော် သဘောပေါက်ပါတယ်"

"အေးပါဗျာ ကျေးဇူးပါပဲ၊ ဒါဆို ရွာက တစ်ယောက်ယောက်တော့ ရှာပေးစမ်းပါ၊ စောစော ကျွန်တော်ပြောသလို ရွာမုဆိုးတို့ ဘာတို့ရရင်တော့ ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ရွာမုဆိုးတစ်ယောက်တော့ ရှိပါတယ်၊ ကျွန်တော် ခေါ်ပေးပါ့မယ်"

မလွဲသာမရှောင်သာ ဖြစ်နေသော ဦးလူဝသည် မျက်နှာအပျက်ပျက်နှင့် ရွာမုဆိုးယော်ကြီးတို့ အိမ်ဘက် ထွက်လာသည်။

ခါတိုင်း သားကောင်ရှာသူ၊ သားကောင်သတ်သူများကို ဟန့်တားပြစ်တင်စကား ဆိုခဲ့ဖူးသော ဦးလူဝက ယခု သူ့အကျိုးစီးပွားနှင့် ပတ်သက်လာသောအခါ မြို့သားတွေအတွက် သူကိုယ်တိုင် သားကောင်ရှာပေးရန် လာပြောသည်ကို မုဆိုးပီပီ အာကြမ်းလျှာကြမ်းနှင့် ယော်ကြီးက သူ့အား ရန်များဆီးတွေ့လေမလားဟု ဦးလူဝ တွေးပူလာသည်။

ဦးလူဝ ကံကောင်းသွား၏။

ရွာမုဆိုးကျော် ယော်ကြီးကို သူ့အိမ်၌ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပိုင်းတွင် မိကျောင်းတစ်ကောင် ရှိနေသဖြင့် ချောင်းပိုင်းက လူများ လာခေါ်သွားကြသည်ဟု ထော်ကြီးမိန်းမက ပြောသည်။

ဦးလူဝတာ အကျိုးအကြောင်း ထပ်မံပြောပြသောအခါ. . .

"မြို့ကလူတွေ ချေပစ် ဝက်ပစ်လောက်များတော့ ကျုပ်သား ခေါ်သွားသည်း ဖြစ်တာပ၊ ကျုပ်သားက သူ့အဖေနဲ့ တောပစ်လိုက်နေကျပါတော်"

. . . ဟု ထော်ကြီးမိန်းမက ဆိုသည်။

ထို့ကြောင့် တစ်ဆယ့်နှစ်နှစ်သားအရွယ် ထော်ကြီး၏သားကို သူတို့၏ထုံးစံအတိုင်း အမဲခေါင်းတစ်လုံးနှင့် ငွေတစ်ဆယ်ပေးပါမည်ဟု ကတိထောက်ပြုကာ ဦးလူဝ ခေါ်ချလာသည်။

သူ့အိမ်သို့ ရောက်သောအခါ ထော်ကြီးသားမုဆိုးလေးနှင့် မြို့က ဦးစီးမှူးတို့အဖွဲ့ကို တွေ့ပေးသည်။ သူတို့ စရိုက်တူ၊ ဝါသနာတူချင်း စကားဆက်ပြောကြသည်။ ဦးစီးမှူးက ကောင်လေးငယ်ငယ်လေးမို့ "မင်း ဖြစ်ပါ့မလား၊ မင်းအဖေနဲ့ မင်း ဘာကောင်တွေပစ်ဖူးလဲ၊ အဘတို့ ပစ်ချင်တာက ချေတို့ဘာတို့ပေါ့ကွာ၊ မင်း ဖက်မှုတ် (ဖက်စုပ်)ကော တတ်ရဲ့လား၊ မင်းဖက်မှုတ်ရင် ချေက ကျိန်းသေလာပါ့မလား"

. . ဟု အထင်သေးသလို မေးမြန်း စစ်ဆေးသည်။

ဤသည်ကို ကောင်လေးကလည်း မုဆိုးသားကလေးပီပီ မာနနှင့် "အဘတို့ အထက်တောတတ်ပြီး ချေပဲပစ်ချင်လို့လား"ဟု ခပ်တည်တည်နှင့်မေး၏။

"ချေတစ်မျိုးတည်းတော့ သတ်သတ်မှတ်မှတ် မဟုတ်ပါဘူး မောင်ရာ၊ အဘတို့က စာဆိုနဲ့အညီ သမင်၊ ဒရယ်၊ ချေ၊ ငယ်၊ စိုင်၊ ဆတ် တစ်ကောင်ကောင် ပစ်ရရင်တော့ ကျေနပ်ပါပြီကွာ၊ ကျည်ဆန်ဖြုန်းမယ့် ဖွတ် ပဒတ်တော့ လွှဲပါစေလေ၊ ဟား. . . ဟား"

"စိတ်ချ အဘ၊ တခြားအကောင်မပစ်ရတောင် ချေကတော့ စမ်းကြီးအိုင်နားမှာ ပစ်ကိုပစ်ရစေပါ့မယ်၊ ကျွန်တော် ဖက်မှုတ် ဘယ်လောက်ကောင်းလဲဆိုရင် အဖေကတောင် ပြောယူရတယ်"

"ဟင်, ဟုတ်လား၊ မင်းအဖေက ဘယ်လိုပြောယူရလဲလုပ်စမ်းပါဦး"





"ငါ့သား ဖက်မှုတ်ခေါ်ရင်တော့ ချေတင်မကဘူး၊ ကျားတွေ၊ ဆင်တွေတောင် လာရမယ်တဲ့ဗျ"

"ဟား ဟား. . မင်းကိုတော့ အဘတို့ သိပ်သဘောကျသွားပြီကွ၊ မှ တကယ့်မုဆိုးဟေ့"

သည်လိုနှင့် ဦးစီးမှူးတို့အဖွဲ့က တောပစ်ထွက်ရန် ရွာမုဆိုးကျော်ထော်ကြီး၏သား မုဆိုးလေးကို ခေါ်လာခဲ့ကြသည်။

၂

မြို့က ဦးစီးမှူးတို့အဖွဲ့နှင့် ထော်ကြီး၏သားမုဆိုးလေးတို့သည် နေညိုသွားသည်နှင့် စမ်းကြီးအိုင်နား ရောက်လာကြသည်။

မုဆိုးလေး၏ ပြောပြချက်အရ မကြာခင် သမင်၊ ဒရယ်၊ ချေ၊ ငယ်၊ စိုင်၊ ဆတ် တစ်ကောင်ကောင်သည် ဤစမ်းကြီးအိုင်နား ရေသောက်ရန် ရောက်လာလိမ့်မည်။ သူနှင့်သူ့အဖေတို့သည် တခြားနေရာများ၌ သားကောင် မပစ်ရလျှင် ဤစမ်းကြီးအိုင်တွင် လာပစ်ရသည်။ ဤစမ်းကြီးအိုင်သည် မုဆိုးများ တောတိုက်ထားသောအိုင်ဖြစ်သဖြင့် နတ်ကြီးသည်။ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ရသည်။ ဆေးလိပ်မသောက်ရ၊ တံတွေးမထွေးရ၊ အညစ်အကြေး မစွန့်ရ၊ အပြောင်အပြက် စကားမပြောရ။

ထိုစည်းကမ်းများကို စောင့်စည်းလျှင် သားကောင်မပစ်ရသောအခါ တစ်ခါမျှမရှိကြောင်း၊ သူ့အဖေနှင့်သူသည် ဤစမ်းကြီးအိုင်၌ ချေကောင်၊ ဝက်သုံးကောင်နှင့် သမင်၊ဒရယ်များစွာကို ရဖူးသည် ဆိုသဖြင့် မှူးနှင့်အဖွဲ့က မုဆိုးလေး၏စကားကို မယုံသော်လည်း အတတ်နိုင်ဆုံး နေပြီး သားကောင်ကို စောင့်နေကြသည်။

သို့သော် တစ်နာရီ နှစ်နာရီသာ ကြာသွားသည်။ သမင်၊ ဒရယ်၊ ငယ်၊ စိုင်၊ ဆတ်ကို မဆိုထားနှင့်၊ စမ်းကြီးအိုင်နားကို ဘယ်ဖွတ်၊ ပဒတ်ကောင်မျှ ရေသောက် ဆင်းမလာ။ ထိုအခါ ဦးစီးမှူးက မုဆိုးလေးကို မယုံအကြည်မဲ့လာသည်။ ဤသည်ကို မုဆိုးလေးကလည်းသိသည်။ အဘ သူ့အဖေနှင့်သူသည် ဤစမ်းကြီးအိုင်၌ သားကောင်တစ်ကောင်ကောင်အတွက် ဤမျှကြာကြာ တစ်ခါမျှ မစောင့်ခဲ့ရဖူး။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် "သူ ဖက်မှုတ်ကြည့်ဦးမည်"ဟု မုဆိုးလေးက ပြောဏ၏။ ဦးစိုးမှူးနှင့် သူ့အဖော်နှစ်ယောက်ကလည်း "အေးကွာ. . မုဆိုးလေး၊ တို တောပစ်ချင်လို့ တစ်ခါတလေ လာတာ၊ တစ်ကောင်ကောင် ပစ်ရအောင် တော့ လုပ်စမ်းပါ"ဟူသော စကားမဆုံးခင်ပင် မုဆိုးလေးက လူတတ်ကြီး လုပ်ပြီး "တောမှာ တောင်မှာ အဲသလို မပြောရဘူးဗျ၊ ဒီနေရာက သိ နတ်ကြီးတာ"ဟု ဆိုလိုက်သဖြင့် နှုတ်ပိတ်သွားကြပြန်၏။ မုဆိုးလေးက သူ့အစီအစဉ်နှင့်သူ ဆက်ပြီး လူကြီးတွေကို ပြောပြနေသည်။

"ဒီနည်းကတော့ ဒီတောဒီတောင်တစ်ပိုက်မှာ ချေသားပေါက်မကြီး တွေ ရှိနေရင် မုချ ဒီနေရာကို ရောက်လာရမယ့်နည်းပဲ အဘ၊ ကျွန်တော် ပြောမယ်၊ အဘက ချေပစ်ရမယ့်လူဆိုတော့ ဒီစမ်းပေါက်အထက်ကနေ ဟိုဦးလေးနှစ်ယောက်က သစ်ပင်ပေါ်က စောင့်ကြည့်ကြပါ။ ချေလာတာ မြင်ရင်လည်း လှုပ်ဝအသံမပေးကြပါနဲ့၊ အဘက တောပစ်နေကျဆိုတော့ မျက်စိရှင်မှာပါ"

"အေးပါကွာ၊ တို့ နေရာယူရမှာတော့ ဟုတ်ပြီ၊ မင်းကကော"

"ကျွန်တော်က အဘနဲ့ရေအိုင်ကြား ဒီကျောက်ဖျာအောက်က ပုန်း ပြီး ဖက်မှုတ်ရမယ်"

စမ်းကြီးအိုင်နားတွင် တစ်နာရီ၊ နှစ်နာရီကြာသွားပြီးဖြစ်ရာ ချေမ ရဘဲ မိုးချုပ်သွားမှာစိုးသော ဦးစိုးမှူးကြီးက "အေး . . ဟုတ်ပြီကွ၊ မင်း အလုပ်ပဲ မြန်မြန်လုပ်ပါ၊ အဘလက်ကတော့ မင်းမြင်ရပါလိမ့်မယ်" ခပ်လောလော ပြောလိုက်သည်။

ချက်ချင်းပင် မုဆိုးလေးပျောက်သွား၏။ ဘယ်ကျောက်ကြိုကြော ကြား ဝင်ပုန်းနေသည် မသိ။ သို့သော် မကြာပါချေ။ ပကတိချေငယ်တ ကောင် အော်မြည်နေသံနှင့်တူသော မုဆိုးလေး၏ ဖက်မှုတ်သံက ချင်းပေါ်ထွက်လာလေသည်။ ဦးစိုးမှူးမှာ တောလိုက်ဝါသနာပါသူ သဖြင့် အနယ်နယ်အရပ်ရပ်ကိုရောက်တိုင်း အပျော်တမ်းတောလိုက် သည်မှာ အကြိမ်အခါပေါင်း မနည်းတော့။ သို့သော် ယခု မုဆိုးလေး ဖက်မှုတ်လိုက်သောအသံလို ချေငယ်တစ်ကောင်မြည်သံနှင့် ချွတ်စွပ်ပြ တူသောအသံကိုမူ တစ်ခါမျှ မကြားဖူး။





ထို့ကြောင့် ကြားလိုက်စက ကြက်သီးမွေးညင်းများပင် ထသွား သည်။

သူကသာ ကြက်သီးမွေးညင်းထနေ၏၊ မုဆိုးလေး လုပ်သွားသည် မှာမူ ပြီးစလွယ် ပစ္စလက္ခတ်သာ။ ဖက်ရွက် အရှည်နှစ်ရွက်ကို ပူးပြီး လက်ခလယ်နှင့် လက်ညှိုးကြား ညှပ်သည်၊ ပြီး ထောင်နေသော ဖက်ရွက် ရှည်အစနှစ်ဖက်ကို ပြန်ချိုးချကာ ဖိကိုင်ထား၏။

သူ ထိုသို့ ပြီးစလွယ် လုပ်သွားသောဖက်ကို မုဆိုးလေးကား ယခု မှုတ်နေလေပြီ။ ချေသားပေါက်များကို ခေါ်နေလေပြီ။

"ရှီ. . "

"ရှီ. . "

ဦးစိုးမှူးကြီးသည် မျက်စိနှစ်လုံးကို ဂနာမငြိမ် ပုတ်ခတ်ကာ ဘယ်နေရာကများ ချေသားပေါက်မကြီး တစ်ကောင်ကောင် ပေါ်လာလေ လေးဟု ရင်တခုန်ခုန်နှင့် ကြည့်နေ၏။ သူနှင့် မုဆိုးလေးတို့ ဖက်မှုတ် နေရာမှာ လူကို မမြင်ရသော်လည်း တစ်လံကျော်ခန့်သာ ဝေးသည်ကို တော့ မုဆိုးလေး ဖက်မှုတ်သံက သက်သေခံနေသည်။ မုဆိုးလေးက ရေအိုင်ဘေးနားရှိ ကျောက်ဖျာအောက်က။ ဦးစိုးမှူးက သူ့အထက် တောင် ဆောင်းနိမ့်လျှောက။

"ရှီ. . "

"ရှီ. . "

ချေငယ်လေးတစ်ကောင် မြည်နေသလို အသံကိုဆွဲ၍ မုဆိုးလေး ဖက်မှုတ်နေသံမှာ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပဲ့တင်ထပ်နေသည်။

ချေသားပေါက်များ ရှိလျှင် ဤအသံကို ကြားက စမ်းကြီးအိုင်နား ရောက်လာလိမ့်မည် ထင်ထားသော ဦးစိုးမှူးကြီးသည် မုဆိုးလေး ဖက်မှုတ်နေရာဘက်ကိုသာ ဂရုစိုက်ကြည့်နေ၏။ ကျည်အသင့်ထိုးထား သော သေနတ်ပြောင်းကိုလည်း စမ်းရေအိုင်အစနားဘက်သို့သာ ချိန်ရွယ် ထားသည်။

"ရှီ. . "

"ရှီ. . "



www.burmeseclassic.com

www.burmeseclassic.com



မိခင်ပျောက်၍ အော်မြည်လိုက်ရှာနေသော ချေငယ်တစ်ကော ၏ပကတိအော်မြည်သံသည် အဆက်မပြတ် ထွက်ပေါ်နေသည်။ ဦး မှုံးသည် သေနတ်ခလုတ်မောင်းခလုတ်ပေါ် လက်ညှိုးတင်ကာ မုဆိုးလေ ဖက်မှုတ်သံဘက် အသက်မရှူဘဲ စောင့်ကြည့်နေ၏။

"ဒို. . . ဒို"

"ဝေါင်း"

"ဒိုင်း"

"အာ့. . အီး. . အီး"

မုဆိုးလေး၏ ဖက်မှုတ်သံ၊ ကျားကြီးတစ်ကောင်၏ ခုန်အုပ်လိုက် ဦးစီးမှုံးကြီး၏ အထိတ်တလန့်အော်လိုက်သံ၊ သေနတ်သံတို့မှာ စ မခြား တစ်ပြိုင်တည်းပေါ်ထွက်သွား၏။

ကျားကြီးနှင့် ဦးစီးမှုံးတို့သည် လုံးထွေးကာ ရေအိုင်အစနား ယ ကျလာကြသည်။ ထိုအခါမှ သစ်ပင်ပေါ်ထက်က တက်ကြည့်နေကြ ဦးစီးမှုံးကြီး၏ လူနှစ်ယောက်မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သစ် ပေါ်က မဆင်းရဲကြသေးဘဲ၊ "ကျား. . . ကျားကြီး၊ ကျားကြီး"ဟု လန့်အ ကြ၏။

ဤလိုအတွေ့အကြုံမျိုးကို တစ်ခါမျှ မတွေ့ဖူး၊ မကြုံဖူးသော မု လေးမှာလည်း "ကျားဗျ၊ ကျားကြီး. . ကျားကြီး"ဟု ငယ်သံပါအောင် အေ ကာ ရွာဘက်ကို တစ်ချိုးတည်းလစ်ပြေးသွားသည်။

ချေငယ်တစ်ကောင် အော်ဟောက်နေသံအထင်နှင့် ပြေးလိုက် ပြီး လူကို ခုန်အုပ်ကိုက်ခဲမိသော ကျားကြီးမှာလည်း ဦးစီးမှုံးလက် သေနတ်က ပေါက်ကွဲမြည်ဟည်းသံကြီး ပေါ်ထွက်လာသောအခါ ဆ မကိုက်ရဲတော့ဘဲ လန့်ဖျပ်ပြီး ချက်ချင်းထွက်ပြေးသွားလေ၏။

လည်ကုပ်ကို ကျားကိုက်ခံလိုက်ရသော ဦးစီးမှုံးကြီးကမူ ေ နားတွင် သွေးရူးသွေးတန်းနှင့် ဝူးဝူးဝါးဝါး မပီမသ အော်ဟစ်ကာ ေ နားမှ ခုန်ထလာ၏။ အမှန်မှာ သူတို့သည် စမ်းကြီးအိုင်နား မည် သားကောင်မျှ ရေသောက်မဆင်းသည်ကို တွေ့ကတည်းက ကျား နေပြီဆိုတာ သိသင့်သည်။





ကျားနံ့ရလျှင် မည်သည့်သားကောင်မျှ စမ်းရေအိုင်နား မသီရဲကြ ပေ။ ဤသည်ကို တောအတွေ့အကြုံနည်းပါးသော ဦးစီးမှုံးကြီးက မသိ သလို၊ ငယ်ရွယ်သူ မုဆိုးလေးကလည်း သတိမထားမိ။

နောက်တစ်ချက် ဦးစီးမှုံး၏အမှားမှာ သားကောင်များ စမ်းကြီး အိုင်ထဲ ရေဆင်းသောက်နေချိန်တွင် အကွက်ကောင်းကို စောင့်ကာ မိမိ ၏ ပစ်ခတ်ရန် ရေအိုင်ဘက်ကိုသာ စိုက်ကြည့်နေသဖြင့် သူ့နောက်တွင် ကျားရောက်လာသည်ကို မသိလိုက်ခြင်း ဖြစ်သည်။

စမ်းရေအိုင်နားတွင် ကျားကိုက်ထားသော ဒဏ်ရာမှ သွေးတွေ ဒလ ဟော စီးကျကာ သွေးရူးသွေးတန်းနှင့် ကယောင်ချောက်ချား ညည်းတွား အော်ဟစ်နေသော ဦးစီးမှုံးကြီးကို သစ်ပင်ပေါ်မှ ပြေးဆင်းလာကြသူ နှစ်ယောက်က ကမန်းကတန်း ပြေးပွေ့ထားလိုက်ရ၏။

ထိုအချိန်တွင် ဦးစီးမှုံးသည် မုဆိုးလေးအား တောပစ်လိုက်ရန် သွားခေါ်ပြောဆိုကြစဉ်က "အဖေကလဲ ပြောဖူးတယ်ဗျ၊ ငါ့သား ဖက်မှုတ် ပြီးခေါ်ရင် ချေတင်မကဘူး၊ ကျားတွေ၊ ဆင်တွေတောင် လာရမယ်တဲ့ဗျ" ဟူသော စကားကို သတိရသွား၍လား မသိ။ ဦးစီးမှုံးကြီးက ကယောင် ကတမ်း အော်ညည်းကာ ဆဲဆိုနေသည်မှာ . . .

"သဘောက်မသား မုဆိုးလေး၊ ဒီကောင် ငါ့ကို ကျားခေါ်ပြီး တမင် တိုက်သတ်တာ၊ ငါ့သေနတ်ပေးစမ်း၊ ငါ့သေနတ်ပေးကြစမ်း၊ ဒီကောင့်ကို ငါ ပစ်သတ်မယ်၊ ဒီကောင် ကျားခေါ်ပြီး ငါ့ကို တိုက်သတ်တာ၊ ဒီကောင် ငါ့ကို ကျားခေါ်ပြီး တိုက်သတ်တာ၊ သဘောက်မသား. . ငါ့ကို ကျားခေါ်ပြီး တိုက်. . တိုက်သတ်တာ"

www.burmeseclassic.com

www.burmeseclassic.com

# ငှက်ခတ်သမား

အဖေသည် မြင်းညိုတိမ်ပျံကို စီးကာ နှစ်လုံးပြူးသေနတ်လွယ်၍ မြို့ဘက်သို့ ထွက်သွားသည်။ ရပ်ရေးရွာရေး ကိစ္စတွေနှင့် မြို့တွင်တစ်ည နှစ်ညကြာမည်မှာ မုချပင်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် အဖေမြို့ဘက်သို့ ထွက် သွားသည်ကို ငေးကြည့်ကာ စိတ်ထဲက အတိုင်းမသိ ဝမ်းသာနေကြသည်။ အိမ်တွင် အဖေရှိလျှင် ငှက်ခတ် ငှက်ထောင်ကာအစ မလွှတ်လပ်။ ဝ လိုက်၊ ချေပစ်ဆိုသည်မှာကား ဝေလာဝေးပင်။

ကျွန်တော်တို့ညီအစ်ကိုသည် မုဆိုးတံငါအလုပ်ကို အလွန်ဝါသန ပါကြသည်။ ရွာရှိ မုဆိုးများနောက်မှ ပလိုင်းကိုင်၊ ခါကိုင်၊ ငှက်ကိုင် လို ကာ ငှက်ခတ်ခြင်း၊ နှဲထောင်ခြင်း၊ ချိုးတယ်ခြင်း၊ ခါတယ်ခြင်းအပြင် တ တစ်ခါ တောဝက်၊ ချေ၊ စိုင်၊ ဆတ် လိုက်သော မုဆိုးများနှင့်ပင် တ ခံကာ လိုက်ပါတတ်ကြလေသည်။

သို့သော် အဖေက ဤသည်ကို လုံးဝ သဘောမကျ။ အိမ်တွ ကုပ်ချိုးနှစ်လုံးပြူးသေနတ်ရှိသော်လည်း တစ်ခါမျှတောပစ်ခြင်း၊ အမဲလို ခြင်း မရှိ။ ဘာသာရေးလည်း အလွန်ကိုင်းရှိုင်းသူဖြစ်ရာ သူသာ မဟု သူ့သားတွေ မုဆိုးတံငါအလုပ် လုပ်သည်ကိုလည်း သဘောမကျ။ အ တားမြစ်တတ်သည်။ ထို့ကြောင့် အဖေရှိလျှင် ကျွန်တော်တို့ ညီအစ်ကို ယောက်မှာ ရွာက မုဆိုးတွေနှင့် ချိုးတယ်၊ ခါတယ်ပင် မလိုက်ဝံ့ကြ အဖေ မြို့ကိုသွားမှ ကျွန်တော်တို့ညီအစ်ကိုက မုဆိုးတံငါအလုပ် လု ကြသည်။





ထို့ကြောင့် အဖေ မြို့ကို ထွက်သွားသည်နှင့် ညနေကျလျှင် ငှက် တ်သွားကြရန် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် တိုင်ပင်ထားကြသည်။ သော် ငှက်ခတ်ကိရိယာ တန်ဆာပလာဆို၍ကား အဖေမကြိုက်သဖြင့် မှာ ဘာမျှ မရှိ။ ထို့ကြောင့် မီးအုပ်ဆောင်းနှင့် ငှက်ခတ်သား (တုတ်)ကို မြောက်ဖျားရှိ ဦးလေးသာအောင်ဆီမှာ သွားငှားရသည်။ မိုးချုပ် သည်နှင့် ပျဉ်းမပင်ကွင်းသို့ ငှက်ခတ်ရန် ထွက်လာကြလေသည်။

နွေလဟု ဆိုသော်လည်း ကျွန်တော်တို့ တောင်ပေါ်ဒေသတွင် နှင်း တို့ ရစ်သီဝဲပျံနေကြတုန်းပင် ရှိသေးသည်။ ကျွန်တော်တို့ ငှက်ခတ်ရန် တ်လာကြသော ပျဉ်းမပင်ကွင်းမှာ မြို့တောင်နှင့် နန်းရာတောင်နှစ်လုံး ရှိ ချိုင့်လွင်ကြော ဖြစ်သဖြင့် နှင်းမှုန်တွေက ပို၍ သိပ်သည်းသည်။ ချိန်မှာ ညရှစ်နာရီကျော်သာ ရှိသေးသော်လည်း ကျွန်တော်တို့ထက် ၍ ရောက်နှင့်နေကြသော ငှက်ခတ်သမားများ၏ မီးအုပ်ဆောင်းမှ ရောင်များကိုလည်း ဟိုကွဲကွဲ သည်ကွဲကွဲ ကွင်းတစ်ပြင်တစ်ခွင်လုံးတွင် င်နေရ၏။

"ဟ. . တို့ထက် ဦးတဲ့လူတွေချည်းပါလား၊ ဒီအတိုင်းဆိုရင်တော့ တွင်းမှာ ငှက်ခတ်လို့မှ ရပါ့မလားကွာ"

ငှက်ခတ်သွားရာတွင် မပါမဖြစ်သော ငှက်ကြီးတောင်မားကြီးကို ာစိုက်လိုက်ပြီး အစ်ကိုက ညည်း၏။ ငှက်ခတ်သမားများ၏ မီးရောင် င်းများကို လှမ်းငေးကြည့်ကာ ပုဆိုးကိုလည်း တိုတိုပြင်ဝတ်လိုက်သည်။

အစ်ကိုပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ငှက်ခတ်ခြင်းအတတ်၌ မ်းကျင်သည့်အပြင်၊ အလာလည်း နောက်ကျနေသော ကျွန်တော်တို့ အစ်ကိုသည် ဤပျဉ်းမပင်ကွင်းထဲ၌ ငှက်ခတ်၍ရနိုင်တော့မည် မဟုတ် သည်ကို ငှက်ခတ်သမားများ၏တစ်ကွင်းလုံး ပြန့်ကျဲနေသော မီးရောင် ခြင်ကတည်းက ကျွန်တော်လည်း တွက်ဆထားပြီးဖြစ်၏။

သို့သော်. . အစ်ကိုက ငှက်ခတ်သမားများ မပြောကောင်းသော တ်ပြယ်စကားကို ဘယ်တော့မျှ မဆိုပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမှာ အယူအဆရှိသူ မဟုတ်သည့်အပြင် ငှက်ခတ်၍ အသက်မွေးဝမ်းကျောင်းပြုသော ငှက်ခတ်သမားစစ်စစ်လည်း မဟုတ်သဖြင့် လွှတ်ခနဲပြောလိုက်ခြင်းသာ ဖြစ်ပေမည်။

"သူများ ရရင် ရရမှာပေါ့ဗျ၊ ကျွန်တော်တို့က မြို့ကိုသွားရောင်းဖို့ ခတ်တဲ့ ငှက်ခတ်သမားမှ မဟုတ်တာ၊ ဟင်းစားရရင် ပြီးတာပဲ"

"အေး . . အေး ခတ်ကြည့်သေးတာပေါ့ကွာ"

အစ်ကိုစကားအတိုင်းပင် ကျွန်တော်တို့သည် အခြားငှက်ခတ်သမားများနှင့် အတော်ဝေးဝေးသို့ သွား၍ ငှက်ခတ်ကြ၏။ သို့သော် ကျွန်တော်တို့ ခတ်ရသော မြေဝပ်ငှက်တွေမှာ ဟိုဘက်သည်ဘက်မှ ငှက်ခတ်သမား တုတ်ချက်နှင့် သီကာပွတ်ကာ လွတ်လာကြသော မြေဝပ်တွေဖြစ်နေသဖြင့်၊ သတိရှိပြီးသား လျှင်ပြီးသား ငှက်တွေကို အတွေ့အကြုံနည်းပါးလှသော အစ်ကိုက ဘယ်လိုမှ ရိုက်ခတ်၍ မထိတော့ပေ။ တစ်နာရီလောက် ညီအစ်ကိုနှစ်ယောက် အပင်ပန်းခံပြီး ခတ်ကြည့်ကြသော်လည်း ငှက်ကလေးပိန်တာရိုးနှင့် ခြေကျိုးတစ်ကောင်သာ ရသောအခါ ကျွန်တော်တို့မှာ စိတ်ပျက်သွားကြလေသည်။

"ကဲ . . တို့ နတ်ချောင်းဖျား သွားခတ်ကြရအောင်ကွာ၊ ဒီမှာ အလကား အချိန်ကုန်နေမယ်" ဟု အစ်ကိုက ပြော၏။

နတ်ချောင်းဖျားကွင်းမှာ တောင်ချိုင့်ပိုကျသဖြင့် နတ်ကြီးသည်ဟုလည်း ကျွန်တော်တို့ရွာက ငှက်ခတ်သမားများ အယူရှိထားကြသော ကွင်းဖြစ်သည်။ ယခင်က ငှက်ခတ်သမားများ ရိုက်ခတ်လိုက်သော ငှက်များကို ငှက်ကောက်သမားများမကောက်နိုင်မီ သရဲတစ္ဆေများက လိုက်ကောက်ပြီး ငှက်အစိမ်းကို တကျွတ်ကျွတ်ဝါးစားကာ ငှက်ခတ်သမားများနောက်သို့ တကောက်ကောက်လိုက်နေတတ်သော သရဲငပြူးတို့ မြေးအဘိုးရှိသည်ဟုလည်း နာမည်ကြီးသောကွင်းဖြစ်သဖြင့် အစ်ကိုစကားကို ကျွန်တော်က မနှစ်မြို့ပေ။ သရဲငပြူးတို့ မြေးအဘိုးသည် ထိုကွင်းတွင် ငှက်ခတ်ရင်းကျားကိုက်၍သေကာ ကွင်းစောင့်တွေ ဖြစ်နေကြသည်ဟု ကြားဖူးသည်။ ဤသည်မှာလည်း ကျွန်တော်တို့ မမွေးဖွားခင် အဖေတို့ငယ်ငယ်ကဟု ဆိုသည်။





မည်သို့ဖြစ်စေ အဖေလည်း မြို့သွားနေချိန် ရတောင့်ရခဲ အခွင့်ရေးကိုလည်း ဆုံးရှုံးမခံလိုသဖြင့် ကျွန်တော်သည် အစ်ကို၏နောက်ကို အုပ်ဆောင်းကိုင်၍ လိုက်ပါရ၏။ ကျွန်တော်တို့ မီးအုပ်ဆောင်းမှာ မန်ငှက်ခတ်သမားများ၏ မီးအုပ်ဆောင်းလိုမဟုတ်ဘဲ၊ သုံးတောင့်ထိုး တ်နှိပ်ဓာတ်မီးကို အုပ်ဆောင်းထဲထည့်လာကြသဖြင့် အလင်းရောင်က အားကောင်းပြီး အလင်းတန်းလည်း ပို၍ ဝေးဝေးပြေးလေသည်။

သရဲတစ္ဆေများကိုလည်း အယုံအကြည်မရှိသော အစ်ကို၏နောက် ကျွန်တော်က ကြောက်ကြောက်နှင့် လိုက်ပါရ၏။

ရိုးလေးတစ်ခုကို ဖြတ်ကျော်ပြီး မကြာခင်ပင် နတ်ချောင်းဖျားကွင်း ကျွန်တော်တို့ ညီအစ်ကို ရောက်လာကြသည်။ အချိန်မှာ ညကိုးနာရီ ကျော်နေလေပြီ။ တောင်ချိုင့်ကြား ပိုကျသောကွင်းဖြစ်သဖြင့် နှင်းမှုန်တွေသည်း ပျဉ်းမပင်ကွင်းထက်ပို၍ ထူထပ်သည်။ ပျဉ်းမပင်ကွင်းမှာလို ခတ်သမားများ၏ မီးအုပ်ဆောင်းရောင်ပြန်တန်းများကိုလည်း များများ ား မမြင်ရ။ ဤသည်မှာတော့ နတ်ကြီးသော ကွင်းဖြစ်သဖြင့် ဝါရင့် ခတ်သမားများမဟုတ်လျှင် ဟင်းစားရှာသူများသည် နတ်ချောင်းကွင်း ဘ်သို့ လာမခတ်ရဲကြသောကြောင့် ဖြစ်လေမည်။

သို့သော် ကျွန်တော်တို့ နတ်ချောင်းဖျားသို့ ရောက်ပြီး မကြာခင် ပင် ငှက်ခတ်သမားတို့ နှစ်တိုင်သုံးတိုင် ပြန်လှည့်သွားကြသည်ကို ာန့်ဝေးဝေးက လှမ်းမြင်လိုက်ကြရ၏။

"တွေ့လား . . . ဟိုငှက်ခတ်သမားတချို့ ပြန်တောင်သွားကြပြီ၊ ချိန်က ဘယ်လောက်မှ မရှိသေးဘူး၊ စောစော ပလိုင်းပြည့်သွားလို့ ကြတာနေမှာ၊ ဒီချောင်းဖျားကွင်းက မြေဝပ်ငှက်တွေ သိပ်ပေါတာ၊ ကြီးသို့တို့နဲ့ ငါတစ်ခါ လိုက်ဖူးတယ်၊ နှစ်နာရီလောက်အချိန်ကလေးမှာ တမ်းကြီး ရပြန်လာကြတယ်၊ ကဲ . . တို့ မီးပြင်ကွာ၊ ဟင်းစားလေး ခဏလေးနဲ့ရမှာ"

အစ်ကိုက တီးတိုးပြော၍ ကျွန်တော့်ကို မီးပြင်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မီးအုပ်ဆောင်းမှာ လေးထောင့်သံပုံးကို တစ်ဝက်ဖြတ်ပြီး ကိုင်းတပ်ကာ ရှေ့မျက်နှာစာတွင် လက်နှိပ်ဓာတ်မီးအဝလောက် အပေါက်တစ်ပေါက် ဖောက်ထားရလေသည်။ ထိုအထဲတွင် ရေနံဆီမီးခွက်ကို ထည့်ရ၏။ ဤသည်မှာ သာမန်ငှက်ခတ်သမားတိုင်း လုပ်ရိုးလုပ်စဉ် မီးအုပ်ဆောင်းဖြစ်သည်။ သို့သော် ယခုတော့ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်က သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးကို မီးအုပ်ဆောင်းထဲ ဇိနှိပ်တပ်၍ ထည့်လာကြ၏။ ထို့ကြောင့် မီးအားက ပိုကောင်းသည်။ မီးရောင်တန်းက ပို၍ ဝေးဝေးသွားသည်။ မီးရောင်တန်းက ဝေးဝေးပြေးလေ၊ မြေဝပ်တွေက ပိုလိုက်လေ မဟုတ်ပါလား။

မီးအုပ်ဆောင်းမျက်နှာ ရှေ့အပေါက်မှ အတော်ဝေးဝေးသို့ ဖြာထွက်နေသော မီးရောင်တန်းကို ကျွန်တော်သည် တောစပ်ခပ်ဝေးဝေးသို့ ပြန့်ကျဲကားစားပစ်လိုက်သည်။ ပြီးမှ တဖြည်းဖြည်းချင်း အနီးသို့ ပြန်ရုပ်ဆွဲယူလာ၏။

ကျွန်တော် ဆွဲရုပ်ယူလာသော မီးရောင်တန်းထဲတွင် ခုန်ဆွခုန်ဆွနှင့် မြူးကြွပြေးလိုက်လာကြမည့် မြေဝပ်ငှက်များကို အစ်ကိုက မီးတန်းမှောင်ရိပ်ဘေးမှနေပြီး တုတ်နှင့် ရိုက်ရပေမည်။

အစ်ကို ရိုက်ခတ်ထားခဲ့သော ငှက်ငယ်များကို ကျွန်တော်က မီးတန်းလမ်းကြောင်းအတိုင်း ငှက်ကောက်၍ ရှေ့သို့ တရွေ့ရွေ့မီးထိုးပြသွားရမည် ဖြစ်လေသည်။

ကျွန်တော်သည် မီးတန်းကို တောစပ်သို့ ဖြန့်လိုက်၊ ဘယ်ညာကြဲ၍ လှည့်စကားလိုက် လုပ်နေစဉ် အစ်ကိုသည် မီးရောင်တန်းထဲ ပြေးဝင်လာကြမည့် မြေဝပ်ငှက်ငယ်များကို မျက်တောင်မခတ်ဘဲ မှောင်ရိပ်ထဲက စိုက်ကြည့်နေပေလိမ့်မည်။ အစ်ကိုသည် မီးရောင်တန်း အဖျားဘက် ရောက်နေသဖြင့် ကျွန်တော်နှင့် ကိုက်ငါးဆယ်ကျော် ဝေးသွားပြီဖြစ်သည်။

"ရှိ့..."

ငှက်ကလေးတစ်ကောင် မြည်သံကဲ့သို့ အစ်ကို့ဆီမှ ငှက်ခေါ် သံပေးလျှင် ကျွန်တော်က မီးတန်းကို တောစပ်သို့ ဖြန့်ကြဲလိုက်၏။

"ရှဲ့...ရှဲ့..."





အစ်ကို့ဆီမှ ဒုတိယငှက်ခေါ် အချက်ပေးသံကြောင့် ကျွန်တော်က မီးတန်းကို ညာကွေ့၍ စုစည်းလိုက်ရ၏။ သို့သော် ဘယ်မြေဝပ်ငှက်တစ်ကောင်တစ်မြီးမျှ ကျွန်တော်တို့ မီးရောင်တန်းထဲ ဝင်လာသည်ကို မမြင်ရသေးပေ။ ဤသို့နှင့်ပင်နတ်ချောင်းဖျားကွင်းတွင် နာရီဝက်တစ်နာရီနီးပါး အချိန်ကုန်သွား၏။

မြေဝပ်ငှက်တွေ အလွန်ပေါပြီး နတ်ကြီးသည်ဆိုသော ဤနတ်ချောင်းဖျားကွင်းတွင် ဤမျှအချိန်အထိ မြေဝပ်တစ်ကောင်တစ်မြီးမျှ မပစ်ခတ်ရသေးသည်ကို ကျွန်တော်တို့ မတွေးတတ်အောင် ဖြစ်နေမိသည်။ ဒီနေ့က ကျွန်တော်သာ မဟုတ်၊ အစ်ကိုကလည်း ပျဉ်းမပင်ကွင်းလောက် ငှက်မပစ်ခတ်ရသော ဤနတ်ချောင်းဖျားကွင်းကို စိတ်ပျက်နေပြီဖြစ်နေသည်။

"ရှိ့..ရှိ့..ရှဲ့..ရှဲ့.."

နောက်တစ်ချက် အစ်ကို့ဆီမှ ငှက်အော်သံအပေးတွင် ကျွန်တော်သည် မီးတန်းကို တောစပ်သို့ လှမ်းကြဲဖြန့်လိုက်ပြန်၏။ သို့သော် ကျွန်တော် ဖြန့်ကြဲလိုက်သော မီးရောင်တန်းထဲတွင်ကား ဘယ်မြေဝပ်ငှက်တစ်ကောင်တလေကိုမျှ မမြင်ရသေးပေ။ ထို့ကြောင့်လည်း ကျွန်တော်က ပေါက်ပေါက်နှင့် မီးရောင်တန်းကို ရုတ်ခနဲ ပြန့်ကျဲစေလိုက်၊ ရုတ်ခနဲ စုလိုက်နှင့် ရုတ်ရုတ်သဲသဲ လုပ်ပစ်လိုက်၏။ မျက်လုံးအစုံကလည်း မီးရောင်တန်းပြေးရာ မီးလမ်းကြောင်းတစ်လျှောက်ကို အလစ်မပေးဘဲ မျက်တောင်မခတ် စူးစမ်းကြည့်လျက် ရှိ၏။ ဤအချိန်မှာ အစ်ကိုသည် ဘယ်နေရာရောက်သည် မသိတော့။

"ရှိ့..."

"ဟိုက်..."

အစ်ကို၏ ငှက်မြှူသံက တိခနဲပြတ်သွားသလို ကျွန်တော့်ပါးစပ်ကလည်း ဟိုက်ခနဲ အာမေဍိတ်သံတစ်ခု ထွက်သွား၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ပြန့်ကျဲစေလိုက်သော မီးရောင်တန်းအဆုံးတစ်နေရာတွင် မီးကျီးမီးခဲကဲ့သို့ ရဲရဲနီနေသော မျက်လုံးကြီးနှစ်လုံးသည် ရုတ်တရက်ပေါ် ထွက်လာသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကွင်းကို နတ်ကြီးသည်၊ သရဲပြေးတို့ မြေအဘိုးရှိသည်။ ငှက်ခတ်သမားများ၏ ရိုက်ခတ်သော ငှက်ငယ်များကို နောက်က တကောက်ကောက်လိုက်၍ ကျိုးကျိုးကျွတ်ကျွတ် အစိမ်းလိုက် ကောက်ဝါးစားတတ်သည်ဟုလည်း ယခင်က ကြားဖူးနားဝ ရှိထားခဲ့လေရာ၊ သရဲပြေးတို့ မြေအဘိုးနှင့် ယခုတော့ ပက်ပင်းတိုးကြလေပြီဟု ကျွန်တော့်မှာ ခေါင်းနားပန်းကြီး၍ ကြက်သီးဖြန်းဖြန်းထသွားလေ၏။

“ရှူး. . ညီ. . ညီလေး”

“ဟီး. . အစ်ကို”

အစ်ကိုသည် ချက်ချင်း ကျွန်တော့်အနားသို့ ရောက်လာ၏။

“အစ်ကိုတို့ သရဲပြေးတို့ မြေအဘိုးနဲ့ တွေ့ကြပြီ၊ ဘယ့်နှယ်လုပ်မလဲ”

ကျွန်တော်က တုန်ယင်သောအသံနှင့် တီးတိုးပြော၏။ ထိုအချိန်၌ပင် သရဲပြေး၏မျက်လုံးနှစ်ဖက်မှာ ရဲရဲနီမြန်းပြီး ကျွန်တော်တို့နှင့် နီးသထက် နီးလာလေ၏။

အမှောင်ထဲ မီးရောင်တန်းများ၌ သရဲပြေး၏ မျက်လုံးအစုံကို မြင်နေရသည်မှာ သွေးပျက်၍ ရူးသွပ်သွားစရာပင်။

အစ်ကိုက ကျွန်တော့် အနားသို့ ချက်ချင်းရောက်လာခြင်းမှာ သူက ရှေ့၌နေရသူဖြစ်သဖြင့် သရဲပြေး၏မျက်လုံးကို ဦးစွာမြင်တွေ့ခဲ့ရသဖြင့် ပြေးလာပုံရသည်။

“မင်းကလည်း သိပ်အကြောက်မကြီးစမ်းပါနဲ့ကွ၊ ခုမြင်နေရတဲ့ မျက်လုံးဟာ သရဲပြေးမျက်လုံး မဟုတ်ဘူး၊ ဟင်း. . ဟင်းမျိုး. . ဟင်းမျိုးမျက်လုံးကွ”

အစ်ကိုက မာန်သလို ကျွန်တော့်ကို လေသံနှင့်ပြော၏။ ကျွန်တော့် လက်ထဲက မီးအုပ်ဆောင်းကိုလည်း သူကိုယ်တိုင်လှမ်းကိုင်၍ ဟင်းမျိုးရှိရာဘက်သို့ ဖြန့်ကြဲထိုးထားလိုက်သည်။

ဟင်းမျိုးဆိုသည်မှာ တောထဲ၌ ကျားကို ကျားဟု ခေါ်ပြောလျှင် ကျားက ရဲတင်းတတ်သည်ဟူသော အစဉ်အလာအကြောင့် ဖြစ်သည်။

“ကျား. . . ကျား”





ကြောက်ရွံ့ထိတ်လန့်စိတ်နှင့် ချောက်ချောက်ချားချား ထွက်သွားသော ကျွန်တော်၏ ပါးစပ်ထဲက အသံမှာ အတော်ပင် ကျယ်လောင်သွားသည်။ အမှန်က ဤနတ်ချောင်းဖျားတွင် တခြားနေ့ရက်တွေမှာ မြေဝပ်ငှက်တွေ အလွန်ပေါသော်လည်း ယနေ့၌ ကျွန်တော်တို့ညီအစ်ကိုက [illegible]နာရီနီးပါး အချိန်ကုန်ခံပြီး မီးကစားခဲ့ကြသော်လည်း တစ်ကောင်[illegible]သော မြေဝပ်ငှက်ကမှ ထွက်မလာခြင်းမှာ ကျားနံ့ရသဖြင့် ပုန်းရှောင်ပြေးသွားကြခြင်း ဖြစ်လေမည်။

မုဆိုး တံငါအတွေ့အကြုံမရှိသော ကျွန်တော်တို့ညီအစ်ကိုမှာ ဤသည်တို့ကို လုံးဝမရိပ်မိခဲ့ကြပေ။ တောရိပ်တောင်ရိပ်ကို သိ၍ စောစော[illegible]ပြန်သွားကြသော ငှက်ခတ်သမားများကိုပင် ငှက်ရ၍ စောစောပြန်သွားကြသည်ဟုသာ အထင်မှားခဲ့ကြလေသည်။

အမှန်က ထိုဝါရင့်ငှက်ခတ်သမားများသည် ဤကွင်းပြင်သို့ တောကောင်ဆင်းလာပြီ ဆိုသည်ကို ရိပ်မိသဖြင့် စောစောလစ်သွားကြခြင်း ဖြစ်လေသည်။

ကွင်းပြင်ထဲဆင်း၍ မြေဝပ်ငှက်များကို ဖမ်းစားရန် လာသော ကျားကြီးသည် မြေဝပ်ငှက်ခတ်ရန် လာသော ကျွန်တော်တို့ ညီအစ်ကိုနှင့် ယခုတော့ ပက်ပင်းတိုးနေကြလေပြီ။

ကျားကြီးသည် မီးရောင်တန်းကို စုန်၍ ခုန်လိုက် ဝပ်လိုက်နှင့် သူကို တိုက်ခိုက်ရန် တရွေ့ရွေ့ တွားလာလျက် ရှိ၏။

“ညီလေး ဟင်းမျိုးတော့ နီးလာပြီ”

“ဟုတ်. . ဟုတ်တယ်အစ်ကို၊ အဲ. . အဲဒါ ကျွန်တော်တို့ ဘယ့်နှယ်လုပ်ကြမလဲဗျ”

ကျွန်တော်က အကြောက်လွန်ကာ ငိုသံပါကြီးနှင့်ပြော၏။ ကျားနှင့် ဤကဲ့သို့ နဖူးတွေ့ဒူးတွေ့ တစ်ခါမျှ မကြုံတွေ့ဖူးသော ကျွန်တော်၏ တစ်ကိုယ်လုံးမှာလည်း တဆတ်ဆတ် တုန်နေလေသည်။

“မင်း ဘာမှ မကြောက်နဲ့၊ စိတ်ကို ခိုင်ခိုင်မြဲမြဲ ရဲရဲဝံ့ဝံ့ထား၊ မင်းကြောက်လို့ ထွက်ပြေးရင်လဲ လွတ်မှာမဟုတ်ဘူး။ အော်ရင်လဲ ပိုဆိုးမှာပဲ၊ ပြမယ် မီးကို ဒီလို မှိတ်လိုက် ဖွင့်လိုက်လုပ် ကြားလား. . .



www.burmeseclassic.com

www.burmeseclassic.com



. . . . မင်း ဒီလို ဒီလို လုပ်ထားရင် ဟင်းမျိုးက မျက်စိကျိန်းပြီး ဇဝေဇဝါဖြစ်နေတုန်း ငါက မှောင်ရိပ်ခိုပြီး မင်းနဲ့ သုံးလေးလံအရောက်မှာ ဓားနဲ့ခုတ်မယ်၊ ဘာမှ မကြောက်နဲ့နော်၊ ယောကျ်ားပဲကွာ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ကဲ. . ရော့. . မီးအုပ်ဆောင်းယူ ငါသွားမယ်၊ ငါ ပြောသလို လုပ်နော်၊ ငါ့ရှေ့မှာ ငါ့အစ်ကိုတစ်ယောက်လုံးရှိတယ်၊ ငါ ဘာကိုမှ မကြောက်ဘူး၊ မထိဘူးလို့ စိတ်ထဲ စွဲစွဲမြဲမြဲမှတ်၊ ကဲ. . ငါ သွားပြီ"

အစ်ကိုသည် ကျွန်တော့်အား တီးတိုးသတိပေးသင်ပြထားခဲ့ပြီး မီးရောင်တန်း၏ ညာဘက်ရှေ့ အမှောင်ထဲသို့ ငှက်ကြီးတောင်ဓားကို ဝင့်ကာ ထွက်သွားလေသည်။ ကျွန်တော်သည် အစ်ကို သင်ပြထားခဲ့သလို မီးအုပ်ဆောင်းရှေ့ပေါက်ကို လက်ဝါးတစ်ဖက်နှင့် လျှပ်တစ်ပြက်ပိတ်လိုက်၏။ လောကကြီးတစ်ခုလုံး မှောင်ကျသွားသည်။ ပြီး ချက်ချင်း ပြန်ဖွင့်ပြန်၏။ လောကကြီးသည် ပြန်၍ လင်းလက်လာ၏။ ကျားကြီးသည် ဇဝေဇဝါနှင့် မီးရောင်လာရာကို ခဏစိုက်ကြည့်နေသည်။ ပြီး တရွေ့ရွေ့ လှမ်းလာတော့၏။

ကျားကြီးမှာ ကျွန်တော်နှင့် နီးသထက်နီးလာပြီး ဖြစ်သဖြင့် ကျား၏ တစ်ကိုယ်လုံးကိုပင် ထင်ထင်ရှားရှား မြင်သာနေပြီဖြစ်သည်။ အစ်ကိုက လက်တွေ့ သင်ပြထားခဲ့သော မီးအုပ်ဆောင်းအပေါက်ကို ပိတ်လိုက် ဖွင့်လိုက်သာ လုပ်နေရသော်လည်း ကြောက်စိတ်ကြောင့် မှန်ထူကာ အဖွင့်အပိတ်တွေမှာ အစ်ကို လုပ်ပြခဲ့သလို တိတိကျကျ မရှိလှပေ။ လက်ကလည်း တုန်ယင်နေသဖြင့် ပိုဆိုး၏။

တဖြည်းဖြည်းနှင့် မီးရောင်တန်းကို လျှောက်လိုက်လာသော ကျားကြီးမှာ ကျွန်တော်နှင့် နီးသည်ထက် နီးလာ၏။ ကျွန်တော့်ကို မြင်သွား၍လား မသိ၊ ကျားကြီးသည် ရန်သူအား ခုန်အုပ်ရန် မြေပြင်တွင် လက်ခဆစ်ချိုး ဝပ်ချလိုက်ပြီး အမြီးနှန့်ကာ အားယူနေသည်ကို အထင်အရှားမြင်နေရသည်။ ကျွန်တော့်မှာ ကျားကြီးကိုပင် ရဲရဲမကြည့်ဝံ့အောင် ထိတ်လန့်နေသည်။ အစ်ကိုက သူသည် အမှောင်ထဲ၌ ခိုကာ ကျားကြီးကို ခုတ်မည်ဟုဆိုသော်လည်း၊ ယခုတော့ ကျားကြီးကို ကြောက်၍ ထွက်ပြေးသွားလေပြီလားမသိ။





ကျွန်တော့်ကို ကျားစာအဖြစ် ထားပစ်ခဲ့လေပြီဟုလည်း လျင်လျားသောစိတ်အတွေးက သေရေးရှင်ရေးဆိုလျှင် ညီအစ်ကိုချင်းပင် မယုံချင်ဘော့ပေ။ သို့သော် အစ်ကို့ကို အမှောင်ထဲတွင် မရှာအား။ မိမိနှင့် နီးသထက် နီးလာသော ကျားကြီးကိုသာ မျက်တောင်မခပ်ရဲဘဲ စိုက်ကြည့်ကာ မီးကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပေးနေရ၏။

"ဟေး. . "

"ကျားဘသားကွ. . ဟေး"

ကျားကြီးက ကျွန်တော်နှင့် သုံးလံခန့်အကွာသို့ ရောက်လာပြီး ကျွန်တော့်ကို မြင်သောအခါ ခုန်အုပ်ကိုက်သတ်ရန် မြေပြင်ကို အမြီးတဖြောက်ဖြောက်ရိုက်ပြီး အားယူအထမှာ ကျွန်တော်က လန့်ပြီးအော်လိုက်မိ၏။ ဤချက်ကောင်းကို မှောင်ရိပ်မှ စောင့်ကြည့်နေသော အစ်ကိုကလည်း ကျွန်တော် လန့်အော်လိုက်သံနှင့် ထပ်တူထပ်မျှပင် အော်သံပေးလိုက်ပြီး ကျားကြီး၏ လည်ပင်းကို ငှက်ကြီးတောင်ဓားရှည်နှင့် သိုင်းကွက်နင်း၍ ခုတ်ချလိုက်၏။

"ညီလေး. . . ညီလေး၊ မီးပြ. . . မီးပြ"

အစ်ကို၏အသံပေး အပြောမှာ ကျွန်တော်က မီးလိုက်ပြ၏။ ကျားကြီးသည် မြေပြင်တွင် သုံးလေးပတ်လိမ့်ကာ ခေါင်းကြီးစိုက်ကျနေ၏။ သွေးထရန် ကြိုးစားရင်း လဲကျသွားသည်။

အမှန်က ကျွန်တော်သည် ကြောက်စိတ်ကြောင့်သာ ကျားကြီးဟု စိတ်ထဲ မြင်မိသော်လည်း အစ်ကို ငှက်ကြီးတောင်ဓားနှင့် လည်ပင်းကို တစ်ချက်တည်းသာ ခုတ်ထည့်လိုက်သော ကျားမှာ ခွေးသာသာရှိသော ကျားသစ်ငယ်သာ ဖြစ်လေသည်။ ထို့ကြောင့်လည်း အစ်ကိုက ကျားသစ်အသေကို ကုန်းပိုးထမ်းပြီး ကျွန်တော်က နောက်မှ မီးပြကာ ရွာဘက်သို့ ပြန်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျားဘီလူး

"ကိုကြီးဘာဟိုးတစ်ယောက် အိမ်မှာရှိလားဗျို့. . မြင်ခဲ့လား"

မည်သူနှင့်တွေ့၍ မည်သူ့ကို မေးနေမှန်းတော့ မသိ။ ရွာဖျားတ ဘက်ကပင် ဘအောင်၏အသံသြကြီးကို ဦးဘာဟိုး ကြား၍ကြားနေရ ဘအောင်မှာ ဦးဘာဟိုးနှင့် သားချင်းတော်သော ဥသျှစ်ကုန်းရွာသား သည်။ ထို့ကြောင့်လည်း ဘအောင်၏အသံကို ကောင်းကောင်းကြားမှ သော ဦးဘာဟိုးက အိမ်ရှေ့ လှမ်းကြည့်နေ၏။

"ရဲသလားတော့ မမေးနဲ့ဗျိုး. . ဒီအတိုင်းဆို ရွာထဲကလူတွေဒေ ဝင်ကိုက်မှာ စိုးရိမ်နေရလို့ ခု. . ကိုကြီးဘာဟိုးဆီ ပြေးလာရတာ"

ဘအောင်၏ အသံသြကြီးနှင့် မရှေးမနှောင်းမှာပင် ဘအော ဦးဘာဟိုး၏ အိမ်ရှေ့ရောက်လာသည်။

"မင်းဟာ စောစောစီးစီးပါလားကွ"

"ဟာ. . ကိုကြီးနှယ်၊စောစောစီးစီးဆို အကြောင်းက ထူးလွန်း

"ဟေ. . မင်းဟာက ဆိုစမ်းပါဦး"

"ဆို, ဆို ဒီနှစ် ကျွန်တော်တို့ရွာဘက်မှာ ကျတဲ့ကျားက ခါတိုင်း တွေ ကျတဲ့ကျားတွေလို ရိုးရိုးကျား မဟုတ်ဘူး ကိုကြီး၊ ကျားဘီးလူးလို့ နေကြတယ်"

"ဟင်. . ဘာရယ်ကွာ. . ကျားဘီးလူး"

"ဟုတ်တယ် ကိုကြီး၊ ခု ကျွန်တော်တို့ ရွာနားတစ်ခိုမှာ သောင်း နေတဲ့ကျားကို ကျားဘီလူးလို့ လူတိုင်းပြောနေကြတယ်"

"ဘာ့ကြောင့်ပါလိမ့်"





"ဘာကြောင့်ဆို တခြားနှစ်တွေမှာ ကျတဲ့ ကျားတွေက ကျွဲကိုက်၊ နွားကိုက်သွားလို့ စားရင် တစ်ပိုင်းတစ်ခေါင်းတော့ ကျန်တတ်တာပဲ ဟုတ်လား"

"ဟုတ်တယ်လေကွာ၊ အဲဒီ ကျားစားလို့ ကျန်တဲ့ တစ်ပိုင်းတစ်ခေါင်း နဲ့ မင်းတို့ ငါတို့ ကျားထောင်ဖမ်းသတ်လာကြတာ. . ငါ့တစ်သက် ဆယ် ကောင်တောင်ကျော်ပြီပဲ"

"ခုတော့ တစ်ပိုင်းတစ်ခေါင်းကို မပြောနဲ့ ကိုကြီး၊ ကျွဲနွားတစ်ကောင် ကောင်ကို ကိုက်သတ်စားသွားပြီဆိုရင် အူသိမ်၊ အူမ ချေးအိတ်မစင်က အပြီး အသားဆိုလို့ အရိုးထဲမှာ ယင်နားစရာတောင် မကျန်ရစ်ဘူး။ ခွာသိုး ချိုထောင်တွေကိုတောင် ကိုက်ဝါးသွားသလား ထင်ရတယ်၊ အဲဒါကြောင့် လဲ လူတွေက ကျားဘီလူးလို့ ပြောနေကြတာ"

ဘအောင်၏ စကားအဆုံးမှာ မုဆိုးကြီး ဦးဘာဟိုးလည်း ငိုင်ကျ သွား၏။ သူ၏ မုဆိုးတစ်သက် အတွေ့အကြုံအရ ကျွဲ၊ နွားတစ်ကောင် ကောင်ကို ကျားက ကိုက်စားသွားပြီဆိုလျှင် မည်သည့်သားစားကြူးသော ကျားဖြစ်ဖြစ်၊ ချေးခါးအူမများကိုတော့ ထားခဲ့သည်။ ကျွဲနွား မည်မျှငယ် သည် ခေါင်းတစ်လုံး ခါးတစ်ပိုင်းဆိုသလို ကျန်တတ်သည်ချည်းသာ။ ကျား သည် နောက်တစ်ခါ ပြန်လာစားဖို့ ချန်ထားတတ်သည်ချည်းသာ။

ယခု ကျားမှာမူ အူသိမ်၊ အူမ,ပါ မချန်ဘဲ စားသွားသည်ဆိုသဖြင့် ဘအောင်နှင့် ရွာသားများ ပြောသည်မှာလည်း ပြောစရာတော့ ဖြစ်နေ လေပြီ။ ဦးဘာဟိုးသည် ဘအောင်ပြောသော ကျားဘီးလူးနှင့် ပတ်သက် ၍ အရေးကြီးသော အချက်အလက်များကို မေးမြန်းလိုက်သည်။

"မင်းပြောတဲ့ကျားဘီလူးက ကျွဲ၊ နွား ဘယ်နှကောင် ကိုက်ပြီးပလဲ"

"ကျွဲနှစ်ကောင်၊ နွားသုံးကောင် ဆိုတော့ ငါးကောင်ရှိသွားပြီ ကိုကြီး၊ အဲဒါကြောင့်လဲ ကိုကြီးကို အရေးတကြီး သွားခေါ်ကြဖို့ပြောလို့ ကျွန်တော် ပြေးလာရတာ"

"အေးလကွာ လိုက်ရတာပေါ့"ဟု ပြောပြီး မုဆိုးကြီး ဦးဘာဟိုးသည် ဥသျှစ်ကုန်းရွာမှ လာခေါ်သူ ဘအောင်နောက် လိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ကျားဘီလူးက ဘယ်လိုနေရာမျိုးတွေမှာ အကိုက်များလဲ"

"ကိုက်တာကတော့ နွားစားကျက်၊ ကျွဲစားကျက်တွေမှာ အကို များတာပဲ ကိုကြီး"

"မင်း အိမ်မှာတုန်းက ပြောသလို တကယ် ခေါင်းတစ်လုံး၊ ကို တစ်ပိုင်းတောင် မကျန်ဘူးဆိုတာ. . ."

"ဟာ. . ကိုကြီးကလဲ ခေါင်းတစ်လုံး ကိုယ်တစ်ပိုင်း နှယ်နှ သာသာ ချေးခါးအူမပါ မကျန်ပါဘူးဆို၊ အရိုးခွာသီးတွေတောင် မနည် ရှာကြည့်ရပါတယ်ဗျ၊ မဟုတ်တာ မပြောပါဘူး၊ ကျွန်တော်လဲ ကို တပည့် ရွာမုဆိုးတစ်ယောက်ပါဗျ၊ သေသေချာချာ ကိုယ်တိုင်လိုက်ကြ ပြီးမှ ပြောတာ၊ ကိုကြီးကို လာခေါ်တာ၊ ခေါင်းတစ်လုံး ကိုယ်တစ်ပိုင်းသ ရရင် ကျွန်တော်လဲ ကျားကိုင်းထောင်ချောက် ထောင်တတ်နေသ အပင်ပန်းခံပြီး ကိုကြီးကို လာခေါ်ပါ့မလား"

"အေးကွ မင်းပြောသလိုဆို စဉ်းတော့စဉ်းစားစရာပဲ၊ ငါ့တစ်သ မှာတော့ ဘယ်အချိန် ဘယ်အခါ ကိုက်ကိုက် ကျွဲနွားတွေကို ကျားကို သွားရင် အနည်းဆုံး ခေါင်းတစ်လုံး ကိုယ်တစ်ပိုင်းတော့ ကျန်တာချည် ခဲ့ မင်းဆီက ကြားရတဲ့အတိုင်းဆို တစ်မျိုးကြီးဖြစ်. . ."

"အဲဒါကြောင့်လဲ ကျားဘီလူးလို့ ပြောနေကြတာလေ ကိုကြီး"

"အိမ်း ငါ့တစ်သက်တော့ ကျားဘီလူးဆိုတာ မကြားဖူးလို့ပါ ဘယ်လူကများ ပြောပါလိမ့်"

"တောင်ရိုးက ဆေးရှက်ကြီး လာဝယ်တဲ့ လူကြီးတစ်ယောက် ပြ သွားတယ်လို့ ဆိုတယ် ကိုကြီး၊ သူတို့ တောင်စဉ်ရွာဘက်တွေမှာ ဒီ ကျားဘီလူးတွေ ရှိတယ်တဲ့၊ အင်မတန် သားစားကြူးပြီး အရိုးအရင် မကျန်အောင် ကိုက်စားတတ်တဲ့ ကျားမျိုးတဲ့၊ အဲဒီကျားမျိုးဆိုတာ ဘီ သဘက် စီးနေတာ ဆိုပါလား ကိုကြီး"

"မသိဘူးလေ ငါမှ မကြုံဖူးတာ"

"ကိုကြီး မကြုံဖူးလို့သာ မကြုံဖူးတာနေ့ာ်၊ သရက်တစ်ပင်ရွာ လုဆောင်ရဲ့ နွားကို ကိုက်တုန်းက နေ့ခင်းကြောင်တောင်ကြီးဗျ၊ အ အနားက နွားကျောင်းသားလေးတွေ အပြောကတော့ ကျားကြီးမလာ





သူတမည့် သရဲသဘက်လေးတွေ အရင်လာတယ်တဲ့၊ ကျားဘီလူးကြီးရဲ့ ရှေ့တော်ပြေးတွေပေ့ါ၊ အဲဒီသရဲသဘက်လေးတွေ လာပြီးမှ ကျားကြီးက ထွက်လာတာတဲ့၊ သရဲသဘက်တွေ စီးနေတဲ့ ကျားကြီးမို့လဲ ကျားဘီလူးလို့ ခေါ်ကြတာနေမှာပေ့ါ"

"အဲဒီသရဲသဘက်တွေကိုတောင် မြင်လိုက်တယ်ဆိုတော့ ကြောက် စရာကြီးပဲကွ"

"ကြောက်စရာကြီးဆို နွားကျောင်းသားလေးတွေ အော်ဟစ်ပြေးလာ ကြတာ တချို့ ပုဆိုးတောင် မပါဘူးတဲ့"

"ဒီနေ့ . . . တို့ သရက်တစ်ပင်မှာ ညအိပ်ကြရင် ကောင်းမယ်ထင် တယ်"

"သရက်တစ်ပင်မှာ ကိုက်သွားတာက သုံးရက်တောင် ရှိသွားပြီလေ ကိုကြီး၊ မနေ့က ကိုက်တာက ကျွန်တော်တို့ရွာကြားနဲ့ တောင်နီရွာကြား ပါ၊ ဒီတော. . ကျွန်တော်တို့ ရွာမှာပဲ အိပ်ပြီး လှေ့လာကြည့်ကြတာ ကောင်း မယ်ထင်လို့ပါ"

"ငါက ကျားဘီလူးနဲ့ တွေ့ဖူးတဲ့ သရက်တစ်ပင်က နွားကျောင်း သားတွေကို စေ့စေ့စပ်စပ် မေးချင်လို့လေကွာ"

"ဒါတော့ ကိုကြီးသဘောပါပဲ၊ တစ်ရွာလုံး တစ်နယ်လုံးကလည်း ကိုကြီး ပါလာပြီဆိုရင် ထုံးစံအတိုင်း ကိုကြီးအလိုကျ ဆောင်ရွက်ပေးကြ မှာပါ"

"မုဆိုးကြီး ဦးဘာဟိုးနှင့် ဘအောင်တို့နှစ်ယောက် စကားတပြော ပြောနှင့် လျှောက်လာကြရာ နေမွန်းစောင်းကြီးမှာ ဉသျှစ်ကုန်းရွာသို့ ရောက်လာကြလေသည်။

တမြန်နေ့က နွားတစ်ကောင်ကို ကိုက်သတ်စားသွားသည်ဆိုသော နွားစားကျက်နား ဦးဘာဟိုးကို ရွာမုဆိုး ဘအောင်က ခေါ်လာ၏။

နွားစားကျက်ဟု ဆိုသော်လည်း ရွာနှစ်ရွာကြားရှိ နွားစားကျက်မှာ သောစပ်နှင့် ပိုနီး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်လည်တွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သလို မြက်ခင်းထဲမှာလည်း ချုံနွယ်ပိတ်ပေါင်းများနှင့် နွားစားကျက်မှာ မြက်တောဆို၍ ဟိုတစ်ကွက် သည်တစ်ကွက်သာ ရှိသည်။

ဘအောင် ပြောသကဲ့သို့ ခေါင်းတစ်လုံး၊ ခါးတစ်ပိုင်း ဆို၍ကား အရိပ်အယောင်မျှ မတွေ့ရ။ ကျိုးကြေနွမ်းခြောက်နေသော မြက်ပင်၊ ချုံပင်များနှင့် ညီစိုစို အနံ့အသက်တွေကသာ ယင်ရိုင်းမများကို ဖိတ်ခေါ်နေသလို ရှိနေသည်။

ဦးဘာဟိုးနှင့် ဘအောင်တို့ လှည့်ပတ်ကြည့်ကြရာ နွားမွေးများနှင့် အရိုးအရင်းများကို ဟိုနားတစ်ချောင်း၊ သည်နားတစ်ထွေး တွေ့ရသည်။ ယင်ရိုင်းမများ စားထားသဖြင့် အရိုးအရင်းများပေါ်တွင် သွေးစသွေးနများကိုပင် မမြင်ရတော့။

"အေးကွ၊ မြက်တော ချုံတောမှာဆိုတော့ ခြေရာကလဲ မထင်နဲ့ ကျားအကြီး အသေးတောင် ခန့်မှန်းရ ခက်သားကလား"

"ဟုတ်တယ် ကိုကြီး၊ ဒါကလဲ နွားကြီးရုန်းကန်ထားတဲ့ ခြေရာခွာရာတွေပဲဗျ"

ဦးဘာဟိုး၏စကားကို ဘအောင်ကလည်း ထောက်ခံ၏။

သည်လိုနှင့် ကျားဘီလူးကြီး ကိုက်သတ်စားသွားသည်ဆိုသော နောက်နေရာများကို ဦးဘာဟိုးနှင့် ဘအောင်တို့က သွားရောက်ကြည့်ရှုကြပြန်သည်။

ထူးထူးခြားခြား ဘာမှ မတွေ့ရ။ တောင်နီရွာက နွားစားကျက်မှာ ကိုက်သတ်စားသွားခြင်း ခံလိုက်ရသော နွားကဲ့သို့ တခြားကျွဲနွားများကို ကိုက်သတ်စားသွားသည်ဆိုသော နေရာများမှာလည်း အရိုးအရင်းနှင့် အမွေးအမှင်များကိုသာ တွေ့ကြရသည်။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ကိုက်သတ်သံ ကြားရသည်ဆိုသော ကျားဘီလူးကြီး၏ ခြေရာကလည်း ပျောက်နေသည်။

ကျားနှင့်ပတ်သက်၍ အပွဲပွဲ နွှဲလာခဲ့သော မုဆိုးကျော်ကြီး ဦးဘာဟိုးမှာ ယခုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ ထို့ကြောင့် ကျားဘီလူးကြီးကို ကိုယ်တိုင်ကိုယ်ကျ မြင်လိုက်တွေ့လိုက်ကြရသည် ဆိုသော သရက်





တစ်ပင်က နွားကျောင်းသားများနှင့် တွေ့ရန် ဦးဘာဟိုးနှင့် ဘအောင်တို့ သရက်တစ်ပင်ဘက် ခရီးဆက်လာကြသည်။

ကျားဘီလူးကြီး ကိုက်သတ်စားသွားဖူးသော ဥသျှစ်ကုန်း၊ တောင်နီ၊ ကိုင်းခြောက်တို့နှင့်စာလျှင် သရက်တစ်ပင်မှာ ရိုးမနှင့် ပိုနီးသည်။ ဥသျှစ်ကုန်းက ခြေကျင်သုံးနာရီခရီးရှိသဖြင့် စောစောပင် ရွာက ထွက်လာကြသည်။

"မင်းကို ငါတစ်ခု မေးဦးမယ်၊ နေ့ခင်းကြောင်တောင်ချည်း ကိုက်တာဆိုတော့ မင်းတို့ ရွာသားတွေ အဲဒီကျားကို ထွက်မလိုက်ကြဘူးလား"

"ဟာ. . ကိုကြီးကလဲ သိသားနဲ့၊ နေ့လယ်နေ့ခင်းဆို ရွာမှာ အားကောင်းမောင်းသန် မင်းယောက်ျားဆိုလို့ တစ်ယောက်မှ မရှိတာ၊ ကလေးနဲ့ မိန်းမတွေကလဲ ကျားဘီလူးကို ဘယ်ထွက်လိုက်ရဲကြမလဲ၊ ကျားဘီလူးဆိုတာနဲ့ အကုန် ခြေတံရှည်အိမ်ပေါ် တက်ပြေးကြတာ၊ အဲဒါကြောင့်လဲ ကျားဘီလူးက သူ ကိုက်သတ်ထားတဲ့ ကျွဲ၊ နွားတွေကို စိမ်ပြေနပြေ စားသွားတာပေါ့"

ဘအောင် ပြောသည်မှာလည်း အမှန်ပင်။ သူတို့ရွာတွေမှာ ရွာဟုဆိုသော်လည်း အိမ်ခြေက ဆယ်အိမ် ဆယ့်ငါးအိမ်ခန့်သာ ရှိသည်။

ယောက်ျားဟူသမျှတွေမှာ နေ့ခင်းနေ့လယ်ဆိုလျှင် သစ်ခုတ်၊ ဝါးခုတ်လိုက်နေကြရာ ရွာတွေမှာ ကလေးနှင့် မိန်းမတွေသာ ရှိကြလေသည်။ သူတို့မှာ ကျားဆိုသည်နှင့် ခြေတံရှည်အိမ်ပေါ်သာ တက်ပြေးဖော်ရကြသူတွေ ဖြစ်၏။

ယခု ကျားကို ကျားဘီလူးဟု သမုတ်ထားကြရာ ပို၍ပင် ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

▮

"ကဲ၊မင်း မြင်လိုက်တယ်ဆိုတဲ့ ကျားဘီလူးကြီးရဲ့ ပုံပန်းသဏ္ဌာန်ဟာ ဘယ်လိုရှိလဲဆိုတာ ဒီက မုဆိုးကြီးကို ပြောပြလိုက်ပါဦး"

ရွာလူကြီးများက ဦးဘာဟိုးနှင့် သရက်တစ်ပင်ရွာက နွားကျောင်းသားလေးကို တွေ့ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးလှဆောင်တို့နွား ကျွန်တော် ကျောင်းနေတုန်း ရိုးမထိန်ချိုင်ဘက်က ကျားဘီလူးကြီး ဆင်းလာတယ်"

"အကောင် ဘယ်လောက်ကြီးလဲ"

"အကောင်တော့ မမြင်ရဘူး"

နွားကျောင်းသား၏စကားကို ဦးဘာဟိုးနှင့်တကွ အားလုံးက စိတ်ပျက်လက်ပျက် ပြိုင်တူသက်ပြင်းချလိုက်ကြသည်။

"မင်းအဘ, အကောင်မမြင်ရဘဲနဲ့ ကျားဘီလူးလို့ မင်းက ဘယ်လိုလုပ်သိလဲ"

"ကျားဘီလူးကြီး မလာခင် သူ့တပည့် သရဲသဘက်တွေက အရင်ပြေးလာကြတယ်"

"အဲဒီ သရဲသဘက်တွေက ဘယ်လောက်ကြီးလဲ၊ ဘယ်လိုပုံပန်းရှိလဲ ပြောပါဦး"

နွားကျောင်းသားလေးက စူးစူးစိုက်စိုက်ကြည့်မေးနေသော ဦးဘာဟိုးမျက်နှာကို တစ်ချက်မော့ကြည့်ပြီး ရုတ်တရက် နှုတ်ဆွံ့သွား၏။

"ပြောလေကွာ၊ အဲဒီ သရဲသဘက်တွေက ဘယ်လိုပုံလဲဆိုတာ"

လူကြီးတစ်ယောက်က စိတ်မရှည်တော့သလို အော်လိုက်၏။

"ဘယ်လိုလဲဆိုတာ ကျွန်တော် မပြောတတ်ဘူး၊ ခြေသံပဲ ကြားတာကိုး"

"ငါ. . . မသား၊ မင်း စောစောက ပြောတော့ ထိန်ချိုင်ဘက်က ဆင်းလာတယ်၊ ကျားဘီလူးကြီးရဲ့ ရှေ့တော်ပြေး သရဲသဘက်တွေ"

နွားကျောင်းသားကို ဆဲဆိုအော်ငေါက်လိုက်သော ရွာသားကြီးအား ဦးဘာဟိုးက လက်ကာပြ၍ ဟန့်တားလိုက်ရ၏။

"လှဆောင်နွားကို ကျားဘီလူးကြီး ကိုက်တာ သားမျက်စိနဲ့ တပ်အပ်သေချာမြင်တာ မဟုတ်ဘူးပေါ့"

"ချုံတောကလဲ ထူတော့ သေသေချာချာ မမြင်ရဘူး၊ အကိုက်ခံရတဲ့ နွားအော်သံနဲ့ တခြားနွားတွေ အော်ပြီး ထွက်လာကြတာ မြင်တော့ ကျွန်တော်လဲ ထွက်ပြေးလာတာပဲ"

"ခြေသံက ဘယ်လိုကြားလဲသား"





ဦးဘာဟိုးက နွားကျောင်းသားလေးကို စိတ်ရှည်လက်ရှည် မေးမြန်းနေ၏။

"တောထဲက ဖြူးဖြူးဖြောက်ဖြောက် ကြားပြီး ညည်းသံလိုလို၊ ခေါ်သံလိုလိုလည်း ကြားမိသလိုပဲ"

"မင်းဟာက ဘာမှ မသေချာပါလားကွ"

ဦးဘာဟိုးက ကြားဝင်ဟန့်တားရပြန်၏။

"နေကြပါဦး၊ ကျုပ် မေးပါရစေ၊ ညည်းသံက လူညည်းသံနဲ့တူလား၊ ခေါ်သံဆိုတာ ဘယ်လိုခေါ်သလဲ"

"လူသံနဲ့တော့ မတူဘူး"

"လူလေးက ဘယ်လိုအသံလို့ ထင်လဲ"

"ကျားဘီလူးကြီးကို သူ့သရဲသဘက်တွေက သားကောင်တွေ့ပြီလို့ ခေါ်သံထင်တာပဲ"

ဤတစ်ခါတော့ နွားကျောင်းသားလေးကို ဦးဘာဟိုးကပါ စိတ်ပျက်သွားလေသည်။ ကောင်လေးမှာ ရွာသားကြီးတွေ တောပြောတောင်ပြော ပြောနေကြသည်ကို သူ့အထင်နှင့် ရမ်းပြောနေခြင်းသာ။

သို့နှင့် ချောင်းခြောက်၌ တစ်ညအိပ်ပြီး ဦးဘာဟိုးနှင့်ဘအောင်တို့ သစ်ကုန်းသို့ ပြန်လာကြသည်။ သူတို့ပြောသော ကျားဘီလူးကြီးကို မည်သို့နှိမ်နင်းရမည် မသိသေး။ ခက်နေသည်မှာ ခါတိုင်းနှစ်တွေကျတတ်သော ကျားများလို စားကြွင်းစားကျန် ချန်မထားသဖြင့် အခက်တွေ့နေကြသည်။ စားကြွင်းစားကျန်အဖြစ် ခေါင်းတစ်လုံး၊ ကိုယ်တစ်ပိုင်းသာ ချန်ခဲ့တော့ ဦးဘာဟိုးနှင့်ဘအောင်တို့ သုတ်ကိုင်း၊ ထောင်ချောက်၊ ညှပ်ခုတ်သည်တို့နှင့် တစ်နေ့မမိ၊ တစ်နေ့ မိကြသည်ချည်းသာ။

ယခုကျားဘီလူးမှာ ဤသည်တို့ကို ကြိုသိနေ၍လား မသိ၊ စားကြွင်းစားကျန် ဆို၍ အမွေးနှင့် ခွာသီးချိုထောင်ကလွဲလို့ ဘာမျှ ချန်မထားခဲ့။ ထို့ကြောင့်လည်း ဘာဟိုးနှင့် ဘအောင်တို့မှာ အကြံအိုက်စိတ်ပျက်နေခြင်းဖြစ်၏။

▮

www.burmeseclassic.com

www.burmeseclassic.com



"ခက်နေတာက ကွဲ၊ နွားတွေကို လိုက်ကိုက်စားသောက်သွားတာတော့ အမှန်ပဲကွ၊ စားကြွင်းစားကျန် မချန်တာဘဲ တို့ စဉ်းစားစရာရှိတယ်"

"ဟုတ်တယ်လေ ကိုကြီး၊ အဲဒါကြောင့်လဲ အစားကြူးတဲ့ ကျားဘီလူးလို့ ပြောကြတာကိုးဗျ"

ဦးဘာဟိုးနှင့် ဘအောင်တို့မှာ ကျားထိုးလှံတစ်ယောက်တစ်ချောင်းစီနှင့် တောအနံ့ တောင်အနံ့ ကျားဘီလူးကို လိုက်ပြီးခြေရာခံနေကြသည်။ ဦးဘာဟိုး ဥသျှစ်ကုန်းသို့ရောက်နေသည်မှာ လေးရက်နှင့် သုံးညရှိသွားပြီ။ ကျားဘီလူးကိုက်သံကိုတော့ နောက်ထပ် မကြားရသေး။ ထိုသို့ ခြေစခြေနမကြားရလေလေ ဦးဘာဟိုးနှင့် ဘအောင်တို့ကလည်း ရှိုးမတစ်ကြောကို နေ့စဉ် လျှောက်၍ ခြေရာခံကြလေပင်။

ဤနေ့ သူတို့ တောင်နီရွာဘက် ရောက်လာကြသည်။ အချိန်မှာ နေမွန်းစောင်းကြီးရှိသွားပြီ။ ထိုအချိန်မှာပင် တောင်နီရွာ၏ အရှေ့ဘက် ပျားကြီးတောင်နှင့် ကညင်ဖြူတောင်ကြားချိုင်မှ လူအော်သံ၊ နွားမြည်သံ နွားခလောက်သံတို့ကို မမျှော်လင့်ဘဲ ရုတ်တရက် ဆူညံစွာ ကြားလိုက်ကြရသည်။

ဦးဘာဟိုးနှင့် ဘအောင်တို့ ချက်ချင်းအသံကြားရာ တောင်ချိုင်ကြားကို လှံထမ်း၍ ပြေးလိုက်သွားကြ၏။ လမ်းခုလတ်၌ပင် နွားကျောင်းသားတစ်ယောက် အော်ပြေးလာသံကို ပီပီသသ ကြားကြရသည်။

"ကျား. . ကျားဘီလူးဗျို့. . ကျားဘီလူး. . ကျားဘီလူး"

ရွာရှိရာဘက် အော်ပြေးလာသော နွားကျောင်းသားလေးကို ဦးဘာဟိုးနှင့် ဦးဘအောင်တို့က ရှေ့က ဖြတ်ဆီးထားလိုက်ကြ၏။

"ဟေး. . ဘယ်မှာလဲကွ၊ ကျားဘီလူး ဘယ်မှာလဲ"

"ဟို. . ဟိုဘက်မှာဗျ၊ ကျွန်တော့်နွားတွေကို ကိုက်နေပြီ"

"ကဲ. . လာလာ၊ တို့ကို အဲဒီကျားဘီလူး ကိုက်နေတဲ့ နွားရှိရာ လိုက်ပြစမ်း၊ လုပ်ကွာ မြန်မြန်"

လိုက်ပြရမှာ ကြောက်ရွံ့နေပုံရသော်လည်း ဦးဘာဟိုးနှင့် ဘအောင်တို့က မာန်သလို ခပ်ထန်ထန် ပြောလိုက်သောအခါ နွားကျောင်းသားလေးမှာ မဝံ့မရဲနှင့်ပင် လိုက်ပြရှာသည်။





"ဟော. . . ဟို စင်ပြွမ်းပင်ကြီးနားက နေရာပဲ"

မှန်သည်။

တောင်ချိုင်နှစ်လုံးကြား ယာဟောင်းဖုန်းဆိုးတောမှ ရှန်းကန်သည့်ရှား သံများနှင့်အတူ ညည်းညူသံများ တီးတိုးမြည်သံများကိုလည်း ကြားနေရသည်။

အသံကြားရာဘက်ကို လှံတံလှည့်ပြီး မြဲမြဲဆုပ်ကိုင်ကာ ဦးဘာဟိုးနှင့်ဘအောင်တို့မှာ သတိဝီရိယနှင့် တစ်လှမ်းချင်းတိုးကပ်သွားကြရ၏။

"ဟာ. . တောက်. . လက်စသတ်တော့ ကျားဘီလူးထက် ကြောက်ရကောင်းတဲ့ ဆင်ဘီလူးကြီးတွေပဲကွ ဘအောင်ရာ"

ဦးဘာဟိုး၏ အပြောကို ဘအောင်မှာ ချက်ချင်းသဘောမပေါက်သေးဘဲ ကြောင်သွား၏။ သူ့မျက်စိထဲ ထင်ထင်ရှားရှားမြင်နေရသည်မှာ နှစ်ခါလည်သားလောက်သာ ရှိသေးသော နွားလေးတစ်ကောင်ကို တောခွေးအုပ်တွေ ဝိုင်းဆွဲကိုက်ဖဲ့စားနေကြခြင်းသာ။

"ငါထင်တော့ ထင်သားကွ၊ ကျားဘီလူးကြီး စားသွားတာ ချေးခါးအူမတွေပါမကျန်ဘူး ဆိုကတည်းက တောခွေးတွေများ ဖြစ်နေမလားလို့ နှတော့ ထင်တဲ့အတိုင်းပဲ၊ ရှူးရှူး. . ဟေး . . ဟေး"

လူနှစ်ယောက်ကို မြင်လျက်နှင့် မထီမဲ့မြင်လုပ်နေကြသော တောခွေးအုပ်ရှိရာဆီ ဦးဘာဟိုးက ကျားထိုးခါနီး အော်သံအသံနက်ကြီးနှင့် အော်ဟစ်ပြေးသွားပြီး တောခွေးတစ်ကောင်ကို လှံရှည်နှင့် တအားရမ်းပစ်လိုက်၏။

ထိုအခါမှ တောခွေးများသည် မာန်ဖီအော်ဟစ်ကာ ချုံတောထဲဝင်ပြေးသွားကြ၏။ ဗွဲရမှ အူတွေကို ဆွဲထုတ်ပြီး အင်္ဂါ မျက်စိနှစ်လုံးကိုပါ ဆောက်ကိုက်ထားကြပြီးဖြစ်သဖြင့် နွားကြီးကား သေနေလေပြီ။

"ကဲ. . ဘအောင်ရေ ဟိုကောင်လေးကို ရွာသားတွေ အခေါ်လွှတ်လိုက်ကွာ၊ ကျားဘီလူးကြီးတွေ သတ်ပေးထားခဲ့တဲ့ ပွဲသကူသားနဲ့ ညစာစားပြီးမှ တို့လဲ ဥသျှစ်ကုန်း ပြန်ကြတာပေါ့"

ဦးဘာဟိုး စကားအဆုံးမှာ ကောင်လေးကို ရှာကြည့်ရာ သူတို့အနားမှာ ကောင်လေး မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကပင် ရှာဘက်ပြန်ပြေးသွားသည်ကို ဘအောင်လည်း သတိမထားမိလိုက်။

"ကျားဘီလူးကြီးတွေကို ကြောက်လို့ ကောင်လေးတော့ ပြေးပြီထင်တယ် ကိုကြီး၊ ကျွန်တော်တို့လဲ ရွာသူရွာသားတွေကို အကျိုးအကြောင်းပြောဖို့ ပြန်ကြမယ်၊ နောက်တော့ သူတို့ဖာသာသူတို့ အမဲလာဖျက်ကြမှာပေါ့။ သူတို့ပြောတဲ့ ကျားဘီလူးကြီးတွေကိုလဲ ကျွန်တော်တို့ တွေ့ပြီပဲ"

နွားသေကောင်ပေါ် လှံထောက်တက်ထိုင်နေသော ဦးဘာဟိုးအား ဘအောင်က ပြောလိုက်၏။

"အံမယ်လေး စားရက်ကြဲ့လို့ ရတဲ့အမဲ၊ ဒီအတိုင်းတော့ မထားခဲ့ပါရစေနဲ့ကွာ"

"ဘာဖြစ်လို့လဲ ကိုကြီး"

"ဒီနွားသေကောင်ကြီးကို ဒီအတိုင်းသာ ပစ်ထားခဲ့ကြလို့ကတော့ တို့ ရွာမရောက်ခင် ကျားဘီလူးကြီးတွေ ဝိုင်းစားလို့ ကုန်မှာပဲ။ ရွာသားတွေ အမဲဖျက်ဖို့လာရင် ခွာနဲ့ချိုပဲ ကျန်မှာသေချာတယ်၊ သားရေတောင် ရမှာမဟုတ်ဘူး။ သားစားကြူးတဲ့ နေရာမှာ တောခွေးတွေကို ဘယ်သားစားတိရစ္ဆာန်မှမမီဘူးဆိုတာ မင်း မသိသေးဘူးကိုးကွ၊ နွားတစ်ကောင်ကို သူတို့ ဝိုင်းစားရင် တစ်နာရီမကြာခင်မှာ ခွာနဲ့ချိုပဲကျန်မယ်၊ မင်းတို့ငါတို့ နောက်ခိုင်းတာနဲ့ ဒီကောင်တွေ ချက်ချင်း ချုံကြိုချုံကြားထဲက ပြေးထွက်လာကြမှာ၊ ခုတောင် တို့အလစ်ကို ဘယ်ချုံကြိုချုံကြားက စောင့်ကြည့်နေကြလဲ မသိဘူး။ သွား. . သွား. . မင်းသာ ရွာသားတွေကို အမဲဖျက်ဖို့ မြန်မြန်သွားခေါ်ပါ၊ ငါ ဒီအမဲကို စောင့်ကျန်ခဲ့မယ်"

ဦးဘာဟိုး ပြောသည်မှာ အမှန်ပင် ဖြစ်သည်။

တောခွေးအုပ်သည် တောထဲတွင် ကေသရာဇာခြင်္သေ့မင်းတို့ထက်ပင် ကြောက်စရာကောင်းကြသည်။ ခြင်္သေ့သည် သားကောင်အမဲလိုက်ရာ၌ တစ်ကောင်တည်းသာ လိုက်တတ်၏။ ထို့ကြောင့် ခြင်္သေ့လိုက်ရသောသားကောင်များမှာ အပြေးသန်လျှင် ခြေမြန်လျှင် လွတ်နိုင်သည်။ တောခွေးအုပ်နှင့်တွေ့သော အမဲသားကောင်တို့မှာမူကား မည်မျှအပြေးသန်သန် မည်မျှခြေမြန်မြန် လွတ်ရန် လမ်းမရှိပေ။





အဘယ်ကြောင့်ဆိုသော် တောခွေးများသည် အမဲသားကောင်လိုက်ရာ၌ ကျွမ်းကျင်ကြသလို အုပ်ဖွဲ့၍လိုက်တတ်ကြ၏။

သားကောင်ကို တွေ့ပြီဆိုလျှင် ရှေ့က ဆီးသည့်အကောင်ကဆီး၊ နောက်က ပန်းလိုက်သည့် အကောင်ကလိုက်၊ သစ်ပင်ပေါ်တက်၍ အမဲသားကောင်တို့၏ မျက်စိပေါ် သေးပန်းချသည့်အကောင်က ပန်းချနှင့် သားကောင်ကို စနစ်တကျ လိုက်တတ်ကြသည်။

တောခွေးသေးရည် မျက်စိထဲ ဝင်သွားလျှင် ပူလောင်စပ်ရှပြီး တောတိရစ္ဆာန်တွေမှာ တော်တော်နှင့် မျက်စိဖွင့်မရ ဖြစ်တတ်သည်။ ထိုအခါ တောခွေးများသည် ရဲရင့်ဖျတ်လတ်စွာ သားကောင်၏ မျက်စိကို ဖောက်ဆိုက်သည့် အကောင်ကကိုက်၊ ဒွါရမှ အူမကြီးတွေကို ကိုက်ဖွဲ့ဆွဲနုတ်သည့်အကောင်က ဆွဲနုတ်၊ သေနိုင်သော ကိုယ်အင်္ဂါကို ဝင်ခဲသည့်အကောင်က ဝင်ခဲနှင့် တောခွေးအုပ်နှင့်တွေ့သော သားကောင်မှာ နာရီပိုင်းမကြာခင် သေကြရသည်ချည်းသာ။

ထို့ကြောင့်လည်း တောခွေးဆိုလျှင် တောထဲရှိ ဆင်တို့ကျားတို့ကပင် ကြောက်ကြသည်။ တောခွေးများမှာ သွားစွယ်ရှည်ပြီး မေးရိုးခိုင်သဖြင့် ကြည်သည့်သတ္တဝါ၏ ဦးခေါင်းကိုမဆို မ,ဆွဲကိုက်ခဲပြီး ဦးနှောက်ကို စားသည်။ ထို့ကြောင့်လည်း တောခွေးအုပ် အစားခံရသော တောတိရစ္ဆာန်တွေမှာ အရိုးနှင့် အမွေးကလွဲလျှင် သားရေပင် မကျန်တတ်ပေ။ တောခွေးစားသွားပြီဆိုလျှင် ခွာနှင့်ချိုသာ အများဆုံး ကျန်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# တောဘုရင်နှင့် ဆင်သမား

၄ထီးသံ၊ ထီးလှနှင့် မဲလုံးတို့သည် ဆင်ကင်းထောက်ရန် သစ်ယာချောင်းဘက် ထွက်လာကြသည်။ သစ်ယာချောင်းဖျားရှိ စမ်းရေအိုင်တစ်နားအရောက်တွင် ကလေးငိုသံလိုလို ဆတ်အော်သံလိုလို အသံတစ်ခု ကြားမိလိုက်ကြသဖြင့် သုံးယောက်စလုံး ခြေလှမ်းရပ်၊ နားစွင့်နေလိုက်ကြသည်။

စူးစူးရှရှနှင့် အိအိကွဲကွဲ မြည်လာသောအသံမှာ စောစောကထက်ပင် ကျယ်လောင်လာသည်။ သူတို့နှင့် ပိုနီးလာသည်ဟုလည်း ထင်ရ၏။ ထီးသံတို့ ညီအစ်ကိုနှင့် မဲလုံးတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အသက်ပင် ပြင်းပြင်းမရှူဝံ့ကြတော့ဘဲ အသံကြားလာရာဆီသို့သာ နားစွင့်နေနေကြရ၏။

ထိုအချိန်မှာပင် စောစောက ပြတ်တောင်းပြတ်တောင်း ကြားနေသောအသံမှာ ပို၍ အကြားစိပ်လာသည်။ အသံတွေမှာ ဝေးသွားလိုက် နီးလာလိုက်နှင့် အိအိကွဲကွဲ ကြားနေရာမှ သံရှည်ဆွဲ၍ မြည်လိုက်သံ တစ်ချက်ကိုလည်း မပီမပြင် ကြားလိုက်ကြရသည်။

"ဘာသံတွေပါလိမ့်"ဟု တွေးနေကြသော သူတို့သုံးယောက်သည် မည်သည့်တိရစ္ဆာန်၊ မည်သည့်သတ္တဝါတွေဟု တိတိကျကျ မဆုံးဖြတ်နိုင်သေးခင်မှာပင် အိအိကွဲကွဲ မြည်လာသံများနှင့်အတူ. . တစ်တောလုံး တစ်တောင်လုံး ပြိုလိုက်လာသလို တိရစ္ဆာန်များ၏ ခြေသံကို ကြားလာရသည်။





တောသံ၊ တောင်သံများနှင့် ပွဲတင်ထပ်ကာ ဆူညံလာသော အသံများကြောင့် တောပိုကျွမ်းသော မဲလုံးက "တက် တက် သစ်ပင်ပေါ် မြန်မြန် ပြေးတက်ကြ"ဟု ပြောလိုက်သဖြင့် ထီးသံတို့ ညီအစ်ကိုနှစ်ယောက်မှာ နီးရာသစ်ပင်ပေါ် ချက်ချင်းပြေးတက်လိုက်ကြရသည်။ လူသုံးယောက် သစ်ပင်များပေါ် ရောက်သွားချိန်တွင် တောတိုးသံ၊ ကြက်ငှက်များ လန့်ဖျပ်ပျံပြေးသံ၊ တအိအိ၊ တကွဲကွဲ မြည်လာသံတို့မှာ. . သူတို့နှင့် အတော်ဝေးဝေးသို့ ရောက်သွားပြန်သည်။

လူသုံးယောက်မှာ ထိုအခါမှ တစ်ယောက်ကို တစ်ယောက် သတိရ၍ လှမ်းကြည့်မိကြသည်။ တစ်ယောက်နှင့်တစ်ယောက်မှာ တစ်လံနှစ်လံသာကွာသော သစ်ပင်များပေါ် ကိုယ်စီရောက်နှင့်နေကြသည်။ အုံတုံပင်တစ်ပင်ပေါ် ရောက်နေသော ထီးသံက "ကိုမဲလုံး ဘာသံတွေလဲဗျ၊ ဘာကောင်တွေလဲ"ဟု မေးလိုက်စဉ် ဝေးသွားသောအသံမှာ ချက်ချင်းနီးလာပြန်သည်။ နီးလာသော အသံများထဲမှ သူတို့ရှိနေရာဘက် ပြေးလာနေကြသော ခြေသံတစ်ခုကိုလည်း ကြားနေရပြန်ရာ၊ သူတို့သုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် စကားပင်ပြန်မပြောနိုင်ကြဘဲ ရွက်ကြွေသာအောက်ကိုသာ ပြိုင်တူငုံ့ကြည့်ပြီးသား ဖြစ်သွားကြပြန်သည်။

သူတို့သုံးယောက် အောက်သို့ ငုံ့ကြည့်နေကြချိန်မှာပင် အမွှေးစုတ်ဖွားနှင့် တောခွေးကြီးနှစ်ကောင်သည် သူတို့အောက်နားက ဖြတ်ပြီး စမ်းရေအိုင်ထဲ ဆင်းသွားကြသည်။

ထိုအခါမှ တောကျွမ်းသော မဲလုံးက . . .

"တော ခွေးတွေ သားကောင်လိုက်နေကြပြီ"ဟု . . .

ထီးသံတို့ ညီအစ်ကိုနှစ်ယောက်ကို ပြောလိုက်သည်။

မှန်သည်။ တောခွေးအုပ်ထဲမှ ရေသယ်ခွေးကြီးနှစ်ကောင်သည် သားကောင် ဝိုင်းလိုက်နေကြသော တောခွေးများအတွက် စမ်းချောင်းထဲမှ ရေကို ကိုယ်နှင့်ဆွတ်ပြီး လာသယ်နေကြခြင်း ဖြစ်သည်။

တောထဲတွင် တောခွေးများကား တောဘုရင်ဖြစ်ကြသည်။ တောသားများကို ကျားနှင့်ဆင်တို့ပင် ရင်မဆိုင်ရဲကြ။ အထူးသဖြင့် တောခွေးများသည် ဆင်လိုက်ရာ၌ ဆင်ပြေးလမ်းရှေ့ကို ကြိုပြေးသည့် အကောင်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုပြေးပြီး လေးဆယ့်ငါး ငါးဆယ် ဒီဂရီခန့်ကိုင်းနေသော သစ်ပင်များပေါ်တက်၍ သစ်ပင်ပေါ်က သစ်ရွက် သစ်ခက်တွေပေါ် သေးပန်းချထားတတ်ကြသည်။ တောခွေး၏သေးရေမှာ အနံ့အသက် ဆိုးရွားစူးရှသလို တောတိရစ္ဆာန်များနှင့် ဆင်မျက်လုံးများကိုဝင်လျှင် ရုတ်တရက် အကန်းလိုဖြစ်သွားတတ်သည်။ ထိုအခါမှ တောခွေးများသည် ဆင်သေစေနိုင်သော မျက်လုံး၊ ဒွါရမှအူများကို ကိုက်ဖောက်ဆွဲထုတ်ပြီး သတ်ဖြတ်စားသောက်တတ်ကြသည်။

တောခွေးများသည် သားကောင်လိုက်ရာ၌ အမြီးကို ဖင်အောက်သို့ ကုတ်သွင်းပြီး သေးပန်းချကာ ထိုအမြီးဖျားမှ သေးရေနှင့် သူတို့လိုက်နေသော သားကောင်၏ မျက်စိကိုလည်း အမြီးတဆတ်ဆတ်ခါ၍ မှန်အောင်ပစ်တတ်ကြသည်။ ထို့ကြောင့် တောထဲတောင်ထဲ၌ တောခွေးကို ဆင်ကအစ မည်သည့်တိရစ္ဆာန်မျှ ရင်ဆိုင်ဝံ့ကြခြင်း မရှိပေ။ တောခွေးနံ့ ရသည်နှင့် တစ်ချိုးတည်း ထွက်ပြေးတတ်ကြလေသည်။

တောခွေးများသည် အုပ်ကောင်းလျှင်လူကိုပင်ရန်မူတတ်ကြသည်။ လူက သစ်ပင်ပေါ်တက်ပြေးလျှင် ထိုသစ်ပင်ရင်းကို ဝိုင်းပြီးသေးနှင့်ပန်းကြသည်။ သူတို့သေးနံ့ကြောင့် လူက မူးမေ့ပြီး အောက်သို့ပြုတ်ကျလျှင် တောခွေးစာဖြစ်တတ်သည်။ ထို့ကြောင့်လည်း ယခု မဲလုံးတို့ သုံးယောက်မှာ ဆင်လိုက်လုံ့ရှည်များ ပါလာကြသော်လည်း သစ်ပင်ပေါ်၌သာ အသာငြိမ်ကုပ်ပြီး မဆင်းဝံ့ကြသေးဘဲ ကြည့်နေကြရ၏။

တောခွေးများ သားကောင်လိုက်ရာ၌ လိုက်ခွေး၊ ပန်းခွေး၊ ဖြတ်ခွေး ရေသယ်ခွေးဟု လေးမျိုးလေးစားကို အုပ်ခေါင်းဆောင် ဖြတ်ခွေးကြီးက စနစ်တကျ ကြိုတင်သတ်မှတ်တာဝန်ပေးထားတတ်သည်။ လိုက်ခွေးက သားကောင်နောက်ကို ထပ်ကြပ်မကွာ လိုက်ရသလို၊ ပန်းခွေးများကလည်း သူတို့၏ဦးတည်ရာအရပ်သို့ သားကောင်ကို အရောက် မောင်းသွားကြရန် ဘေးနှစ်ဖက်မှ ပန်းညှပ်ထိန်းကွပ်ပေးကြရသည်။

ဖြတ်ခွေးမှာ အုပ်ထဲတွင် အားကောင်းမောင်းသန် ဗိုလ်ဖြစ်သဖြင့် လိုက်နေကြသော သားကောင်ကို ဖြတ်လမ်းက ဖြတ်ပြီး အတင်းဝင်ကိုက်ရမည့် သူရဲကောင်းခွေး ဖြစ်လေသည်။





ရေသယ်ခွေး၏ ထူးခြားချက်မှာ တခြားခွေးများထက် အမွေးအမှင်ရှည်သည်။

ထို့ကြောင့်လည်း သားကောင်လိုက်၍ မောပန်း နွမ်းဟိုက်နေကြသော သူ့အပေါင်းအသင်းများအတွက် စမ်းချောင်းက ရေကို ထိုနှစ်ကောင်က လာသယ်ကြခြင်း ဖြစ်သည်။ ခဏအကြာမှာပင် ထိုရေသယ်ခွေးနှစ်ကောင်သည် စမ်းချောင်းထဲမှ ပြိုင်တူတက်လာကြပြီး သားကောင်လိုက်နေကြသော သူတို့၏အပေါင်းအသင်းများဆီသို့ ပြေးလိုက်သွားကြသည်။ တစ်ကိုယ်လုံး ရေစက်လက်နှင့် ပြန်ရောက်လာကြသော ရေသယ်ခွေးနှစ်ကောင်၏ ကိုယ်ပေါ်မှရေများကို သားကောင်လိုက်နေကြသော အခြားတောခွေးများက သားကောင်လိုက်ရင်း ဝိုင်းယက်၊ ဝိုင်းစုပ်ကာ ရေငတ်ပြေကြပေလိမ့်မည်။

စောစောက မဲလုံးတို့ မြင်လိုက်ကြရသော ရေသယ်ခွေးနှစ်ကောင်၏တာဝန်မှာ ပေါ့ပေါ့တန်တန်တော့ မဟုတ်။ ရေသယ်ခွေးတွေမှာ သားကောင်လိုက်နေကြသော တောခွေးများအတွက် ရေငတ်ပြေ၊ ရေသယ်ပေးရသလို သူတို့လိုက်နေသော သားကောင်ကိုလည်း ရေအိုင်၊ ရေစမ်း ဘယ်နေရာ၌ ရှိနေသည်ကို ရှေ့က လမ်းပြ၊ မြူဆွယ်များခေါ်ရသေးသည်။

မဲလုံးနှင့် ငထီးသံတို့ ညီအစ်ကို သစ်ပင်ပေါ်က လှမ်းကြည့်နေကြချိန်မှာပင် တောခွေးများ၏ သားကောင်လိုက်လာသံက ပိုကျယ်လာသည်။ အီအီကွီကွီနှင့် တစ်ကောင်နှင့်တစ်ကောင် ဖချက်ပေးလာကြသော ခွေးများ၏ အသံအပြင် ဆတ်ခွာပေါက်သံတို့ကလည်း ပီပီသသ ကြားလာရလေပြီ။ ဆတ်တစ်သံတို့ကိုလည်း ပီပီသသ ကြားလာရလေပြီ။

ဆတ်၏သဘာဝမှာ မောပန်းနွမ်းနယ်လာပြီဆိုလျှင် ရေအိုင်ရှိရာသို့သာ ပြေးတတ်ကြသော သဘာဝရှိလေရာ ထိုသဘာဝကို သိထားသော ရေသယ်ခွေးများကလည်း ဆတ်အား ရေအိုင် ဘယ်မှာရှိသည်ကို သူတို့ကိုယ်ပေါ် ဆွတ်လာသော ရေစက်၊ ရေပေါက်တို့ကို သက်သေထူပြ၍ ရှေ့က မျှားခေါ်လာနေကြလေပြီ။ သစ်တောကြီးမှာ အောက်ခြေရှင်းနေသဖြင့် တောခွေးကိုးကောင်၏ ဆတ်ရေချပွဲကို သူတို့သုံးယောက်သည် ကွက်ဝါးထင်ထင် မြင်နေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဖားကြီးသည် တောခွေးကြီးကို တစ်ချက်ချက် သူ၏ဦးချိုနှင့် ဝှေ့ယမ်းခတ်သည်။

သို့သော် အရှောင်အတိမ်းကောင်း၍ လျင်မြန်လွန်းသော တောခွေး တစ်ကောင်တလေကိုမှ မဝှေ့မခတ်မိ။

ထိုအခါ သူ့ခြေတံတံကောက်ကွေ့ကို လာခဲသော တောခွေးတစ်ကောင်အား ဆတ်ဖားကြီးက ခွာပေါက်၊ ကန်ကျောက်ပစ်လိုက်သည်။ တောခွေးကြီးမှာ အစ်ခနဲအသံမြည်ကာ ရွက်ကြွေတောထဲ ကျွမ်းသုံးလေး ပတ်လိမ့်ထွက်သွားသည်။ နောက် တောခွေးတစ်ကောင်မှာလည်း ဆတ်ဖားကြီးအနင်းအကန်ခံလိုက်ရသဖြင့် လွင့်ထွက်သွားရာ သစ်ပင်တစ်ပင်နှင့်ပင် ဝင်ဆောင့်မိသွားသည်။ သို့သော် တောခွေးများကား လုံးဝလက်မလျှော့ကြသေး။ ဆတ်ဖားကြီးကို လိုက်မြဲဝိုင်းလိုက်နေကြသေး၏။

ရေသယ်ခွေးနှစ်ကောင်မှာ ဆတ်ဖားကြီးက ရှေ့ကပန်းပြေးပြီး ရေအိုင်ရှိရာသို့ မြှူဆွယ်ပြေးပြနေကြသည်။ မောပန်းနွမ်းနယ်နေပြီဖြစ်သော ဆတ်ဖားကြီးသည် ရေကို အလွန်အမင်း တောင်းတလျက်ရှိရာ ရေတွေ စိုရွှဲနေသော တောခွေးတစ်ကောင်ကို မြင်သွား၏။ တောခွေးမှာ ရေစိမ်ပြီး ရေအိုင်ထဲက တက်လာမှန်း အတပ်သိသွားသဖြင့် ဆတ်ဖားကြီးသည် ရေသယ်ခွေး မျှားခေါ်ရာသို့ ချက်ချင်းပြေးလိုက်သွားသည်။

ရေသယ်ခွေး နှစ်ကောင်နောက် လိုက်နေသော ဆတ်ဖားကြီးအား နောက်က၊ ဘေးက ဝိုင်းလိုက်ကြသော တောခွေးများမှာ သူ့ထက်ငါဦး ဆတ်ဖားကြီးကို ဝင်ခဲပြေးကိုက်ကြသည်။ ဆတ်ဖားကြီးကလည်း ဦးချိုနှင့် ဝှေ့ယမ်းခတ်ပစ်နေသည်။ ထိုသို့ ဆတ်ဖားကြီးနှင့် တောခွေးများ ရုန်းရင်းဆန်ခတ် ဖြစ်နေကြစဉ် ရေသယ်ခွေးနှစ်ကောင်သည် စမ်းချောင်းထဲ ပြေးဆင်းလိုက်၊ သားကောင်လိုက်နေကြသော တောခွေးများနှင့် ဆတ်ဖားကြီး ရှိရာသို့ ပြေးလာလိုက်လုပ်နေကြ၏။

ရေငတ်နေသော တောခွေးများသည် နီးရာရေသယ်ခွေးတစ်ကောင်ကောင်၏ကိုယ်ပေါ်မှ ရေတွေကို စုပ်လျက်ကာ သားကောင်လိုက်မပျက် ဆက်လိုက်နေကြ၏။ တစ်ချိန်တွင် တောခွေးအုပ်ထဲတွင် ခေါင်းဆောင်ထင်ရသော တောခွေးကြီးတစ်ကောင်သည် ဆတ်ဖားကြီး၏တံကော





ကွေးကို မိမိရရ ဝင်ခဲပြန်၏။ နာကျင်လွန်းသဖြင့် ဆတ်ဖားကြီးက တအားခုန်ပေါက်ပစ်လိုက်ရာ ကိုးပေခန့် အဝေးမှာ လွင့်စဉ်ကျသွားသည်။

ဆတ်ဖားကြီး၏ခွာမှာ စုံကျခြင်းမဟုတ်ဘဲ၊ ရှေ့ခြေခွာသီးနှစ်ဖက်သော အလျင်ကျသည်။ မြေမာထဲ၌ပင် ဆတ်ခွာပေါက်ရာက လက်နှစ်ဆစ်သုံးဆစ်နက် သွားသည်။ ထို့ကြောင့်လည်း ဤသို့သော ဆတ်ခွာပေါက်ရာများကိုတွေ့သော မုဆိုးသည် အန္တရာယ်တစ်ခုခုကြောင့် ဆတ်ခွာပေါက်ရာဟု အတပ်သိခြင်း ဖြစ်သည်။

ဆတ်ဖားကြီးမှာ ကိုးပေလောက် အဝေးသို့ ခုန်ပေါက်လိုက်နိုင်သော်လည်း သူ့တံကောက်ခွက်ကို ခဲထားသော တောခွေးကြီးတွေမှာ ပြုတ်ကျကျန်ခဲ့။ ဆတ်ဖားကြီးနှင့်အတူ ခဲလျက်ပါသွား၏။ ထို့ကြောင့်လည်း ဆတ်ဖားကြီးသည် ခေါင်းစိုက်လဲကျမတတ် ရှေ့သို့ ယိုင်သွားသည်။

သို့သော် သူ့ကိုယ်သူ ပြန်ထိန်းပြီး ရှေ့သို့သာ သွေးရူးသွေးတန်းနှင့် ပြေးပြန်၏။ ထိုအခါ ဆတ်ပြေးအားကို လိုက်မမီဘဲ ဆတ်ခြေတံကောက်ခွက်ကို ခဲထားသော တောခွေးမှာ ရွက်ကြွေတောထဲ သောသောမြည်ကာ ဆွဲတိုက်ပါသွားသည်။

သူတို့၏ ဦးစီးခေါင်းဆောင်က ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်နေသည်ကို မြင်ကြရသောအခါ ကျန်သောခွေးများသည် အားမာန်ဝင်လာပြီး တစ်ကောင်တစ်ကောင် ဆတ်ဖားကြီးကို ဝင်ဆွဲ ဝင်ခဲကြသည်။ သို့သော် ဆတ်ဖားကြီးကား မလဲနိုင်သေး။ သူ့ရှေ့က ရေသယ်ခွေးတစ်ကောင် မျှားခေါ်နေသော ရေအိုင်ရှိရာသို့သာ တရကြမ်း ပြေးလိုက်နေသည်။

ဆတ်ဖားကြီး၏ ခြေထောက်များနှင့်ကိုယ်ပေါ်တွင် ဝင်ခဲဖက်တွယ်ထားကြသော တောခွေးများမှာ ဆတ်ဖားကြီးက တအားပြေးလိုက်သောအခါ သစ်ပင်သစ်ငုတ်၊ ကျောက်တုံးကျောက်ခဲများနှင့် တိုက်မိဆောင့်မိပြီး တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျလိမ့်ကျနေကြသည်။

သို့သော် တောခွေးများကား ဖွဲကြီးကြ၏။

သစ်ပင်သစ်ငုတ်၊ ကျောက်တုံးများနှင့်တိုက်မိ၍ ပြုတ်ကျကျန်နေသော အကောင်များသည် ဆတ်ဖားကြီးပြေးနေရာသို့သာ သူ့ထက်ငါဦး လိုက်ကာ ဖွဲနပဲကြီးစွာနှင့် ဝိုင်းလိုက်ဝိုင်းကိုက်နေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောခွေးများ ဝိုင်းလိုက်ဝိုင်းကိုက်၍ သေပြေးရှင်ပြေး ပြေးလာနေရသော ဆတ်ဖားကြီးသည် ရေသယ်ခွေး၏ မြူဆွယ်လမ်းပြမှုကြောင့် စမ်းရေအိုင်ကို မြင်သွားသည်။ တောခွေးများဆီတွင် နှစ်နာရီ သုံးနာရီကြာ အလိုက်ခံထားရ၍ ရေအလွန်ငတ်နေသော ဆတ်ဖားကြီးသည် စမ်းရေအိုင်ကို မြင်သည်နှင့် ချက်ချင်းဝုန်းခနဲ ခုန်ဆင်းကာ သူတစ်ကိုယ်လုံးကို ရေထဲနှစ်စိမ်ပစ်လိုက်သည်။

ဆတ်ဖားကြီးကို ကြည့်ရသည်မှာ ဤအချိန်၌ သူအတွက် ရေမှတစ်ပါး တခြားဘာအန္တရာယ်ကိုမှ အရေးမထားနိုင်သလို ရေအိုင်၌သာ သူတစ်ကိုယ်လုံးကို စိမ်နေလိုက်သည်။ ရေက တိမ်နေသောအခါ သူကိုယ်ကို စောင်းလှည့်၍ စိမ်ပြန်၏။ ဆတ်ဖားကြီး၏ ဤအမူများကို စောင့်ကြည့်နေကြသော တောခွေးများသည် ထိုအခါမှ ထမင်းလုံး တစ်လုံးကို ပုရွက်ဆိတ်များ ဝင်ခဲသလို ဝိုင်းအုံကိုက်ခဲကြတော့သည်။

တစ်ချိန်လုံး ရေသယ်ပေးနေရသဖြင့် ဆတ်ဖားကြီးအား တစ်ခါမှ ဝင်ဆွဲ၊ ဝင်ကိုက်ခြင်း မပြုရသေးသော ရေသယ်ခွေးနှစ်ကောင်ကလည်း ဤအခါမှ ဒေါသတကြီးနှင့် ဆတ်ဖားကြီးကို ဝင်ခဲ ဝင်ကိုက်လာကြသည်။ တောခွေးကိုးကောင် ဝိုင်းလိုက် ဝိုင်းကိုက်ခြင်းကို ခံနေရသော ဆတ်ဖားကြီးမှာ သူကိုယ်သူ ရေစိမ်ပြီးသော်လည်း ဘယ်လိုမှ ထမပြေးနိုင်တော့ တညည်းတညူညူနှင့်သာ စမ်းရေအိုင်ထဲ လူးလိမ့်အကိုက်အခဲ ခံနေရ၏။

စမ်းရေအိုင်ထဲတွင် မသေမရှင်ဖြစ်နေသော ဆတ်ဖားကြီးအား တောခွေးများသည် စိမ်ပြေနပြေကိုက်ခဲကာ စမ်းရေအိုင်ထဲမှ ဆွဲတင်နေကြ၏။ သို့သော် သူတို့ကိုးကောင်အားနှင့်ပင် ဆတ်ဖားကြီးကို ရေအိုင်ထဲမှ ဆွဲတင်၍ မရနိုင်ကြသေး။ ထိုအခါ မသေမရှင်ဖြစ်နေသော ဆတ်ဖားကြီး၏နားရွက်ကို ဝိုင်းကိုက်၊ ဝိုင်းဆွဲ၍ တင်ကြပြန်၏။

သူနားရွက်ကို ဝိုင်းကိုက် ဝိုင်းဆွဲနေကြသော တောခွေးများအား အသိရှိနေသေးသော ဆတ်ဖားကြီးကလည်း လည်ပင်းတလှုပ်လှုပ် ဦးချိုတယမ်းယမ်းနှင့် အစွမ်းကုန် ကာကွယ်ခုခံတော်နေသည်။ သို့သော် ဆတ်ဖားကြီးမှာ ရေအိုင်ထဲကပင် မထနိုင်သော အခြေအနေသို့ ရောက်ရှိနေလေရာ သူ၏ခုခံတော်မှုမှာ ဘာမှ မထိရောက်တော့။





မကြာခင် သူ၏နားရွက်နှစ်ဖက်ကို ဝိုင်းကိုက် ဝိုင်းခဲ ဆွဲခေါ်နေကြသော တောခွေးများဆွဲခေါ်ရာသို့သာ မထနိုင်,ထနိုင်ထကာ ယက်ကန်ယက်ကန်နှင့်ပါသွားရပြန်လေသည်။ ရေအိုင်ထဲမှ ဆတ်ဖားကြီးကိုကိုက်ဆွဲဝိုင်းတင်နေချိန်ကျမှ သူတို့၏ခေါင်းဆောင် တောခွေးကြီးသည် စမ်းရေအိုင်နားသို့ ထော့နင်းထော့နင်းနှင့် ရုပ်ပျက်ဆင်းပျက် ရောက်လာသည်။ ထို ခေါင်းဆောင်တောခွေးကြီးမှာ ဆတ်ဖားကြီး၏ တံကောက်ခွက်ကို လွတ်တမ်းခဲထားရာမှ ဆတ်ဖားကြီး၏ ခွာပေါက် ကန်ကျောက်လိုက်သဖြင့် သစ်ပင်သစ်ငုတ်များနှင့် ဝင်ဆောင့်တိုက်မိကာ လမ်းခုလတ်တွင် မှတ်ကျကျန်ရစ်ခဲ့ရသော တောခွေးကြီးပင်။

တစ်ကိုယ်လုံးတွင် ပွန်းရာပဲ့ရာ ရှုရာတွေ ဗရပွနှင့် နောက်ကျမှ ရောက်လာသော ခေါင်းဆောင်တောခွေးကြီးသည် သူ့အုပ်မှ နောက်လိုက်တောခွေးများ ရေအိုင်ထဲမှ ဆွဲတင်နေကြသော ဆတ်ဖားကြီးကို စိန်းစိန်းဝါးဝါး တစ်ချက်ကြည့်ကာ ဒေါသတကြီး အော်မြည်မာန်ဖီလိုက်သည်။ ခေါင်းဆောင်တောခွေးကြီး မာန်ဖီလိုက်သောအခါ ဆတ်ဖားကြီးအား ဆွဲတင်နေကြသော တောခွေးများအားလုံး သားကောင်ဆတ်ဖားကြီးကို လွှတ်ကာ ချက်ချင်းမြေပြင်တွင် ပြားပြားဝပ်ချလိုက်ကြသည်။

ထိုအခါ ခေါင်းဆောင်တောခွေးကြီးသည် ထော့နင်းထော့နင်းနှင့် လျှောက်လာပြီး မသေမရှင်ဖြစ်နေသော ဆတ်ဖားကြီး၏ဗွဲ့ရဖင်ဝမှ အူမကြီးကို ဆွဲထုတ်ကိုက်စားပစ်လိုက်သည်။ ထိုအခါမှ ဆတ်ဖားကြီးအား ပြီး မြေပြင်တွင် ဝပ်စောင့်နေကြသော ကျန်တောခွေးများအားလုံး ဆတ်ဖားကြီး တစ်ကိုယ်လုံးကို ဝိုင်းအုံကိုက်ခဲကာ အငမ်းမရ စားသောက်ကြတော့သည်။

သစ်ပင်ပေါ်မှ ကြည့်နေခဲ့ကြသော လူသားသုံးယောက်မှာမူ ထိုတောခွေးများ ဆတ်ဖားကြီးတစ်ကောင်လုံးကို အပြောင်အစင်စားပြီး ပြန်သွားကြတော့မှ သစ်ပင်ပေါ်က ဆင်းလာကြရလေ၏။ လူတွေအတွက်တော့ ဆတ်ချို တစ်စုံကလွဲပြီး အသားအရေဆို၍ကား တစ်ဖဲ့တစ်စပင် ကျန်ခဲ့တော့ပေ။

❁❁❁

www.burmeseclassic.com

## မိကျောင်းသောင်းစိန်

ငယ်စဉ်က ကျွန်တော် အရမ်းအမေးအမြန်းထူသည်ဟု အဖေ့ဆီတွင် မကြာခဏ အဆူခံရသည်ကို သတိရမိသည်။ အမှန်မှာ ကျွန်တော် အရမ်းအမေးအမြန်းထူခဲ့၍လည်း ဤလိုဝတ္ထုမျိုး ကျွန်တော်ရေးနိုင်ခဲ့ခြင်း ဟုထင်ပါသည်။

ကျွန်တော်တို့ရွာတွင် ဦးသောင်းစိန်ဆိုသော နာမည်တူလူကြီးနှစ်ယောက် ရှိပါသည်။ နှစ်ဦးစလုံးမှာ "သောင်းစိန်"အပြင် နာမဝိသေသနကိုယ်စီ ရှိကြသေးသည်။ သျှောင်ထုံး (မြန်မာကေ) ထားသော ဦးသောင်းစိန်ကို "သျှောင်ကြီးဗွေသောင်းစိန်" ဟု အားလုံးက ခေါ်ကြသည်။

ဤသည်ကို ငယ်သေး၍ မသိသေးသော ကျွန်တော်က "အဲဒီဦးသောင်းစိန်ကို ဘာလို့ သျှောင်ကြီးဗွေသောင်းစိန်လို့ ခေါ်ကြလဲအဖေ"ဟု မေးသောအခါ အဖေက "သျှောင်ရှိလို့ပေါ့ကွ"ဟု ဖြေသည်။

"ဒါဆို ဟိုဘက်ပိုင်းက ဦးသောင်းစိန်ကြီးက ခြေထောက်တစ်ဖက်ကျိုးနေတာပဲ၊ ဘာလို့ အကျိုးသောင်းစိန်လို့ မခေါ်ကြဘဲ မိကျောင်းသောင်းစိန်လို့ ခေါ်ကြလဲ"ဟု အတွန့်တက်မေးမိ၏။ ထိုအခါ အဖေက "အေး . . အဲဒီသောင်းစိန်ကို ခြေတစ်ဖက်ကျိုးနေပေမယ့် အကျိုးသောင်းစိန်လို့ မခေါ်ကြဘဲ၊ မိကျောင်းသောင်းစိန်လို့ပဲ ခေါ်ကြတာ အဖေပြောပြမယ်"ဟုပြောပြီး အောက်ပါဇာတ်ကြောင်းကို ပြောပြပါသည်။

■





နံနက်စာစားပြီး အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် တစ်ရေးတမော မှိန်းနေသောသောင်းစိန်သည် ရွာပြင်တောတန်းမှ ဘုတ်အိုသံကြောင့် လူးလိမ့်သိုက်၏။ ဘုတ်အိုလျှင် ဒီရေကျတော့မည်။ ဒီရေကျလျှင် လတာပြင်တွေပေါ်လာတော့မည်။ လတာပြင်ပေါ်လာလျှင် ငါးယက်များမြူးခုန် နေကြတော့မည်ကို သောင်းစိန်စိတ်အာရုံတွင် ချက်ချင်း မြင်လာထင်လာသည်။ ထိုအခါ ချက်ချင်းအိပ်နေရာက ငုတ်တုတ်ထထိုင်လိုက်၏။

သောင်းစိန်သည် ရေကပြင်ဘေး ချိတ်ဆွဲထားသော ပလိုင်းတစ်လုံးအလျင်စလို လှမ်းဖြုတ်ကာ လတာပေါ် ငါးယက်နှိုက်ရန် ချောင်းကောက်ချောင်းဘက် ထွက်လာလေသည်။ ချောင်းကောက်ချောင်းမှာ သံဗိုင်းခြေ၏လက်တက်ငယ်ချောင်းတစ်ချောင်း ဖြစ်သည်။ ညလူခြေတိတ်ချိန်ဆိုလျှင် သားငါးရှာသူတို့၏ပကတိသံမှန်နှင့် ပြောဆိုသွားကြသည်များပင် ရွာမှ မသဲမကွဲကြားရတတ်လေ၏။ ထို့ကြောင့်လည်း ခဏအကြာမှာပင် သောင်းစိန်သည် ချောင်းကောက်ချောင်းနားရောက်လာလေသည်။

သောင်းစိန် ထင်ထားခဲ့သလိုပင် သောင်ပြင်လတာပေါ်မှာ ငါးယက်များခုန်ပျံမြူးနေကြသည်။ ကျင်းမှထွက်လာသော ကဏန်းလုံးများကိုလည်း သောင်ပြင်ပေါ်၌ ကဏ္ဍေကြီးတစ်ခွဲသားနှင့် တစ်လှမ်းချင်းလမ်းလျှောက်၍ တွေ့ရ၏။ သောင်းစိန်ကို မြင်သောအခါ ငါးယက်များသည် သောင်ပြင်ကကျင်းထဲ ဖြုတ်ခနဲ ပြန်ဝင်ပုန်းကြ၏။ သို့သော် ကိစ္စမရှိ၊ သူတို့ဝင်ပုန်းနေကြသော ကျင်းတွေကို သောင်းစိန်မှတ်မိနေ၏။ သောင်ပြင်တွင် ရွှံ့ကခေါင်းနီးနီး ကျွံနစ်နေသဖြင့် ငါးယက်များကို သူက ပြေးလိုက်မဖမ်းနိုင်၊ ရွှံ့ဆေးရွှံ့ညွန်တွေ နစ်သဖြင့် ဘယ်တစ်လှမ်း ညာတစ်လှမ်း လျှောက်လှမ်းနေရသည်ကပင် ပတ်ကျိတ္တားဖြစ်နေသည်။

ရွှံ့ညွန်ပေါ်တွင် ပထမခြေလှမ်းကို မြှမြှခြေကုပ်ယူပြီးမှ ဒုတိယခြေလှမ်းကို ရွှံ့ညွန်ထဲမှ ဆွဲနုတ်၍ ရှေ့ကို လှမ်းရ၏။ သို့သော် ကိစ္စမရှိ၊ ငါးယက်ကျင်းများကို သူ မြင်ထားပြီးပြီ။

သောင်းစိန်သည် ရွှံ့ညွန်လတာပေါ်တွင် တစ်လှမ်းချင်းလျှောက်၍ ငါးယက်ကျင်းထဲမှ ငါးယက်များကို တစ်ကောင်ပြီးတစ်ကောင် နှိုက်ယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးယက်ကျင်းတစ်ကျင်းကို သူ ကုန်းနှိုက်နေစဉ် ပြတောအစမှ မျောက်တစ်အုပ်သည် ကွဲကွဲကွကွမြည်ကာ လတာပြင်ပေါ် ဆင်းလာကြသည်။ ဒီရေကျသွားပြီဖြစ်သဖြင့် မျောက်များသည်လည်းကဏန်းနှိုက်ရန် လတာပေါ် ဆင်းလာကြခြင်းဖြစ် လေသည်။ ရွံ့ခဲကိုလုံးကာ သောင်းစိန်က မျောက်များကို လှမ်းပစ်လိုက်သည်။ မျောက်အုပ်သည် မကျေမနပ်နှင့် အော်ဟစ်ကာ ပြတောထဲ ဝင်သွားကြ၏။

အချို့မျောက်ကောင်ကြီးများသည် နောက်သောင်ပြင်တစ်နေရာ ထွက်သွားကြသလို တချို့ကလည်း သစ်ပင်များပေါ် တက်ပြီး သောင်းစိန် ငါးယက်နှိုက်နေသည်ကို ဆူဆူညံညံလုပ်နေကြသည်။ သောင်းစိန်သည် ဒီရေကလည်း စစ်သထက် စစ်သွားပြီဖြစ်သဖြင့် လတာပြင်ကျယ်နှစ်ခု ကြားရှိ ချောင်းငယ်တစ်ခုနား ဆင်းလာသည်။ သူရည်ရွယ်ချက်မှာ ရေစီး နေသော ချောင်းလက်တက်ငယ်ကို ဖြတ်ကူးကာ တစ်ဖက်သောင်ပြင်ရှိ ငါးယက်ကျင်းများကို နှိုက်ယူရန် ဖြစ်လေသည်။

သည်လိုနှင့် သောင်ပြင်နှစ်ခုကြားရှိ ချောင်းကလေးနားရောက်လာ၏။ ချောင်းငယ်ကို ဖြတ်ကူးပြီး တစ်ဖက်လတာပေါ် လှမ်းတက်ရန် ခြေ တစ်ဖက် မ,လိုက်စဉ် ဝုန်းခနဲအသံတစ်ခုကို ရုတ်တရက်ကြားလိုက်ရကာ သူ့ပေါင်တစ်ဖက်မှာလည်း ပူခနဲဖြစ်သွားသည်။ ရွံ့တွေ တစ်ကိုယ်လုံး ပေစဉ်ကာ သောင်းစိန် လတာပြင်ပေါ်သို့ လဲကျသွားသည်။ ထိုအခါမှ သူ့ကိုယ်ခန္ဓာသည် မိကျောင်းတစ်ကောင်ပေါ် လဲကျမှန်းသိလိုက်ရ၏။

"အမယ်လေးဗျ"ဟု သူ အထိတ်တလန့် အော်လိုက်၏။ သို့သော် နောက်ကျသွားလေပြီ။ မိကျောင်းကြီးသည် သူ အော်လိုက်သံ မဆုံးခင်တွင် သူ့အား ရေထဲသို့ ဆွဲချသွားလေ၏။ သူ့ပေါင်တစ်ဖက်ကို မိကျောင်းကိုက် ထားပြီဆိုတာ သူ အတပ်သိ၏။ အမှန်က မိကျောင်းကြီးသည် ဒီရေကျ သွားလျှင် လတာပြင်ပေါ် မျောက်တွေက ကဏန်းနှိုက်ရန် ဆင်းလာကြ တော့မည်ကို အတပ်သိသဖြင့် ရွံ့ညွန်ထဲ တစ်ကိုယ်လုံးနှစ်မြှုပ်ကာ မျောက် များကို စောင့်နေခြင်း ဖြစ်သည်။ ယခုတော့ မျောက်များထက် လတာ ပြင်ပေါ် အလာဦးသောသူသည် မျောက်များကိုယ်စား မိကျောင်းစာ ဖြစ်ရ တော့မည်။ မိကျောင်းကြီးသည် သူ့အား ရေထဲနှစ်သတ်နေ၏။





ပေါင်တစ်ဖက်လည်း မိကျောင်းကြီး ပါးစပ်ထဲ ရောက်နေသဖြင့် ရုန်းအားမရှိလှ၊ သောင်းစိန်သည် မိကျောင်းနှင့်ပတ်သက်၍ လူကြီးသူမ များဆီက ကြားဖူးကြုံဖူးကြသမျှကို အလျှင်အမြန် စဉ်းစားမိသည်။ အရေး ကြုံလာပြီဖြစ်သဖြင့် သက်လုံရှာရတော့သည်။

သို့သော် သူ့ကိုယ်ပေါ်တွင် မိကျောင်းကို နိုင်နိုင်သော ထိုးခုတ်စရာ လက်နက်ဆို၍ ဘာတစ်ခုမှ ပါမလာ၊ မိကျောင်း၏တစ်ကိုယ်လုံးမှာလည်း ထူထဲသော အရေပြားကြီးနှင့် ကျောက်စူးကျောက်ချွန်တွေ ပေါက်နေရာ ဓားနှင့်ခုတ်၍လည်း မရ၊ လှံနှင့်ထိုး၍ပင် မိကျောင်း၏အရေပြားကို ချက် ချင်းမပေါက်နိုင်။ ဓားလှံဆို၍လည်း သူ့မှာ ဘာတစ်ခုမှ ပါမလာ။

မည်သို့ လုပ်ရမည်နည်း။

ရေထဲတွင် အသက်ရှူကျပ်ကာ တစ်ချက်တစ်ချက် ရေမွန်းပြီး သတိပင် လစ်ချင်လာသည်။ မိကျောင်းကြီးကလည်း ရေထဲတွင် သူ့ကို ကိုက်ချီပြေး၍ နှစ်သတ်နေ၏။ တစ်ချက်တစ်ချက်တွင် မိကျောင်းအမြီးက သူ့ကိုယ်ကိုပင် လာရိုက်၏။ ရေထဲမှာမို့သာ တော်ပေသေးသည်။ လတာ ပြင်ထဲမှာသာဆိုလျှင် ချက်ချင်းအသက်ပါသွားနိုင်အောင် ပြင်း၏။ ကုန်း ပေါ်မှာထက် မိကျောင်းသည် ရေသတ္တဝါပီပီ ရေထဲမှာ ပိုအားသန်နေ သည်။

သောင်းစိန်၏အတွေးထဲသို့ အကြံတစ်ခု ချက်ချင်းရောက်လာ၏။ ၎အကြံမှာ သူ့ခေါင်းထဲ ပေါ်လာတာမှ ဟုတ်ပါလေစဟုပင် သံသယ ဖြစ်သွားသည်။ မြစ်စောင့်နတ် ချောင်းစောင့်နတ်များကပင် သူ့အားအော် ပြောနေကြသလား ထင်မိလိုက်သည်။ သူ့ခေါင်းထဲ ပေါ်လာသော အတွေး အကြံ၊ သို့မဟုတ် သူ့နားထဲ ကြားနေရသော အသံမှာ . . .

"မိကျောင်းကိုက်ရင် မျက်လုံးကုတ်"

"မိကျောင်းကိုက်ရင် မျက်လုံးကုတ်"

"မိကျောင်းကိုက်ရင် မျက်လုံးကုတ်"

မှန်သည်။ မိကျောင်း၏တစ်ကိုယ်လုံးမှာ ပျော့ညံ့သောအရာဆို၍ မျက်လုံးနှစ်လုံးသာ ရှိသည်။ သောင်းစိန်သည် ရေမွန်း၍ သတိလစ်မတတ် ဖြစ်နေရာက မိကျောင်းကြီး၏မျက်လုံးကို စမ်းရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပေါင်တစ်ဖက် ကို တအားခဲထားသော မိကျောင်း၏ပါးစပ်နေရာကိုလည်း သိနေရာ မျက်လုံးကို မှားစွာ မရှာရ၊ ချက်ချင်းစမ်းမိ၏။ သူ့မျက်လုံးကို ထိသည်နှင့် မိကျောင်းကြီးသည် ထူးထူးခြားခြား ကိုယ်ကိုတွန့်ခေါက်၍ ရေထဲတွင် ရုန်းကန်ပြေးနေ၏။ သောင်းစိန်သည် လက်မနှစ်ဖက်ရှိ လက်သည်းရှည်ရှည်နှင့် မိကျောင်း၏မျက်စိနှစ်လုံးကို တအားကုတ်တော့၏။

မိကျောင်းကြီးသည် ချက်ချင်းရေထဲမှ ပေါ်တက်လာသည်။

သောင်းစိန်သည် မိကျောင်းကြီး၏မျက်လုံးနှစ်လုံးကို မလွှတ်တမ်းကျားကုတ်ကျားခဲကုတ်ကာ ရေပေါ်ရောက်လာသဖြင့် အသက်ကိုလည်း ဝဝရှူလိုက်ရသည်။ သို့သော် ရေပေါ်တွင် ကြာကြာ အသက်မရှူလိုက်ရ။ မိမိမျက်လုံးကို အကုတ်ခံနေရသော မိကျောင်းကြီးသည် ဆောက်တည်ရာမရ ရုန်းကန်ကာ သောင်းစိန်အား ရေထဲဆွဲယူနှစ်မြှုပ်သွားပြန်သည်။

ဘယ်လိုပင် မိကျောင်းကြီးက ရေထဲဆွဲနှစ်ဆွဲနှစ် သောင်းစိန်ကား မိကျောင်းကြီး၏မျက်လုံးကို လက်မနှစ်ဖက်နှင့် အကုတ်မလွှတ်၊ ပို၍သာ တအားကုတ်ခြကုတ်တွယ်ထား၏။ မျက်လုံးမမြင်သော မိကျောင်းကြီးသည် ရေထဲ၌ ကြာကြာမနေနိုင်တော့ဘဲ ရေပေါ်ပြန်တက်လာပြန်၏။

သောင်းစိန်က အပြင်လေကို တစ်ဝကြီးရှူလိုက်ရပြန်၏။

ဤသို့ ရေထဲနှစ်လိုက်၊ ရေပေါ်ပြန်တက်လိုက်နှင့် သောင်းစိန်နှင့် မိကျောင်းကြီးတို့သည် ချောင်းကောက်ချောင်းထဲ နာရီဝက်သာသာကြာသွားကြသည်။ ရေပေါ် ပေါ်တက်လာတိုင်း သောင်းစိန်က အော်ဟစ်အကူအညီတောင်းသော်လည်း အသံမထွက်နိုင်တော့သဖြင့် သောင်းစိန်၏ အော်ဟစ်အကူအညီတောင်းသံကို မည်သူမျှ မကြားကြရပေ။ မိကျောင်းကြီးမှာ စက္ခုအာရုံချို့တဲ့မှုကြောင့် သူ့ပါးစပ်ကို တော်တော်နှင့်ပြန်ဖွင့်မရ ဖြစ်နေသလို၊ သောင်းစိန်မှာလည်း ကြောက်ရွံ့ခြင်း ပင်ပန်းခြင်း ချမ်းအေးခြင်းတို့ကြောင့် အင်အားကုန်ခန်းချင်နေပြီ။

သို့သော် သောင်းစိန်ကား ဇွဲမလျှော့။

မိကျောင်းကြီး၏ မျက်လုံး အစုံကို လက်မနှစ်ဖက်နှင့် လက်အံသေမတတ် တအားကုတ်ညှစ်ထား၏။





ဤတစ်ခါတွင်တော့ အစားမက်၍ ပါးစပ်ကို ဘယ်လိုမှ မဖွင့်ဘဲ အံကြိတ်စေ့ပိတ်ထားသော မိကျောင်းကြီးက မခံနိုင်တော့ပေ။ သွေးစိမ်းရှင်ရှင်ထွက်ကာ ပေါက်ထွက်သွားသော မျက်လုံးနှစ်လုံး၏အမြင်ကို အားပြုရန်အတွက် ပါးစပ်ကို ကမန်းကတန်းဟပြီး သူ့ကိုယ်လုံးကြီးကို တွန့်ခေါက်လူးလှိမ့်ကာ တအားရုန်းပစ်လိုက်သည်။ ထိုအခါ သောင်းစိန်မှာလည်း မိကျောင်းကြီးကိုယ်လုံးနှင့်ပွတ်တိုက်မိကာ မိကျောင်းပါးစပ်ထဲမှ လွတ်ထွက်လာလေသည်။

သောင်းစိန်သည် ကြောက်ရွံ့တလန့်နှင့် မိကျောင်းကြီးနှင့်ဝေးရာသို့ တအားကူးပြေးလာသည်။ သို့သော် မိကျောင်းကိုက်ခံထားရသော သူ့ပေါင်တစ်ဖက်မှာ လုံးဝ လှုပ်မရတော့။ ခြေတစ်ဖက် လက်နှစ်ဖက်နှင့်သာ တအားယက်ကန်၍ သောင်စပ်လတာပြင်ပေါ် တက်ကူးပြေးလာရ၏။ မိကျောင်းကြီး ကိုက်ဆွဲချီပြေးလာသဖြင့် ယခု သူရောက်နေသော နေရာမှာ ချောင်းကောက်ချောင်းနှင့် သံဇိုင်းမြစ်တို့ဆက်နေရာ တံငါတန်းရွာအောက်မှာ ဖြစ်သည်။

သောင်းစိန်သည် သောင်ပြင်ပေါ် လက်နှစ်ဖက် ကုတ်မိသည်နှင့် “ကူကြပါဗျို့. . လာကြပါ. . မြန်မြန်လာကြပါ. . ကျွန်. . ကျွန်တော့်ကို မိကျောင်းကြီး လိုက်ကိုက်နေလို့ပါ၊ မြန်မြန်လာကြပါ၊ မြန်မြန်လာကြပါ” ဟု တအားကုန် အော်ဟစ်အကူအညီ တောင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မျက်ကန်းမိကျောင်း

"ကိုကြီးဟိုးဗုာစ်ယောက် အိမ်မှာ မြင်ခဲ့လားဗျို့"

ဘယ်လူ့ကို တွေ့နေ၍ မေးမှန်းတော့ ဦးဘာဟိုး မသိ။ ထော်ကြီး၏ အသံသြသြကြီးကို ကုန်းတက်ဘက်မှ လှမ်းကြားလိုက်ရသည်။ ခဏအကြာမှာပင် အိမ်ရှေ့ကွပ်ပျစ်ပေါ် ရေနွေးကြမ်းထိုင်သောက်နေသော ဦးဘာဟိုးရှေ့ ထော်ကြီးအရိပ်က ထိုးကျလာ၏။

"ကိုကြီးတို့များ နေစိမ့်တယ်ဗျာ"

"ဟ. . . ဘာရယ်၊ ဘယ်လိုကွ ငထော်ကြီး"

"ဩော်, ဘာရယ်ဆို သတင်းသန့်သန့်တောင် မကြားမိဘူးလားလို့လေ. . ကိုကြီးဟိုး"

"သိပ်ကြားတာပေါ့ ငထော်ရာ၊ ဘယ်မကြားဘဲ နေပါ့မလဲ မုဆိုးနားပါဟ၊ ငါလဲ မင်းကို မျှော်နေတာပဲကောင်ရေ၊ အကြောင်းတစ်စုံ တစ်ခုထူးရင် ငါ့ကောင်တွေ မနေပါဘူး၊ ငါ့ လာခေါ်ကြမှာပဲဆိုတာ ငါ သိပြီးသားမို့ပါဟ၊ ထိုင်လေကွာ"

ထော်ကြီးက ဦးဘာဟိုးရှေ့ ဝင်ထိုင်လိုက်ရင်း ဆက်ပြောနေပြန်၏။

"ခုကောင်က သိပ်ရဲတင်းလွန်းတော့ ကျွန်တော်တို့ ရွာသူရွာသားတွေမှာ ချောင်းကောက်ဘက် မျှော်တောင်မကြည့်ရဲ ဖြစ်ကုန်ပြီဗျ။ မနေ့ကများ ကိုဘကျော်ကလေးနှစ်ယောက် နွားကျောင်းနေတာ ကုန်းပေါ်ထိတက်လိုက်လို့တဲ့၊ပြေးလာလိုက်ကြတာ ရွာရောက်မှလိပ်ပြာခေါ်ယူရတယ်"

"အာကျယ်ဘကျော် သားတွေလား"

"ဒီပြင် ဘယ်လူရှိဦးမလဲ ကိုကြီးဟိုးရာ"





"အရင် စိန်တစ်လုံးတုန်းကတော့. . ဒီကောင်က ငါတို့မိကျောင်း တစ်ကောင်ကို အချောင်ရသွားကြတာလို့ ပြောတယ်ဆို"

"ဩော်. . . တင်အောင်ကြီး ကျွဲတွေဝိုင်းနင်းလို့ သေတဲ့ မိကျောင်း တုန်းက ပြောတာလား"

"အေးပေါ့ကွ"

"အဲဒီတုန်းက အာကျယ်က ကျွန်တော်တို့ ဘယ်လိုမှ မသတ်လိုက်ရတာကို သတင်းသိုးသိုးသန့်သန့် ကြားလို့ ပြောတာ ဖြစ်ပါလိမ့်မယ်၊ ခုသူ့သားနှစ်ယောက်ကို မိကျောင်းကြီးတက်လိုက်တယ်ဆိုတော့ ကျွန်တော် ကိုကြီးဟိုး မြန်မြန်သွားခေါ်ဖို့ သူပဲ တစ်ရွာလုံး လိုက်ဆော်သြနေတာ ကိုကြီးဟိုး"

"ဟား. . ဟား. . အဲဒါပေါ့ကွ၊ သူဖြစ်မှ သိတဲ့အကောင်၊ မဒေးချောင်းထဲက ပါးဖြူကြီးကို တို့လိုက်ခဲ့ရတုန်းက အာဂန္တုမိကျောင်းတစ်ကောင်ကောင် ဖြစ်ပါလိမ့်မယ်၊ ချောင်းမှားပြီး ဝင်လာတာ၊ မကြာခင် ထွက်သွားမှာပါ။ မုဆိုးတွေ ဘာတွေ ကြီးကြီးကျယ်ကျယ်ခေါ်ပြီး စပါးဖေးဆန်ပေး လုပ်နေကြစရာ မလိုပါဘူးလို့ ငါတို့ကို မကြားတကြားပြောတာ ခင်း မှတ်မိမှာပေါ့၊ အဲဒါကြောင့် ငါ. . လိုက်မလာတာ ဟော့ကောင်ရေ မင်းတို့ရွာသားတွေ. . ."

"အိုး. . . ဒီကောင့်စကားများ ဗွေမယူစမ်းပါနဲ့ ကိုကြီးဟိုးရာ၊ ဒီကောင်က နေရာတကာ လူတွင်ကျယ် သိပ်လုပ်ချင်တဲ့ကောင်၊ ရွာစာသင်ကျောင်းကိစ္စတုန်းကလဲ ဘုဂလန့်ပြောလို့ ဘုန်းတော်ကြီး ထရိုက်တာ ကိုကြီး သိသားနဲ့ဗျာ"

"ဟဲဟဲ အာကျယ်ဘကျော်က ခုတော့ သူ့လယ်နားတောင် သူမဆင်းရဲဘူး ဖြစ်နေပြီပေါ့"

"ဘကျော်တင် မဟုတ်ဘူး ကိုကြီးဟိုး၊ ခုဆို ချောင်းနားဘက် ကမ်းစပ်ကိုတောင် ဘယ်ကလေးမှ ကျွဲကျောင်းနွားကျောင်း မလွှတ်ရဲဘူးဖြစ်တုန်ကြပြီလေ"

"ဒါနဲ့ မိကျောင်းကိုက်ခံရတယ်ဆိုတဲ့ သောင်းစိန်ကရောကွ၊ ခု ဘယ့်နှယ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရှာ ဆေးခန်းကတစ်ဆင့် မြို့ဆေးရုံတောင် ပို့ကြရသေးတယ်လေ"

"အဲဒါလဲ ငါ ကြားပြီးသားပါ"

"ပေါင်တစ်ဖက် ကျိုးသွားတာကတော့ ပြန်ကောင်းမယ်လို့ မထင်တော့ဘူးဗျ။ ခု . . ထော့နင်းထော့နင်းနဲ့တော့ လျှောက်နေတယ်၊ မင်းရွာ ဆေးခန်းကလဲ လမ်းများများလျှောက်ပေးဖို့ မှာတယ်ပြောတာပဲ၊ ဒီကောင် သိပ်ကံကြီးလို့ မိကျောင်းစာ မဖြစ်တာနော်"

"ကံကြီးတာလဲ တစ်ပိုင်းပေါ့ကွာ၊ ဒီကောင့်ကိုယ်၌ကလဲ သတ္တိရှိ သတိကောင်းလို့ပေါ့"

"ကိုကြီးဟိုး ပြောတာလဲ ဟုတ်ပါတယ်၊ ဒီကောင့်အပြောကတော့ မိကျောင်းကြီးရဲ့ မျက်စိနှစ်လုံးကို သူ့လက်မ လက်သည်းနဲ့ ထိုးဖောက်ထား ခဲ့တယ် ပြောတယ်၊ ဟုတ်နိုင်ပါ့မလား ကိုကြီးဟိုး၊ လူအထင်ကြီးအော ဒီကောင် တမင်များ ကြွားပြောတာလားလို့"

"အဲဒါကတော့ ဟုတ်မဟုတ် မကြာခင် သိရမှာပေါ့၊ ဒီကောင် မိကျောင်းနဲ့ ရေထဲမှာ လုံးထွေးသတ်ပုတ်လာခဲ့တဲ့ အကောင်ဆိုတော့ မဟုတ်ဘူးလို့လဲ ပြောမရဘူးလေ၊ ခုလောလောဆယ်မှာ ဒီမိကျောင်း အကြောင်း ဒီကောင်ပဲ အသိဆုံးပြောရမှာပေါ့၊ ဒါနဲ့ကွာ မင်းတို့ တ တန်းက ဟိုမိန်းမတွေလဲ မြင်လိုက်ကြတယ်ဆို၊ ပိုင်းသတ်ဖို့ ကြိုးစား ကြတယ်ဆိုတဲ့ လူတွေကကော ဘာပြောကြလဲ"

"သူတို့ ပြောတာကတော့ လူကြီးနှစ်ရပ်နီးပါးတောင် ရှိတယ်ပြေ တာပဲ၊ အရင်က ချောင်းပိုင်ကြီးလို့ သူတို့သမုတ်ခဲ့ကြတဲ့ မိကျောင်းထ တောင် ကြီးတယ်ပြောတယ်၊ ဟုတ်,မဟုတ်တော့ ကျွန်တော်လဲ ဘယ် မလဲ"

"ဒါဆို ရောမအကောင်ကြီးပါလား"

"ဟုတ်တယ် ကိုကြီးဟိုး၊ ဒါနဲ့ နေမမြင့်ခင် သွားကြမယ်ဗျာ၊ ကျွ တော့်အိမ်ရောက်မှ ထမင်းစားတော့၊ ကျွန်တော် အားလုံးစီစဉ်ခဲ့ပြီးပါပြီ"

သည်လိုနှင့် ချောင်းကောက်ချောင်းတစ်ချောင်းလုံးကို စုန်ချည် ဆန်ချည် သြောင်းကျန်းနေသည်ဆိုသော မိကျောင်းကြီးကို ဖမ်းသတ်ရေ





ရွာခံမုဆိုး ထော်ကြီးနှင့် ဦးဘာဟိုးတို့နှစ်ယောက် သလွတ်၊ မှိန်း လှံအစုံ အလင်နှင့် ချောင်းကောက်ရွာဘက် လိုက်လာကြလေသည်။

"သားတို့ကို မနေ့က လိုက်တယ်ဆိုတဲ့ မိကျောင်းကြီးအကြောင်း အဘတို့ကို ပြောပြစမ်းပါဦးကွယ်"

ဦးဘာဟိုး မနေ့ကမှ လောလောလတ်လတ် မိကျောင်းအလိုက်ခံ ရသည်ဆိုသော ဦးဘကျော်သားနှစ်ယောက်ကို ဦးဆုံးလူတွေ့မေးသည်။

"ကျွန်တော်တို့ ချောင်းနားတာကွင်းမှာ နွားကျောင်းရင်း ညောင်ပင် ကြီးအောက်မှာ နီးဖြာနေကြတာ ဘကြီး၊ နွားတွေ တက်ပြေးလာသံကြားလို့ လှမ်းကြည့်လိုက်တော့ နွားတွေနောက် ဝက်ခေါင်းထိုးလိုက်လာတာ နည်း နည်းနောနော မိကျောင်းကြီးမဟုတ်ဘူးဗျ၊ ခေါင်းထောင်ကြည့်လိုက်၊ တွား လိုက်နဲ့ လိုက်လာတာ ကျွန်တော်တို့ အော်သံနဲ့ နွားခလောက်သံတွေတော့ ချောင်းနားမှာ ဆူညံသွားတာပေါ့"

"မင်းတို့နွားတွေကော ကိုက်သွားသေးသလား"

"နွားတွေကလဲ လန့်ပြီး ကျွန်တော်တို့ လူတွေနောက် ရွာဘက် ပြေးလာကြတော့ တစ်ကောင်မှတော့ အကိုက်မခံရပါဘူး"

ဦးဘာဟိုးသည် ဦးဘကျော်သားနှစ်ယောက်ကို မေးနေရာမှ သူ့ကို လာခေါ်သော ထော်ကြီးဘက် လှည့်၍လည်း . . .

"အရင့်အရင် နေ့တွေကကော ဘယ်ရွာတွေမှာ ကျွဲတွေနွားတွေ ကိုက်သံကြားသေးလဲ ထော်ကြီး"

"ဘယ်ရွာမှတော့ ကိုက်သံမကြားမိသေးဘူး ကိုကြီးဟိုး၊ ဒါပေမယ့် အသံကြားတာနဲ့ လူရောကျွဲနွားတိရစ္ဆာန်တွေပါ လိုက်နေသံကတော့ တစ် နေ့မှာ တစ်ရွာမဟုတ် တစ်ရွာက ကြားနေရတာပဲ"

"အေးကွ . . မင်းတို့ပြောတဲ့ မိကျောင်းက ဆန်းတော့အဆန်းသား၊ တခြားမိကျောင်းတွေက ကျွဲကူး နွားကူးလမ်းမှာ ချောင်းမြောင်းပြီးကိုက်ရင် ကိုက်၊မကိုက်ရင် သောင်ပြင်လတာပေါ်မှာ ဒီရေမစစ်ခင်ကဘဲ တစ်ကိုယ် လုံး ရွှံ့နွံထဲ မြှုပ်ထားပြီး သားကောင်အနားရောက်လာမှ အမြီးနဲ့ . . .



www.burmeseclassic.com

. . . လိုက်ရိုက်ပြီး ဖမ်းတတ်တာ၊ ခု ဒီကောင်က တစ်မျိုးပါလား ပြီးတော့ လူသူလေးပါးနဲ့ ကျွဲနွားတိရစ္ဆာန်တစ်ကောင်ကောင်ကိုမှ ခုထိ သူ မကိုက်နိုင်သေးတာကလဲ ထူးခြားတာပဲကွ၊ ဒါနဲ့ မိကျောင်းကိုက် ခံထား ရတဲ့ သောင်းစိန်ဆီကိုလဲ ငါလိုက်ပို့ကြပါဦးဟာ"

ဦးဘာဟိုး၏ တောင်းဆိုချက်အရ မိကျောင်းကိုက်ခံထားရသော သောင်းစိန်ဆီကို ထော်ကြီးက ဦးဘာဟိုးအား လိုက်ပို့ရပြန်သည်။

သောင်းစိန်က သူနှင့် မိကျောင်းကြီးတို့ ရေထဲတွင် လုံးထွေးသတ် ပုတ်ခဲ့ကြရသည့်အကြောင်း မုဆိုးကြီးဦးဘာဟိုးကို အစအဆုံးပြော သည်။ သောင်းစိန်ပြောပြချက်အရဆိုလျှင် မိကျောင်းကြီးအား သူ လက်သည်းနှင့် မျက်လုံးနှစ်ဖက်စလုံးကို ထိုးဖောက်လိုက်သည်မှာ သေ သွားပြီဟု ဦးဘာဟိုး မှတ်ချက်ချ၏။

ထို့ကြောင့်လည်း ဦးဘာဟိုးနှင့် ထော်ကြီးတို့သည် မျက်ကန်း ကျောင်းကို လှေငယ်လေးတစ်စင်းနှင့် ရဲရဲဝံ့ဝံ့ပင် ချောင်းကောက်ချောင်း စုန်ချည်ဆန်ချည် လိုက်ရှာနေကြလေသည်။

ဦးဘာဟိုးနှင့် ထော်ကြီးတို့သည် လှေငယ်တစ်စင်းနှင့် ချောင်း ကောက်ချောင်းထဲ စုန်ချည်ဆန်ချည် လိုက်ရှာကြစဉ် ထိန်ပြင်ရွာအော အရောက်၌ လတာပြင်ဘက်မှ မျောက်တစ်ကောင် ထူးထူးခြားခြားအော် ဟစ်နေသံကို ကြားကြရသဖြင့် လတာပြင်ဘက် လှော်ခတ်လာကြသည်။ ဤမိကျောင်းကို လိုက်ရှာကြရသည်မှာ တခြားမိကျောင်းများတုန်းက လူသံမကြားအောင် တိတ်တိတ်ဆိတ်ဆိတ် လိုက်မရှာကြဘဲ အသံကြား သည်နှင့် လိုက်လာတတ်သည်ဆိုသဖြင့် ယခုလည်း စကားတပြောပြော နှင့်ပင် ရေရိပ်မြေရိပ်ကို အကဲခတ်ရင်း လှသံပေးကာ လိုက်လာကြခြင်း ဖြစ်၏။

"ဒီမျောက် အော်နေတာ ငါ့နားထဲတော့ တစ်ခုခု ထူးခြားသလိုပဲ ငထော်"

"ဟုတ်တယ် ကိုကြီးဟိုး၊ ဒီမျောက်သင်းကွဲကြီးတစ်ကောင် အော် နေသံက ကြောက်ကြောက်ရွံ့ရွံ့ အော်နေသံထင်တာပဲ"

"အေးကွ"





. . . ဟူသော ဦးဘာဟိုး၏ တုံ့တုံ့ဆိုင်းဆိုင်း အသံအဆုံးမှာ ငယ်က လတာပြင်အောက် ရောက်လာ၍ လတာပြင်ပေါ် လှမ်းကြည့် ကြရာ လတာပြင်ထဲတွင် ပင်ထောင်သေနေသော ပြုန်းပင်တစ်ပင် မှ မျောက်ကြီးတစ်ကောင်သည် အောက်ကို ငုံ့ကြည့်ကာ ကွိကွိကျွိကျွိ အော်မြည်လိုက် သစ်ကိုင်းတွေ ဖင်ဆောင့်လိုက် လုပ်နေသည်ကို လှမ်းမြင် ရသည်။

"ဒီမျောက်ကြီး လတာပြင်မှာ ဘာတွေ့လို့ ဒီလောက်အော်နေတာ . . ထော်ကြီး သေသေချာချာကြည့်"

"ဟာ. . ကိုကြီးဟိုး. . မိကျောင်းဗျ၊ မိကျောင်းကြီး"

ဦးဘာဟိုး၏ စကားမဆုံးခင်ပင် ပြုန်းပင်အောက် အကြည့်ရောက် သော ထော်ကြီးက အံ့ဩတကြီး ဦးဘာဟိုးကို တိုးတိုးပြောလိုက်၏။ အချိန်မှာ မျောက်ကြီးရှိနေသော ပြုန်းပင်အောက်၌ အပေါ်မော့ကြည့် နားစွင့်လိုက်၊ ပြုန်းပင်ကြီးခြေရင်းက လတာထဲ၌ မိကျောင်းတွားသွား သည့်ပတ်လိုက်လုပ်နေသော မိကျောင်းကြီးကို ဦးဘာဟိုးလည်း ထင် ရှားရှား မြင်သွားပြီဖြစ်သည်။ ဤမျှဆိုလျှင် ဦးဘာဟိုးနှင့် ထော်ကြီးတို့ အတွေ့အကြုံအရ သဘောပေါက်သွားကြပြီး ဖြစ်သည်။

ဒီရေကျချိန်တွင် ချောင်းနား မြစ်နားရှိ ရွှံ့နွံသစ်တောထဲ နေကြ မျောက်များသည် လတာပြင်ပေါ်သို့ ဆင်းကာ သောင်ပြင်မှ ငါး လေးများကို ဖမ်းစားလေ့ရှိကြသည်။ ဤသည်ကို သိသော မိကျောင်း လည်း ဒီရေမစစ်ခင်ကပင် သောင်ပြင်လတာထဲလာ၍ သူတို့ကိုယ် ရွှံ့ညွှန်လတာထဲ နှစ်မြှုပ်ကာ မျက်လုံးနှစ်လုံးသာ ဖော်ပြထားပြီး မျောက်များ ငါးဖမ်းကာဇာန်းဖမ်း ဆင်းအလာကို စောင့်ဖမ်းတတ်ကြသည်။

ယခု ဤမိကျောင်းကြီးသည်လည်း ထိုသို့မျောက်ဖမ်းရန် စောင့်နေ ယခု သစ်ပင်ပေါ်က အော်မြည်နေသော မျောက်ကြီးဆင်းအလာမှာ မိကျောင်းကြီးက လိုက်ဖမ်းခြင်းဖြစ်မည်။

မျောက်ကြီးမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် တွေ့ရာသစ်ပင်ပေါ် ပြေးရာ၊ သူ တက်ပြေးသော သစ်ပင်မှာ တခြားကိုလည်း ကူးပြေးရန် သော လတာပြင်ပေါ်က တစ်ပင်တည်းသောသစ်ပင် ဖြစ်နေသဖြင့်

www.burmeseclassic.com



မိကျောင်းကြီးငုံ့ကြည့်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် အော်မြည်နေခြင်း ဖြစ်မည်။

ထို့ကြောင့် ဦးဘာဟိုးက . . .

"ဒီမိကျောင်းက သောင်းစိန်မျက်လုံးကို ကုတ်ဖောက်ထားတဲ့ မိကျောင်းဖြစ်ရမယ်ကွ၊ အဲဒါကြောင့် ဒီမိကျောင်း မျောက်ကို မမြင်မစဖမ်းမမိလိုက်တာ၊ ခုတော့ ဒီမိကျောင်းကြီးကို တို့ သတ်လို့ရပြီ၊ မင်းသလွတ်လုံသာ အသင့်ပြင်ပေတော့"

သူတို့နှင့် မိကျောင်းကြီးမှာ ပေငါးဆယ်ကျော်သာ ဝေးသဖြင့် ဦးဘာဟိုးနှင့် ထော်ကြီးတို့မှာ မိကျောင်းထိုး သလွတ်လုံကြိုးကို လှေဦးတွင် အလျင်စလို ချည်လိုက်ကြပြီး သလွတ်လုံကြီးကို မိကျောင်းရှိရာဘက် မြှောက်ချိန်ကာ ဒူးခေါင်းနီးပါးခန့် နစ်မြုပ်နေသော လတာပြင်ပေါ်တွင် တစ်လှမ်းချင်း သတိနှင့် လှမ်းတက်လာကြသည်။

သလွတ်လုံတံနှင့် ဆက်ထားသော ကြိုးရှည်ကို လှေဦး၌ တစ်စချည်ထားခဲ့ကြခြင်းမှာ အကယ်၍ သူတို့လက်ထဲမှ သလွတ်လုံတံနှင့် မိကျောင်းကြီးကို လက်လွတ်စပယ် လှမ်းထိုးလိုက်ကြစဉ် သလွတ်လုံတမိကျောင်းကြီး ကိုယ်ပေါ် တန်းလန်းကြီး စူးပါသွားပါက ထိုကြိုးစအဆုံးတွင် ရှိနေသော လှေငယ်ကို မိကျောင်းကြီးက ချက်ချင်းဆွဲမပြေးနိုင်အောင် ကြိုလုပ်ထားခဲ့ကြခြင်း ဖြစ်သည်။

ဦးဘာဟိုးနှင့် ထော်ကြီးတို့သည် မိကျောင်းကြီးနှင့် ဆယ်ပေကျော်ကျော်လောက်အနီးထိ မျက်နှာချင်းဆိုင် ရောက်လာကြခြင်း ဖြစ်သော်လည်း မိကျောင်းကြီးကား သူတို့နှစ်ယောက်ကို လုံးဝ မြင်ပုံမရ။ သစ်ပင်ပေါ်က တကျွိကျွိ တကျွိကျွိ အော်မြည်နေသော မျောက်ကိုသာ ခေါင်းထောင်နားစွင့်လိုက်၊ ပြူးပင်ခြေရင်းကို မိကျောင်းတွား လှည့်ပတ်ကာ လတာပြင်ပေါ် တွားသွားလိုက်လုပ်နေလေသည်။

"ထော်ကြီး၊ သောင်းစိန်မျက်လုံးနှစ်ဖက်ကို ကုတ်ဖောက်ထားခဲ့လို့ ဒီမိကျောင်းကြီး မျက်စိကန်းနေတယ်ဆိုတာ ဟုတ်ပြီကွ၊ တကယ်လို့ ဒီကောင် မျက်ကန်းမိကျောင်းသာ မဟုတ်ရင် တို့ကို မြင်သင့်ပြီ၊ တို့ကိုမြင်ရင် ဝက်ခေါင်းထိုးလိုက်ရင်လိုက်၊ မလိုက်ရင် ချောင်းကမ်းဘက် ဆင်းပြေးသွားမပေါ့၊ ခု ကြည့်လေ. . တို့နဲ့ မျက်နှာချင်းဆိုင်မှာ ခေါင်းမော့နေပေမင့် အနံ့သာရပြီး ခုထိ တို့ကို မြင်ပုံမရသေးဘူး"





သလွတ်လုံကြီးကို မိကျောင်းကြီးဆီ တည့်တည့်မတ်မတ် ချိန်ရွယ်ထားရင်းက ထော်ကြီးကို ဦးဘာဟိုးက တီးတိုးပြောလိုက်၏။

"ဟုတ်တယ် ကိုကြီးဟိုး၊ ဒီတော့ ဒီကောင့်ကို ကျွန်တော်တို့ စိတ်ကြိုက်ထိုးလို့ရပြီဗျ"

"အေးကွ. . ဒီတော့ ခု. . ငါ အသံပေးလိုက်မယ်၊ လူသံကြားလို့ ဒီကောင် ခေါင်းထောင်ပြီး လိုက်လာတော့မှ ပါးချိုင့်အောက်ကို ပိုင်ပိုင်နိုင်နိုင် ထိုးထည့်ကြမယ်၊ ကဲ. . ငါ အသံပေးလိုက်တော့မယ်၊ မင်း . . မင်း အသင့်နေ"

ဦးဘာဟိုးသည် ပြောပြောဆိုဆိုနှင့်ပင် "ဟေး . . ဟေး"ဟု အသံပေးလိုက်၏။ ဦးဘာဟိုး ကြိုတင်တွေးထင်ခဲ့သကဲ့သို့ပင် မိကျောင်းကြီးသည် လူသံကြားသည်နှင့် ခေါင်းထောင်ကာ ဦးဘာဟိုးတို့ဘက် ချက်ချင်းလိုက်လာသည်။ သို့သော် ခေါင်းထောင်လိုက်လာသော မိကျောင်းကြီးသည် ဦးဘာဟိုးတို့နှင့် နှစ်လံအကွာလောက် အရောက်မှာပင် အသွားတစ်ဝါးနီးပါးခန့်ရှိသော သလွတ်လုံနှစ်ချောင်းသည် မိကျောင်းကြီး၏ ပါးချိုင့်အောက် အသားပျော့ထဲကို စွပ်ခနဲ အသံနှင့်အတူ တဒုတ်ဒုတ်ခါကာ ထိုးဖောက်ဝင်ရောက်သွားလေသည်။

www.burmeseclassic.com

## သရဲစီးနေသော ကျားကိုင်း

"ဟာင် ကိုကြီးဟိုး"

သူ့အိမ်ရှေ့တွင် ဒူးလေး၊ လုံရှည်နှင့် ဝံသားရေလွယ်ကြီးတစ်လုံးကို အခုံသားလွယ်ကာ မတ်တတ်ရပ်လာသော မုဆိုးကြီးဦးဘာဟိုးကို သရက်တောင်ရွာသား ထော်ကြီးက အံ့အားတသင့် အာမေဋိတ်သံ ပြုလိုက်သည်။

ဦးဘာဟိုးမှာ ထော်ကြီးတို့ သရက်တောင်ရွာနှင့် တစ်နာရီခန့်ဝေးသော ညောင်ပင်အုပ်ရွာတွင် နေသူဖြစ်သည်။ ယခု ဦးဘာဟိုးရောက်လာခြင်းမှာ သရက်တောင်ရွာ၌ ကျားဆိုးတစ်ကောင် ကျနေသည်ဟူသော သတင်းကို ကြားရသဖြင့် ကျားဖမ်းရန် ရောက်လာခြင်း ဖြစ်သည်။

ရိုးမနှင့်နီးသော တောင်ခြေရွာဘက်တွင် ဤလို နတ်တော် ပြာသိုလများ၌ ကျားကျ၊ ကျားရဲတတ်သည်မှာတော့ အဆန်းမဟုတ်။ ကျားများ မိတ်လိုက်ရာသီ ရောက်ပြီဆိုလျှင် ရိုးမမှ မိတ်လိုက်ရင်း နယ်ကျွံလာသော ကျားများသည် တောင်ခြေရွာများရှိ ကျွဲ၊ နွားများကို လှည့်လည်ကိုက်တတ်သည်မှာ နှစ်စဉ်လိုလို ဖြစ်သည်။

ယခုလည်း သရက်တောင်ရွာနှင့် ပိန္နဲတောင်ရွာတို့တွင် ကျားကျ ကျားရဲနေသည်။ ပိန္နဲတောင်ရွာက နွားတစ်ကောင်နှင့် သရက်တောင်ရွာမှ နွားတစ်ကောင်တို့မှာ ကျားကိုက်ခံလိုက်ရပြီး ဖြစ်သဖြင့် မုဆိုးကြီးဦးဘာဟိုးကို သွားခေါ်ရန် "ဘယ်ရွာက စပါးဘယ်နှတင်း"ဟု ခွဲတမ်းချနေခိုက်မှာပင် ဦးဘာဟိုးက မခေါ်ပင့်ခင် သရက်တောင်ရွာသို့ ရောက်လာခြင်း ဖြစ်သည်။





"ဒီတစ်ခါတော့ . . . ဆိုက်ဆိုက်မြိုက်မြိုက် တိုက်တိုက်ဆိုင်ဆိုင် ငါလဲ သတင်းကြားလို့ လိုက်လာတာပဲကွ၊ ငါမလာလဲ မင်းတို့လာခေါ်ကြမယ့်အတူတူတော့ မထူးဘူးလေ၊ ငါ စောစောရောက်လာတော့ မင်းတို့ တောင်ခြေဘက်က ကျွဲ၊ နွား၊ တိရစ္ဆာန်တွေလဲ စောစော အသက်ချမ်းသာရာရကြ၊ မုဆိုးကြီးဦးဘာဟိုးလဲ စပါးရ၊ ကျားသားရေ ရပေါ့ကွာ. . ဟဲဟဲ"

ဦးဘာဟိုးက ထုံးစံအတိုင်း အရယ်အရွှန်းပြောရင်း . . .

ထော်ကြီး၏အိမ်တွင် စတည်းချသည်။

"ခု. . မင်းတို့ ရွာက ကျွဲ၊ နွား ဘယ်နှကောင် ပါသွားပလဲ"

"ကျွန်တော်တို့ သရက်တောင်ရွာက ဦးထွန်းရနွားကို ဦးဆုံးကိုက်တာပဲ ကိုကြီးဟိုး၊ ပြီးနောက် နှစ်ရက်နှစ်ညအကြာမှာ ပိန္နဲတောင်ရွာက လှမောင်တို့နွားကို ကိုက်တယ်၊ ခါတိုင်းနှစ်တွေကျတဲ့ ကျားတွေလို ဧရာမ ကျားရဲကြီးတော့ မဟုတ်ဘူး၊ နေ့စဉ်လဲ မကိုက်ဘူး"

"ခုတော့ ဘယ်ရဲဦးမလဲကွ၊ ကိုက်စ ကျစပဲ ရှိသေးတာကိုး၊ နောက်တော့ ရဲလာတော့မှာပေါ့၊ ပိန္နဲတောင်က လှမောင့်နွားကို ကိုက်တာ ဘယ်နေ့ကလဲ"

"ဟိုတစ်နေ့က ကိုကြီးဟိုး"

"ဒီညတော့ ဘာသံမှ မကြားဘူးလား"

"ညကတော့ မကြားမိသေးဘူး၊ မနေ့ကတော့ သစ်ယာတောဘက်မှာ နွားတွေလန့်တယ်လို့ သတင်းရတယ်"

ဦးဘာဟိုး မျက်လုံးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ခဏစဉ်းစားနေ၏။

"မင်းပြောသလိုဆို ကျားက တစ်ကောင်တည်းပဲ ဖြစ်မှာပေါ့"

"ဟုတ်မယ်ထင်တယ် ကိုကြီးဟိုး၊ မိတ်လိုက်ချိန်ဆိုပေမယ့် အထီး၊ အမစုံတွဲ ဟုတ်ပုံမရဘူး၊ အကိုက်ကဲ့တော့ တောမှောက်နယ်ကျွံ အကောင်နဲ့ပဲ ဖြစ်မယ်"

မုဆိုးကြီးဦးဘာဟိုးမှာ မိမိအိမ်ပေါ် နှစ်စဉ်နှစ်တိုင်း တည်းခိုစမြဲဖြစ်နေကျအပြင်၊ ကျားဖမ်း ကျားကိုင်းထောင်ရာ၌လည်း အကူအပံ့ရသူ ညာမုဆိုးတစ်ပိုင်းထော်ကြီးက သူ၏ထင်မြင်ချက်ကို ပြောပြသည်။

"ခြေရာကောကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရွာက နွားကို ကိုက်တုန်းက ကုန်းကိုင်းဟောင်းထဲ ဆိုတော့ ခြေရာ မကျခဲ့ဘူး ကိုကြီး"

"ဘယ်အချိန် ကိုက်လဲကွ"

"သူငယ်ခေါင်းချချိန်ပဲ"

"ကိုင်းဟောင်းထဲမှာ ညကြီးမင်းကြီး နွားက ဘာသွား. . ."

"နောင်နှစ် ကိုင်းလုပ်ဖို့ နောက်ချေးရအောင် ချည်သိပ်ထားထာလေ"

"အေး. . ဟုတ်သားပဲ၊ နွားက ဘယ်နှကောင်လဲကွ"

"နွားအုပ်က ခြောက်ကောင်"

"အကိုက်ခံရတာက. . ."

"အခါလည်သားလောက်ပဲ ရှိမယ့် နွားမလေးပါ၊ ဝိနွဲတောင်မှာ ကိုက်တာလဲ နွားမလေးပဲ"

"ဒါဆို ကျားက ကျားကြုတ်လေးပဲ ဖြစ်မယ်ထင်တယ်"

"ဖြစ်နိုင်ပါတယ်"

"အေးကွာ. . အဲဒါဆိုရင်တော့ ဒီည မင်းတို့ရွာက ကျွဲ၊ နွားလေးတွေကို သတိထားကြရလိမ့်မယ်၊ မင်းတို့ရွာမှာ ပထမဦးဆုံး ကိုက်သွားတာဆိုတော့ တစ်ပတ်ပြန်လာနိုင်တယ်"

"ဟုတ်ကဲ့. . ရွာကလူတွေကို ကျွန်တော် သတိပေးထားပါ့မယ်"

■

ဦးဘာဟိုး တွက်ကိန်းမှန်သွားသည်။ ထိုညတွင် ကျွဲ၊ နွားများကို ရွာထဲ သွင်းသိပ်ထားကြသော်လည်း ကျွဲ၊ နွားများ လန့်၍ ညကြီးမင်းကြီး တစ်ရွာလုံး ဆူညံသွားသည်။ ကျားကို အကောင်အထည် မမြင်ရကြသော်လည်း လူတွေက အော်ကြ၊ ဟစ်ကြ၊ သံပုံးတီးကြ၊ တုံးခေါင်းခေါက်ကြနှင့် ကျားကို ရမ်းသမ်းမောင်းထုတ်ကြရသည်။

ဦးဘာဟိုးနှင့် ထော်ကြီးတို့သည် လှံရှည်တစ်ယောက်တစ်ချောင်းစီနှင့် ရွာပြင်တောစပ်နားထိ ထွက်၍ အကဲခတ်ကြသည်။

ဘာအရိပ်အယောင်မျှ မမြင်လိုက်ရ။



သည်လိုနှင့် မိုးလင်းသွားသည်။

သို့သော် နံနက် နေထန်းတစ်ဖျားမရောက်ခင်မှာပင် မျောက်ကိုက်ရွာတွင် နွားထီးကြီးတစ်ကောင်ကို ညက ကျားကိုက်သွားကြောင်း ချက်ချင်းသတင်းရောက်လာ၏။ သတင်းလာပို့သူနှင့်အတူ ဦးဘာဟိုး၊ ထော်ကြီးတို့ မျောက်ကိုက်ရွာကို လိုက်သွားကြသည်။ နွားရှင်နှင့် တွေ့ပြီး ကျားကိုက်သွားသော နွားအသေကောင်ကို တောထဲတောင်ခြေမှာ လိုက်ရှာကြသည်။ မြေပေါက်တစ်ခုနား တောင်ချိုင့်တွင် ကျားစား၍ ကျန်ခဲ့သော နွားအသေကောင်တစ်ပိုင်းကို တွေ့ရသည်။

ဦးဘာဟိုးနှင့် ထော်ကြီးတို့လည်း ချက်ချင်းပင် ထိုနေရာ၌ ကျားကိုင်းထောင်ကြတော့သည်။ ထုံးစံအတိုင်း တောပိုင်၊ တောင်ပိုင်များကိုသေ၍ ကျားစားပြီး ကျန်နေသော နွားခေါင်းပိုင်းတွင် တောပန်း၊ တောင်ပန်းတွေကိုလည်း ဝေနေအောင် ပန်ပေးကြသည်။ ကိုင်းဖျားကို ကွေးညွှတ်လာအောင် နှစ်ယောက်သား ဆွဲကုတ်ပြီး ကိုင်းသီးခလုတ်တပ်ဆင်ကြ၏။ ကြိုးကွင်း လိုက်မလိုက်၊ တောင့်ထောင်းအား ကောင်းမကောင်း ကိုင်းစမ်းသပ်ကြည့်ကြသည်။

"ငါ့ နားထဲ တစ်ကောင်ကောင် တောလှုပ်သံလားလို့"

ဦးဘာဟိုး၏စကားကြောင့် ထော်ကြီးကလည်း ပတ်ဝန်းကျင် ဘယ်ညာကို ဝေ့ကြည့်၏။ ဘာတစ်ခုမှ ထူးထူးခြားခြား မမြင်ရ၊ မတွေ့ရ။

ထို့ကြောင့်. . .

"ဒီဘက်မှာ တောမျောက်တာ ခြောက်တာတွေလဲ မကြားဖူးပါဘူး ဘကြီးဟိုး" ဟုပြန်ပြောလိုက်၏။

"တောခြောက်တာ တောမျောက်တာကို ပြောတာ မဟုတ်ဘူးကွ၊ နားထဲ တိရစ္ဆာန်တစ်ကောင်ကောင် ခြေသံလားလို့"

ဦးဘာဟိုး၏စကားက ယခု သူတို့ ကျားကိုင်းထောင်နေကြချိန်မှာပင် ကျားဆိုးကြီးသည် ညက သူ ကိုက်စားထားခဲ့သော နွားသေကောင်ကို စားရန် လာလေပြီလားဟု ထော်ကြီးက သူ့အတွေးနှင့်သူ လန့်သွားသည်။

အချိန်မှာ နေပင်မညိုသေးဖြစ်ရာ ဤလိုအချိန်မျိုးမှာ ထိုကျားလာနေပြီ ဆိုလျှင်တော့ ဇရာမကျားကြီးပင် ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထော်ကြီးသည် ကျားကိုင်းနားပတ်ဝန်းကျင်ကို ဂရုတစိုက် ထပ်ကြည့်ကာ သူ့လက်ကလည်း အနားတွင်ချထားသော လှံရှည်ဆီရောက်သွားသည်။

ဤသည်ကို ဦးဘာဟိုးက ပြုံး၍ . . .

“ဒီလောက်ထိ မဟုတ်နိုင်ပါဘူး ထော်ရာ၊ နေတောင် တောမဝင်သေးပဲဘဲကွ၊ ကိုင်းကိုသာ ဂရုစိုက်စမ်းပါ”

ဦးဘာဟိုးပြောလိုက်မှ ထော်ကြီး လှံကို ပြန်ချပြီး ကိုင်းသီးခလုတ်ကိုင်းကုပ်တွင် ချိတ်နိုင်သည်။ ကိုင်းတွင် ကျားကျလျှင် အချက်ပေးရန် နွားခလောက်တစ်လုံးကိုလည်း ကိုင်းတံဖျားတွင် ဆွဲချိတ်ထားကြသည်။

▮

“ဒေါင်ဒင် ဒေါင်ဒင်”

“ဒေါင်ဒင် ဒေါင်ဒင်”

မှောင်ရီဖျိုးဖျသာ ရှိသေးသည်။ ဦးဘာဟိုးနှင့် ထော်ကြီးတို့ ထောင်ထားခဲ့ကြသော ကျားကိုင်းတွင် ကျားမိနေပြီဖြစ်ကြောင်း နွားခလောက်သံက အချက်ပေးတော့သည်။

ဦးဘာဟိုးနှင့် ထော်ကြီးတို့က ကြိုတင်တပ်လှန့်ထားသည့်အတိုင်း မျောက်ကိုက်ရွာသားကြီးများသည် လှံကိုယ်စီ၊ မီးတုတ်ကိုယ်စီနှင့် ကျားမိနေသော ကျားကိုင်းရှိရာသို့ ညာသံပေးကာ လိုက်ကြလေသည်။

ဦးဘာဟိုးနှင့် ရွာသားကြီးများ ကျားကိုင်းနားအရောက်တွင် နွားခလောက်သံက ရုတ်တရက် ရပ်တန့်သွားသည်။

“ဟော့ . . . လူတွေ သတိထားကြ၊ သတိထားကြ၊ ကျားကိုင်းနားကို အရမ်းမကပ်ကြနဲ့ဦး၊ လူတွေလိုက်လာသံကြားလို့ ကျားက ခကောင်ငြိမ်နေတာလား၊ ကိုင်းကြိုးပြတ်သွားတာလား မသိဘူး၊ နွားခလောက်သံ တိတ်သွားတယ်”

ကျားကိုင်းနားအရောက်မှာ အတွေ့အကြုံရှိသော ထော်ကြီးက မျောက်ကိုက်ရွာသားများကို သတိပေးသည်။

ထော်ကြီးစကားကြောင့် ဦးဘာဟိုးလည်း တွေဝေသွား၏။



ခါတိုင်းဆိုလျှင် ကိုင်း၌မိနေသော ကျားကြီးမှာ လူစုလူဝေးနှင့် လိုက်လာကြသံကြားက ပို၍ ရုန်းကန်လှုပ်ရှားတတ်ရာ ကျားရုန်းတိုင်း ကိုင်းဖျားတွင် ချည်ထားသော နွားခလောက်ကလည်း တဒေါင်ဒေါင် ဒေါင်ဒင် ပိုမြည်ရမည်သာ။

ယခု ရုတ်တရက် အသံတိတ်သွားခြင်းမှာ ထော်ကြီးပြောသလို ကိုင်းကြိုးများ ပြတ်သွားလေပလား။

ကျားကိုင်းနားကို ရောက်လာပြီး ကြည့်ကြ၏။ ကျားကိုင်းပြုတ်နေသည်။ ကျားကို မတွေ့ရ၊ ကိုင်းကြိုးပြတ်သွားသလားဟု ဦးဘာဟိုးနှင့် ထော်ကြီးတို့က သူတို့ကိုင်း သူတို့ စစ်ဆေးကြသည်။

ကျားကိုင်းကြိုးလည်း မပြတ်။ ထော်ကြီးက ဦးဘာဟိုး၏မျက်နှာကို မီးတုတ်ရောင်ထဲ လှမ်းကြည့်၏။

“ဟင်းမျိုးဆိုတာ သူ့ဆရာကြောင်လိုပဲကွ၊ မစားခင် အစာကို ဆော့ဘတ်တော့ ကွင်းမမိခင် ကိုင်းသီးခလုတ်ပြုတ်သွားတာ ဖြစ်မယ်၊ ပြန်ထောင်ထားခဲ့ကြရအောင်”

ဦးဘာဟိုးနှင့်ထော်ကြီးတို့သည် ကျားကိုင်းကို ပြန်ထောင်ပြီး မျောက်ကိုက်ရွာသားကြီးတွေနှင့်အတူ ရွာပြန်လာကြသည်။ သူတို့အားလုံး ရွာထဲပင် ပြန်မရောက်ကြသေး၊ ထောင်ထားခဲ့သော ကျားကိုင်းမှ ကျားမိ၍ ဒုံဒင် ဒုံဒင် မြည်နေသော နွားခလောက်သံကို ဆက်တိုက်ကြားကြရပြန်သည်။

ရွာသားကြီးတွေနှင့် ဦးဘာဟိုးတို့မှာ ချက်ချင်း ကျားကိုင်းရှိရာဆီ ပြေးလိုက်ကြရပြန်၏။ သူတို့ကျားကိုင်းနားအရောက်မှာ ဒုံဒင်ဒုံဒင်မြည်နေသော နွားခလောက်သံက ရပ်တန့်သွားသည်။ ကျားကိုင်းနားကို သတိကြီးစွာနှင့် ချဉ်းကပ်ကြည့်ကြရာ ကိုင်းတွင်မိနေသော ကျားကြီးကို မတွေ့ရ၊ ကျားကိုင်းက ပြုတ်နေပြန်သည်။ မုဆိုးကြီးဦးဘာဟိုး ခေါင်းကုတ်၏။

“ဘယ်လိုဖြစ်တာလဲ မုဆိုးကြီး”

မနေနိုင်သော ရွာသားကြီးတစ်ယောက်၏အမေးကို နောက်တစ်ယောက်က တောမှာ တောင်မှာ မေးကောင်း မမေးကောင်းလားမသိဟု ထက်ကုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲဗျို့. . တစ်ခါတစ်ခါ ကိုင်းသီးမကောင်းရင် ကိုင်းပြတ်တတ်တယ်"

"ခုဆို နှစ်ခါတောင်ရှိ. . ."

"ဟာကွာ. . . မင်းကလဲ"

မျောက်ကိုက်ရွာသား လူငယ်တစ်ယောက်၏ အပြောကို လူကြီးတစ်ယောက်က ဟန့်တားလိုက်သည်။

"ကဲ. . . မီးတုတ် သေသေချာချာ ပြကြပါဦး၊ ဒီတစ်ခါ ကိုင်းသီးကို မြဲမြဲတပ်ထားခဲ့ကြရအောင်"

ဦးဘာဟိုးက အရှက်ပြေပြောရင်း ရွာသားတစ်ယောက်ကို သူ့ကိုယ်တိုင် မီးတုတ်ပြခိုင်းသည်။ သူကိုယ်တိုင် ကိုင်းသီးကို သုံးလေးကြိမ် . . . ကြည့်ပြီး ထောင်၏။ ပြီး. . . "ဒီတစ်ခါတော့ စိတ်ချရပါပြီ"ဟု ပြော . . . ရွာဘက် ပြန်လာကြသည်။

သူတို့အားလုံး ရွာပြန်ခရီးတစ်ဝက်ပင် မရောက်လိုက်ကြ။ ကျားကိုင်းမှ နွားခလောက်သံက ဒိုးဒိုးဒေါင်ဒေါင် အဆက်မပြတ် မြည်လာပြန်သည်။ အားလုံး ကျားကိုင်းရှိရာသို့ ပြေးလိုက်ကြရပြန်သည်။

ကျားကိုင်းနား သူတို့ရောက်လုရောက်ခင်မှာပင် ကျားကိုင်းဖျားတွင် ချိတ်ဆွဲထားသော နွားခလောက်သံက ပထမ၊ ဒုတိယအခေါက်များလို ရပ်သွားပြန်သည်။

မီးတုတ်နှင့် ရွာသားကြီးများကိုပင် မစောင့်နိုင်တော့ဘဲ ဦးဘာဟိုးနှင့် ထော်ကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခေါင်းကုတ်နေကြလေပြီ။ ရွာသားကြီးတွေမှာလည်း ထိုနည်းလည်းကောင်း။

ဦးဘာဟိုးနှင့်စာလျှင် ထော်ကြီးကို ပို၍ရင်းနှီးသော မျောက်ကိုက်ရွာသားတွေက ထော်ကြီးမျက်နှာကို ဝိုင်းကြည့်ကြရာ ထော်ကြီးမှာ ဦးဘာဟိုးနား ကပ်သွားပြီး "ကျားကိုင်းက သရဲသဘက်များ စီးနေပြီလား ကိုကြီးဟိုး" ဟု ပြောလိုက်မိသည်။

ထော်ကြီး၏စကားမဆုံးခင်ပင် "ဟင် သရဲစီးနေတဲ့ ကျားကိုင်းတဲ့" ဟု ပြိုင်တူနီးနီးအော်လိုက်ကြကာ ရွာသားတွေမှာ အကုန်ရွာဘက် ပြန်ပြေးတော့သည်။





"ဟင် ကိုကြီးဟိုး ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား"

"အေးကွ . . ဘယ်လိုဖြစ်တာလဲဆိုတာ ငါလဲ စဉ်းစားလို့မရတော့ဘူး၊ ဒီလိုအဖြစ်မျိုး တို့တစ်ခါမှ မဖြစ်ဖူးပါဘူး၊ ဒီတော့ စောင့်ကြည့်ကြရအောင်"

"ဖြစ်. . . ဖြစ်ပါ့မလား ကို. . ကိုကြီးဟိုး"

"မင်းကလဲ မှုဆိုးလက်သင်ပဲ ရှိသေးတယ်၊ ကြောက်ရလားကွ"

ဦးဘာဟိုးနှင့် ထော်ကြီးတို့သည် ကျားကိုင်းနားရှိ သစ်ပင်တစ်ပင်ပေါ် တက်ကာ ချောင်းနေကြ၏။

"ကို. . . ကိုကြီးဟိုး. ဘာ. . ဘာကောင်တွေလဲဟင်၊ တော. . တောခြောက်တာလား"

ဦးဘာဟိုးကိုယ်တိုင်က အဖြေမပေးတတ်သေးဘဲ မှင်တက်မိနေစဉ် မည်းမည်းပုပ်ပုပ် အကောင်သုံးလေးကောင်သည် ကျားကိုင်းပေါ် တွယ်တက်ကာ ကွိကွိ ကွိကွိ အော်မြည်ပြီး ကျားကိုင်းကို ကိုင်လှုပ်နေကြသည်။

"ခွေးမသားမျောက်တွေ" ဟူသော ကြုံးဝါးလိုက်သံနှင့်အတူ ဦးဘာဟိုးလက်ထဲမှ လှံရှည်တစ်ချောင်းသည် ကျားကိုင်းပေါ် တက်လှုပ်နေသော မျောက်တစ်ကောင်၏ကိုယ်ကို တန်းတန်းမတ်မတ်သွားစိုက်ကာ ကျားကိုင်းပေါ်က လိမ့်ကျသွားလေသည်။

"ဟို ရှေးတုန်းက ဒီရွာမှာ လူတွေကို မျောက်တွေက ဝိုင်းကိုက်လို့ မျောက်ကိုက်ရွာလို့ နာမည်တွင်ခဲ့တယ်ဆိုတာ ငါက ကရော်ကမည် ပျက်နှယ်ပြု ပြောခဲ့ကြတယ် ထင်ခဲ့တာ၊ ခုတော့ ငါ ယုံသွားပြီ ထော်ကြီး"

သရဲတွေမှာ မျောက်တွေပါလားဆိုတာ ထော်ကြီးသိလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## သေတွင်းပြန် ဦးညိုကြီး

ဦးညိုကြီးသည် အပတောဘက်သို့ သစ်ခုတ်ရန် ထွက်လာလေသည်။ သူတို့ရွာနားတစ်ဝိုက်တွင် ဦးညိုကြီး သစ်မခုတ်ဖူးသော တောဆို၍ မရှိတော့။ ဆယ့်ခြောက်နှစ်သားကတည်းကပင် သစ်ခုတ်လာသော ဦးညိုကြီးသည် ယခု အသက်လေးဆယ်ကျော်လေပြီ။ ဦးညိုကြီး၏ သစ်ခုတ်လုပ်သက်မှာလည်း အနှစ်နှစ်ဆယ်ကျော်လေပြီ။

ထို့ကြောင့် ဘယ်တောတွင် ဘယ်သစ်ပေါက်သည်ကို ဦးညိုကြီး အတပ်သိသည်။ အထူးသဖြင့် အပတောများတွင် ဦးညိုကြီး ပိုကျွမ်းသည်။ အပတောဆိုသည်မှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးမှ ဒေသခံပြည်သူများအတွက် အိမ်သုံးသစ်ဝါးများ ခုတ်နိုင်ရန် ခွင့်ပြုထားသောတောများ ဖြစ်လေသည်။

▮

တောနက်ထဲသို့ ဦးညိုကြီးဝင်သည်နှင့်တစ်ပြိုင်နက် ငှက်ဆိုးတစ်ကောင်၏ တဂစ်ဂစ် ထိုးသံကို အမှတ်မထင် ကြားလိုက်ရသည်။ ဦးညိုကြီး ခြေလှမ်းတုံ့ချင်သလို ဖြစ်သွား၏။ ဤတောင်၌ ဦးညိုကြီးသစ်ခုတ်လာသည်မှာ နှစ်ပရိစ္ဆေဒကြာလေပြီ။ သို့သော် နေ့ခင်းကြောင်တောင်၌ ငှက်ဆိုးထိုးသံကိုမူ ဦးညိုကြီးတစ်ခါမျှ မကြားဖူး။ ရှေးရှေးက သစ်ခုတ်သမားကြီးများ ပြောဖူးသော စကားတစ်ခုကို ဦးညိုကြီး သတိရမိလိုက်သည်။





"အန္တရာယ်ရှိတဲ့ တောထဲကို သစ်ခုတ်သမားတွေ ဝင်လာရင် ငှက်ဆိုးတွေက အော်မြည်သတိပေးတတ်တယ်"တဲ့. . .

ငှက်ဆိုးထိုးသံက ဦးညိုကြီးနားထဲ ပိုကျယ်လာသလိုပင်။ သို့သော် ညိုကြီးကား လုံးဝ မကြောက်။ ငှက်ဆိုးများသည် တစ်ခါတစ်ခါ ဘာမှ တတ်သော ရှဉ့်များ၊ ချေ၊ ဆတ်များကို မြင်လျှင်လည်း တဂစ်ဂစ်အော် ည်နေတတ်သလို လူကိုမြင်လျှင်လည်း အော်မြည်နေတတ်ကြသည်။ အပတော၌ လူကို အန္တရာယ်ပြုတတ်သော ကျား၊ ဆင် စသည့် ရွောန်ကြီးများ မရှိဆိုသည်ကိုလည်း ဦးညိုကြီး အတပ်သိသည်။

ယခင် နှစ်ရက်သုံးရက်က သူခုတ်လှဲထားခဲ့သော သစ်လုံးများမှာ သည်း လှည်းတစ်စီးတိုက်သာသာ ရှိနေပြီ။ တော မထုတ်ရသေးသော် သည်း ရွက်သတ်ထားသော သစ်လုံးသုံးလေးလုံးကို သူသည် စီတန်း၍ ည့်လမ်းနားသို့ ပို့ထား၏။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် ကျွဲနှစ်စီးတိုက်စာ ဘော့ ဤတော၌ ရအောင်ခုတ်မည်ဟူသော ရည်ရွယ်ချက်နှင့် ဦးညိုကြီး သည် သစ်ဖြောင့် သစ်မာများကို အပတောထဲ၌ လှည့်ပတ်ရှာနေသည်။

သူ တောထဲ ဝင်လာကတည်းကပင် တဂစ်ဂစ် အဆက်မပြတ် ာ်မြည်နေသော ငှက်ဆိုးထိုးသံများက ပိုနီးလာသည်ကိုတော့ ဦးညိုကြီး ာ်ပြုလိုက်မိသည်။ သို့သော် မကြောက်တတ်သော ဦးညိုကြီးသည် ဆိုးထိုးနေသံကို ဂရုမစိုက်တော့ဘဲ သစ်ဖြောင့် သစ်မာများကိုသာ ာ်ရှာနေလေသည်။

သည်လိုနှင့် ချောင်းချောက်ကမ်းပါးနားတစ်ခုအရောက်မှာ ရှုးခနဲ တ်လိုက်သံတစ်ခုကြောင့် သူ လန့်သွားသည်။ နှာမှုတ်လိုက်သံမှာ ယ်လောင်ပြင်းရှလွန်းသည်။ သူ့ကိုယ်ပေါ်သို့ ရေစက် ရေမှုန်နှင့် အခိုး ငွေများပင် စဉ်ကျလာသလိုလည်း ခံစားလိုက်ရသည်။

ဦးညိုကြီးသည် အသံကြားလိုက်ရာဆီသို့ ဆတ်ခနဲလှည့်ကြည့် ာ်၏။ ဟိုက်ခနဲ ပါးစပ်ထဲက အသံထွက်သွားသည်။ သူ မြင်လိုက်ရ မှာ မျက်လုံးက အကြမ်းသောက် ပန်းကန်လုံးနီးပါးခန့်ရှိသော မြွေ မွေတစ်ကောင်။ မြွေကြီးသည် သစ်ဆွေးတုံးကြီးနား မြှောင်ပေ့ပ်နေ သူ ကြိုတင်၍ မမြင်မိခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောပေါ်တွင် အကွက်အကျား လှဲလှဲတောက်နေသော သူ့ကိုယ်လုံးနီးပါးခန့်ရှိ စပါးကြီးမြွေကြီးသည် လျှာပြူတစ်နှင့် သူ့ကို စိန်းစိန်းကြီးကြည့်နေလေသည်။ ဦးညိုကြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။ မြွေကြီးက မြေဗိုက်ချပ်ထိုးနှင့် ရွေ့လျားလိုက်လာ၏။ ဤမျှကြီးသော စပါးကြီးမြွေကြီးကို တစ်ခါမျှ မမြင်တွေ့ဖူးသော ဦးညိုကြီးသည် တောထဲတောင်ထဲ၌ ငယ်စဉ်ကပင် ကျင်လည်နေခဲ့သော သစ်ခုတ်သမားကြီးပင် ဖြစ်သော်လည်း ဤတစ်ခါတွင်တော့ ကြောက်ရွံ့ထိတ်လန့်သွားမိသည်။ တစ်ကိုယ်လုံးရှိ အမွေးအမှင်တို့ ချက်ချင်းထောင်ထလာကာ ဖြန်းခနဲကြက်သီးထသွားလေသည်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး မွန်ထူသွားကာ အမြင်တို့လည်း ဝေဝါးသွားသည်။

သူ့ထက်ကြီးသော ချေ၊ ဆတ်တို့ကို ညို့ယူဖမ်းစားတတ်သော စပါးကြီးမြွေမျိုးမှာ ဤလိုအကောင်မျိုးပင် ဖြစ်ရမည်ဟု တွေးမိလိုက်သောအခါ သူ့မျက်လုံးနှစ်ဖက်မှာ ရုတ်ခြည်းပြာဝေမှုန်မှိုင်းလာလေသည်။ စပါးကြီးမြွေဆီမှ နောက်ထပ် ရှူးခနဲ တစ်ချက် နှာမှုတ်သံနှင့်အတူ အရည်၊ အမှုန်အမွှားများ ကိုယ်ပေါ်သို့ လွင့်စဉ်ကျလာသောအခါ ဦးညိုကြီးမှာ ခြေဦးတည့်ရာ ထွက်ပြေးလာမိသည်။ စပါးကြီးမြွေသည် အမြီးကြီးစွာနှင့် သူ့နောက်ကို တရှဲရှဲ မြေဗိုက်ချပ်ထိုး လိုက်လာနေသံကြားရသည်။ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များ တဖြောက်ဖြောက်၊ တဖြောင်းဖြောင်းနှင့် ကျိုးကြေသံတွေကလည်း နားထဲ ဆူညံလာသည်။

ခြေလှမ်းတစ်ဆယ်ပင် မလှမ်းမိလိုက်ဟု ထင်၏။ သစ်တုံးကြီးတစ်ခုကို ခလုတ်တိုက်မိကာလဲကျသွား၏။ သို့သော် သတိရှိရှိဖြင့် လက်ထဲက သစ်ခုတ်ဓားတော့ လွင့်စဉ်မသွား၊ သူ့နားထဲမှ သစ်ရွက်ခြောက်များကို တဖြောက်ဖြောက်နင်းခြေကာ မြွေကြီးလိုက်လာသံကိုသာ ကြားနေရ၏။ ထို့ကြောင့် ကမန်းကတန်း ထပြေးရပြန်သည်။ သို့သော် ဟာခနဲ ပါးစပ်ထဲက အသံထွက်သွားကာ ချက်ချင်းခြေလှမ်းတုံ့သွားရပြန်၏။

သူ ခလုတ်တိုက်မိ၍ လဲကျသွားစဉ် မြွေကြီးသည် သူ့ရှေ့ရောက်နေလေပြီ။ သူ့ရှေ့က ဖြတ်ဆီးနေလေပြီ။ သူ ဘေးတစ်ဖက်သို့ ပြန်လှည့်ပြေးသည်။





"ဟိုက်" ထိုဘက်မှာလည်း စပါးကြီးမြွေတစ်ကောင်၊ နောက်သို့ပြန်ပြေးရန် လှည့်လိုက်၏။ သူ့နောက်မှာလည်း စပါးကြီးမြွေတစ်ကောင်၊ သူ့ကို စိန်းစိန်းကြည့်ကာ လျှာထုတ်လိုက်၊ သူ့လျှာကို ပြန်သွင်းလိုက်လုပ်နေ၏။ ထိုမြွေသည် သူ့မျက်စိရှေ့၌ပင် သူ့ဆီသို့ ရွေ့လျားနေသည်ကို မြင်လိုက်ရပြန်သည်။

စိတ်ထဲမှာ ဆောက်တည်ရာမရ ဖြစ်သွားကာ ဦးညိုကြီးသည် နောက်တစ်ဖက်သို့ ထွက်ပြေးပြန်သည်။ သူ တစ်နေ့ကမှ ခုတ်လှဲထားခဲ့သော ကျွဲဆွဲလမ်းနားက သစ်လုံးများနှင့် ခလုတ်တိုက်မိကာ လဲမလို ဖြစ်သွား၏။ ကိုယ်ကိုထိန်းကာ ကမန်းကတန်း ပြန်မတ်သည်။ သူ့မျက်စိကိုပင် သူ မယုံဖြစ်သွား၏။ ကျွဲဆွဲလမ်းရှေ့မှာလည်း စပါးကြီးမြွေတစ်ကောင်က ဆီးခံနေပြန်သည်။

သူ ထွက်ပြေးရန် ပတ်ဝန်းကျင် ဘယ်ညာကို လှည့်ကြည့်လိုက်သည်။ "အမယ်လေး"ဟု အော်လိုက်မိသည်။ သူ့မျက်စိထဲမှာ မြွေတွေ မြွေတွေ. . သူ့ကို ဝိုင်းထားကြသည်။ ကြောက်ရွံ့စိတ်နှင့် ခေါင်းထဲမူးနောက်နောက်ဖြစ်လာသည်။ အရပ်ရှစ်မျက်နှာကို သူ လှည့်ပတ်ကြည့်လိုက်သည်။ ထွက်ပြေးရန် လမ်းစရှာ၏။ အရပ်လေးမျက်နှာကို အရှေ့၊ အနောက်၊ တောင်၊ မြောက် သူ မမှတ်မိတော့။ မျက်စိလည်သွားသည်။ ...ငနေရာကြည့်ကြည့် သူ့မျက်စိထဲမှာ မြွေကြီးတွေကိုချည်းမြင်နေရ၏။

"ဘုရား. . ဘုရား. . ကယ်ပါ. . ငါ့ကို စပါးကြီးမြွေ ညို့ထားပါပလားလား"

ဦးညိုကြီး သတိရ၍ ဘုရားတမိလိုက်သည်။

တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်၊ ငါးကောင်၊ ...ယ်ကောင် ပြည့်အောင်ပင် သူ ရေတွက်၍ မရ။ သူ့ကို ဝိုင်းထားသော မြွေအားလုံးသည် သူ့မျက်စိထဲမှာ တရိပ်ရိပ်လှုပ်ကာ ယိမ်းကပြီး ...ကောင်နှင့်တစ်ကောင် ခွဲမရဖြစ်နေသည်။ တစ်ကောင်တည်းလား၊ ...ကောင်လား၊ သုံးကောင်လား ရေကြည့်ရင်း ခေါင်းထဲမူးလာသည်။

"ဟုတ်ပါပြီ . . ငါ့ကို စပါးကြီးမြွေ ညို့ထားပါပြီ၊ ဘယ်ကိုကြည့်ကြည့်. . ငါ့မျက်စိထဲ မြွေတွေချည်း မြင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်နှင့် ဦးညိုကြီး ဇောချွေးတွေ ပြန်လာသည်။ စပါးကြီး မြွေအညှို့ခံရသည်နှင့်ပတ်သက်၍ သူမှာကြားဖူးမှတ်ဖူးသည်များ ရှိသည်။ ငယ်စဉ်ကပင် သစ်ခုတ်၍ အသက်မွေးလာရာ တောတိရစ္ဆာန်တွေနှင့် ပတ်သက်၍ အကြားအမြင်လည်း များပြားသည်။ စပါးကြီးမြွေများသည် သက်ရှိ တစ်ဦးဦးအား ညှို့တော့မည်ဆိုလျှင် ချက်ပေါ် မှာ ညှို့ကြောကို ထုတ်သည်။ ထိုညှို့ကြော ညှို့ကြီးမှာလည်း သည်းခြေနှင့် ဆက်နေသည်။ ညှို့ကြောထိပ်အဆုံးတွင် ခြေခွသဏ္ဍာန် ညှို့ထောက်ရှိသည်။ ထိုညှို့ ထောက်နှင့် သက်ရှိတစ်ဦးဦး၏ ခြေရာကို ထောက်ထားလိုက်လျှင် ထိုညှို့ ထောက်ခံရသူ သက်ရှိသည် ဘယ်မှ မပြေးနိုင်တော့။ ဘယ်ကိုပင်ပြေးပြေး မြွေတွေချည်း မြင်နေတတ်သည်။

သည်လိုနှင့် ဦးတည်ရာမဲ့ လျှောက်ပြေးနေလေရာ ပင်ပန်းနွမ်းနယ် လာသည်။ ကြောက်စိတ်ကြောင့် အင်အားလည်း ကုန်ခန်းလာတော့သည်။ ထိုအခါ စပါးကြီးမြွေသည် အင်အားကုန်၍ လဲကျနေသောသက်ရှိသတ္တဝါ နားရောက်လာ၍ သူ့ပါးစပ်၊ နှာခေါင်းထဲမှ ချွဲကျိကျိအမြှုပ်ရည်တွေကို မှုတ်ထုတ်တတ်သည်။ ထိုအမြှုပ်အရိအချွဲတွေမှာ ထိုသတ္တဝါအား သူမျို သောအခါ ချောချောရှုရှု ပါးစပ်ထဲ ဝင်လွယ်အောင် ဖြစ်သည်။ ထိုသို့ အမြှုပ်အရိအချွဲတို့နှင့် ပက်ဖျန်းပြီးသောအခါ မျိုတော့မည့် သတ္တဝါကို သူ့ကိုယ်နှင့်လိမ်ကျစ်ကာ အရိုးအဆစ်တွေပြုတ်ထွက်သွားအောင် အထပ် ထပ်အခါခါ လိမ်ကျစ်ရစ်ပတ်ပြီး ဆွဲဆန့်ဆွဲကျစ်လုပ်တတ်သည်။

သူ ထိုသို့ပြုလုပ်ပြီး၍ သက်ရှိသတ္တဝါ၏အသား၊ အရေ၊ အရိုး အကြောတွေပြုတ်ကျိုးကြေညက်သွားမှ မျိုတတ်သည်။ လူနှင့်တကွ သက် ရှိသတ္တဝါများကို မျိုရာတွင် ကိုယ်ခန္ဓာ၏အောက်ပိုင်းမှ စ၍ မျိုတတ် သည်။ ဦးခေါင်းဦးချိုရှိသော၊ ခေါင်းပိုင်းက စမျိုတတ်သော အလေ့အထ မရှိပေ။

သစ်ခုတ်သမားဦးညိုသည် ဤသည်တို့ကို တွေးမိသောအခါ လုံးဝ ဆက်ပြေးရန် စိတ်မကူးတော့။ သူ ပြေးနေ၍လည်း ပင်ပန်းရုံသာရှိမည်။ အားကုန်၍သာ လဲမည်။ ဘယ်ပြေးပြေး သူက ဦးတည်ရာမဲ့ လျှောက်ပြေး နေခြင်းမှာ ပတ်ချာလည်နေမည်သာ ဖြစ်သဖြင့် မြွေအနားက ပြေး၍လွတ်



တော့မည်မဟုတ်။ သူ့မှာ ယခု မျက်စိကလည်း လည်နေပြီ။ အရှေ့၊ အနောက်၊ တောင်မြောက်ကိုလည်း မခန့်မှန်းတတ်တော့။ မြွေကြီး စတင် မှုတ်လိုက်စဉ်မှာပင် အဆိပ်ရည်များသည် သူ့မျက်စိထဲ စဉ်ဝင်ကာ အမြင် လည်း ထင်ရှားတော့မည်မဟုတ်။ မည်သို့ လုပ်ရပါမည်နည်း။

မြွေများဆီသို့ သူ လှည့်ကြည့်လိုက်ရာ သူ့ကို ဝိုင်းပတ်ထားကြသော မြွေများသည် တဖြည်းဖြည်းတွား၍ သူ့ဆီ ဝိုင်းလာနေကြပြီ။ စပါးကြီးမြွေ များသည် လူကို မမျိုမီ လိမ်ကျစ်ထွေးလုံးကာ အရိုးအဆစ်တွေပြုတ် ကျိုးကြေမွသွားလေအောင် လာပြီးပူးသတ်ပေဦးမည်။ မြွေက သူ့ကိုလာ၍ လိမ်ကျစ်ပူးမသတ်နိုင်အောင် ငါ ဘယ်လိုလုပ်ရင် ကောင်းမည်နည်း။

ဦးညိုကြီး ချက်ချင်းအကြံရ၏။ သူ ရောက်နေသောနေရာမှာ သူ ခုတ်လှဲထားသော သစ်လုံးကြီးများပေါ် ထိုင်နေမိသည်။ ဟုတ်ပြီ။ သူသည် သစ်လုံးနှစ်လုံးကြားထဲ ဝင်ပြီး လှဲအိပ်နေရမည်။ ဘေးက သစ်လုံးကြီးနှစ် လုံးခံနေသဖြင့် မြွေကြီးသည် သူ့ကိုယ်လုံးကို လာပြီး မရစ်ပတ်၊ မလိမ် ကျစ်နိုင်။ ဦးညိုကြီးသည် သစ်လုံးနှစ်လုံးကြားထဲ ဝင်လှဲအိပ်ကြည့်၏။

တစ်ဖက်တွင် နည်းနည်းလပ်နေသဖြင့် သစ်လုံးကို ရွှေ့လိုက်၏။ သူ လှဲဝင်နေရမည့် သစ်လုံးနှစ်လုံးမှာ သူ့အရပ်ထက် ရှည်နေသဖြင့် ခြေရင်းဘက်သို့ သူ ဆင်းသည်။ သစ်လုံးနှစ်လုံး၏ တစ်ဖက်စီ အဆုံးအညီ နှင့် သူ့ခြေနှစ်ချောင်းကိုလည်း အညီထားသည်။ ခေါင်းပိုင်းမှ စ,မမျိုတတ် သော စပါးကြီးမြွေတို့၏ ထုံးစံအတိုင်း ခေါင်းရင်းဘက်ကတော့ သစ်လုံး နှစ်လုံးကြားထဲ သူ စုံဝင်လာမည်မဟုတ်၊ ဒါဆို ခေါင်းရင်းဘက်က စိတ်ချ ရပြီ။

ခြေထောက်ဘက်က လာမျိုမည်ဖြစ်သော စပါးကြီးမြွေအား သူသည်ခြေနှစ်ချောင်းကို ပူးပေးထားပြီး ခြေမ,နှစ်ဖက်ကြားတွင် သစ်ခုတ် ဓားကို ညှပ်ထားရမည်။

အသွားဘက်ကို အပြင်ဘက်ထားပေးရမည်။

သူ့အားခြေထောက်တစ်ဖက်က စလာမျိုသော စပါးကြီးမြွေပါးစပ် သစ်ခုတ်ဓားရှလျှင် မြွေကြီးကား ပါးစပ်ပြဲသွားမည်။

သူ နာလာလျှင် ဆက်မျိုရဲတော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးညိုကြီးက ပြင်ဆင်၍ အပြီးမှာပင် စပါးကြီးမြွေသည် သူ့အနား ရောက်လာသည်။ ဦးညိုကြီးသည် ချက်ချင်းပင် သူ့အစီအစဉ်အတိုင်း သစ်လုံကြီးနှစ်လုံးကြားထဲ ဝင်လှဲအိပ်နေလိုက်၏။ ခြေမ,နှစ်ဖက်ကြားတွင် သစ်ခုတ်ဓားကို မြဲမြဲညှပ်ပေးထားလိုက်သည်။ သူ ထင်သည့်အတိုင်းပင် စပါးကြီးမြွေက သူ့ကိုယ်ပေါ်သို့ အရှိအရွဲတွေကို မှုတ်ချ၏။ သူက မျက်စိ နှစ်လုံးကို အံကြိတ်၍ မှိတ်ထားရသည်။ မြွေမှုတ်သံ တရှူးရှူးရပ်သွားသော အခါ မျက်လုံးအစုံကို မဝံ့မရဲ ဖွင့်ကြည့်၏။ သစ်လုံးကြီးနှစ်လုံးပေါ်တွင် မြွေများသည် အခေါက်ခေါက်အခါခါ လျှောက်လိုက် ဖြတ်လိုက်လုပ်နေ ကြသည်။ အမှန်က ဘေးနှစ်ဖက်တွင် သစ်လုံးကြီးနှစ်လုံး ဆီးခံထားသဖြင့် သူ့ကိုယ်ကို လိမ်ပတ်ကျစ်ငင်မရသဖြင့် မြွေကြီးမှာ သစ်လုံးကြီးနှစ်လုံးနှင့် သူ့ကိုယ်ပေါ်မှ လျှောဆင်းလိုက်၊ ပြန်တက်လိုက်လုပ်နေ၏။

ဦးညိုကြီးတစ်ကိုယ်လုံးမှာ ကြောက်စိတ်ကြောင့် သစ်တုံးကြီးနှစ်တုံးလို တောင့်တင်းနေသည်။ သို့သော် သူသည် သတိမလွတ်အောင် အံကြိတ်၍တောင့်ခံထား၏။ သစ်လုံးကြီးနှစ်လုံးပေါ်သို့ လာကျော်သော မြွေကြီး၏ ဝမ်းဗိုက်ရှပ်ရှပ်သည် တစ်ချက်တစ်ချက် သူ့ရင်ဘတ်၊ ဝမ်းပုံ တို့ကိုလည်း ရှပ်တိုက်သွားရာမှ အနန္တောအနန္တငါးပါးနှင့် တောစောင့်နတ် တောင်စောင့်နတ်တို့ကိုသာ တိုင်တည်နေမိလေသည်။

သည်လိုနှင့် ဦးညိုကြီးအား လိမ်ကျစ်ချိုးနယ်ရန် အခွင့်မသာသော မြွေကြီးသည် ဦးညိုကြီး၏ ခြေဖျားမှ စမျိုလေသည်။ ဦးညိုကြီးက သတိနှင့် ခြေနှစ်ချောင်းကို ကွပေး၏။ ထိုစဉ် ဖြစ်ဖြစ် ဖြစ်ဖြစ် မြည်သံကြားရ၏။ ခြေနှစ်ချောင်းမှာ ပူခနဲနွေးခနဲဖြစ်သွားသည်။

ဦးညိုကြီး လည်ကျုံ့ကြည့်၏။ သူ ထင်သလိုပင် အစားကြူးသော စပါးကြီးမြွေသည် သူ့ကို ခြေဖျားက စ၍ မျိုနေလေပြီ။ သစ်ခုတ်ဓား ရှိသဖြင့် မြွေကြီးပါးစပ်မှ သွေးစိမ်းရှင်ရှင်တွေကိုလည်း မြင်တွေ့နေရ၏။ သို့သော် အစားကြူးသော စပါးကြီးမြွေသည် သူ့ပါးစပ်မှ ဓားရှ၍ ရှနေမှန်း မသိ။ အစာငမ်းကာ တိုးလာ၍သာ မျိုနေလေ၏။

အစကမူ သူ့ပါးစပ်ကို ဓားရှလျှင် ဆက်မမျိုရဲတော့ဘဲ ပြန်ပြေးသွား လိမ့်မည်ဟု ဦးညိုကြီး ထင်ခဲ့၏။ ယခုမူ ထိုသို့မဟုတ်ဘဲ စပါးကြီးမြွေ





သူ့ကို ဆက်မျိုလာသည်။ အကြမ်းသောက်ပန်းကန်လုံးနီးပါးခန့်ရှိသော စပါးကြီးမြွေ၏ မျက်လုံးနှစ်လုံးကို မြင်နေရသည်မှာ သွေးပျက်စရာကောင်း လှသည်။ နီရဲသော မျက်လုံးနှစ်လုံးသည် သူ့ပေါင်ဖျားဒူးခေါင်းကိုပင် ကျော် လာနေပြီ။ ခြေမနှစ်ဖက်တွင် သူ ညှပ်ထားသော ဓားလည်း မရှိတော့ဟု ထင်၏။ ခြေထောက်နှစ်ဖက်ကို လှုပ်ကြည့်သည်။ ဘာအထိအတွေ့မှ မခံစားရတော့၊ သွားပြီ ငါ့ခြေထောက်နှစ်ဖက် ပြုတ်သွားပြီဟု ထင်လိုက် မိ၏။ သူ ဆတ်ခနဲ ခုန်ထလိုက်သည်။ မြွေကြီး၏ ခေါင်းပိုင်းအပေါ်ခြမ်း သည် သူ့ကိုယ်ပေါ်မှ လိမ့်ကျသွားသည်။ သွေးတွေကမူ မြင်မကောင်း ရှုမကောင်း။

"ကယ်ကြပါဦးဗျို့ . . ကယ်ကြပါဦး၊ ကျုပ် . . ကျုပ်ကို စပါးကြီးမြွေ မျိုက်မျိုနေတယ်၊ ကယ်ကြပါဦး"

သွေးရူးသွေးတန်းနှင့် သံကုန်ဟစ်ကာ ဦးညိုကြီး ထပြေးလာသည်။ သူ့ခြေထောက်နှစ်ဖက် မရှိတော့ဟု ထင်ခဲ့သော်လည်း ပြေး၍တော့ရ သည်၊ သူ့ရှေ့တွင် စောစောကလို မြွေတွေကိုလည်း မမြင်ရတော့။ ခြေ ထောက်နှစ်ဖက်တွင် သွေးသံရဲရဲနှင့် ရွာထဲအော်ဟစ်ဝင်ပြေးလာသော ဦးညိုကြီးကို ရွာသားကြီး အားကောင်းမောင်းသန်တွေက ချုပ်ဖမ်းပြီး . . "ဘယ်လိုဖြစ်လာတာလဲ"ဟု ဝိုင်းမေးကြ၏။

ဦးညိုကြီးက သူ့အဖြစ်ကို မောကြီးပန်းကြီး ပြန်ပြောပြသည်။ ဦးညို ကြီး၏စကားကို မည်သူမျှ မယုံကြ။ တောမှီလာသည်။ အပမြှောင်လာ သည်ဟု ထင်ကြဆဲ၊ ဦးညိုကြီးက သူ့ခြေထောက်နှစ်ဖက်မှ သွေးတွေကို ပြ၍ တိုင်တည်ပြောသည်။ ဝါရင့်သစ်ခုတ်သမားကြီး လေးငါးယောက် ထွက်ချင်းတောထဲပြေးလိုက်သွားကြသည်။

မှန်သည်။ ဦးညိုကြီးပြောသလို သူ ခုတ်လှဲထားသော သစ်လုံးကြီး နှစ်လုံးကြားတွင် သွေးစိမ်းတွေကို တွေ့ရသည်။ သွေးတွေနှင့်ပေကျံနေ သော ဦးညိုကြီး၏ သစ်ခုတ်ဓားကိုလည်း တွေ့ကြရသည်။ လှည့်ပတ်ရှာ သော ဦးညိုကြီးအား ညို့ခဲ့သော စပါးကြီးမြွေကို ပါးစပ်ပြဲကြီးနှင့် ဘုန်း လျက် အနီးအနားဌာပင် တွေ့ကြရသည်။ ထိုမြွေကြီးကို သတ်ပြီး သူတို့ သည်းခြေပင် ယူလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုကြီးက . . .

"ဒီစပါးကြီးမြွေ ကျုပ်ကို ညို့ဖမ်းတုန်းက ဘယ်ပြေးပြေး မြွေတွေ့ တွေ့နေရတာဗျ၊ မြွေမျိုခံရပြီး ကြောက်ကြောက်နဲ့ ထပြေးလာတော့ ဘယ်မြွေမှ ကျုပ် မမြင်ရတော့ဘူး၊ ဆန်းတော့ တော်တော်ဆန်းတာ ကျုပ်တောင် ကျုပ်အဖြစ် ကျုပ်မယုံချင်သလိုပဲ"ဟု ပြောလိုက်၏။

ထိုအခါ သစ်ခုတ်သမားဟောင်း အဘိုးကြီးတစ်ယောက်က "မင်း စပါးကြီးမြွေ မျိုတာ အမှန်ပါကွာ၊ မင်းက ဉာဏ်၊ သတ္တိကောင်းပြီး မြွေ ကြားမှာ သစ်ခုတ်ဓားညှပ်ထားတော့၊ မင်းကို လာမျိုတဲ့ စပါးကြီးမြွေ ညို့ကြောဟာ မင်းကိုမျိုရင်း ဓားရှလို့ ပြတ်သွားပါလိမ့်မယ်၊ ညို့ကြော ပြတ်သွားတဲ့ စပါးကြီးမြွေများဟာ ညို့လို့မရတော့ဘူးလေ၊ အဲဒါကြောင့် မင်းပြန်အပြေးမှာ မြွေတွေကို မမြင်ရတော့တာပေါ့၊ မင်း. . အာဂ ကောင်းတဲ့ အကောင်ပဲကွ၊ အဲ . . ဒါကြောင့်လဲ မင်း စပါးကြီးမြွေ ပါး သေတွင်းက လွတ်တာ၊ သူများသာဆို ခု စပါးကြီးမြွေဗိုက်ထဲ ရော နေပြီ"ဟု ပြောလိုက်လေသည်။

❀❀❀

## ဝက်ထိုးသမား၏ သံဝေဂ

အိမ်ရှေ့အဖီအောက်တွင် . . လှုံ့သွေးနေသော ဦးအထော်သည် ေပါ တစ်ချက် လှမ်းမော်ကြည့်လိုက်သည်။ တစ်မိုးလုံး မည်းမှောင်နေ၏။

မကြာခင် မိုးရွာတော့မည်ကို သူ သိသည်။

မိုးနှောင်းမိုး ရွာပြီဆိုလျှင် အလွန်အအေးပိုတတ်သည်။ မိုးဆောင်း သမားပါ လာပြီဆိုလျှင် ကိုယ်ခန္ဓာကြီးထဲ စိမ့်ခနဲ ဖြစ်သွားသည်အထိ အေးသည်။ သာမန် မိုးတွင်းရွာသော မိုးထက် ပိုအေးတတ်၏။ ဝက်ထိုး သမားဦးအထော်အတွက် ဤလိုမိုးနှောင်းမိုးသည် အခွင့်အရေးကြီးတစ်ခု င် ဖြစ်လေသည်။

ဝက်များသည် အအေးကြိုက်သော တိရစ္ဆာန်များ ဖြစ်၏။ သာမန် တွင်းမိုးက မည်းမှုကြီးကြီး ဝက်များက အစားမပျက်၊ အနေမပျက်ကြပါ။ ရေထဲ လျှောက်သွားကာ ခရုများ ကဏန်းများကိုပင် အင်းထဲအိုင်ထဲ င်းဖမ်း၍ စားသောက်တတ်ကြ၏။ မိုးတွင်းနေပူလျှင် အင်းထဲအိုင်ထဲ င်း၍ပင် ရွှံ့လူးတတ်ကြသည်။ သို့သော် သည်လိုဆောင်းလေပါသော နှောင်းမိုးကို သင်းတို့လည်း မခံနိုင်။ အထူးသဖြင့် ဝက်သားပေါက်မ းသည်။ ဤလို ဆောင်းလေပါသော မိုးနှောင်းမိုးရွာပြီဆိုလျှင် ဝက်သိုက် င်ပြီး သူ့ကလေးတစ်ပြုံတစ်မနှင့် ငြိမ်ကုပ်နေတတ်ကြ၏။ ဝက်သား ကမ်မများ ငြိမ်ကုပ်နေချိန်သည် ဝက်ထိုးသမားများအတွက် အကောင်း အချိန်ပင်။

ထို့ကြောင့် ဝက်ထိုးသမားကြီး ဦးအထော်သည် သူ၏လက်ဗွဲတော် ထိုးလှံကြီးကို မြည်နေအောင် သွေးနေခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းသလို လေကလည်း ထန်နေ၏။ မိုးထဲလေထဲတွင် ဦးအ
ထော်နှင့် သူ့သားကြီး ငထီတို့သည် ဝက်ထိုးရန် ဝံပုန်းတောဘက် ထွက်
လာကြသည်။ ဝံပုန်းတောထဲတွင် ဝက်သိုက်ကြီးတစ်ခုကို ဦးအထော် အမဲ
လိုက်ရင်း တွေ့ထားသည်မှာ ကြာလေပြီ။ ယခု ဝက်သားပေါက်ချိန်၊ သူ
အတွက် ရာသီဥတုကောင်းချိန်ကို စောင့်နေခဲ့ရသည်။

"ကဲ. . သား၊ တောဝက်သိုက်နား ရောက်တော့မယ်၊ အဖေ ဝက်မ
ကြီးကို လှံထိုးထားလို့ ဝက်မကြီး တအီအီအော်နေချိန်မှာ ဝက်ကလေးတွေ
ဟာ ဝက်သိုက်ထဲက ထွက်လာလိုက်၊ သူ့အမေ အော်ညည်းနေတဲ့ ဝက်
သိုက်ထဲ ပြန်ဝင်လာလိုက် လုပ်ဘတ်ကြတယ်၊ ငါ့သားလုပ်ရမယ့် အလုပ်
က အသိုက်ထဲက ထွက်လာတဲ့ ဝက်ကလေးတွေကို တင်းပုတ်ကြီးနဲ့ တစ်
ကောင်မကျန် ထုသတ်ရမှာပဲ၊ အဖေပြောတာ မှတ်မိတယ်နော် သား"

ဝက်ထိုးရန် လက်ယားနေသော မုဆိုးငထီက "ဟုတ်ကဲ့ အဖေ
စိတ်ချ" ဟု ပြောလိုက်၏။ သူတို့သားအဖတွင် လှံရှည်တစ်ယောက်တစ်
ချောင်းနှင့် တင်းပုတ်တစ်ခုသာ ပါသည်။ အခြား လေးမြားလက်နက်ဆို၍
ဘာတစ်ခုမျှ မပါကြ။ ဝက်ထိုးရာ၌ လေးမြားလက်နက်လည်း မလိုသဖြင့်
ယူမလာခဲ့ခြင်း ဖြစ်သည်။

သည်လိုနှင့် သူတို့သားအဖ ဝက်သိုက်နား ရောက်လာကြ၏။ မိုး
နှောင်းလေက မိုးနှင့်အပြိုင်သည်းထန်နေသည်။ ဦးအထော်တို့ သားအဖ
နှစ်ယောက်သည် လေအောက်ကနေပြီး ဝက်သိုက်နားသို့ ခြေသံလုံလုံနှင့်
ချဉ်းကပ်လာကြသည်။ ဝက်သိုက်နှင့် သုံးလေးလံအကွာအဝေးသို့ ရောက်
လာသောအခါ ဦးအထော်က သူ့သားကို ရပ်ရန် အချက်ပြလိုက်သည်။

"ဝက်သိုက်ပေါ်မှာ အငွေ့မှိုင်းမှိုင်းတွေ ထွက်နေတာ သားမြင်
ရလား"

ဝက်သိုက်ကြီးဘက် စူးစူးစိုက်စိုက်ကြည့်၍ ဦးအထော်က သူ့သား
ကို တီးတိုးမေး၏။ သူ့သားက ဝက်သိုက်ဘက် ငေးကြည့်၍ ခေါင်းခါ
လိုက်သည်။

"သေသေချာချာ ကြည့်ပါကွ၊ အဖေ့လို မင်းလဲ ဝက်ထိုးသမား
ကောင်းတစ်ယောက် ဖြစ်ချင်ရင် ဝက်သိုက်ပေါ်က မြူခိုးတန်းလို အငွေ့





ပြာပြာတန်းလေးတွေကို မြင်တတ်ရမယ်၊ ဒါမှ ဝက်သိုက်ထဲ ဝက် ရှိမရှိ
သိရမှာပေါ့၊ ဒီလို မိုးလေသည်းနေတဲ့ အချိန်၊ အသိုက်ထဲ ဝင်အိပ်နေတဲ့
ဝက်သားပေါက်မတွေ ကိုယ်ပေါ်က အငွေ့မှိုင်းမှိုင်းတွေ ထွက်နေတတ်
တယ်၊ သေသေချာချာ ကြည့်ပါဦး"

သူ့အဖေက ကြည့်ပါဆို၍သာ ငထီက ဝက်သိုက်ကြီးရှိရာဘက်
ငေးကြည့်နေသော်လည်း ဝက်သိုက်ပေါ်တွင် ဘာအငွေ့အသက်မှမမြင်ရ။

မိုးစက်မိုးပေါက်များနှင့် လေတိုက်သဖြင့် မြက်ခြောက်ကျရွက်များ
လှုပ်ခါနေသည်ကိုသာ မြင်ရသည်။

သို့သော် မမြင်ဟုပြောလျှင် နောက်နောင်ခါ သူ့ကို ဝက်ထိုးမခေါ်
မှာစိုး၍ . .

"ဟုတ်ကဲ့ အဖေ၊ မြင်ရပြီဗျ"ဟု . . .

လိမ်ပြောလိုက်၏။

"အေး. . ဟုတ်ပြီ၊ အဖေတို့ ဝက်သိုက်ပေါ် တက်တဲ့အခါမှာလဲ
ခြေသံလုံဖို့ အရေးကြီးတယ်၊ ကိုယ်ကို ဖော့ပြီး တက်တတ်ရမယ်၊ ဝက်မကြီး
ရှိတဲ့နေရာကို ထိုးတဲ့အခါ ဝက်ထိုးသမားတွေဟာ ဒီအငွေ့အမှျင်တန်း
လေးတွေကို အမှတ်သင်္ကေတပြုပြီး ထိုးကြရတာပဲ။ မိုးသိပ်သည်းနေလို့
အငွေ့မမြင်ရရင် လှုပ်ရှားမှုကို ကြည့်ပြီး ထိုးရတယ်၊ ထိုးတဲ့လှံကို လွတ်
သွားစေရဘူး၊ ဝက်မကြီးက ဘယ်လောက်ပဲရုန်းရုန်း ဇာအားကြီးကို စိုက်
ထိုးထားရတယ်၊ အဖေတစ်ယောက်တည်းနဲ့ လှံကိုထိန်းမနိုင်ရင် မင်းပါ
ဝင်ပြီးထိုးရလိမ့်မယ်၊ လှံနှစ်ချက်စူးရင်တော့ ဘယ်ဝက်မ ဘယ်လောက်
ကြီးကြီး အသိုက်ထဲက ထွက်မပြေးနိုင်တော့ဘူး၊ ထိုးတယ်ဆိုကတည်းက
ချက်ကောင်းကို မှန်းပြီး ထိုးရတာကိုး၊ ငါ့သားက မကြောက်ပါဘူးနော်"

ယခုမှ ဝက်ထိုးလက်သင် ခေါ်လာသော သူ့သားကြီးကို . . .

ဦးအထော်က ဝက်ထိုးသင်ခန်းစာတွေ ပေးနေ၏။

"မကြောက်ပါဘူး အဖေ၊ ဝက်သိုက်ထဲက ဝက်မကြီးရှိတဲ့နေရာကို
သာသိရင်. . သား ထိုးရဲပါတယ်"

"အေး. . ဒါမှပေါ့ကွ၊ ဝက်သိုက်ထဲက ဝက်မကြီး ဘယ်နေရာရှိ
တယ်ဆိုတာ နောက်တော့ ငါ့သား သိပါလိမ့်မယ် လာလာ"



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက်သည် လုံး၀ အသံတိတ်နေလိုက်ကြကာ ဝက်သိုက် နှုတ်ခမ်းဘေးနား ချဉ်းကပ်လာကြလေသည်။

ဝက်သိုက်ကြီးမှာ လူကြီးသုံးလေးယောက်ခန့် အဝိုင်းအဝန်းရှိသည်။ မြက်ငါး ကူပင်၊ သစ်ကိုင်းသစ်ခက်များနှင့် ရှုပ်ရှုပ်ထွေးထွေးတည်ဆောက်ထားသည်။ ဤဝက်သိုက်ကြီးကို ကြည့်ခြင်းအားဖြင့် အနည်းဆုံးဝက်ပေါက်စ ကိုးကောင်၊ ဆယ်ကောင်တော့ ရှိမည်ဟု ခန့်မှန်းနိုင်သည်။ ဝက်သိုက်ကြီး၏ အောက်ခြေမှ ဝက်မကြီး တိုးဝင်တတ်သော စွတ်လမ်းကြောင်းလမ်းကိုလည်း တွေ့ရလေပြီ။ ဤမျှဆိုလျှင် နှစ်ရှည်လများ တောဝက်ထိုးလာသော ဦးအထော်အတွက် သေချာသွားလေပြီ။

လူကြီးတစ်ယောက်၏ ရင်စို့ခန့်မြင့်သော ဝက်သိုက်ပေါ်ကို ဦးအထော်တို့ သားအဖသည် လူနင်းခံနိုင်သော သစ်ကိုင်းခြောက်များကို ဖွဖွနင်းကာ တက်လာကြရသည်။ ထိုအချိန်မှာ မိုးကလည်း သဲသဲမဲမဲရွာလာ၏။ ဦးအထော်က ဝက်မကြီးရှိနိုင်မည့်နေရာကို ရှာကြည့်နေသည်။ ဝက်သိုက်အောက်နားမှာ ရပ်ကြည့်ခဲ့စဉ်က ဝက်မကြီးရှိရာကို ဝက်မကြီးကိုယ်ပေါ်က ထွက်နေသော ကိုယ်ငွေ့တန်းကြောင့် သိသာသော်လည်း ဝက်သိုက်ပေါ် ရောက်သွားသောအခါ နီးလွန်းသဖြင့် အငွေ့တန်းကို ရှာမရတော့။ မိုးစက်မိုးပေါက်တွေနှင့် ရောကာ အငွေ့တန်းမှာ ပျောက်ကွယ်သွားသည်။

ထိုစဉ် လှုပ်ရှားမှုတစ်ခုကြောင့် ဦးအထော် အသက်ရှူရပ်လိုက်သည်။ ဝက်သိုက်ထဲက ဝက်မကြီး လှုပ်ရှားသံဟု ထင်လိုက်စဉ် "အဖေ ကျွန်တော် ထိုးချလိုက်ပြီ"ဟူသော ငထီ၏အသံကို ကြားလိုက်ရသည်။

ထို့နောက် ဝက်ကလေးတစ်ကောင်၏အော်သံ။

လက်မြန်ခြေမြန်ရှိလှသော သူ့သားကြောင့် ဒုက္ခတော့ လှလှကြီးရောက်ပြီဟု တွေးလိုက်စဉ် ဝက်မကြီးသည် ရှဲတရက် ရှူးရှူးရှဲရှဲ အသိုက်ထဲက ပြေးထွက်လာ၏။ သို့သော် ဝက်သိုက်နှင့်ဝေးရာသို့ ပြေးအသွား သုံးလေးလံအကွာသို့ရောက်သောအခါ အသိုက်ထဲမှ ဝက်ကလေး အော်သံကြောင့် ပြန်လှည့်ပြေးချလာ၏။





ဝက်ကလေး၏ လှုပ်ရှားမှုကို ဝက်မကြီးအထင်နှင့် မှားထိုးမိသော ငထီမှာလည်း ယခုမှ လှံကို ရုတ်တရက် ဆွဲနုတ်ပြီး မျက်နှာသွေးဆုတ်သွားသည်။

သားသမီးဇောနှင့် အသိုက်ထဲ ပြန်ပြေးလာသော ဝက်မကြီးသည် သူတို့သားအဖအား တစ်ရှိန်ထိုး ခုန်ပက်လိုက်ပြီးအထင်နှင့် ဦးအထော်က ဟိုက်ခနဲ အော်လိုက်ကာ သူ့လက်ထဲမှ လှံကို ဝက်မကြီး ပြန်ပြေးလာရာဘက်ဆီသို့ ချက်ချင်းချိန်ရွယ်လိုက်သည်။ သို့သော် ဝက်မကြီးသည် ဦးအထော် ထင်သလို သူတို့သားအဖကို မြင်သော်လည်း ရုတ်ခြည်းခုန်မပက်။ တအီအီအော်ညည်းနေသော သူ့ကလေးရှိရာ ဝက်သိုက်ထဲသို့သာ ပြေးဝင်သွား၏။

သားအဖနှစ်ယောက်သည် ဝက်သိုက်ပေါ်၌ တဒင်္ဂမင်တက်မိနေကြစဉ် ဝက်သိုက်ထဲတွင် ဝက်မကြီးကား ဆောက်တည်ရာမရ ဖြစ်နေ၏။ သူ့အမေ ဝက်မကြီးနည်းတူ ဝက်ကလေးများသည်လည်း အထိတ်တလန့်ဖြစ်ကာ ဝက်သိုက်ထဲမှ ထွက်လာလိုက်၊ သူ့အမေနှင့် လှံထိုးခံထားရသော သားချင်းဝက်ကလေး၏ အော်ညည်းနေသံကြောင့် အသိုက်ထဲ ပြန်ဝင်နေလိုက်နှင့် ဝရုန်းသုန်းကား ဖြစ်နေကြ၏။

"အဖေ. . ဝက်မကြီးဗျ၊ ထိုး. . ထိုး"

ဝက်သိုက်ထဲတွင် ဝက်မကြီး၏ လှုပ်ရှားမှုကို ပိပိပြင်ပြင် မြင်နေရသော ငထီက သူ့အဖေကို အော်ဟစ်သတိပေးလိုက်၏။

သို့သော် ဦးအထော်က လှံကို ဆုပ်ကိုင်ကာ ငိုင်လျက်. . .

"အ. . အဖေ. . ထိုးလိုက်လေ၊ ဝက်မကြီးနေရာ . . ဒီနေရာမှာ သေချာတယ်"

ဦးအထော်သည် သက်ပြင်းတစ်ချက်ကို ပင်ပန်းကြီးစွာ ချလိုက်သည်။ သူ့အား အော်ပြောပြီးမှ ထိုးမည်ရွယ်လိုက်သော သူ့သားလှံကိုလည်း ဆီးကာထားလိုက်သည်။ သူ့သား ငထီက သူ့အဖေကို အံ့ဩခြင်း၊ မကျေနပ်ခြင်းကြီးစွာနှင့် ဒေါကြည့်နေ၏။

"ထိုးလေ အဖေ၊ ဝက်မကြီးကို ထိုးချလိုက်၊ ဘာဖြစ်နေတာလဲ"

ငထီက စိတ်တိုသံ ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဝက်မကြီးကို မထိုးချင်ပါနဲ့တော့ သားရယ်၊ ဝက်မကြီးက အဖေ တို့ကို မြင်ပေမယ့် လုံးဝရန်မရှာဘဲ ဒဏ်ရာနဲ့ အော်ညည်းနေတဲ့ သူ့ကလေး ဆီပဲ ပြေးဝင်သွားရှာတာ၊ ဘယ်လောက်သနားစရာကောင်းလဲ"

"ဟာ . . အဖေကလဲ မဟုတ်တာဗျာ၊ ဝက်ထိုးလာတာပဲ၊ ဝက် ကြီးကို ဘာသနားစရာရှိလဲ၊ ထိုးရမှာပေါ့"

"မဟုတ်သေးဘူး သား၊ ဒီဝက်မကြီးကို မြင်တော့ အဖေ ဘယ် ဖြစ်သွားတယ် မသိဘူး၊ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထပြီး ဝက် ကြီးကို သိပ်သနားသွားတယ်ကွယ်၊ ဒီဝက်မကြီးဟာ တကယ်သနားစရာ သားရယ်၊ ခုပဲ ကြည့်လေ၊ သားထိုးလိုက်လို့ ဒဏ်ရာနဲ့ အော်ညည်းနေ သူ့သားဆီပဲ ပြေးဝင်သွားတယ်။ အခုဆို သူ့သားဒဏ်ရာကို လျှာနဲ့လျက်ပြီး တောင် ပြုစုယုယနေလားမှ မသိတာ၊ တကယ့်ကို မိခင်မေတ္တာကြီးမား ဒီဝက်မကြီးကို အဖေ မသတ်ရက်တော့ဘူးသား"

မိုးထဲလေထဲတွင် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး ပြောနေသော သူ့အဖေကို ငေးကြည့်ကာ ထေိမှာလည်း ဝက်ထိုးလှံကို တင်းတင်း ကိုင်လျက် တစ်သက်လုံး ဝက်ထိုးသတ်လာသော သူ့အဖေမျက်နှာကို နား မလည်နိုင်စွာ ငေးငိုင်ကြည့်လျက်။

❀❀❀

## ကမာကောင်၏အန္တရာယ်

စံလှတို့ညီအစ်ကိုနှစ်ယောက်သည် ကနုကမာငုပ်ရန် လှေလေး တစ်စင်းနှင့် သံစိုင်းမြစ်ဝဘက် ထွက်လာကြသည်။ မကြာခင် ငှက်ရဲချိုင်ဝ နားသို့ ရောက်လာကြ၏။ သူတို့ထက်ဦးစွာ ရောက်နှင့်နေကြသော ကနု ကမာငုပ်သမားများ လှေငယ်များကို ငှက်ရဲချိုင်ဝနားတစ်ဝိုက်တွင် အလျှို လျှို တွေ့လာရသည်။ နေရာကောင်းဟူသမျှ အရင်ရောက်နှင့်သူတွေက ဦးထားကြပြီ။

ထို့ကြောင့် စံလှနှင့် စံမြတို့ညီအစ်ကိုနှစ်ယောက်သည် ကနုကမာ ငုပ်သမားများ အရောက်အပေါက်နည်းသော ရေသူမကျောက်တန်းဘက် လှော်ခတ်ထွက်လာကြ၏။

ရေသူမ ကျောက်တန်းမှာ ကနုကမာအကောင်ကြီး အလုံးကြီးများ ကို ရတတ်သော်လည်း ရေနက်ပြီး မြစ်ငကျသဖြင့် ကနုကမာငုပ်သမား များက ရေသူမကျောက်တန်းဘက်ကို များစွာမသွားတတ်ကြ။ ပြီး နတ်ကြီး သည်ဟု သမုတ်ထားကြသလို လူကိုအန္တရာယ်ပြုတတ်သောလိပ်ကျောက် ငါးမန်း၊ ငါးတောက်တူများလည်း ခိုအောင်းတတ်ရာ ဆူလွယ်နပ်လွယ် ငှက်ရဲချိုင်၌သာ အငုပ်များကြလေသည်။

သို့သော် ရေငုပ်အင်မတန် ကျွမ်းကျင်သော စံလှတို့ညီအစ်ကိုကမူ အခင်နှစ်တွေကလည်း တစ်ခါ နှစ်ခါ သွားငုပ်ဖူးကြရာ ကမာလုံးကြီးရှေ့ ဖူးသော ရေသူမကျောက်တန်းဘက်သို့သာ ရဲရဲဝံ့ဝံ့ ထွက်လာကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေသူမ ကျောက်တန်းနားသို့ သူတို့ညီအစ်ကိုနှစ်ယောက် ရောက်လာချိန်မှာ နေဝန်းနီနီသည် သူတို့ဦးခေါင်းပေါ် ရောက်နေလေပြီ။ တန်ခူးလ၏မွန်းတည့်နေက ခြစ်ခြစ်တောက်ပူလောင်နေသည်။ ကျောက်တန်း၏တစ်ဖက်အနားတွင် သူတို့လိုပင် ကမာငုပ်ရန် ရောက်နေကြသော လှေငယ်နှစ်စင်းကိုလည်း လှမ်းမြင်နေရ၏။

"ဒီနေရာမှာပဲ တို့ ငုပ်ကြည့်ကြရအောင်ကွာ" ဟု စံလှက ပြောလိုက်သောအခါ၊ စံမြက လှော်တက်ကို လှေပေါ် မြှောင်ချထားလိုက်သည်။ ထိုအခါ လှေ၏အရှိန်ကလည်း ရပ်သွားလေသည်။ စံလှသည် လေးငါးပိဿာလေးသော ကျောက်တုံးတစ်တုံးကို ကြိုးချည်ပြီး ရေထဲချလိုက်သည်။ ရေအောက်ရှိ သဲသောင်ပေါ် ကျအောင်ချသည်။ ကြိုးစတစ်ဖက်ကို လှေဦးတွင် မြဲမြဲချည်လိုက်၏။ ဤကြိုးမှာ သူတို့လှေ၏ ကျောက်ဟက်ကြိုးလည်း ဟုတ်၊ သူတို့ညီအစ်ကို ကနုကမာ ငုပ်ရာတွင် အတက်အဆင်း ပြုရမည့် အထောက်အကူပြု "အားကြိုး" လည်း ဖြစ်လေသည်။

စံလှ ဤသို့ပြုလုပ်နေစဉ် စံမြက လှေငယ်ပေါ်တွင် မီးဖိုတစ်ဖိုဖိုရသည်။ ဤမီးဖိုမှာ သူတို့ ကနုကမာငုပ်၍ ရေပေါ်ကို တက်လာတိုင်း နားနှင့်ရင်ဘတ်တို့ကို ကျပ်ထုပ်ထိုးအပူပေးရန် ဖြစ်လေသည်။ ကနုကမာငုပ်သမားများသည် ရေပေါ် ပြန်တက်လာတိုင်း ဤသို့ နားနှင့်ရင်ဘတ်တို့ကို ကြပ်ထုပ်ထိုးအပူပေးခြင်း မလုပ်လျှင် နားပြည်ယိုခြင်း၊ နားကိုက်ခြင်း နား၊ နှာခေါင်းတို့မှ သွေးထွက်ခြင်းဖြစ်ပြီး မကြာခင် နားလေး၊ နားတင်းသွားတတ်လေသည်။

စံလှတို့ညီအစ်ကိုနှစ်ယောက်သည် ခါးတောင်းကို မြှောင်နေအောင် ပြိုင်တူကျိုက်ကြသည်။ ပြီး စူး၊ ဆောက်၊ တင်းပုတ်၊ သံကလအော်များ ထည့်ထားသော ခြင်းကို တစ်ယောက်က လွယ်ပြီး နောက်တစ်ယောက်က ကနုကမာကောင်များထည့်ရန် ခြင်းလွတ်တစ်လုံးကို ခါးတွင်ချည်ကာ ရေထဲငုပ်ဆင်းသွားကြလေသည်။

▮

သူတို့ညီအစ်ကိုနှစ်ယောက်သည် ကျောက်ဟက်ကြိုးကို စမ်းကိုင်ကာ ကျောက်ဆောင်၏ခြေရင်းကို အမြန်ဆုံးနည်းနှင့် ဆင်းလာကြ၏။





နေရောင်ခြည်ထိုးကျနေသော ရေပြင်အောက်တွင် မျက်စိဖွင့်၍ ကနုကမာကောင်များ ကပ်နေသော ကျောက်နံရံများကို အသာအယာစမ်းကြည့်ကြသည်။ ရေမှာ ရေငန်ဖြစ်သဖြင့် ကြည်လင်နေ၏။ ရေထဲတွင် ကူးခတ်သွားလာနေကြသော ငါးများ၊ သန္တာကျောက်မှော်ပင်များ၊ ကျောက်ခရုစ်ဖြူများကိုပင် သဲသဲကွဲကွဲ မြင်နေရသည်။

သူတို့ညီအစ်ကိုနှစ်ယောက်သည် ရေအောက်ရှိ ကျောက်တန်းနံရံကြောတစ်လျှောက်ကို လက်နှင့်စမ်းကြည့်နေကြသည်။ ကနုကမာကောင်များ မှီကပ်နေသော နေရာမှာ သာမန်ကျောက်ဖုံ ကျောက်ထစ်များနှင့် မတူဘဲ ကနုကမာကောင်များ အကြီးအငယ်ကို လိုက်၍ ချောမွတ်နေလေသည်။

ကနုကမာကောင်ကို တွေ့ပြီဆိုလျှင် ကနုကမာကောင်၏ တွယ်ကပ်ထားသော ဝမ်းဗိုက်အခွံသားနှင့် ကျောက်ဆောင်ကြားကို စူးနှင့်ထိုး၍ တူနှင့်ထုကာ ခွာယူကြရသည်။ အလုံးကြီး၍ တွယ်ကပ်မှုအားကောင်းသော အကောင်ကြီးများကို သံကလော်နှင့် ကော်ကပ်၍ ဖြုတ်ယူရသည်။ ကျောက်တန်း နံရံနှင့်ကွာသွားသော ကနုကမာလုံးကို ခြင်းထဲ ထည့်ထားရသည်။ ရေမွန်းလာသောအခါ သူတို့ညီအစ်ကိုနှစ်ယောက်သည် ကျောက်ဆူးကြိုးကို အားပြုကာ ရေပေါ်သို့ အပြေးတက်လာရသည်။

လှေပေါ်သို့ ရောက်လာသောအခါ လေကို တစ်ဝကြီး အဆုတ်ထဲ ရှူရှိုက်သွင်း၍ ရေတွေကို တဝေါဝေါအန်ပစ်ရသည်။ ပြီး ကြပ်ထုပ်ကို မီးကင်ကာ နားနှင့်တကွ တစ်ကိုယ်လုံးကို အပူပေးနေဆာလှူရင်း ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ် အနားယူကြသည်။ ပြီးတစ်ဖန် ရေထဲ ပြန်ဆင်းကြရပြန်လေသည်။

▮

စံလှတို့ညီအစ်ကိုသည် စောစောက သူတို့ငုပ်ခဲ့ကြသော ကျောက်နံရံတွင် ကနုကမာ လေးငါးလုံးမျှ ရပြီးဖြစ်သဖြင့် နောက်တစ်နေရာသို့ ရွှေ့လာကြ၏။ ထိုနေရာမှ ရေနက်သလို ကနုကမာလုံးများ ကြီးကြီးရမည်ဟုလည်း မှန်းထားကြသည်။ ထို့ကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်သည် ချက်ချင်းပင် ရေအောက်ထဲ ငုပ်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေနက်သဖြင့် နေရောင်ခြည်၏အနွေးဓာတ်က ဆုတ်ယုတ်သွားသည်။ ဆားငန်ရေသည် နွေးနေရာမှ အေးစိမ့်စပြုလာ၏။ ရေနက်သဖြင့် အမြင်လည်း မှိုးဝါးလာသည်။ သို့သော် သူတို့ညီအစ်ကိုနှစ်ယောက်သည် ကနုကမာကောင်များ တွယ်ကပ်နေသော နေရာများကို လက်နှင့်စမ်းလျှက် ရှိကြသည်။

ကျောက်နံ့ရံတစ်ခုနားအရောက်တွင် စံလှ၏လက်ကို တစ်စုံတစ်ခုက ဆွဲစုပ်ယူလိုက်သလို အေးခနဲ ခံစားလိုက်ရ၏။ စံလှ တစ်ကိုယ်လုံး ကြက်သီးထသွားပါသည်။ ရုတ်တရက် သူ့လက်ကို ဆွဲရုပ်လိုက်သောအခါ လုံးဝ ရုပ်၍မရတော့၊ သူ့လက်တစ်ဖက်သည် ကျောက်နံ့ရံနှင့်ကပ်နေ၏။

"ဟေ့ကောင် လုပ်ပါဦးကွ၊ လုပ်ပါဦး။ ငါ့လက်တစ်ဖက် ကျောက်နံ့ရံနဲ့ ကပ်နေပြီ၊ ဘယ်လိုဖြစ်သွားလဲ မသိဘူး"

ပါးစပ်က ပြောခြင်းမဟုတ်၊ စိတ်နှင့်သာ လှမ်းပြောပြီး သူ့ညီစံမြကို ခြေထောက်နှင့် လှမ်းကန်၍ အချက်ပြ၏။

"ငါတော့ အန္တရာယ်တစ်ခုခုနဲ့ တွေ့နေပြီ" ကျန်လက်တစ်ဖက်နှင့် လက်ဟန်ခြေဟန် ပြရသည်။ ကျောက်နံ့ရံနှင့်ကပ်နေသော သူ့လက်တစ်ဖက်ကို လွဲ၍ အားကုန်ဆွဲသည်။ သို့သော် လုံးဝ ဆွဲမရ။

ကျန်လက်တစ်ဖက်နှင့် ကပ်နေသောလက်ကို လျှောက်စမ်းကြည့်သည်။ သူ၏လက်ချောင်းသုံးချောင်းသည် ကျောက်နံ့ရံထဲ ဖောက်ဝင်နေသလို စူးစိုက်နေ၏။ စံမြလည်း သူ့အစ်ကို လက်တစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် တအားလာဆွဲ၏။ ဘယ်လိုမှ ဆွဲမရ၊ သူ့အစ်ကို ညာဘက်လက်၏လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း . . စသည့် လက်ချောင်းသုံးချောင်းသည် ကျောက်နံ့ရံထဲ စိုက်ဝင်နေ၏၊ ဘယ်လိုမှ ဆွဲနုတ်မရတော့။

သူတို့ညီအစ်ကိုနှစ်ယောက်သည် တစ်ခါမျှ ဤသို့ မကြုံဖူး၊ မတွေ့ဖူးကြသဖြင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ စံလှ လက်ကပ်နေရာ ပတ်ဝန်းကျင်ကို စံမြက လည့်ပတ်စမ်းကြည့်ရာ ချက်ချင်းသဘောပေါက်သွားသည်။ ကျောက်နံ့ရံတွင် တွယ်ကပ်နေသော ဧရာကနုကမာကောင်ကြီးတစ်ကောင်၏ ကိုယ်ထည်လုံးကြီးကို တွေ့ရသည်။





စံမြသည် လင်ပန်းအငယ်စားခန့်မျှရှိသော ကမာကောင်ကြီး၏ ခုံးဝိုင်းဝိုင်း ကျောကုန်းကို တူနှင့်ထုကြည့်၏။ ရေထဲ၌ပင် ဖြစ်သော်လည်း လိုက်သံထွက်လာ၏။ ကျောက်သားပကတိ ဆိုလျှင် ထိုအသံမျိုး မထွက်မှန်း အတွေ့အကြုံအရ သိရလေသည်။

ကနုကမာကောင်များသည် ဒီရေအတက်အကျတွင် သူတို့ပါးစပ်ကို ဟထားတတ်၏။ ရေအတက်အကျတွင် ရေစီးထဲ မျောပါလာသောမှော်များ၊ ဒိုက်များကို စုပ်စားတတ်သည်။ ယခု စံလှ၏လက်ကို မှော်အောက်မေ့သဖြင့် ကနုကမာကောင်ကြီးက စုပ်ကိုက်ထားလေပြီ။

ညီအစ်ကိုနှစ်ယောက်သည် ကနုကမာကောင်ကြီး၏ ပါးစပ်ထဲကို ဆူးစွိရိုက်သွင်းရန် ထုရိုက်ကြရင်း ရေထဲတွင် ချွေးပြန်နေကြသည်။ စံလှ၏ လက်သုံးချောင်းကို တအားစုပ်ကိုက်ထားသော ကနုကမာကောင်ကြီး၏ ပါးစပ်ကား ခိုင်မြဲလှသည်။ စံမြက ဆူးချွန်နှင့်ထိုး၍ ကလော်ရန်ကြိုးစားသော်လည်း ဘယ်လိုမှ မရ။

ညီအစ်ကိုနှစ်ယောက်မှာ ရေကလည်း မွန်းလာလေပြီ။ ရေထဲတွင် မိနစ်နှစ်ဆယ်ခန့် ကြာပြီဖြစ်သဖြင့် အသက်ရှူကလည်း ကျပ်လာသည်။ နောက်ဆုံး ကနုကမာကောင်ကြီးကို အလုံးလိုက်လည်း ခွာ၍မရ၊ ပါးစပ်ကိုလည်း ဟလာအောင် လုပ်၍မရသောအခါ ကနုကမာကောင်ကြီး၏ ကျောကုန်းကိုသာ တူနှင့် ထုခွဲကြရလေသည်။

ဤအလုပ်မှာ အလွန်အန္တရာယ်များသော အလုပ်ဖြစ်မှန်းတော့ ညီအစ်ကိုနှစ်ဦးစလုံး သိကြသည်။ ကနုကမာကောင်ကြီး၏ ကျောကုန်းကို ထုခွဲလျှင် ကနုကမာကောင်ထဲမှ အညှီအဟောက်ရည်များ ယိုစိမ့် ထွက်လာတတ်၏။

အညှီနံ့ရလျှင် လူကို အန္တရာယ်ပြုတတ်သော ငါးမန်းများ၊ ငါးတောက်တူများသည် အညှီနံ့ခံကာ ချက်ချင်းလိုက်လာတတ်လေသည်။

ထိုငါးမန်းများ ငါးတောက်တူများမှာ လူကိုတွေ့လျှင်လည်း မချကိုက်သတ်စားတတ်ကြသော သားစားကြူးငါးများပင်။ ထို့ကြောင့် ကနုကမာငုပ်သူများသည် ကနုကမာကောင်များကို ရေထဲတွင် အဆုံးမကွဲသွားအောင်သတိထားပြီး ထုခွာယူကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု စံလှတို့ ညီအစ်ကိုနှစ်ယောက်မှာ ငါးမန်းကြီးများ၏ ညှိနံ့ခံကာ လိုက်လာကြပြီး ကိုက်မှာကနောက်၊ လောလောဆယ် ကနု ကမာကောင်က စံလှ၏လက်တစ်ဖက်ကို ကိုက်စုပ်ထားသဖြင့် ရေမွန်းပြီး သေမှာက အရင်ဖြစ်နေသဖြင့် နောက်တော့ ဘာပဲဖြစ်ဖြစ်ဟူသော သဘောနှင့် ကနုကမာကောင်၏ကျောကုန်းကိုသာ တအုန်းအုန်းထုခွဲနေ ကြရလေသည်။

လှုပ်ရှားနိုင်သော လက်တစ်ဖက်နှင့် စံလှက ဆူးချွန်စူးစို့ကို တေ့ ကိုင်ပေးထား၏။ စံမြက တူကြီးကို လက်နှစ်ဖက်နှင့် တအားကိုင်ကာ သံဆူးထိပ်ကို ထုရိုက်သည်။ တူသံနှင့် ဆူးထိပ်တို့ ထိသံ တဒိန်းဒိန်းကို သူတို့ ညီအစ်ကိုနှစ်ယောက်သည် ရေထဲ၌ပင် ကြားနေရလေသည်။

လက်နှစ်ဖက်ကို ကနုကမာကောင်ကြီး စုပ်ကိုက်ထားသဖြင့် မလှုပ် ရှားနိုင်သော စံလှမှာ ရေမွန်းပြီး တစ်ချက်တစ်ချက် သတိပင် လစ်ချင် လာ၏။ စံမြကလည်း တူချော်ပြီး သူ့အစ်ကိုလက်ကို မထိမိအောင် မနည်း သတိထားထုနေရလေသည်။ သူ၏ထုရိုက်ချက်ကြောင့် ကနုကမာကောင် ကြီး၏ ကျောကုန်းမှ အညှီရည်များ စိမ့်ယိုထွက်လာ၍ ပြုနေပြီးဖြစ်ရာ ငါးမန်းကြီး၊ ငါးတောက်တူကြီးတွေသာ ရောက်မလာကြသော်လည်း ငါး အသေးအမွှားများကား သူ့တစ်ကိုယ်လုံးကို လာတွတ်ထိုးဆိတ်နေကြ လေပြီ။ သို့သော် စံမြက အားမလျှော့သေး၊ ထုရိုက်ဆဲပင်။

စံမြ တအားထုရိုက်လိုက်မှုကြောင့် ကနုကမာကောင်ကြီးသည် ကျောကုန်းအခွံကွဲသွား၏။ စံလှကိုင်ပေးထားသော ဆူးချွန်သည် ထိုအခါ ကျမှ ကနုကမာကောင်ကြီး၏ အသားထဲကို လျှောခနဲဝင်သွားလေ၏။

စံလှသည် သူ၏ကျဉ်နေသော လက်တစ်ဖက်ကို ကမန်းကတန်း ဆွဲနုတ်လိုက်သည်။ ကနုကမာကောင်ကြီး၏ ပါးစပ်သည်လည်း ထိုအခါ ဟပြဲလာလေသည်။

ရေမွန်းနေပြီဖြစ်သော စံလှသည် ကနုကမာကောင်ကြီး၏ ပါးစပ် ထဲမှ လွင့်ထွက်လာသော လက်တစ်ဖက်ကို ရေထဲတွင် စမ်းသပ်ကြည့် နေရန် လုံးဝအချိန်မရ၊ ရေပေါ်ကိုရောက်ရန်သာ အသက်လု၍ ပြေးတက် လာရလေ၏။





စံလှနည်းတူ စံမြကလည်း သူ့အစ်ကိုနောက်ကို ပြေးတက်လိုက် ပါလာရသည်။ သူတို့ညီအစ်ကိုနှစ်ယောက် လှေပေါ်ရောက်ချိန်တွင် သူတို့ ထုခွဲထားသော ကနုကမာကောင်ကြီးနားတွင် လူသားစားငါးမန်းကြီးများ ရောက်နှင့်နေကြပြီဆိုသည်ကို သူတို့ညီအစ်ကိုနှစ်ယောက်သည် အလိုလို သိနေကြလေသည်။

အသက်လု၍ ရေပေါ်ပြေးတက်လာခဲ့ကြရသော သူတို့ညီအစ်ကို နှစ်ယောက်သည် လှေပေါ်ရောက်မှ သက်ပြင်းပြိုင်တူချနိုင်ကြလေသည်။

❀❀❀

www.burmeseclassic.com

## အဏ္ဏဝါပြင်၏ လျှို့ဝှက်ချက်

အိမ်ရှေ့တွင် ဆေးလိပ်ထိုင်ဖွာနေသော ထွန်းရ၏ရှေ့တွင် မောင်ဘလု လာရပ်သည်။ မောင်ဘလု၏ ရပ်သွားသော ခြေလှမ်းနှင့်အတူ နှုတ်ကလည်း "အစ်ကို ထွန်းရ ဒီနေ့ ပင်လယ်ပြင် ထွက်ဦးမလား"ဟု မေး၏။

မောင်ဘလုမှာ ဆယ့်လေးငါးနှစ်သားအရွယ် လိပ်ထိုးလက်သင် ဖြစ်သဖြင့်လိပ်ထိုးသက်ဝါရင့်နေပြီးဖြစ်သော သူ့အား အဖော်လာခေါ်ခြင်း ဖြစ်သည်ကို ထွန်းရ ချက်ချင်းသိလိုက်သည်။

သူတို့ရွာက လူငယ်များသည် လှေငယ်လေးတစ်စင်းနှင့် ပင်လယ်ပြင်ထဲ လိပ်ထိုးငါးရှာသွားလိုလျှင် အတွေ့အကြုံရှိသူ လူကြီးတစ်ယောက် မပါဘဲနှင့်တော့ မသွားရဲကြ။ ထို့ကြောင့်လည်း မောင်ဘလုမှာ ထွန်းရအား ကိုးတကြီးနှင့် လာမေးခြင်းဖြစ်၏။ သို့သော် မောင်ဘလု၏စကားကို ထွန်းရက ချက်ချင်းမဖြေသေး၊ မိုးပေါ် သို့တစ်ချက်သာ မော့ကြည့်လိုက်၏။

နံနက်ခင်းနေရောင်ခြည်နှင့်အတူ မိုးကောင်းကင်သည် ကြည်လင်သန့်စင်နေသည်။ ဤသို့ မိုးကောင်းကင် ကြည်လင်သန့်စင်နေမှုကို မမြင်ရသည်မှာ တစ်ပတ်နီးပါးရှိလေပြီ။ ပင်လယ်ပြင်တွင် မုန်တိုင်းထန်နေသဖြင့် လိပ်ထိုး၊ ပိုက်တန်း၊ ငါးမျှားတန်းချရန် မည်သူမျှ မထွက်ရဲကြသည်မှာလည်း ကြာပြီ။ ယနေ့တော့ ကောင်းကင်ပြင်တွင် တိမ်ပဝါ တစ်စနှစ်စကလွဲလျှင် မိုးသားမိုးတိမ်ဟူ၍ အလျဉ်းမရှိ။ ပင်လယ်ပြင်ကို လိပ်ထိုး ငါးမျှားတန်း ပိုက်ချရန် ထွက်မည်ဆိုက ရက်ကောင်းနေ့သာပင် ဖြစ်သည်။ ဝါရင့်လိပ်ထိုးသမား ထွန်းရမှာ စိတ်ထဲက တွက်ချက်ပြီးသား ဖြစ်သည်။





ထို့ကြောင့် မိုးပေါ် သို့ တစ်ချက်မော့ကြည့်အပြီးမှာ "မင်းလိုက်မလို့လား"ဟု မောင်ဘလုကို မေးလိုက်၏။

"ဟာ. . ဘယ့်နှယ်ပြောပါလိမ့် အစ်ကိုကြီးရာ . . အစ်ကိုထွန်းရနဲ့သာဆို ပင်လယ် ဘယ်လောက်နက်နက် ကျွန်တော် လိုက်ရဲပါတယ်"

မောင်ဘလု၏စကားကို ဘဝင်ခိုက်သွားသော ထွန်းရက "ဒါဆိုလည်း ထမင်းစားပြီး ထွက်ကြတာပေါ့ကွာ၊ ငါ စောင့်နေမယ်၊ မင်းလာခဲ့"ဟု ပြောလိုက်၏။ "ဟုတ်ကဲ့ အစ်ကိုထွန်းရ"ဟု ပြောကာ မောင်ဘလုသည် သူ့အိမ်ရှိရာ မြောက်ဘက်ကို ဝမ်းသာအားရနှင့် ပြန်သွားလေသည်။

■

ထွန်းရနှင့် မောင်ဘလုတို့သည် လိပ်ထိုးရန် ရွာက ထွက်လာကြသည်။ သူတို့ပခုံးပေါ် တွင် လိပ်ထိုးလှံ (မှိန်း) တစ်ယောက်တစ်ချောင်းစီနှင့် ဘက်, တစ်ယောက်တစ်ချောင်းကိုလည်း ထမ်းလာကြသည်။ သူတို့ရွာသားတွေ၏ ငါးမျှားတန်းချလှေ လိပ်ထိုးလှေနှင့် ငါးမျှားလှေများပြည့်နေသည်။

လွန်ခဲ့သော သုံးလေးရက်ကမူ မိုးကြီး သည်းထန်စွာရွာပြီး ပင်လယ်ပြင်တွင် မုန်တိုင်းထန်နေသဖြင့် လှိုင်းဆူသံ၊ ဂယက်ရိုက်သံကို ရွာကပင် ကြားရသော်လည်း ယနေ့တော့ ပင်လယ်နှင့် ကုန်းတန်းလေးတစ်ခုသာ ခြားသော သဲချောင်းနားကပင် မကြားရချေ။

ဤသို့ လှိုင်းလေငြိမ်သက်နေသော ပင်လယ်ပြင်တွင် လိပ်ထိုးရသည်မှာ လက်မှန်းလည်း အလွန်တည့်သဖြင့် လိပ်ထိုးသမားထွန်းရ၏ မျက်စိအာရုံတွင် ကြက်တူရွေးလိပ်တွေကို ယခုကပင် တစ်လုံးပြီးတစ်လုံး မြင်နေလေ၏။ သူတို့နှစ်ယောက် သဲချောင်းနား ရောက်လာချိန်မှာ သူတို့ သို့ပင် လိပ်ထိုးပိုက်တန်း၊ ငါးမျှားတန်းချရန် ပင်လယ်ပြင်ထွက်ကြမည့် ရေလုပ်သားများကိုလည်း ရှုပ်ယှက်ခတ်၍ တွေ့ရ၏။

သဲချောင်းထဲရှိ တံငါလှေငယ်တွေပေါ် တက်လာပြီး၊ သူများတွေ အလျှိုလျှို ပင်လယ်ပြင်ထွက်သွားကြသောအခါ ထွန်းရနှင့် မောင်ဘလုတို့မှာလည်း အများနည်းတူ လိပ်ထိုးရန် ကပ္ပလီပင်လယ်ပြင်ထဲ ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရမှာ သူတို့ရွာ၌ နာမည်ကြီးလိပ်ထိုးသမား ဖြစ်၏။

အားကောင်းမောင်းသန် ရှိသည့်အပြင် လက်မှန်းထိုးချက်လည်း အလွန်တော်သူ ဖြစ်သည်။ လိပ်ထိုးသက်တမ်းမှာလည်း ငယ်စဉ်ကပင် ယခုအချိန်အထိ ဆယ်နှစ်ကျော်ခန့်ရှိပြီဖြစ်ရာ ရေပက်၊ ရေနွယ်၊ ရေကြော နှင့် ဝဲကတော့၊ ရေဆန်၊ လေဆန်ကိုလည်း နားလည်ပြီးသား ဖြစ်သည်။ သဘာဝရာသီဥတု၊ မြစ်ရေ၊ လေလှိုင်း၊ မုန်တိုင်း၊ ပင်လယ်ပြင်တို့၏အနေ အထားနှင့် ဘယ်ရာသီ ဘယ်ငါး ဘယ်လိပ်များ၊ ဘယ်သောင်ဘယ်ချိုင့်၌ ခိုကပ်တတ်သည်ကိုလည်း ကြိုတင်သိထားသူ ဖြစ်သည်။

ထို့ကြောင့် ယခု ထွန်းရသည် မောင်ဘလှကို ခေါ်ဆောင်ကာ သူတို့လှေငယ်ကို ရေသူမချိုင်ဘက် ဦးတည်၍ လှော်ခတ်လာသည်။ လွန်ခဲ့သော လေးငါးရက်က မိုးအဆက်မပြတ်ရွာသွန်းပြီး ပင်လယ်ပြင်တွင် မုန်တိုင်းကျခဲ့သဖြင့် ပင်လယ်လိပ်များသည် လှိုင်းဒဏ်လေဒဏ်ကို ရှောင် ရှားကာ ကျွန်းများ၊ ချိုင့်များ၊ ချောင်းပေါက်များထဲ ဝင်ခိုနေတတ်ကြ၏။ ပင်လယ်လိပ်များ ထိုသို့ခိုအောင်းရာတွင် ရေသူမချိုင်မှာ နာမည်ကြီးဖြစ် သလို ရေအောက်တွင် ကျောက်ဆောင်၊ ကျောက်တန်းများနှင့် ရေစွယ် ရေပေါက်၊ ဝဲ၊ စည်းတို့လည်း ပေါများလှသည်။ ထို့ကြောင့် သာမန်လိပ် ထိုးသမားများကမူ ရေသူမချိုင်ကို ရှောင်ကြခြင်း ဖြစ်သည်။

ယခု ထွန်းရက ရေသူမချိုင်ဘက် ထွက်လာခြင်းမှာ လိပ်များများ ရနိုင်သလို လိပ်ထိုးလက်ဃင်ဖြစ်သော မောင်ဘလှအား သူ့အစွမ်းတို့ ပြချင်သော ဆန္ဒလည်း ပါသည်။ သို့မှသာ မောင်ဘလှအား ထွန်းရသည် လိပ်ထိုး၊ ငါးရှာ အချိန်မရွေးခေါ်၍ ရနိုင်မည်။ လိပ်ထိုးသမားများ၊ မျှား တန်းပိုက်ချသူများနှင့် လက်သင်လူငယ်များ ပင်လယ်ပြင်ထဲ သက်စွန့်ဆံ ဖျားလိုက်သွားသော်လည်း ရွာအပြန်မှာ လိပ်တစ်ကောင်၊ ငါးတစ်မြီးမျှ ပါမလာလျှင် ဝါရင့်တံငါသည်ကြီးများမှာသိက္ခာကျတတ်သည်။ လက်သင် လူငယ်များ အယုံအကြည်နည်းသွားကာ ခေါ်မရ၊ ပြောဆိုဆုံးမရာ၌ လည်း သြဇာမရှိ ဖြစ်သွားတတ်သည်။

ရွာပြန်ရောက်လျှင်လည်း "နာမည်ကြီးပါတယ်၊ သိပ်တော်ပါတယ် ဆိုလို့ ဘယ်သူဘယ်ဝါနဲ့ ငါးများလိပ်ထိုး လိုက်သွားပါတယ်ဗျာ၊ သား ချောင်းစားဖို့ မပြောနဲ့၊ ဟင်းစားတောင် ကံကောင်းလို့ အနိုင်နိုင်ရယ်"ဟု ပြောတ်ချခံရမည်။ ဤသည်ကိုတော့ ဘယ်ဝါရင့် တံငါရေလုပ်သားကမှ မလို လားကြပေ။ ထို့ကြောင့်လည်း ယခု မောင်ဘလှအား လိပ်ထိုးရန်ခေါ်လာ သော တံငါသက်ရင့် လိပ်ထိုးသမား ထွန်းရမှာ ရေသူမချိုင်ကို တမင်ရွေး ခေါ်လာခြင်း ဖြစ်သည်။ မောင်ဘလှနောက်က ပဲ့ပေါက်လှော်ခတ်ပေးလာ ချိန်တွင် ထွန်းရမှာ ရေအလှုပ်၊ ဝဲအစုပ်၊ လှိုင်းအပုတ်ပါမကျန် မျက်စိရှင် ရှင်နှင့် သတိထားကြည့်လိုက်လာသည်။

ရေသူမချိုင်မှာ ကျယ်ပြောလွန်းလှသဖြင့် တစ်ဖက်ကမ်းနှင့် တစ် ဖက်ကမ်းမှာ ပျပျသာ မြင်ရသည်။ အကယ်၍ ယခုလို နေရောင်ခြည်ကို မြင်ရသော နေ့များသာဆိုလျှင် မိုးချုပ်၍ မိုးအုံ့နေတတ်သဖြင့် ချိုင်ဝ တစ်ဖက်ကမ်းခြေကိုပင် လှမ်းမမြင်နိုင်ပေ။ ယခုတော့ ချိုင်ထဲတွင် နေ ရောင်ခြည်များက လျှမ်းလျှမ်းတောက်နေသဖြင့် တစ်ဖက်ကမ်းတွင် လိပ် ထိုးနေကြသော တံငါလှေတစ်စင်းစ၊ နှစ်စင်းစကို လက်ညှိုးလက်မခန့် လှမ်းမြင်နေရသည်။ တစ်ဖက်ကမ်းနားရှိ လိပ်ထိုးလှေငယ် ပက်ပက် ကလေးပေါ်မှ မတ်တတ်ရပ်နေသော လူကို တစ်ခါတစ်ခါတွင် ရေထဲ၌ ခေါင်းတစ်စ တိုင်တစ်ပိုင်းကိုသာ မြင်ရပြီး၊ လှေငယ်ကိုမူ လုံးဝ မမြင်ရပေ၊ ခုန်တက်လာသော လှိုင်းလုံးတို့က ကွယ်ထားခြင်း ဖြစ်လေသည်။

ရေသူမချိုင်ထဲ ရောက်လာကြသော ထွန်းရနှင့် မောင်ဘလှတို့မှာ ဦးစွာပထမ ရေကြောင်းကို ဂရုစိုက်ကြည့်ရသည်။ ရေပြင်တစ်ခုလုံးမှာ နေရောင်ခြည်ကြောင့် တံလျှပ်လျှဉ်လျှဉ်ထနေသော်လည်း ရေတိမ်၊ ရေ နက်၊ ရေအောက်တွင် ရေပေါက်၊ ရေစွယ်၊ စည်း၊ ဝဲများရှိသော ရေပြင်မှာ အရောင်အဆင်း အနေအထားချင်း မတူကြပေ။ ရေနက်လျှင် မှေးမှိန်ညို နေ၍ ရေတိမ်လျှင် ရေရောင်က တောက်ပစူးရှလွန်းသည်။ ရေအောက်၌ ရေပေါက်၊ ရေဝဲ၊ စည်းတို့ရှိနေလျှင် အပေါ်ယံရေပြင်မှာ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ အရောင်အမျိုးမျိုးပြောင်းကာ ဂနာ မငြိမ်ဘဲ လှုတ်ခတ်နေတတ်သည်။

နောက် ဒီရေတက်လာချိန်တွင် ဝဲကတော့ ဆင်တတ်သော ရေရ တက်၊ ရေတံကျင်တို့ကိုလည်း အကဲခတ်ရသေးသည်။





www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ. . . သူတို့၏လှေ ငယ်ကို စိတ်ချရမည်ထင်သော ရေလမ်း ကြောင်းတစ်ခုကို ဖြတ်ကာ ရေသူမချိုင်အလယ်လောက်သို့ အရော လှော်ခတ်လာကြရသည်။ ရေလိပ်များမှာ ရေပေါ်တက်ပြီး ဆယ်မိနစ် တစ်ကြိမ် လေရှူတတ်လေ့ရှိရာ ရေလှိုင်းပေါ် ရှပ်ပြေးနေသော နေရော ခြည်ထဲ ရှူးခနဲပေါ်လာကြမည့် ကြက်တူရွေးလိပ်ရရေးထက် ရေပေါ ရေဝဲကတော့ထဲ လှေငယ်ဝင်ပါမသွားရေးကိုတော့ အထူးသတိထားရ

အကယ်၍ ရေဝဲကတော့ထဲ တိုးဝင်သွားမိလျှင် သုံးလံနှစ်တော ခန့်သာရှိသော လှေငယ်နှင့်လူသားနှစ်ယောက်မှာ ရေဝဲကတော့ အော ထဲဝင်ပါသွားပြီး ရေအောက်ရှိ ကျောက်ဆောင်၊ ကျောက်တန်းတွေနှ တိုက်ကာ လူလည်းသေ၊ လှေလည်း ကျိုးကွဲသွားမည်မှာ မုချပင်တည်

ထို့ကြောင့် ထွန်းရနှင့် မောင်ဘလှတို့မှာ ရေဝဲကတော့ကိုတေ အထူးသတိထားပြီး ရေသူမချိုင်ထဲ ကြက်တူရွေးလိပ်ထိုးရန် ရှာဖွေနေ ခြင်း ဖြစ်လေ၏။

■

လိပ်ထိုးသမား နှစ်ယောက်ဖြစ်ကြသော ထွန်းရနှင့် မောင်ဘ တို့မှာ ရေလှိုင်းပေါ် ရှပ်ပြေးနေသော နေရောင်ခြည်ထဲတွင် ကြက်တူရွေ လိပ်ကို ရှာရ၊ ရေစွယ်၊ ရေပေါက်နှင့် ဝဲဂယက်များကို ရှောင်ရနှင့်ပြ သော် ခွေးပြန်လာကြသည်။ လိပ်ဆို၍ကား တစ်ကောင်တလေကိုမှ မမြ ရသေး။

ဝေးဝေးလှမ်းလှမ်းက ရေပေါ်နေရောင်ခြည်ထဲ မြူးထူးပြေး သောလိပ်များကိုလည်း အရိပ်အယောင်မျှ မမြင်ရသောအခါ ထွန်း စိတ်ထဲ သံသယများစွာ ဝင်လာလေသည်။

ခါတိုင်းအခေါက်တွေမှာ ရေသူမချိုင်ထဲ ရောက်ပြီဆိုလျှင် တစ်ရာ ညက်ညက်ပင် မကြာ၊ လိပ်တစ်လုံးနှစ်လုံးကိုတော့ ထိုးရမြဲ သည်။ လက်ချော်၍လည်းကောင်း၊ လှိုင်းလေ မငြိမ်၍လည်းကောင်း မျှပင် ကတိမ်းကပါး ဖြစ်ရသော်လည်း ဆယ်ကြိမ်ခန့် ထိုးရလျှင် လိပ် လုံးနှစ်လုံးကိုတော့ အမြဲရခဲ့ပါလျက် ယနေ့ ဘယ်လိုဖြစ်ပါလိမ့်။





အမှန်က ထွန်းရထက် ဝါရင့်သက်ကြီး လိပ်ထိုးသမားတစ်ယောက် ယောက်သာဆိုလျှင် ပင်လယ်လိပ်များ အလွန်ကြောက်တတ်သည့် ပင် လယ်ရေသတ္တဝါကြီးတစ်ကောင် ရေအောက်ရောက်နေပြီ ဆိုသည်ကိုတော့ မုချသိပေမည်။ လိပ်များကြောက်သော ရေသတ္တဝါကြီးတစ်ကောင်ကောင် သာ ရေအောက်ရောက်နေလျှင် လိပ်များသည် အစီးသန်သော ရေကြား ရေပေါက်တွေကို အပြင်းဖြတ်ပြေးကာ ဝေးရာသို့ ရှောင်သွားတတ်ကြ သည်။

ယခု ဤသည်ကို လုံးဝမတွေးမိသေးသော ထွန်းရကမူ သူ၏လှေ နှင့် လက်တစ်ကမ်းအကွာလောက် ရေထဲမှ ရှူးခနဲ ရှဲခနဲ အသက်ရှူရန် ပေါ်လာမည့် ကြက်တူရွေးလိပ်များကိုသာ လိုက်ရှာနေတုန်းဖြစ်လေသည်။ သည်လိုနှင့် နေမွန်းတိမ်းစလောက်တွင် ရေသတ္တဝါကြီးတစ်ကောင်သည် ထွန်းရ၏လှေငယ်ဘေးနားမှ ရှူးခနဲ လေပြင်ပေါ် လေမှုတ်ထုတ်သံနှင့် အတူ ပေါ်လာလေသည်။ ကြက်တူရွေးလိပ်တစ်ကောင် ပေါ်လာသည် အထင်နှင့် လိပ်ထိုးမှိန်းကို ချိန်ရွယ်လိုက်စဉ် ထွန်းရ၏လက်မှာ ရုတ်ခြည်း တုံ့ဆိုင်းသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ထွန်းရမှိန်းကိုင်ပြီး လက် တွန့်နေစဉ် နောက်ထပ်ရှဲခနဲ လေမှုတ်သံနှင့်အတူ နောက်ထပ်ရေသတ္တ ဝါကြီးတစ်ကောင် ပေါ်လာပြန်ခြင်းကြောင့် ဖြစ်သည်။

ဖျာကြီးတစ်ချပ်ခန့်ရှိ ရေသတ္တဝါကြီးနှစ်ကောင်ကို ထွန်းရနှင့်မောင် ဘလှတို့က မှင်တက်မိဇေကြည့်နေကြစဉ် နောက်ထပ်တစ်ကောင်က ပေါ်လာပြန်သည်။ ထိုသတ္တဝါကြီးသုံးကောင်၏ ရေလှုပ်ရှားမှု လှိုင်းဂ သက်ကြောင့် ထွန်းရတို့လှေငယ်ပက်ပက်ကလေးမှာ ယိမ်းယိုင်လှုပ်ခတ် သွားသည်။ ထိုအခါမှ ရေပေါ်ပေါ်လာသော ကြက်တူရွေးလိပ်ကို အမိ အရထိုးလိုက်မည်ဟု အားခဲကာ မှိန်းတဆဆနှင့် လှေပေါ်မတ်တတ်ရပ် နေသော ထွန်းရမှာ အထိတ်တလန့်နှင့် လှေဝမ်းထဲ ရုတ်ခနဲ ထိုင်ချလိုက် ရလေ၏။

ပင်လယ်အတွေ့အကြုံနည်းပါးသော မောင်ဘလှမှာမူ တစ်ခါမျှ မကြုံဖူး မတွေ့ဖူးသော ပင်လယ်ရေသတ္တဝါကြီးသုံးကောင်ကို ကြောင်တဲပြူတဲ ကြည့်ကာ မျက်နှာသွေးဆုတ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပင်လယ်ရေသတ္တဝါကြီးသုံးကောင်ကမူ ထွန်းရနှင့်မောင်ဘလှတို့ကို လုံးဝ ဂရုစိုက်ကြပုံ မပေါ်။ ရေပေါ်လှိုင်းပေါ် ထိုးကျနေသော နေရောင်ခြည်ကိုသာ ပျော်ပျော်ပါးပါး ဆော့ကစားကာ တစ်ကောင်နှင့်တစ်ကောင်၊ လိုက်တမ်းပြေးတမ်း ကစားကြရင်း ပင်လယ်ပြင်ရှိရာ ရေသူမချိုင့်ဝဘက် ထွက်သွားကြလေသည်။

ထိုသတ္တဝါကြီးသုံးကောင်က ရေပေါ်ရေအောက်၊ ငုပ်ချည်ပေါ်ချည်နှင့် မြူးထူးပျော်ပါး ထွက်သွားကြသည်ကို ရေပန်းရေမှုန်များတွေ ဖွေးဖွေးထကာ အတော်ဝေးဝေး ရောက်သွားကြသည်အထိ ထွန်းရနှင့်မောင်ဘလှတို့က လှမ်းမြင်နေကြရသေး၏။ ထိုအခါမှ မောင်ဘလှမှာ သက်မကြီးကိုဟီးခနဲ တအားချလိုက်ပြီး "ဟင်း. . အစ်ကိုထွန်းရ ခုနက အကောင်ကြီးတွေက ဘာကောင်ကြီးတွေလဲဗျ"ဟု မေးရှာ၏။

"ပင်လယ်မကန်းကြီးတွေဆိုတာ အဲဒီအကောင်ကြီးတွေပေါ့ကွာ၊ စောစောက ငါသတိတစ်ချက်လွတ်သွားတယ်၊ ဒီရေသူမချိုင့်ထဲမှာ ဒီလောက်အချိန်ကြာတဲ့အထိ လိပ်တစ်လုံးတလေကိုတောင် မတွေ့ရဘူးဆိုကတည်းက ရေအောက်မှာ ငါးလိပ်တွေ ကြောက်တဲ့ ရေသတ္တဝါကြီးတစ်ကောင်ကောင် ရောက်နေပြီဆိုတာ တို့သိရမယ်၊ အဏ္ဏဝါတို့ရဲ့ လှို့ဝှက်ချက်ဆိုတာ ဒါပဲကွ"

"ဒီ. . မကန်းမကြီးတွေ ရှိနေတာနဲ့ ပင်လယ်ငါးလိပ်တွေက ဒီနားတစ်ဝိုက် ဘာလို့မနေရဲကြတာလဲဟင်"

"ဒီမကန်းကြီးတွေ ရေအောက်မှာ ရှိနေရင် ငါးလိပ်တွေသာ မဟုတ်ဘူးကွ၊ သူတို့အနား ဘယ်ရေသတ္တဝါမှ မကပ်ရဲကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မကန်းကောင်တွေ နှာခေါင်းထဲက မှုတ်ထုတ်လိုက်တဲ့ ရေစဉ်ရှင်ဘယ်ရေသတ္တဝါမဆို မျက်စိ ပူစပ်ပူလောင်ဖြစ်သွားပြီး ဝေးဝေးကို ပြေးကြတယ်ကွ၊ မကန်းကြီးတွေ နှာခေါင်းထဲက မှုတ်ထုတ်လိုက်တဲ့ ရေထဲ အဆိပ်ပါနေလို့ နေမှာပေါ့၊ လူတွေလဲ မလွဲမရှောင်သာလို့ သူတို့ကိုယ်နဲ့ ပွတ်မိတိုက်မိလိုက်ရင် အပူလောင်ပြီး ချက်ချင်း မီးလောင်ဖုတွေလို အဖုအပိန့်တွေ ပေါ်လာတတ်တယ်လို့ တို့အဘိုးက ပြောဖူးတယ်"

"ဟုတ်ကဲ့"





"အမှန်က ပင်လယ်ပြင်မှာ မုန်တိုင်းကျနေတော့ ငါးလိပ်ကျောက်တွေ၊ လိပ်တွေ၊ လင်းရှူး၊ လင်းပြန်၊ လင်းပိုင်တွေ ရေသူမချိုင့်ထဲ ဝင်လာခိုကတ်တတ်သလို၊ မကန်းကောင်တွေလည်း ပင်လယ်ထဲဆက်နေရင် လှိုင်းဒဏ်လေဒဏ်၊ အလူးအလဲ လှိမ့်ခံရလို့ ရေသူမချိုင့်ထဲ လာဝင်ခိုနေကြတာ နေမှာပေါ့၊ အေး. . တို့ ဒီနေ့ လိပ်တစ်လုံးမှ မရပေမင့် တစ်ခါမှ နီးနီးကပ်ကပ် မမြင်ဖူး မတွေ့ဖူးကြတဲ့ ဧရာမ မကန်းကြီးသုံးကောင်ကို ကြုံတောင့်ကြုံခဲ နီးနီးကပ်ကပ် မြင်ဖူးလိုက်ကြရတာ တို့အတွက် အမြတ်ပေါ့ကွာ၊ မဟုတ်ဘူးလား"

ထွန်းရ ပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ရွာတွင် သူတို့အရွယ်လူငယ်တွေ တစ်ခါမျှ နီးနီးကပ်ကပ် မမြင်ဖူးကြသော မကန်းကြီးသုံးကောင်ကို နေ့လယ် ရေသူမချိုင့်ထဲ မြင်ခဲ့ရကြောင်း ရွာရောက်လျှင် မောင်ဘလှမှာ သူ့သူငယ်ချင်းများအား ကြွားပြောပြောမည်မှာ မုချပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# တရားခံ

"တောက်. . . တော်တော်ယုတ်တဲ့ကောင်တွေ၊ တလိုင်းတောင်က လူတွေဖြစ်မှာပဲ၊ မိသာ့မိလိုက်ရင်တော့လား. . ဟင်း"

"ဟာ. . . မင်းဟာက ဘာလဲကွ၊ အရင်းမရှိ အဖျားမရှိနဲ့"

တောနက်ထဲသို့ ပျားဖွပ်သွားရာမှ ပြန်လာပြီး ဒေါသပွကြီးပွ နေသော ကိုရွှေကျော်ကို ဦးဘခင်က လှမ်းမေးလိုက်၏။

"ဘာဟုတ်ရမှာလဲ ဘကြီးခင်ရာ၊ မိုးနှောင်းဆောင်းဦးတုန်းက ကျုပ် တွေ့ထားတဲ့ ဟိုဘက်တောင်ခေါင်းက ပျားအုံကြီးကို လူခိုးဖွပ်သွားလို့ဗျ တလိုင်းတောင်က ဟာတွေပဲ နေမှာပဲ"

ကိုရွှေကျော်က သူ တွေ့ထားသော ပျားအုံကြီးကို လူခိုးဖွပ်သဖြင့် မကျေမနပ် ဖြစ်နေသည်။

"မင်းဟာက တလိုင်းတောင်က လူတွေချည်း တစ်ခွဲတည်း စွဲမနေပါ နဲ့ကွ၊ ဒုတ်ပါရွာက လူတွေကော မဖြစ်နိုင်ဘူးလား"

တလိုင်းတောင်ရွာသား ကိုနီကြီးက ကိုရွှေကျော်ကို ထအော်ပ လိုက်၏။

"ဟဲ့ကောင်. . ဒုတ်ပါကလူတွေ ဒီရိုးမထဲ ညအိပ်ညဥ့်နေ ဘယ်လူ မလာဘူးကွ၊ မင်းတို့ တလိုင်းတောင်က ဟာတွေသာ ဒီရာသီမှာ ခြေချင်း လိမ်နေကြတာ"

"ဟေ. . ဘာတွေ ခြေချင်းလိမ်နေကြတာလဲကွ"

ကိုရွှေကျော်လိုပင် ပျားဖွပ်သွားရာမှ ပြန်လာကြသော ကိုသန်းမြင့် နှင့် ကိုကျော်လှတို့က မကျေမနပ်ဖြစ်နေသော ကိုရွှေကျော်၏စကား နားစွန်နားဖျားသာ ကြားလိုက်ရသဖြင့် ခရီးရောက်မဆိုက် ကိုသန်းမြင့်က လှမ်းမေးလိုက်ခြင်း ဖြစ်သည်။





"ပျားတစ်အုံ လူခိုးခံရလို့ဗျ"

"ဟေ. . ဟုတ်လား၊ တို့ ပျားတစ်အုံလဲ ဟိုတစ်နေ့က လူခိုးဖွပ်သွား တယ်ကွ"

ကိုသန်းမြင့်ကလည်း သူတို့ပျားတစ်အုံ လူခိုးဖွပ်ခံရကြောင်း ဆိုလာ ပြန်သည်။

"ဒါ. . တလိုင်းတောင်ကဟာတွေ မဟုတ်လို့ ဘယ်က ဟာတွေ ာဖွပ်ရမှာလဲဗျ။ ယုတ်ကို ယုတ်တဲ့အကောင်တွေ"

သူ့ပျားတစ်အုံ လူခိုးခံရ၍ မကျေမနပ်ဖြစ်နေသော ကိုရွှေကျော် ည် တလိုင်းတောင်ရွာက လူတွေကိုပင် ထပ်မံစွပ်စွဲ၍ ဆဲဆိုနေပြန်၏။ းအခိုးခံရသောနေရာမှာ တလိုင်းတောင်ရွာနှင့် နီးသဖြင့် ကိုနီကြီးက ည်း ဘာမျှ ပြန်မပြောတော့ပေ။

"ဟဲ့. . ပျားခိုးဖွပ်သွားတယ်သာ မင်းတို့က အတင်းစွပ်စွဲနေကြတာ၊ င်းတို့တွေ့တဲ့ ပျားစွဲပင်ကိုကော တွေ့စက တံဆိပ်ရိုက်ခဲ့ကြလို့လား"

"ဟာ. . ရိုက်ခဲ့ပြီလား ဘကြီးခင်ရာ၊ ကြက်ခြေခတ်ထားတဲ့အပြင် က်ခြေအောက်က အရုပ်ကလေးတစ်ခုတောင် ဓားမြှောင်နဲ့ ကျွန်တော် င်းထားခဲ့သေးတယ်၊ ထန်းပုနဲ့ ကျွန်တော် ဒီနေ့ပျားဖွပ်ရအောင် သွားကြ ာ့ ပျားစွဲနေတဲ့ သစ်ပင်အောက်မှာ သစ်ပေါက်ခွံအစအနတွေပဲ တွေ့ ာ့တယ်၊ သစ်ပင်ပေါ်ကို မော့ကြည့်တော့ ပျားအုံကြီးက ပွင့်နေပြီဗျ၊ ာမရှိတဲ့အကောင်တွေ သက်သက် ခိုးဖွပ်သွားကြတာ"

တံဆိပ်ဆိုသည်မှာ ပျားစွဲနေသော သစ်ပင်ခြေရင်းမှ လူတစ်ရပ်ခန့် င့်၌ ကြက်ခြေခတ်ရာ ဓားနှင့်ခုတ်လှီးထားခြင်းကို ဆိုသည်။ ပျားဖွပ် များသည် ပျားဖွပ်ရာသီရောက်၍ တောထဲတောင်ထဲသို့ ပျားအုံရှာ သောအခါ ထိုတံဆိပ်ကြက်ခြေခတ်ကိုတွေ့က ဤပျားအုံသည် တစ်စုံ ယောက်သောသူ တွေ့ထားသော ပျားအုံဟူသောအသိဖြင့် ဖွပ်ယူခြင်း ကြပေ။ ထို့ကြောင့် ပျားစွဲနေသော သစ်ပင်ကို ရှာတွေ့လျှင် သူ့ထက် တွေ့ထားသူများ ရှိမရှိ သစ်ပင်ကိုလှည့်ပတ်၍ တံဆိပ်ကို ရှာကြ ည်။ တံဆိပ်တစ်စုံတစ်ရာ အမှတ်အသားမတွေ့မှ သူက ဦးစွာတွေ့သူ တံဆိပ်ရိုက်ထားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တံဆိပ်ရိုက်ထားခဲ့လျှင် ထိုပျားအုံကို ဘယ်အချိန်သွားဖွပ်ဖွပ် မယူကြပေ။ အကယ်၍ ဖွပ်ယူလျှင် ထိုသူကား ပျားသူခိုး၊ တောတောင် စည်းကမ်း၊ ပျားဖွပ်သမား စည်းကမ်းအားလုံးကို ဆန့်ကျင်သော သစ္စာမရှိသူတည်း။

ပျားရှာ ပျားဖွပ်သောအလုပ်ကို တွင်တွင်လုပ်လေ့ရှိသော သူများသည် မိုးပြတ်သော မိုးအနှောင်း ဆောင်းဦးကပင် ပျားခေါင်းများကို တောအနှံ့ တောင်အနှံ့ လိုက်လံရှာဖွေထားရသည်။ သို့မှသာ ပျားဖွပ်ရာသီရောက်က သူတွေ့ထားသော (တံဆိပ်ရိုက်ထားသော) ပျားအုံများကိုပါ အလွယ်တကူ ဖွပ်ယူနိုင်မည် မဟုတ်ပါလား။

တော်သလင်း၊ သီတင်းကျွတ် မိုးလေပြတ်စကပင် သစ်ခေါင်းပျားများသည် အိမ်သစ်တည်ရန် သစ်ခေါင်းများကို ရှာဖွေတတ်ကြသည်။ သစ်ခေါင်းကို တွေ့သောအခါ ဖယောင်းအိမ်ဆောက်ရန် သစ်စေးများကို တစ်ဖန်ရှာရပြန်၏။ ပျားများတွင် သစ်ခေါင်းရှာခြင်း၊ ဝတ်ရည်စုပ်၍ ဖယောင်းအိမ်၌ အရည်ထည့်ခြင်းတို့ထက် ဖယောင်းအိမ်လုပ်ရန် သစ်စေးရှာရခြင်းက ပို၍ခက်ခဲလေသည်။ ထို့ကြောင့် ပျားကောင်များသည် ဖယောင်းအိမ်ကို တော်သလင်း သီတင်းကျွတ်လ မိုးပြတ်စကပင် တည်ဆောက်ကြသည်။

ပျားတို့ ဖယောင်းအိမ် တည်ဆောက်သော သစ်စေးမှာ လူများခုတ်ဖြတ်ထားသော သစ်ပင်များမှ စီးထွက်နေသော သစ်စေးများ၊ သစ်ပင်စိမ်းများကို သစ်ခေါက်စား ပိုးငှက်များက ထွင်းဖောက်ကိုက်စား၍ ထိုနေရာမှ ယိုစီးကျလာသော သစ်စေးအစိမ်းလတ်လတ်များကိုသာ ရှာဖွေယူ၍ ဖယောင်းအိမ်တည်ရလေသည်။ ပန်းပွင့်ရှိ ဝတ်ရည်လောက်ကိုသာ စုပ်ယူနိုင်အားရှိသော ပျားတို့၏နှုတ်သီးသည် သစ်ပင်စိမ်းများကို ထိုးဖောက်၍ သစ်စေးယူနိုင်လောက်သော အင်အားမရှိချေ။ ထို့ကြောင့် သူတစ်ပါးကိုက်ဖြတ်ထားသော သစ်စေးများကိုသာ အမှီသဟဲပြု၍ အိမ်ဆောက်ရလေသည်။

ယ္ခုခ ဆောင်းဦးသမယ ဖယောင်းအိမ်ထဲသို့ ဝတ်ရည်ထည့်စကပင် အမှတ်အသားပြု၍ ပိုင်ရှင်ခံထားသော သစ်ခေါင်းပျားတစ်အုံကို တစ်ဦး





တစ်ယောက်က ခိုးဖွပ်ယူသွားခြင်း ခံရသည့်အတွက် ကိုရွှေကျော် ဒေါပွမည်ဆိုကလည်း ဒေါပွစရာပင်။ ထိုသူများသည် တော၏အစဉ်အလာ စည်းကမ်းဥပဒေသများကို ချိုးဖောက်သူများပေတည်း။

သစ္စာမရှိသော ပျားခိုးသူများပေတည်း။

အမှန်က ကျွန်တော်တို့မှာ ပျားဖွပ်၍ အသက်မွေးဝမ်းကျောင်းပြုကြသူများတော့ မဟုတ်ကြပေ။ ဤရိုးမတောနက်ထဲသို့ တော်သလင်း သီတင်းကျွတ်လလောက်ကပင် ကျွန်တော်တို့ရောက်နေကြခြင်းမှာ နောင်တစ်နှစ်တွင် တောဆင်ရိုင်းများကို ကျုံးထောင်ဖမ်းရန်အတွက် အမာခံကျုံးတိုင်များ စိုက်ထူခြင်း၊ တောဆင်ရိုင်းများ အသွားအလာ ရှိ, မရှိကို အကဲလာခတ်ကြခြင်းသာ ဖြစ်လေသည်။ သို့သော် ရာသီနှောင်း၍ ဘပေါင်းတန်ခူး ပျားဖွပ်ရာသီသို့ ရောက်သောအခါ ကျွန်တော်တို့ စခန်းချနေကြသော ပတ်ဝန်းကျင်တောတောင်ထဲ၌ မိုးအနှောင်းဆောင်းအဦးကပင် သွားရင်းလာရင်း တွေ့ထားသော ပျားများကို အိမ်ပြန်လက်ဆောင်အဖြစ် ရနိုင်သလောက် ဖွပ်ယူ၍ မိမိတို့အိမ်သို့ ပြန်ကြရန်သာ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် သုံးယောက်တစ်အုပ်စု နှစ်ယောက်တစ်အုပ်စု နီးစပ်ရာနီးစပ်ရာ မိမိတို့ တွေ့ထားကြသော သစ်ခေါင်းပျားများကို ရာသီမကုန်ခင်မှာပင် ရှာဖွေဖွပ်ယူနေကြခြင်းသာ ဖြစ်လေသည်။ ဤရာသီမှာ ပျားဖွပ်ရာသီဖြစ်သဖြင့် ထမင်းထုပ် ဟင်းထုပ်နှင့် တောနက်ထဲသို့ ပျားဖွပ်ထွက်လာကြသော ပျားဖွပ်သမားတွေမှာလည်း ဤတောဤတောင်တစ်ဝိုက်တွင် ခြေချင်းလိမ်နေကြလေပြီ။ များသောအားဖြင့် ဤရိုးမတောနက်ထဲသို့ ပျားဖွပ်ရန် ရောက်လာကြသူတွေမှာ တလိုင်းတောင်ရွာနှင့် ဒုတ်ပါရွာက လူတွေသာ များလေသည်။ ဤတောတစ်ဝိုက်သည် သူတို့ရွာနှင့်နီးစပ်သော သူတို့၏နယ်ပယ်များပင်တည်း။ ထို့ကြောင့် သူ့ပျားအုံကို ခိုးဖွပ်သွားကြသူတွေမှာ တလိုင်းတောရွာက လူတွေဖြစ်ရမည်ဟု ကိုရွှေကျော်က အတပ်စွဲလိုက်ခြင်း ဖြစ်သည်။ တလိုင်းတောင်ရွာနှင့်စာသော် ဒုတ်ပါရွာမှာ ဤရိုးမနှင့် အတော်အလှမ်းဝေးသဖြင့် ဒုတ်ပါရွာက လူများကို ကိုရွှေကျော်က လုံးဝမထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"လူခိုးဖွပ်ခံရတဲ့ မင်းပျားအုံက ဘယ်နေရာမှာလဲကွ ရွှေကျော်ရ"

ကိုသန်းမြင့်သည် တောထဲမှ ရလာသော ပျားရည်ကျည်တောက်ဝါးဆစ်ဘူးကို တဲဝတွင် ချိတ်ဆွဲရင်း ဒေါပွနေသော ကိုရွှေကျော်ကို လှမ်းမေးလိုက်၏။

"မဲချောင်းဖျားမှာပဲဗျ၊ ကျုပ်တို့ အရင်တစ်ခါ ဖွပ်ရလာတဲ့ နေရာနဲ့ နီးနီးလေးပဲ"

"အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ။ ငါတို့ ပျားအုံ အခိုးခံရတာလဲ အဲဒီနားမှာပဲကွ၊ ဖော်တော်ယုတ်မာတဲ့ အကောင်တွေ ကိုယ်ချင်းစာစိတ် မရှိဘူး"

မဲချောင်းဖျားမှာချည်း ပျားအုံတွေ လူခိုးခံရသည်ဟု ဆိုသောအခါ ကျွန်တော်နှင့် ဦးလေးတင်အောင်တို့မှာ. . မျက်လုံးပြူးသွားကြသည်။ အဘယ်ကြောင့်ဆိုသော် ဦးလေးတင်အောင်နှင့် ကျွန်တော်တို့သည် ဆင်ကင်းထောက်ရန် သွားရင်းလာရင်း မဲချောင်းဖျားမှာ ပျားတစ်ခေါင်းကို နွေဦးကပင် တွေ့ထားကြသည်။ ကျွန်တော်တို့ တွေ့ထားသော ပျားအုံမှာ ပျဉ်းမပင်ကြီး ခွဆုံ ဂလိုင်ခေါင်းကြီးထဲတွင်ဖြစ်၍ ပျားရည်အနည်းဆုံး ကိုးပုလင်း၊ ဆယ်ပုလင်းကျိန်းသေရမည်ဟုတွက်ထားကြ၏။ ထို့ကြောင့်လည်း ပျားရည်များရမည်ဖြစ်သော ထိုပျားအုံကို ရာသီရင့်၍ ပျားရည်များစေးထန်းလာမှ သွားဖွပ်ကြမည်ဟု တိုင်ပင်ထားကြသည်။

သကြံန်ရက်နီး၍ သူများတွေ ရှာပြန်ကြတော့မည်ဟု တွေ့ထားသောပျားအုံများကို ဖွပ်ယူနေကြချိန်၌ ကျွန်တော်နှင့်ဦးလေးတင်အောင်တို့သည် အခြားတောထဲတောင်ထဲမှ ပျားအုံတွေကို လိုက်လံရှာဖွေဖွပ်ယူနေကြသည်။ နွေဦးကပင် ကျွန်တော်တို့ တွေ့ထား၍ တံဆိပ်ရိုက်အမှတ်အသားပြုလုပ်ထားသော ပျားအုံမှာ ဘယ်အချိန်သွားဖွပ်ဖွပ်ဖြစ်သည်မို့ နောက်ဆုံးမှ ဖွပ်ယူမည်ဟု စိတ်ချလက်ချထားကြသည်။ ယခု မဲချောင်းဖျားမှာချည်း ပျားအုံတွေ လူခိုးခံရသည်ဟုဆိုကာ ကိုရွှေကျော်နှင့် ကိုသန်းမြင့်တို့ ဒေါပွနေကြသံကို ကြားရသောအခါ ကျွန်တော်တို့ တွေ့ထားသော ပျားအုံများမှာလည်း ပျားသူခိုးများ နောက်သို့ ပါသွားလေပြီလားဟု စိုးရိမ်စိတ်ထင့်လိုက်ရသည်မှာ အမောပင်။





"အေးကွ၊ မဲချောင်းဖျားမှာ တို့လည်း တစ်အုံတွေ့ထားတယ်၊ မင်းတို့ပြောသလိုဆိုရင် တို့ပျားအုံလဲ လူခိုးခံရပြီလား မသိနိုင်ဘူး။ ပျားအုံက တော်တော်ကြီးကြီးကွ၊ အရင်တစ်ပတ်လောက်ကတောင် ငါသွားကြည့်သေးတယ်၊ ပျားလဘို့ကြီးတွေဟာ အပြင်ကိုတောင် မို့ထွက်နေကြတယ်၊ အနည်းဆုံး ကိုးပုလင်း ဆယ်ပုလင်းတော့ ကျိန်းသေပဲ"

စိုးရိမ်စိတ်ကို မျိုသိပ်မထားတတ်သူ ဦးလေးတင်အောင်က ကြောင့်ကြစိတ်နှင့် ရေရွတ်လိုက်သည်။

"ဦးလေးတင်အောင်နှယ် ဒီလောက် ပျားအုံကြီးတွေ့ထားရက်နဲ့ ဘေစောစီးစီး ဖွပ်မထားတာအံ့ပါရဲ့၊ တစ်နေ့ကပဲ ကျွန်တော်တို့ ပျားအုံလူခိုးခံရတာ ဦးလေးတင် မကြားလိုက်ဘူးထင်တယ်"

ကိုကျော်လှက ဦးလေးကို အပြစ်တင်၏။

"မင်းတို့ပျားအုံတွေ လူခိုးခံရတာ ငါက သိမှ မသိတာဘဲကွ၊ မနက်ဖြန်တော့ သွားဖွပ်မှ ထင်တယ်"

"သွားကြည့်ပေါ့ဗျ၊ ဦးလေးတင် ပျားအုံလို အရည်များများရမယ့်ပျားအုံကိုမပြောနဲ့၊ သုံးလေးပုလင်းလောက်ရမယ့် ကျွန်တော်တို့ ပျားအုံတွေတောင် အခိုးခံရတယ်ဆိုတော့၊ ပျားသူခိုးတွေက ဦးလေးတင်ပျားအုံကို ဘယ်သစ္စာစောင့်နိုင်ပါ့မလဲ၊ မနက်ဖြန်သွားလို့ ပျားအုံတွေ့သေးတယ်ဆိုရင်တော့ ကံကောင်းပေါ့ဗျာ"

ကိုကျော်လှက ပြောလိုက်ခါမှ ဦးလေးတင်နှင့် ကျွန်တော်တို့မှာ ပို၍ စိုးရိမ်လာကြသည်။

ယနေ့ ပျားသွားဖွပ်ရန်မှာလည်း နေညိုပြီဖြစ်သဖြင့် ပို၍နေမထိုင်မသာ ဖြစ်နေမိကြသည်။ ပျားရည် ကိုးပုလင်းဆယ်ပုလင်းခန့် ရမည်ဖြစ်သော ပျားတစ်အုံ ဆုံးရှုံးသွားရမည်ကို မည်သူသည် မနှမြောဘဲနေနိုင်ပါမည်နည်း။

ဤပျားအုံကြီးကို ကျွန်တော်တို့ အရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့်ငေးမောလာခဲ့ကြသည်မှာ နွေဦးကပင် မဟုတ်ပါလား။

"ဦးဘခင် မနက်ဖြန် ကျွန်တော်တို့ ပျားသွားဖွပ်ကြမလို့ဗျ၊ ရွာပြန်ရောက်ရင်လဲ နီးပြီထင်ပ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ထဲမှ လူကြီးဖြစ်သူ ဦးဘခင်ကို ဦးလေးတင်အောင်က လှမ်းမေး၏။

"နောက် တစ်ရက်နှစ်ရက်ဆိုရင် ပြန်ကြတာပေါ့ဗျာ၊ ပျားဖွပ်စရာ ရှိရင် အသင့်သာဖွပ်ထားကြ၊ ရာသီလဲ ရောက်ပြီပဲ၊ ကျွန်တော်တို့ တံခါး တိုင်ထူပြီးရင် ပြန်ကြတော့မယ်"

ဦးဘခင်ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဤရာသီမှာပျားဖွပ်ရန် အသင့်တော်ဆုံးရာသီ ဖြစ်သည်။ သကြန်လက်ဆောမိုး တစ်ကြိမ်နှစ်ကြိမ် ရွာလိုက်ပြီဆိုလျှင်ပင် ပျားများသည် အုံထဲအခေါင်းထဲက သိပ်မထွက်ချင် ကြတော့။ မိုးထန်လေထန်လာပြီဆိုလျှင် သူတို့ တစ်ဆောင်းလုံးတစ်နွေလုံး စုဆောင်းရှာဖွေထားကြသော ဝတ်ရည်များကို စားသုံး၍ တစ်မိုးလုံး ကျင်းအောင်းကြတော့မည် မဟုတ်ပါလား။

ညက တစ်ညလုံး ကျွန်တော် ကောင်းစွာ အိပ်မပျော်။ မဲချောင်းဖျား တွင် ဦးလေးနှင့် ကျွန်တော်တို့ တွေ့ထားသော ပျားအုံကို ပျားသူခိုးများ ခိုးဖွပ်သွားကြလေပလားဟူသော စိုးရိမ်ကြောင့်ကြစိတ်ကြောင့် ဖြစ်သည်။ ဦးလေးသည်လည်း ကျွန်တော့်နည်းတူပင် ပူပန်နေပေလိမ့်မည်။

နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ ပျားရည်ထည့်ရန် မီးမြှိုက်ထားသော ဝါးကျည်တောက်အသစ်တစ်လုံး၊ ပျားခေါင်းကို ခွဲခုတ် ရန် ဓားတစ်လက်နှင့် ရဲတင်းငယ်တစ်ခု၊ ပျားကောင်များကို မီးခိုးမှုန်းသတ် ရန် နွားချေးခြောက် အမှုန့်နှင့် ဆေးရိုးတို့ ရောထားသော မီးမွှေးပြောင်း တစ်ခု စသည့် ပျားဖွပ်သမားတို့၏ လက်နက်ကိရိယာအစုံနှင့် မဲချောင်း ဖျားတွင် တွေ့ထားခဲ့သော ပျားအုံကို ဖွပ်ရန် စခန်းတဲမှ ထွက်လာခဲ့ကြ သည်။

ပျားလမိုင်းကပ်၍ ရှေ့ကတစိုက်စိုက် သွားနေသော ဦးလေး၏ခြေ လှမ်းကို မှီအောင် မနည်းအားခဲ၍ လှမ်းနေရသည်။ မဲချောင်းဟု ဆိုသော် လည်း စမ်းရေတသွင်သွင် စီးကျနေသော တောင်ကျစမ်းချောင်းကြီးတော့ မဟုတ်ပေ။





မိုးတွင်း၌သာ ရေစီးသန်၍ နွေလမှာ ချောင်းရေက ခန်းခြောက် နေသည်။ သို့သော် ချောင်းအတွင်းရှိ အိုင်ကြီးအိုင်ငယ်တို့၌ကား မိုးတွင်းက တင်ကျန်ခဲ့သော ရေများရှိနေသေး၏။ တချို့ရေအိုင်ကြီးတွေမှာ လူကြီး တစ်ယောက်၏ ရင်စို့ခန့်လောက်ပင် ရေအနက် ရှိသေးသည်။ စမ်းရေ အိုင်ကြီးနားတွင် ဝက်ဝံကြီးများ၏ ခြေရာလက်ရာတွေကလည်း ရှုပ်ယှက် ခတ်နေကြသည်။

သည်နှစ် မိုးနှောင်းက မိုးခေါင်၏။ ထို့ကြောင့် ချောင်းဖျားတော နက်ထဲတွင် မိုးတွင်းက တင်ကျန်နေခဲ့သော မိုးရေများ ခန်းခြောက်သွား သဖြင့် ပူပြင်းခြောက်သွေ့သော နွေနှောင်းရာသီသို့ ရောက်သောအခါ ချောင်းဖျားတောနက်ထဲမှ ဝက်ဝံများသည် မဲချောင်းအောက်ဖက်ရှိ ရေခွက်ရေအိုင်ကြီးများရှိရာသို့ ဆင်းလာကြပုံရသည်။ မိုးခေါင်သောနှစ် တိုင်း ရိုးမတောနက်ထဲမှ ဝက်ဝံများသည် စမ်းရေအိုင်များ ရှိရာသို့ နှစ်စဉ် နှစ်တိုင်း ဤသို့ပင် ရောက်လာတတ်စမြဲ ဖြစ်သည်။ ယခုလည်း ဝက်ဝံ ခြေရာများသည် စမ်းရေအိုင်နားတစ်ဝိုက်တွင် ရှုပ်ယှက်ခတ်နေကြသည်။

တောမှာ တဖြည်းဖြည်း နက်ရှိုင်းလာပြီဖြစ်သဖြင့် သစ်တောက်ငှက် များ၏ သစ်တောက်သံ၊ သစ်ခေါက်ခွာသံနှင့် ဒေါင်းတွန်သံတို့ကို ဟိုမှ သည်မှ အဆက်အပြတ်ပင် ကြားလာရသည်။ နွေဦးကပင် ဦးလေးတင် အောင်နှင့် ကျွန်တော်တို့ တွေ့ထားကြသော ပျားအုံမှာ တောင်စောင်းကမ်း ပါးတွင်ဖြစ်၍ တောင်ကြောအတိုင်း တက်လာရသည်။ ထိုစုံခွင်၌ ရွက် ကျွင်ရွက်ဟောင်း ကြွေပြောင်း၍ ဟူဘိသကဲ့သို့ သစ်ခြောက်ရွက်တွေမှာ ခြေချစရာမရှိလောက်အောင်ပင် မြေပြင်၌ ပြည့်သိပ်နေကြ၏။ သစ် ခြောက်ရွက်များကို တဖြောင်းဖြောင်းနင်းသွားနေကြသော လူနှစ်ယောက် ၏ခြေသံမှာ တောကြီးမျက်မည်းထဲတွင် ချောက်ချားစရာပင် ကောင်း သေး၏။

ပျားအုံရှိရာနှင့်လည်း နီးလာလေပြီ။ ရှေ့က သွားနေသော ဦးလေး ၏ခြေလှမ်းသည် မြန်သည်ထက် မြန်လာသည်။ သူ့စိတ်သည် ပျားအုံ ရှိရာသို့ ရောက်နေပေလိမ့်မည်။

ပျားလမိုင်း ကပ်လာသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က တစိုက်စိုက်သွားနေသော ဦးလေး၏ ခြေလှမ်းသည် ဘုံ့ခနဲ ရပ်သွား၏။ ကြိုတင်တိုင်ပင်ထားခြင်း မရှိသော်ငြားလည်း ဦးလေးခြေလှမ်း တန့်ရပ်သွားသောအခါ ကျွန်တော့်ခြေလှမ်းများမှာလည်း အလိုလို တုံ့ခနဲ ရပ်သွားရပြန်သည်။

"နားထောင်စမ်း၊ ဒီအသံတွေ ဘာသံလဲကွ"

ဦးလေးက လေသံတိုးတိုးနှင့် ကျွန်တော့်နားနားကို ကပ်ပြော၏။ ကျွန်တော်သည် အသံကြားရာဘက်သို့ စူးစိုက်ငေးကြည့်ကာ နားကိုစွင့်ထားလိုက်မိ၏။ ဖြိုးဖြိုးဖြောက်ဖြောက်ကြားနေရသော အသံမှာ ကျွန်တော်နှင့် ဦးလေးတင်အောင်တို့ နေ့ဦးက တွေ့ထားခဲ့ကြသော ပျားအုံနားမှ ဖြစ်လေသည်။ ချုံနွယ်ပိတ်ပေါင်းနှင့် သစ်ပင်ကြီးငယ်တို့ ကွယ်နေသဖြင့် ပျားစွဲနေရာ ပျဉ်းမပင်ကြီးကိုတော့ မမြင်ရသေးပေ။

ဤမျှဆိုလျှင် ဦးလေးရော ကျွန်တော်ပါ သဘောပေါက်နားလည်လိုက်ကြပါပြီ။ ပျားသူခိုးများသည် ကျွန်တော်တို့တွေ့ထားသော ပျားခေါင်းကို ခိုးဖွပ်နေကြလေပြီ။ ထို့ကြောင့် ပျားခေါင်းကို အသာတကြည် ဖုံခုတ်၍ လွှင့်ပစ်ချလိုက်သော သစ်ပေါက်ခွဲအစအနများ ရွက်ခြောက်ကြွေများ ပေါ်သို့ တဖြောက်ဖြောက်ကျသံကို ကြားနေရသည် မဟုတ်ပါလား။

ဦးလေး၏မျက်နှာသည် ရုတ်ခြည်းတင်းမာလာသည်။

"ကဲ. . ပျားသူခိုးတော့ တို့ပျားအုံကို ခိုးဖွပ်နေကြပြီကွ၊ ပြောမရရင်တော့ တစ်ပွဲတစ်လမ်း စမ်းကြည့်ကြသေးတာပေါ့၊ မင်း ဘာမှ မကြောက်နဲ့ ရော့. . . ဒီရဲတင်းကို ကိုင်ထား၊ မင်းဓား ငါ့ပေး"

ဦးလေးနှင့်ကျွန်တော် ရဲတင်းနှင့် ဓားကို လဲလိုက်ကြ၏။ ပျားသူခိုးများကို တွေ့သောအခါ ပျားစွဲနေသောသစ်ပင်၌ နေ့ဦးကပင် ကျွန်တော်တို့ တံဆိပ်ရိုက် ကြက်ခြေခတ်ထားသော အမှတ်အသားကိုပြ၍ ဟန့်တားရမည်။

ဟန့်တား၍ မရလျှင်သော်လည်းကောင်း၊ ဖွပ်ပြီးယူထားကြသော ပျားရည်များကို ပြန်တောင်း၍ မရလျှင်သော်လည်းကောင်း ပျားသူခိုးများနှင့် ကျွန်တော်တို့ စကားများ ရန်ဖြစ်ကြရမည်။ ဓားတစ်ပြက် တုတ်တစ်ပြက်အပြင် သွေးထွက်သံယိုလည်း ဖြစ်နိုင်၏။





ထို့ကြောင့် ဦးလေးနှင့် ကျွန်တော်သည် ပုဆိုးတိုတိုပြင်ဝတ်ကာ ပျားသူခိုးများ ပျားခိုးဖွပ်နေကြသံကြားရာဘက်သို့ တဖြည်းဖြည်း ချောင်း၍ ချောင်း၍ တက်လာခဲ့ကြသည်။

ပျားအုံကြီးရှိရာ ပျားစွဲသစ်ပင်ကြီးနားသို့ ရောက်လာကြသောအခါ သစ်ပင်ပေါ်မှ ခွာချလိုက်သော သစ်ပေါက်ခွန် အစအနများ ရွက်ခြောက်ပေါ်သို့ တဖြောက်ဖြောက် ကျသံနှင့် ပျားခေါင်းနခမ်းကို တဗျစ်ဗျစ်ဆွဲဖွဲ့နေသံတို့ကို အတိုင်းသား ကြားလာရသည်။

သစ်ပင်ပေါ်က ပျားသူခိုးတွေကို မမြင်တွေ့ရသေးသော်လည်း ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်ခုန်လာသည်။

"ဖိုးထောင် မင်းကိုယ်ပေါ်က ပျားရည်ကျည်တောက်နဲ့ ရေဘူးမီးမွှေးပြောင်းတွေ ဒီသစ်ပင်အောက်မှာ ထားခဲ့"

ဦးလေးက အမိန့်ပေးသည့်အတိုင်း ကျွန်တော်သည် ကိုယ်ပေါ်မှာ ပျားရည်ထည့်ရန် ယူလာသော ဝါးကျည်တောက် ဘူးသီးရေဘူး မီးမွှေးပြောင်းတို့ကို ပျဉ်းကတိုးပင်ကြီးတစ်ပင်၏ခြေရင်းတွင် အသာချထားခဲ့ရ၏။

"မင်း ဘာမှ အ,မနေနဲ့နော်၊ ဒီပျားအုံဟာ တို့ပျားအုံပဲ၊ နေ့ဦးက တံဆိပ်ရိုက် အမှတ်အသားပြထားတယ်ဆိုတာ ငါပြောသလိုရဲရဲသာ ဝင်ပြော. . ပြောမရရင်တော့ ဓားနဲ့ကို အခုတ်ပဲ၊ ဒီလောက် သစ္စာမရှိတဲ့ အကောင်တွေ၊ မင်း. . ဘာမှ ကြောက်မနေနဲ့"

ဦးလေးက ကျွန်တော့်ကို စိတ်မချသလို လှည့်ပြောပြီး ကိုယ်ကို ခပ်ယို့ယို့ ကုန်းကာ ပျားစွဲနေသော သစ်ပင်ကြီးရှိရာသို့ တဖြည်းဖြည်း ချောင်းတက်သွားသည်။ ဦးလေးနောက်ကို ကျွန်တော်က သတိဝီရိယနှင့် လိုက်ရ၏။

သိန်းသောင်းမကသော ပျားကောင်များသည် သူတို့၏အိမ်ကို လာရောက်ဖျက်ဆီးနေသူများအား တဝီဝီအော်မြည်၍ တိုက်ခိုက်ထိုးဆွသ၊ အထိတ်တလန့် ပျံပြေးသွားကြသံ၊ ရန်သူကို အုပ်လိုက်ချီ၍ ဝိုင်းဝန်းတိုက်ခိုက်နေကြသံတို့မှာ တောပတ်ဝန်းကျင်တစ်ခုလုံး သောသောညံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကောင်းများ လှုပ်ရှားပြေးလွှား ပျံသွားနေကြသံများနှင့်အတူ ကျွန်တော်နှင့် ဦးလေးတင်အောင်တို့သည်လည်း ဘုရားစွဲအိမ်ရှိရာ မြင်းမပင်ကြီးနားသို့ တဖြည်းဖြည်း ချဉ်းကပ်လာမိကြသည်။

ရှေ့က တရွေ့ရွေ့တက်သွားနေသော ဦးလေးသည် တောင်စောင်းအောက်သို့ လိမ့်ကျသွားမလောက် လန့်ဖျပ်သွားသလားဟု ထင်လိုက်ရသည်။ ဦးလေး ကြောင်ငေးကြည့်နေသော ဘုရားအုံကြီးရှိရာ သစ်ပင်ကြီးပေါ်သို့ ကျွန်တော် လှမ်းမော့ကြည့်လိုက်မိသောအခါ ကျွန်တော့်မှာ "အမယ်လေးဗျ"ဟု လန့်ဖျပ်ပြီး မအော်လိုက်မိအောင် စိတ်ကို မနည်းချုပ်တည်းထားလိုက်ရ၏။

တစ်သက်နှင့်တစ်ကိုယ် ဤမျှကြောက်ရွံ့စရာကောင်းသော တောတိရစ္ဆာန်ကြီးကို တစ်ခါမျှ မတွေ့ခဲ့ဖူးခဲ့ဟု ထင်မိသည်။ ကျွန်တော်သာမဟုတ်၊ တောထဲတောင်ထဲ ရိုးမထဲတွင် အလွန်အတွေ့အကြုံ ရှိလှပါသည်ဆိုသော ဦးလေး၏မျက်နှာ၌ပင် သွေးမရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် လူကြီးတစ်ယောက်ဖက်ထက်ပင် ကြီးမားသော ဧရာမဝက်ဝံကြီးတစ်ကောင်သည် နွေဦးကပင် ကျွန်တော်တို့တွေ့ထားခဲ့ကြသော မြင်းမပင်ကြီးခွကြားရှိ ဘုရားအုံထဲသို့ လက်တစ်ဖက်ထိုးနှိုက်ကာ ဘုရားခေါင်းနှုတ်ခမ်းရှိ ပင်စည်ကို တဗျစ်ဗျစ် ကိုက်ဖဲ့ခွာနေသည်မှာ ကြည့်ရဲစရာမရှိအောင် ဖြစ်နေသောကြောင့်တည်း။

မိုးအနှောင်း ဆောင်းအဦးကပင် ကျွန်တော်တို့လူများ တွေ့ထား (တံဆိပ်ရိုက်အရာပြု) ထားကြသော ဘုရားအုံများကို တစ်အုံပြီးတစ်အုံ လိုက်လံခိုးစားနေသော တရားခံအစစ် ဝက်ဝံကြီးကို ဦးလေးနှင့် ကျွန်တော်တို့မှာ ကြာရှည်စွာ ငေးကြည့်မနေဝံ့ကြတော့သဖြင့် စခန်းတဲဆီသို့ ခြေကုန်သုတ်၍ ပြေးလာခဲ့ရပါတော့သည်။

ဖိုးကျော့

BURMESE CLASSIC .com

www.burmeseclassic.com